# ဗုဒ္ဓနှင့် သူဌေးတို့၏
# လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)

# ဓမ္မဒါနအလှူရှင်

မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ

နောင်ရိုးလမ်းနေ

ဒွေ့ကြော ကိုတင့်ဝေ ကုသိုလ်ရှင်

ဖေဖေ ဦးတင့်ဝေ + မေမေ ဒေါ်သန်းသန်းအေး

သား - မောင်ကောင်းစည်သူ + မရည်ချယ်သင်း

သား - မောင်ဝေမိုးအောင် + မဖွန့်ပွင့်ဖြူ

သမီး - မယမင်းအေး

မြေး - မပန်ဆုမိုး၊ မသွန်းဆုရတီ

မိသားစု မှ

M.A ကျမ်းပြုဆရာတော်များ နှင့်သုတေသီများအတွက်

ရိုက်နှိပ်ထုတ်ဝေလှူဒါန်းပါသည်

အလှူငွေပေါင်း–၁၁,၉၆၀၀၀ိ/–

၂၉၆၇၃
၂၉၄.၃
သ၇
၂-၁၀

M.A ကျမ်းပြုဆရာတော်များ နှင့် သုတေသီများအတွက်

# ဗုဒ္ဓနှင့်သူဌေးတို့၏

# လောကသဘာဝပြဿနာများတွေ့ဆုံဆွေးနွေးမှု

မဟာသဒ္ဓမ္မဇောတိကဓဇ

**ဒေါက်တာသိုလ်ဆျှင်ဆီဂီ**

(မြန်မာ့စရိယ ဘီ-အေ)

အမှတ် ၂၉၆၈.၇၇
ရက်စွဲ ၉.၁၁.၁၈

# ထုတ်ဝေမှုမှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၁၆ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၁၀၀၀

စာအုပ်ချုပ် - "ဆုလာဘ်အိမ်"
ကွန်ပျူတာစာစီ - "ဆွေသဟာ"

ထုတ်ဝေသူ - ဦးကိုကိုမြိုင် (မြဲ-၀၀၉၉၃)
"ဆွေသဟာ" စာပေ
အမှတ်(၅၅)၊ (စ)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဒေါ်ခင်သူဇာ(၀၁၃၂၉)
"ဆုလာဘ်အိမ်" ပုံနှိပ်တိုက်
အမှတ်(၅၅)၊ (စ)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ. . . | က |
| | **အပိုင်း (၁)** | |
| ၂။ | **သူဌေးဘွဲ့နှင့် အဆောင်အယောင်များ** | |
| | -သူဌေးဟူသည် | ၁ |
| | -ရှေးခေတ်ဘွဲ့နှင့် အဆောင်အယောင်များ | ၂ |
| | -ယနေ့ခေတ်ဘွဲ့နှင့် အဆောင်အယောင်များ | ၅ |
| | **အပိုင်း (၂)** | |
| ၃။ | **ဂေါတမဗုဒ္ဓနှင့်သူဌေးအသီးသီးတို့၏လောက သဘာဝပြဿနာဖြေရှင်းမှုများ** | |
| (က) | ဂေါတမဗုဒ္ဓနှင့် ယသသတို့သားဘခင် သူဌေးကြီး (ယသသတို့သားရဟန္တာဖြစ်မှုနှင့်ပထမဦးစွာ ဒွေဝါစိကသရဏဂုံ တည်မှု) | ၁၃ |

(ခ) ဂေါတမဗုဒ္ဓနှင့် ဇောတိကသူဌေး ၂၃
(စင်ကြယ်သောမိမိ၏ပစ္စည်း မည်သူမျှခိုးယူ
လုယက်၍မရ)

(ဂ) ဂေါတမဗုဒ္ဓနှင့် မေဏ္ဍကသူဌေးကြီးမိသားစု ၅၀
(ကောင်းမကောင်းဆုပြည့်ဝမှု)

(ဃ) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ္ဍိကသူဌေး ၆၇
(ဂေါတမဗုဒ္ဓသာသနာ၌ တုနှိုင်းဖွယ်မရှိသော
ကျောင်းဒါယကာ)

(င) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီး ၉၂
(တံခါးစောင့်နတ်)

(စ) အနာထပိဏ်သူဌေးသားကာလ ၁၀၆
(ငွေကြေးအခယူ၍တရားနာရမှ
သောတာပန်ဖြစ်မှု)

(ဆ) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီးသမီး ၁၁၃
သုမနဒေဝီ
(ကောင်းမှုရှိသူသည် ပစ္စုပ္ပန်-တမလွန်
ဘဝတို့၌ နှစ်သက် ရွှင်လန်းစွာရှိရမှု)

(ဇ) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီး ၁၁၈
(ပစ္စည်းလေးပါးလှူက ရသောအကျိုး)

(ဈ) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီး ၁၁၉
(ဘောဇဉ်လျှက-လေးမျိုးသောအရာကွာဟမှု)
(ည) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီး ၁၂၁
(စိတ်ကိုမစောင့်ရှောက်နိုင်လျှင် ကောင်းစွာ
သေသူမဖြစ်နိုင်)
(ဋ) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီး ၁၂၃
(သက်ရှည်ဆင်းလှမှုစသည်ကို နှုတ်, စိတ်ဖြင့်
တောင့်တနေ၍မရ)
(ဌ) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီး ၁၂၅
(လောကဥ္စခဲယဉ်းသဖြင့်ရအပ်သော
နှစ်သက်အပ်သောအရာများ)
(ဍ) ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်သူဌေးကြီး ၁၃၂
(ကာမဂုဏ်ခံစားသူတို့ ချမ်းသာလေးမျိုး)
(ဎ) ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး ၁၃၄
(ပယ်ရမည့်တရားငါးပါးနှင့် သုဂတိ
ရောက်ရသည့်အကြောင်း)
(ဏ) ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး ၁၃၆
(စိတ်ကိုမှီတွယ်၍ယခုဘဝချမ်းသာစွာနေရမှု)

(တ) ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး ၁၄၁
(မယား(၇)မျိုးသဘာဝ)
(ထ) ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး ၁၄၆
(ပစ္စုပ္ပန်-တမလွန်ဘဝ ငြိမ်းအေးနိုင်မှု)
(ဒ) ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး ၁၄၈
(ကာမဂုဏ်ခံစားသူ အမျိုးအစားများ)
(ဓ) ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး ၁၅၇
(ပရိဗိုဇ်တို့၏အယူအဆနှင့်အနာထပိဏ်သူဌေး၏
အယူအဆများ)
(န) ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး ၁၆၃
(အနာထပိဏ်သူဌေး၏နတ်သားဘဝ)
(ပ) ဂေါတမဗုဒ္ဓနှင့်ဇဋိလသူဌေးကြီး ၁၇၀
(ခုနစ်ဘဝရေမျှောခံရမှုနှင့် ရွှေတောင်ပေါက်ရမှု)
(ဖ) ဗုဒ္ဓနှင့် ကာဠုဝဋိယသူဌေးကြီး ၁၉၀
(ကာဠုဝဋိယမယား၏သတ္တိ-ဗျတ္တိရှိမှု)
(ဗ) ဂေါတမဗုဒ္ဓနှင့် ဗိမ္ဗိသာရမင်းနှင့် ၁၉၇
ကုမ္ဘဃောသကသူဌေးကြီး
(ဝိရိယ၊ သတိ၊ စူးစမ်းဆင်ခြင်မှု
ပညာရှိမှု၏ အကျိုးရမှု)

| | | |
|---|---|---|
| (ဘ) | ဂေါတမဗုဒ္ဓနှင့်အာနန္ဒာသူဌေးကြီး၏သား မူလသီရိသူဌေး (ချမ်းသာသော်လည်းမပေးလှူခဲ့၍ဘဝပျက်မှု) | ၂၁၆ |
| (မ) | ဂေါတမဗုဒ္ဓနှင့်ကုဋေ(၁၆၀) ကြွယ်ဝသော သူဌေးလင်မယား (ဥစ္စာရှိသော်လည်း အသိပညာမရှိက ပျက်စီးရမှု ပြသနာ) | ၂၂၆ |
| (ယ) | ဂေါတမဗုဒ္ဓ+ရှင်မောဂ္ဂလာန်နှင့်ဝန်တို ကောသိယသူဌေးကြီး (ကပ်စေးနှဲဝန်တိုသူကို သဒ္ဓါတရားရှိလာအောင် ဖြေရှင်းပေးမှု) | ၂၄၅ |
| (ရ) | ဂေါတမဗုဒ္ဓနှင့်နိဂဏ္ဌာ၏တပည့်ဂရဟာဒိန္န သူဌေးကြီး (တုံ့ပြန်ဂလဲ့စားချေမှုနှင့် ဘုန်းရှိဘုန်းမဲ့ပြသနာ) | ၂၅၂ |
| (လ) | ဂေါတမဗုဒ္ဓနှင့်အပုတ္တ(သားမရှိသောသူဌေးကြီး) (ဥစ္စာပစ္စည်းရှိလျက် မသုံးဆောင်ရမှုပြသနာ) | ၂၇၅ |
| (ဝ) | ဂေါတမဗုဒ္ဓနှင့်ဥဂ္ဂတသူဌေးကြီး (အံ့ဖွယ်ရှစ်ပါးရှိ ဧတဒဂ်ရမှု) | ၂၈၁ |

(သ) ဂေါတမဗုဒ္ဓနှင့်ဥဂ္ဂဟသူဌေးကြီး ၂၉၃
(အိမ်ထောင်ရှင်မိန်းမတို့ကျင့်ရမည့်
ကျင့်ဝတ်များ)
(ဟ) ဂေါတမဗုဒ္ဓနှင့်ဥဂ္ဂါသူဌေးကြီး ၂၉၈
(ချွေးမစူဠသုဘဒ္ဒါ၏ အဓိဋ္ဌာန်တန်ခိုး
ထက်မြက်မှု)
(ဠ) ဂေါတမဗုဒ္ဓနှင့်ဥဂ္ဂသူဌေးကြီး ၃၀၉
(နှစ်သက်ဖွယ်ရာလှူက နှစ်သက်ဖွယ်ရာအကျိုးရမှု)
(အ) ဂေါတမဗုဒ္ဓနှင့်သုရမ္ဗဋ္ဌသူဌေးကြီး ၃၂၁
(ဘယ်သူဖျက်ဖျက် ကြည်ညိုမပျက်မှု)
(ကက) ဂေါတမဗုဒ္ဓနှင့်မိဂါရသူဌေးကြီး ၃၂၇
(ချွေးမဝိသာခါကြောင့် အရိယာဇာတ်
ရောက်ရမှု)
(ခခ) ဂေါတမဗုဒ္ဓနှင့်ကောသမ္ဗိဃောသကသူဌေးကြီး ၃၄၉
(အကြိမ်ကြိမ်အသတ်ခံရပေမယ့် မသေဘဲ
သူဌေးကြီး ဖြစ်လာမှု)
(ဂဂ) ဂေါတမဗုဒ္ဓနှင့်အညတရသူဌေးကြီးတစ်ဦး ၃၉၂
(ကုသိုလ်ရွှေအိုးမြှုပ်နှံထားသူ၏
ရနိုင်သောအရာများ)

# အမှာစာ

ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာထွန်းကားခဲ့သော နိုင်ငံ၌ မွေးဖွားခဲ့လာသော လူသားဖြစ်၍ မိရိုးဖလာအရ ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ရပါသည်။ မိမိမွေးဖွားခဲ့သော ခေတ်ကာလနှင့် ဘဝပတ်ဝန်းကျင်အခြေအနေအရ ဗုဒ္ဓစာပေများကို အခြေခံ သင်ကြားပေးခဲ့သော စာသင်တိုက်ကြီးများသို့ ရောက်ရှိခဲ့ရပြီး စာမေးပွဲအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဗုဒ္ဓစာပေများကို ဖြေဆိုခဲ့ရသည်။ ထိုစဉ်က ဆရာသမားတို့၏ လမ်းညွှန်ချက်အတိုင်း သင်ယူမှတ်သားခဲ့ရသည်၊ သဘာဝကို စဉ်းစားတွေးခေါ်မှု အားနည်းခဲ့ရသည်။

ထိုမှတဆင့် ခေတ်ပညာဟု ဆိုအပ်သော တက္ကသိုလ်ပညာရပ်များကို သင်ယူလေ့လာရခြင်းဖြင့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရခြင်းများ ပြုလုပ်၍ လောကီဘွဲ့ဆိုသော B. A ဘွဲ့ကိုရလာခြင်း၊ ဌာနဆိုင်ရာတို့၌ ရာထူးအဆင့်ဆင့်တက်ပြီး တာဝန်ထမ်း

ဆောင်ရခြင်း စသည်များကို ဖြတ်သန်းကျော်လာရသောအခါ မိမိဘဝ၏ တွေးခေါ်စဉ်းစားမှု၊ ဝေဖန်ဆန်းစစ်မှုတို့သည် ကျယ်ပြန့်နက်ရှိုင်းလာရပါသည်။

ဂေါတမဗုဒ္ဓ၏ ပိဋကတ်သုံးပုံဟုခေါ်သော သုတ်, ဝိနည်း, အဘိဓမ္မာတို့ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ စိစစ် စဉ်းစားမိလာသောအချိန်ကာလဝယ် မိမိ၏ဗုဒ္ဓဘာသာဟူသော စကားဝေါဟာရသည်လည်းကောင်း၊ ဗုဒ္ဓဟူသော ဝေါဟာရစကားသည်လည်းကောင်း၊ မပြည့်စုံမလုံလောက် သာမာန်မျှခေါ်ဝေါ်နေကြသော ဝေါဟာရဖြစ်နေသည်ကို လေ့လာစဉ်းစားမိပါသည်။

ဗုဒ္ဓဟူသော ဝေါဟာရသည် ပါဠိဘာသာစကားဖြစ်နေသည်။ မြန်မာလို အဓိပ္ပာယ်ဖွင့်ကြတော့ အလုံးစုံသိသူ သစ္စာလေးပါးတရားသိသူ လေးနက်သော အဓိပ္ပာယ်ကိုများစွာ အလေးမထားကြဘဲ ဘုရားဟူ၍သာ အဓိပ္ပာယ်ဖွင့်၍ ခေါ်ဝေါ်သုံးနှုန်းနေကြသည်။

ထိုဘုရားဟူသော မြန်မာဝေါဟာရထဲ၌ အခြားခရစ်ယာန်တို့၏ ထာဝရဘုရားနှင့် ယေရှုခရစ်၊ အစ္စလမ်မိုဟာမက်၊ ဟိန္ဒူတို့၏ ဗိဿနိုးစသည် ကိုးကွယ်အားထားရာ ပုဂ္ဂိုလ်များကိုလည်း ဘုရားဟူ၍ သုံးနှုန်းခေါ်ဝေါ်ကြသောအခါ ဂေါတမဗုဒ္ဓသည်လည်း ထိုဘုရားများနှင့် အလားတူ အဆင့်အတန်းတူ ဘုရားသဘောသက်ရောက်သွားရပါသည်။

တစ်ဖန် ဗုဒ္ဓဘာသာဟုဆိုသော ပါဠိစကားကိုယူ၍ ဗုဒ္ဓဘာသာဝင် စသည်ဖြင့်သုံးနှုန်းခေါ်ဝေါ်ခဲ့ကြပြန်ပါသည်။ မြန်မာအဓိပ္ပာယ်ပြန်ကြရာ၌ ဗုဒ္ဓက ဘုရား-ဘာသာက အယူဝါဒစကား ဘုရား၏အယူဝါဒ၊ ဘုရား၏စကားကို လိုက်နာသူ-ဟု အဓိပ္ပာယ်ရကြရပါမည်။

ဤသို့ဆိုလျှင် ဂေါတမဗုဒ္ဓဟူသည် အခြားဘုရားနှင့် အဆင့်အတန်းတူ သဘောထဲ သက်ရောက်သွားပါမည်။

ဗုဒ္ဓဘာသာကို အင်္ဂလိပ်လို Buddlism ဟူ၍ဘာသာပြန်ကြသည်။ Buddha ကဘုရား၊ ism ကဝါဒဟု ဆိုကြပြန်ရာ ဂေါတမဗုဒ္ဓသည် ဝါဒတစ်ရပ်ကို အခြားခရစ်ယာန်၊ အစ္စလာမ်ဘုရားတွေကဲ့သို့ ဝါဒတစ်ခုကို သီးသန့်ထူထောင်သူသဘော သက်ရောက်နေပါသည်။

ဤယနေ့ခေတ် ဤကမ္ဘာလောက၌ ဘုရားဟု သတ်မှတ်၍ လူအများကိုးကွယ်ဆည်းကပ်နေကြသော ပုဂ္ဂိုလ်များ၏ အယူဝါဒများကိုလေ့လာ ဆန်းစစ်ကြည့်ပြီး သုံးသပ်အဖြေထုတ်လျှင်-

ဟိန္ဒူဘာသာ ဗိဿနိုးက ဖန်ဆင်းရှင်

ခရစ်ယာန်ဘာသာ ယေရှုခရစ်က ဖန်ဆင်းရှင်

အစ္စလာမ်ဘာသာ မိုဟာမက်က ဖန်ဆင်းရှင်

ဝါဒများကို အဓိကပင်မထားပြီး ဖော်ထုတ်ကာ လူသားအားလုံးကို

ကိုးကွယ်စေသူဖြစ်ပါသည်။ ထိုဘုရားဝါဒတို့၌ အခြေခံကျင့်စဉ် နည်းစနစ်၊ ကျင့်ပုံကျင့်နည်း၊ အချိန်ကာလ၊ ဘဝဖြစ်စဉ် အထုပ္ပတ္တိ စသည်တို့သည် ခိုင်ခိုင်မာမာမရှိ မှန်းဆချက်တို့ဖြင့်သာ ရပ်တည် နေကြသည်ကို လေ့လာသုံးသပ်၍ ရပါသည်။ သဘာဝနည်း၊ သိပ္ပံ နည်းနှင့် စမ်းသပ်စစ်ဆေးသော် အစစ်ဆေးမခံနိုင်ကြပါ။

ဂေါတမဗုဒ္ဓကို လေ့လာဆန်းစစ်သောအခါတွင် ဂေါတမ ဗုဒ္ဓ၌ ကျင့်စဉ်အတိအကျရှိသလို ကျင့်စဉ်ကိုအတိအကျလည်း ဖော် ထုတ်ဟောပြသည်။ ကျင့်စဉ်သမိုင်း၊ ဘဝဖြစ်စဉ် အထုပ္ပတ္တိတို့က လည်း တိကျခိုင်မာလှသည်။ သဘာဝနည်း၊ သိပ္ပံနည်းတို့ဖြင့် စမ်း သပ်စစ်ဆေး ခံနိုင်သည်ကို လေ့လာသုံးသပ်၍ ရနေပါသည်။

ဗုဒ္ဓဂေါတမ၏ တရားများကို သဘာဝနည်း သိပ္ပံနည်းဟို့ ဖြင့် လေ့လာသုံးသပ် အကဲခတ်ကြည့်မိသော် ဗုဒ္ဓဂေါတမဟူသည် ဝါဒ(ism) တစ်ခုကို ကနဦးအသစ်တီထွင်သူ ထူထောင်သူမဟုတ်၊ သာမန်လူသားတို့မတွေးခေါ် မမြင်နိုင်သော လောကသဘာဝ တရား၊ အမှန်တရားများကို ဖေါ်ထုတ်ပေးသူတစ်ဦးဖြစ်၍ တကယ် အတုမရှိသော လောကသဘာဝကို ဖေါ်ထုတ်ပေးသူ ဘုရားရှင် တစ်ပါးသာ ဖြစ်သည်။

ဤလောက ဤသဘာဝထဲတွင် ဤသို့သော သဘာဝ အမှန်တရားများ တည်ရှိနေသည်။ ဤသို့သော နည်းစနစ်ဖြင့်

ကျင့်ကြံအားထုတ် လုပ်ကိုင်ဆောင်ရွက်ပါက ဤသို့သော အကျိုး ကျေးဇူးများကို ရရှိနိုင်သည်ဟု နည်းပေးလမ်းပြ ဖော်ထုတ်ပြသူ သာ ဖြစ်သည်။

ဂေါတမဗုဒ္ဓက အတ္တဒီပ-မိမိကိုယ်ကို ကျွန်းကြီးသဖွယ် ဖြစ်အောင် မိမိကိုယ်ကိုမိမိ အလင်းရောင်ရအောင်လုပ်ကြ၊ **အတ္တသရဏ- မိမိကိုယ်ကို ကိုးကွယ်ရာဖြစ်အောင် အားထုတ်ကြ၊ အတ္တာဟိအတ္တာနောနာထော-မိမိကိုယ်ကိုမိမိ အားထားရာ** ဖြစ်ကြ၊ မိမိတို့ပြုလုပ်သော ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကုသိုလ်- အကုသိုလ်ကသာ မိမိတို့ဘဝကို အယုတ်၊ အလတ်၊ အမြတ်၊ လှ- မလှ၊ ဥစ္စာရှိ-မရှိကို ဆုံးဖြတ်ပြဋ္ဌာန်းပေးလိမ့်မည်ဟု လမ်းညွှန်ခဲ့ ပါသည်။

သို့အတွက် ဂေါတမဗုဒ္ဓ၏ ပိဋကတ်သုံးပုံတရားများဟု ခေါ်သော သုတ်, ဝိနည်း, အဘိဓမ္မာတရားတို့ကို လေ့လာဆန်းစစ် ကြည့်ပါလျှင် ဂေါတမဗုဒ္ဓသည် ရဟန်း, ရှင်, လူ, မင်း, မင်းညီ, မင်းသား, သူဌေးသူကြွယ်, ပုဏ္ဏား, ပရိဗိုဇ်, တက္ကတွန်း, နတ် ဗြဟ္မာစသော အလွှာလွှာအသီးသီးက လောကသဘာဝတရားများ နှင့် ပတ်သက်၍ သူတို့သိလိုသမျှကို မေးကြသည်။ စုံစမ်းကြသည်။ ဝါဒချင်းနှိုင်းယှဉ်ကြသည်။

ထိုသည့် အမေးများ၊ စုံစမ်းမှုများ၊ ပြိုင်ဆိုင်မှုများကို ဂေါတမဗုဒ္ဓက ယထာဘူတာကျကျ ထုတ်ဖော်ရှင်းပြခဲ့သည်။ ထို

သည်များကို မှတ်တမ်းတင်ထားမှုကို ဂေါတမဗုဒ္ဓ၏ ပိဋကတ်သုံးပုံ သုတ်, ဝိနည်း, အဘိဓမ္မတရားဟု ခေါ်ဆိုနေကြပါသည်။

ယနေ့ဗုဒ္ဓဘာသာဝင်အများစုသည် ထိုပိဋကတ်သုံးပုံဟူသော သုတ်, ဝိနည်း, အဘိဓမ္မာ တရားတို့ကို လောကုတ္တရာတရား (လောကသုံးခွင် ဘုံ(၃၁)မှ လွတ်မြောက်စေသော ကျင့်စဉ်တရားများ) ထိုတရားများကို သက်န်းဝတ်နေကြသော ရဟန်းရှင်တို့သာ သင်ယူခွင့်ရှိသည်။ ငါတို့နှင့်မဆိုင်၊ ငါတို့လေ့လာခွင့်မရှိသော အစိတ်အပိုင်း အဆင့်အတန်း တစ်ခုဟု ယုံကြည်စွဲလမ်း နေခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် ထိုယုံကြည်စွဲလမ်းမှုကို ကျော်လွန်၍ဗုဒ္ဓဂေါတမ၏ သုတ်, ဝိနည်း, အဘိဓမ္မာတရားတို့ကို လေးလေးနက်နက် လေ့လာလိုက်စား ဝေဖန်ပိုင်းခြား သုတေသနပြုမိပါသည်။ ထိုအခါ ထိုတရားများကို လောကလူသားတိုင်း သိရှိခွင့် လေ့လာခွင့်ရှိသော ကျင့်နိုင်ခွင့်ရှိသော တရားများပါလားဟု သဘောပေါက်လက်ခံလာမိပါသည်။

သို့အတွက် ကျွန်ုပ်သည် မြန်မာစာဖတ်တတ်သူတိုင်း လေ့လာခွင့်၊ ကျင့်ခွင့်၊ ခံစားခွင့် ရနိုင်ရန် ထိုထိုပိဋကတ်တို့က ထုတ်နှုတ်၍ လောကလူသားတို့သိသင့် သိထိုက်သောတရားများ ကျင့်စဉ်များကို ဖော်ထုတ်၍စာဖြင့် ဟောသော စာဟောဓမ္မကထိကအဖြစ် ရေးသားထုတ်ဝေပေးခဲ့ပါသည်။

ယခု ဤဂေါတမဗုဒ္ဓနှင့် သူ့ငွေးတို့၏ လောကသဘာဝ ပြဿနာများဖြေရှင်းမှု စာအုပ်တွင်လည်း သူငွေးတို့က ဗုဒ္ဓအား သူတို့သိလိုသော လောကသဘာဝကျင့်စဉ်များကို မေးရာမှ ဂေါတမဗုဒ္ဓက အဖြေပေးသည်များကို ပိဋကတ်မှ ရွေးထုတ်၍ မူရင်းပါဠိတော်ဘာသာပြန်သဘောဖြင့် ရေးသားဖော်ထုတ်ပေး ပါသည်။

ဤစာစုကို ဖတ်မိကြသော ဓမ္မမိတ်ဆွေများအတွက် အထက်က ကျွန်ုပ်တင်ပြခဲ့သလို ဂေါတမဗုဒ္ဓသည် ဝါဒရှင်(ism) မဟုတ်၊ လောကသဘာဝအမှန်တရားကို ဖော်ထုတ်ပေးသူ၊ နည်းလမ်းမှန်ကို ညွှန်ပြသူအဖြစ် သဘောပေါက်ကြပါလိမ့်မည်။ တစ်ဖန် ဤသို့လေ့လာဖတ်ရှုရသောအားဖြင့် မိမိတို့ဘဝ၌ သာမာန်ဗုဒ္ဓ ဘာသာဝင်အဖြစ်မှ တကယ်စစ်မှန်သော ဂေါတမဗုဒ္ဓ၏တပည့်သာဝက အဖြစ် ရောက်ရှိသွားပြီး စစ်မှန်သောအသိနှင့် စစ်မှန်သောအကျင့် မြတ်တို့ကို ကျင့်ကြံအားထုတ်နိုင်ကြပါမည်။ ထိုသို့ကျင့်ကြံအား ထုတ်နိုင်ကြသဖြင့် ပါရမီနုသော ပုဂ္ဂိုလ်များအတွက် ဖြတ်သန်းချိန် တိုင်း ပါရမီဖြစ်ရမည်ဟု ဆိုသည့်အတိုင်း ပါရမီဖြည့်ရာရောက်ပါ မည်။ ပါရမီရင့်သူများအတွက် သန္တိသုခ အမြိုက်ချမ်းသာရအောင် ရောက်အောင်ကျင့်ကြံအားထုတ် နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါ သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကြံပြုဆွေးနွေးကြသော ပုဂ္ဂိုလ်များ၊ ဓမ္မစာပေများကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းဖြင့် လေ့လာသုတေသနပြုနိုင်ရန် အဘက်ဘက်မှ ပါရမီဖြည့်ပေးသော ဇနီးသည်ဒေါ်တင်အေးအားလည်းကောင်း၊ လိုအပ်သည်ကို ကူညီဆောင်ရွက်ပေးသော သမီးများ၊ စာအုပ်ရိုက်နှိပ်လှူဒါန်းပေးသော အလှူရှင်တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

ဦးကိုကိုမြိုင်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
စ-ရပ်ကွက်၊မ/ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၉၆၉၀၃၂၄ / ၀၉၄၂၁၀၀၆၈၇၈

အ ပိုင်း ( ၁ )

# သူဌေးဘွဲ့နှင့် အဆောင်အယောင်များ

သူဌေးဟူသည်-

သူဌေးဟူသော မြန်မာဝေါဟာရသည် မဟာသေဋ္ဌိ ဟူသော ပါဠိ(မာဂဓ) ဝေါဟာရမှ ဆင်းသက်လာသောစကား ဖြစ်ပါသည်။

သေဋ္ဌိ ဟူသောဝေါဟာရ၏ အနက်အဓိပ္ပာယ်မှာ သေဋ္ဌ= မြင့်မြတ်သော ချီးမွမ်းအပ်သောဟူ၍ အဓိပ္ပာယ် ဖွင့်ရပါမည်။

မဟာ-ကြီးကျယ်မြင့်မြတ်သော၊ ဓနဥစ္စာပစ္စည်း၊ သေဋ္ဌိ- မြင့်မြတ်ချီးမွမ်းအပ်သူ ဟူ၍အဓိပ္ပာယ်ဖွင့်ရပါမည်။

မြန်မာစာအဘိဓာန်၌မူ သူဌေး=ပစ္စည်းဥစ္စာပေါများသူ ဟူ၍ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

တစ်ဖန် မျိုးရိုးစဉ်ဆက် ကြွယ်ဝချမ်းသာသောသူကို သူဌေး၊ အခြေအနေအရ, အလုပ်အကိုင်အရ အကျိုးပေးသာ၍ ကြွယ်ဝချမ်းသာသူကို သူကြွယ်ဟုခေါ်ကြောင်း ဖွင့်ဆိုထားသည်ကို လည်း တွေ့ရပါသည်။ ထို့ကြောင့်သူဌေးဟူသည်မှာ မိမိတို့၏ ရှေး ရှေးဘဝ ဒါနကုသိုလ်ကံကြောင့် အလုပ်မလုပ်ရဘဲ အမွေခံကြီးပွား လာချမ်းသာလာသူ၊ အတိတ်ဘဝဒါနကုသိုလ်ကံရှိပြီး ယခုမျက် မှောက်ဘဝဝယ် စေတနာသဒ္ဓါမြောက် ပြဋ္ဌာန်းပြီး စင်ကြယ်သော အလှူဝတ္ထုပစ္စည်းကို စင်ကြယ်သောအလှူခံပုဂ္ဂိုလ်၊ နိရောဓသမာ ပတ်မှထ, ခါစ ပုဂ္ဂိုလ်တို့၌ လှူမိ၍ ထိုပုဂ္ဂိုလ်များ၏ လယ်ယာမြေ ကောင်းဖြစ်မှုကြောင့် ချက်ချင်းလက်ငင်း ရွှေ ငွေပဒေသာ မြေမှာ ပေါက်ပြီး ကြီးပွားချမ်းသာလာသူများကို ရှေးခေတ်ရှေးအခါက တိုင်းပြည်အုပ်ချုပ်သောမင်း ကိုယ်တိုင်ကသူဌေးဘွဲ့ပေးအပ် ချီး မြှင့်ခံရသောသူများသည် သေဋ္ဌိ-သူဌေးမည်ပါသည်။

## ရှေးခေတ်ဘွဲ့နှင့်အဆောင်အယောင်များ

ထိုသူဌေးတို့၏ ဘွဲ့အမည်၊ အဆောင်အယောင် သတ်မှတ်ချက်နှင့်ပတ်သက်၍ ဗုဒ္ဓစာပေမှတ်တမ်းတို့၌ သူဌေးဘွဲ့ ကို အဆောင်အယောင်များနှင့်တကွ ပေးအပ်နှင်းသည်ဟု မှတ် တမ်းတင်ထားသည်ကို တွေ့ရပါသည်။

ရှေးခေတ်ရှေးအခါဝယ် ဇာတ်စနစ်ကရှိ၍ မျိုးရိုးဇာတ်အလိုက်ချမ်းသာသူများကို ခွဲခြား၍သူဌေးဘွဲ့ကို ပေးလေ့ရှိကြောင်း တွေ့ရပါသည်။

ထိုသို့ သူဌေးတို့၏ မျိုးရိုးအစဉ်ကို ဇာတ်အနွယ်အားဖြင့် ဤသို့ဘွဲ့တံဆိပ်များ အမည်များပေးအပ်ရာတွင်-

၁။ ခတ္တိယသေဋ္ဌိ- ဥစ္စာများစွာ ကြွယ်ဝသောမင်းမျိုးသူဌေး
၂။ ဗြဟ္မဏသေဋ္ဌိ-ဥစ္စာများစွာ ကြွယ်ဝသော ပုဏ္ဏားမျိုး
၃။ ဝေဿသေဋ္ဌိ- ဥစ္စာများစွာ ကြွယ်ဝသော ကုန်သည်ကြီး အသည်မျိုးသူဌေး
၄။ မဟာသေဋ္ဌိ- သူဆင်းရဲမျိုးမှ သူဌေးကြီးဖြစ်လာမှု
၅။ အမိတဘောဂသေဋ္ဌိ- ရှေးဘုန်းကံကြောင့် ဖြစ်ပေါ်လာပြီး တုန့်နိုင်းမရသောသူဌေး

ဟူ၍ သူဌေးအမျိုးအစား(၅)မျိုးကို စာပေ၌ တွေ့ရပါသည်။

သူဌေးတို့အား မျိုးရိုးအစဉ် ဇာတ်အနွယ်အလိုက် ဘွဲ့တံဆိပ်နှင့်အတူ ထီးတော်(၄)စင်းတို့ကို ဘွဲ့အလိုက်ချီးမြှင့်လေ့ကြောင်း သိရပါသည်။

၁။ ထီးရွက်ကိုးဆင့်၊ ထီးရိုး(၁၀)တောင်ရှိသော နဝဒဏ္ဍာထီးဖြူ
၂။ ထီးရွက်အမှတ်မရှိ ထီးရိုး(၆)တောင်ရှိသော မနောဟာရ ထီးဖြူ

၃။ ထီးရွက်အမှတ်မရှိ ထီးရိုး(၅)တောင်ရှိသော အာတာပတြ ထီးဖြူ

၄။ ထီးရွက်အမှတ်မရှိ ထီးရိုး(၄) တောင်ရှိသော ဝိဇယတြ ထီးဖြူ

ထိုထီးတို့သည် အနီ၊ အညို၊ စသည်သတ်မှတ်ထားသော အရောင်များ ရှိကြပါသည်။ သိကြား ပြဟ္မာတို့ သုံးဆောင်ရာ ထီးဖြူတော် (၈) စင်းရှိရာ၌-

၁။ ကနက္ကဒန်ထီး
၂။ သူရိယထီး
၃။ ပဒုမာထီး
၄။ သမုတီထီး လက်ဝဲဘက်ထီး(၄)စင်း
၅။ ကမ္ဗုထီး
၆။ စန္ဒထီး
၇။ ကုမုဒထီး
၈။ ဝိသကြုံထီး လက်ျာဘက်ထီး(၄)စင်း

ဤထီး(၈)စင်းတို့က မြင့်မြတ်သောဘုရား၊ ရဟန္တာနှင့် မင်းကောင်းမင်းမြတ်တို့အတွက် သတ်မှတ်ချက်အလိုက် ဆောင်းရသောထီးများ ဖြစ်ကြသည်။

ဘုရားရှင်လက်ထက်က မင်းကိုယ်တိုင်က ရွေးချယ်သတ်မှတ်ပေးအပ်ချီးမြှင့်သော မဟာခနေသေ၌ ဘွဲ့ချီးမြှင့်ခံရသော

သူဌေးကြီးများကို ကနက္ကဒန်ထီးဖြူနှင့် ခြေနင်းဖိနပ် သတ်မှတ်ထားသော ယာဉ်ရထား၊ ရထား၌က, အပ်သောမြင်းအရေအတွက် နောက်ပါအမျိုးသမီး၊ အဆောင်အယောင်များ ပေးအပ်သည်ဟု သိရှိရပါသည်။

ရှေးမြန်မာမင်းများလက်ထက် မင်းထံခ,စား သွားရသော သူဌေးဘွဲ့ခံသူဌေးများ မင်းထံသို့ခ,စားသွားသောအခါ ဆောင်ယူရသော အဆောင်အယောင်နှင့် ပတ်သက်၍ အင်းရုံရွာစားမင်းကြီး သီရိဥဇနာ မှတ်တမ်းပြုထားသော လောကဗျူဟာကျမ်း (အင်းရုံစာတမ်း)၌-

"သူဌေးတို့၏ အဆောင်အယောင်ကား ငွေကွမ်းအစ်၊ မိုးကြိုးကြုတ်ခွက်၊ မိုးကြိုးကရားကိုပေး၍ ငွေကွမ်းအစ်ကို ပိုးကွန်ချာအိမ်နှင့် ယှက်၍ဆောင်စေသည်။ သည်နောက် ရွှေကွမ်းအစ် ကြုတ်ခွက် ရွှေကရား၊ ရွှေခွက်ဆောင်ရသည်။"

ဟု မှတ်တမ်းတင်ရေးသားထားသည်ကို တွေ့ရပါသည်။

## ယနေ့ခေတ်ဘွဲ့ နှင့် အဆောင်အယောင်များ

ယနေ့ခေတ်(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်၌မူ သူဌေးဘွဲ့နှင့် ပတ်သက်၍ အမျိုးသား အမျိုးသမီးခွဲ၍လည်းကောင်း၊ သူဌေးအဆင့်သတ်မှတ်၍လည်းကောင်း ဘွဲ့တံဆိပ်ကို သာသနာနုဂ္ဂဟဘွဲ့အမည်ဖြင့် ချီးမြှင့်ပေးပါသည်။

(၁) သာသနာနုဂ္ဂဟ (အဆင့်မြင့်)
အမျိုးသား (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့)
အမျိုးသမီး (အဂ္ဂမဟာ သုဓမ္မသိင်္ဂီဘွဲ့)

**သတ်မှတ်အရည်အချင်းများ**

၁။ ဥပါသကာဂုဏ်ရည် (၁၀)ပါးနှင့် ပြည့်စုံခြင်း

၂။ ရှင်သာမဏေ(၂၀၀)ပါးကျော်ကို တစ်ဦးတည်း ဒါယကာနှင့် ရှင်ပြုပေးခြင်း

၃။ စာသင်သား သာမဏေ(၃၀)ပါးကို တစ်ဦးတည်းဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါးကို ထာဝရဆက်လက်ထောက်ပံ့လျက်ရှိခြင်း (ဒုလ္လဘရဟန်းခံခြင်း၊ သိမ်ထပ်ခြင်းမပါ)

၄။ ဗုဒ္ဓဘာသာ မထွန်းကားသေးသော ဒေသများကို အထူးပြု၍ ကျောင်းကန်၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း ရေကန် အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း (ကျပ်သိန်း-၁၀၀)

၅။ ပရိယတ္တိစာသင်တိုက်စသည်တို့၌ ထာဝရငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း စသည်ဖြင့် အလှူတော်ငွေကျပ်သိန်း (၁၀၀)ကျော်ထိ လှူဒါန်းပြီးသူဖြစ်ခြင်း

၆။ သာသနာရေးဆိုင်ရာလျှုဒါန်းငွေ စုစုပေါင်း ကျပ်သိန်း (၁၅၀၀)

၇။ အကျင့်စာရိတ္တပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခံရခြင်းမှ ကင်းလွတ်သူဖြစ်ခြင်း

၈။ နိုင်ငံတော်အစိုးရ၏ သတ်မှတ်ထားသော တရားဥပဒေဘောင်အတွင်း၌ တရားဥပဒေနှင့်အညီနေထိုင်သူဖြစ်ခြင်း

၉။ သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ခြင်း

မှတ်ချက်။ ။ပြည်ပမှ အလှူရှင်များအား ဤအဆင့်ဖြင့် ဘွဲ့ပေးအပ်ရန် လိုအပ်ပါက အမှတ်စဉ်(၂)မှ(၅)အထိ ဂုဏ်အင်္ဂါများကို လျှော့ပေါ့ စဉ်းစားနိုင်ပါသည်။

**ပေးအပ်သောအဆောင်အယောင်များ**

(က) ဘွဲ့လက်မှတ်

(ခ) စလွယ်

(ဂ) ရွှေသားပါတံဆိပ်ဆွဲပြား

၂။ သာသနာနုဂ္ဂဟ (ပထမအဆင့်)

အမျိုးသား (သီရိသုဓမ္မမဏိဇောတဓရဘွဲ့

အမျိုးသမီး(သီရိသုဓမ္မသိင်္ဂီဘွဲ့)

## သတ်မှတ်အရည်အချင်းများ

(၁) ဥပါသကာဂုဏ်ရည်(၁၀)ပါးနှင့် ပြည့်စုံခြင်း
(၂) ရှင်သာမဏေ(၁၅၀)ပါးကျော်ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း
(၃) စာသင်သားသာမဏေ(၂၀)ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါးကို ထာဝရဆက်လက် ထောက်ပံ့ပေးလျက်ရှိခြင်း(ဒုလ္လဘရဟန်းခံခြင်း၊ သိမ်ထပ်ခြင်းမပါ)
(၄) ဗုဒ္ဓသာသနာမထွန်းကားသေးသော ဒေသများသို့ အထူးပြု၍ ဘုရား၊ ဇရပ်၊ဆောင်း၊ ရေတွင်း၊ ရေကန် အသစ်တည်ဆောက်ခြင်း ပြုပြင်မွမ်းမံခြင်း (ကျပ်သိန်း-၆၀)
(၅) ပရိယတ္တိစာသင်တိုက် စသည်တို့၌ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းစသည်ဖြင့် အလှူတော်ငွေကျပ်သိန်း(၆၀)အထိ လှူဒါန်းသူဖြစ်ခြင်း
(၆) သာသနာရေးဆိုင်ရာလှူဒါန်းငွေစုစုပေါင်းကျပ်သိန်း-၁၀၀
(၇) အကျင့်စာရိတ္တပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခြင်းမှ ကင်းလွတ်သူဖြစ်ခြင်း
(၈) နိုင်ငံတော်အစိုးရ၏ သတ်မှတ်ထားသော တရားဥပဒေဘောင်အတွင်း၌ တရားဥပဒေနှင့်အညီနေထိုင်သူဖြစ်ခြင်း

(၉) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်ခြင်း။

မှတ်ချက်။ ။ပြည်ပမှ အလှူရှင်များအား ဤပထမအဆင့်ဘွဲ့ ပေးအပ်ရန် လိုအပ်ပါက အမှတ်စဉ်(၂) နှင့် (၄)အထိ ဂုဏ်အင်္ဂါများကို လျှော့ပေါ့စဉ်းစားနိုင်ပါသည်။

**ပေးအပ်သောအဆောင်အယောင်များ**

(က) ဘွဲ့တံဆိပ်လက်မှတ်
(ခ) စလွယ်
(ဂ) ရွှေသားပါတံဆိပ်ဆွဲပြား

၃။ သာသနာနုဂ္ဂဟ(ဒုတိယအဆင့်)
အမျိုးသား သီဟသုမေ္မမဏိဇောတရစရဘွဲ့
အမျိုးသမီး သီဟသုမေ္မသီဂီဘွဲ့

**သတ်မှတ်အရည်အချင်းများ**

(၁) ဥပါသကာဂုဏ်ရည်(၁၀)ပါးနှင့် ပြည့်စုံခြင်း
(၂) ရှင်သာမဏေ(၁၀၀)ပါးကျော်တို့ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း
(၃) စာသင်သားသာမဏေ(၁၀)ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါးကို ထာဝရဆက်လက် ထောက်ပံ့ပေးလျက်ရှိခြင်း(ဒုလ္လဘရဟန်းခံခြင်း၊ သိမ်ထပ်ခြင်းမပါ)

(၄) ဗုဒ္ဓသာသနာမထွန်းကားသေးသော ဒေသများသို့ အထူး ပြု၍ ဘုရား၊ ဇရပ်၊ဆောင်း၊ ရေတွင်း၊ ရေကန် အသစ် တည်ဆောက်ခြင်း ပြုပြင်မွမ်းမံခြင်း(ကျပ်သိန်း-၃၀)
(၅) ပရိယတ္တိစာသင်တိုက် စသည်တို့၌ ထာဝရငွေပဒေသာ ပင် စိုက်ထူလှူဒါန်းခြင်းစသည်ဖြင့် အလှူတော်ငွေကျပ် သိန်း(၃၀)အထိ လှူဒါန်းသူဖြစ်ခြင်း
(၆) သာသနာရေးဆိုင်ရာလှူဒါန်းငွေစုစုပေါင်းကျပ်သိန်း-၃၀
(၇) အကျင့်စာရိတ္တပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခြင်းမှ ကင်း လွတ်သူဖြစ်ခြင်း
(၈) နိုင်ငံတောအစိုးရ၏ သတ်မှတ်ထားသော တရားဥပဒေ ဘောင်အတွင်း၌ တရားဥပဒေနှင့်အညီနေထိုင်သူဖြစ်ခြင်း
(၉) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်ခြင်း။

မှတ်ချက်။ ။ပြည်ပမှ အလှူရှင်များအား ဤပထမအဆင့်ဘွဲ့ ပေး အပ်ရန် လိုအပ်ပါက အမှတ်စဉ်(၂) နှင့် (၄)အထိ ဂုဏ်အင်္ဂါများ ကို လျှော့ပေါ့စဉ်းစားနိုင်ပါသည်။

**ပေးအပ်သောအဆောင်အယောင်များ**

(က) ဘွဲ့တံဆိပ်လက်မှတ်
(ခ) စလွယ်

(ဂ) ရွှေသားပါတ်ဆိပ်ဆွဲပြား

၃။ သာသနာနုဂ္ဂဟ(တတိယအဆင့်)
အမျိုးသား သီဟသုဓမ္မမဏိဇောတရဓရဘွဲ့
အမျိုးသမီး သီဟသုဓမ္မသိင်္ဂီဘွဲ့

**သတ်မှတ်အရည်အချင်းများ**

(၁) ဥပါသကာဂုဏ်ရည်(၁၀)ပါးနှင့် ပြည့်စုံခြင်း
(၂) ရှင်သာမဏေ(၅၀)ပါးကျော်တို့ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း
(၃) စာသင်သားသာမဏေ(၅)ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်းလေးပါးကို ထာဝရဆက်လက် ထောက်ပံ့ပေးလျက်ရှိခြင်း(ဒုလ္လဘရဟန်းခံခြင်း၊ သိမ်ထပ်ခြင်းမပါ)
(၄) ဗုဒ္ဓသာသနာမထွန်းကားသေးသော ဒေသများသို့ အထူးပြု၍ ဘုရား၊ ဇရပ်၊ဆောင်း၊ ရေတွင်း၊ ရေကန် အသစ်တည်ဆောက်ခြင်း ပြုပြင်မွမ်းမံခြင်း (ကျပ် ၁၀-သိန်း)
(၅) ပရိယတ္တိစာသင်တိုက် စသည်တို့၌ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းစသည်ဖြင့် အလှူတော်ငွေကျပ်(၁၀)သိန်းအထိ လှူဒါန်းသူဖြစ်ခြင်း
(၆) သာသနာရေးဆိုင်ရာလှူဒါန်းငွေစုစုပေါင်းကျပ်သိန်း-၅၀၀

(၇) အကျင့်စာရိတ္တပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခြင်းမှ ကင်းလွတ်သူဖြစ်ခြင်း

(၈) နိုင်ငံတော်အစိုးရ၏ သတ်မှတ်ထားသော တရားဥပဒေဘောင်အတွင်း၌ တရားဥပဒေနှင့်အညီနေထိုင်သူဖြစ်ခြင်း

(၉) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ခြင်း။

မှတ်ချက်။ ။ပြည်ပမှ အလှူရှင်များအား ဤပထမအဆင့်ဘွဲ့ ပေးအပ်ရန် လိုအပ်ပါက အမှတ်စဉ်(၂) နှင့် (၄)အထိ ဂုဏ်အင်္ဂါများကို လျှော့ပေါ့စဉ်းစားနိုင်ပါသည်။

**ပေးအပ်သောအဆောင်အယောင်များ**

(က) ဘွဲ့တံဆိပ်လက်မှတ်

(ခ) စလွယ်

(ဂ) ရွှေသားပါတံဆိပ်ဆွဲပြား

ဤသူဌေးဘွဲ့(သာသနနုဂ္ဂဟဘွဲ့) ရှင်များသည် ဤသာသနာရေးအပြင် အခြားလူမှုရေးအလှူဖြစ်သော စာသင်ကျောင်း၊ ဆေးရုံ၊ တံတား၊ လူအိုရုံ၊ ပရဟိတ၊ မိဘမဲ့ကျောင်း၊ ဆွံ့အ၊ နားမကြား၊ မစွမ်းမသန်ကျောင်း စသည်တို့၌လည်း ပါဝင်လှူဒါန်းနိုင်ကြသည်ကို တွေ့ရပါသည်။

အပိုင်း ( ၂ )

# ဂေါတမဗုဒ္ဓနှင့်သူဌေးအသီးသီးတို့၏ လောကသဘာဝပြဿနာဖြေရှင်းမှုများ

## ဗုဒ္ဓနှင့်ယသသတို့သားဘခင်သူဌေးကြီး

(ယသ သတို့သားရဟန္တာဖြစ်မှုနှင့်ပထမဦးစွာဒွေ့ဝါစိကသရဏဂုံတည်မှု)

ဗာရာဏသီပြည်၌ သူဌေးကြီးတစ်ဦး၌ နူးညံ့သိမ်မွေ့သော ယသအမည်ရှိသော သားတစ်ယောက်ရှိလေသည်။

ထိုယသ သတို့သားကို မိဘတို့က နွေ၊ မိုး၊ ဆောင်း၌နေသော ပြဿာဒ်သုံးဆောင် ဆောက်လုပ်ပေးထားပြီး နွေ၊ မိုး၊

ဆောင်း အလှည့်ကျနေ၍ ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်ဝစွာ ခံစား စေသည်။

တစ်ညသောအချိန်တွင် ယသသတို့သားသည် စောစောကပင် အိပ်ပျော်ခြင်းသို့ရောက်၍ ဖျော်ဖြေသူမိန်းမ အပေါင်းသည်လည်း အိပ်ပျော်ခြင်းသို့ရောက်ကြသည်၊ မီးက တစ်ညလုံးထွန်းညှိထား၍ ထိန်လင်းနေသည်။

ယသ သတို့သားသည် စောစောပင် အိပ်ရာနိုးလာ၍ ကြည့်ရှုသော် မိန်းမတစ်ယောက်က လက်ကတီးကြား၌ စောင်းကို ပိုက်လျက် မိန်းမတစ်ယောက်က မုရိုးစည်ကိုလွယ်လျက်၊ မိန်းမ တစ်ယောက်က လက်ကတီး၌ ထက်စည်ကိုပိုက်လျက်၊ မိန်းမ တစ်ယောက်က ဆံပင်ဖရိုဖရဲကြဲလျက်၊ မိန်းမတစ်ယောက်က သွားရည်ယိုစီးလျက်၊ အခြားသောမိန်းမတို့က ယောင်ယမ်း ဟောက်လျက် လက်သို့ရောက်သော သုသာန်ကဲ့သို့အိပ်ပျော်နေ သော မိမိ၏ဖြေဖျော်သူ အမျိုးသမီးအပေါင်းကို မြင်တွေ့ရ၍ အပြစ်မြင်လာပြီးလျှင် ငြီးငွေ့စိတ်ဖြစ်ပေါ်ခံစားမိသည်။

"အချင်းတို့. . . တဏှာအစရှိသောကိလေသာတို့သည် နှိပ်စက်အပ်ပေစွတကား၊ ညှင်းဆဲပေအပ်စွတကား"
ဟု ဥဒါန်းကျူးရင့်မြွက်ဆိုသည်။

ထို့နောက် သူသည် ရွှေခြေနင်းကိုစီးလျက် အိမ်တံခါးဝ သို့ချဉ်းကပ်မိလေသည်။

"ယသအမျိုးကောင်းသားအား တစ်စုံတစ်ယောက် သောသူမျှ လူ့ဘောင်မှရဟန်းဘောင်သို့ဝင်ခြင်း၏ အန္တရာယ် မပြုပါစေလင့်"
ဟုနတ်တို့သည် တံခါးဖွင့်ပေးကြကုန်၏။

ယသသတို့သားသည် မြို့တံခါးသို့ ရှေ့ရှုထွက်လာခဲ့မိသည်၊ ထိုအချိန်တွင် ဗုဒ္ဓသည်မိုးသောက်ယံအခါ၌ စောစောထ၍ ဟင်းလင်းပြင်လွင်တီးခေါင်၌ စင်္ကြံကြွတော်မူသည်၊ အဝေးမှလာနေသော ယသသတို့သားကိုမြင်လတ်သော် စင်္ကြံမှဆင်းသက်၍ ခင်းထားသောနေရာ၌ ထိုင်နေသည်။

ယသသတို့သားသည် ဗုဒ္ဓအနီးရောက်လတ်သော်-

"အချင်းတို့. . . တဏှာအစရှိသော ကိလေသာတို့သည် နှိပ်စက်အပ်ပေစွတကား၊ ညှင်းဆဲအပ်ပေစွတကား၊ ထိုင်လော့၊ သင့်အားတရားဟောအံ့"
ဟုဗုဒ္ဓက မိန့်ကြားသည်။

ဗုဒ္ဓ၏စကားကိုကြားသောအခါ ယသသတို့သားသည် နှစ်သက်ရွှင်လန်းသော စိတ်ရှိလျက် ရွှေခြေနင်းကိုချွတ်ကာ ဘုရားရှင်ကိုရှိခိုးလျက် တစ်နေရာ၌ ထိုင်လေသည်။

ဗုဒ္ဓသည် ယသသတို့သားကို ဒါနနှင့်စပ်သော တရား သီလနှင့်စပ်သောတရား၊ နတ်ပြည်နှင့်စပ်သောစကား၊ ကာမဂုဏ်တို့၏အပြစ်၊ ယုတ်ညံ့ခြင်း၊ ညစ်ညူးခြင်းကာမဂုဏ်တို့မှ လွတ်

မြောက်ခြင်း၌ အကျိုးတို့ကို အစဉ်အတိုင်း ဟောကြားပြသတော်မူသည်။

ယသသတို့သားသည် ခံ့သောစိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင်အတားအဆီးမှကင်းသောစိတ်၊ တက်ကြွသောစိတ် ယုံကြည်သောစိတ်ရှိလာသည်ကိုသိသောအခါ ဆင်းရဲတရားများ ဆင်းရဲဖြစ်ကြောင်းတရား၊ ဆင်းရဲချုပ်ရာ၊ ဆင်းရဲချုပ်ရာကျင့်စဉ် မဂ္ဂင်(၈)ပါးတို့ကို ဟောပြတော်မူသည်။

မည်းညစ်ခြင်းကင်း၍ ဖြူစင်သောအဝတ်သည်ဆိုးရည်ကိုကောင်းစွာခံယူရယကဲ့သို့ ယသသတို့သားသည် ထိုနေရာ၌ပင်လျှင် ဖြစ်ခြင်းသဘောရှိသော တရားအားလုံးတို့သည် ချုပ်ခြင်းသဘောရှိ၏၊-ဟု ကိလေသာမြူ အညစ်အကြေးမှလင်းသော မျက်စိသောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်လာသည်။

ထိုအခါ ယသ သတို့သား၏မိခင်၊ သုဇာတာသည် သား၏ပြသာဒ်ထက်သို့ တက်ကြည့်သည်ရှိသော် သားကိုမတွေ့မြင်ရ၍ ခင်ပွန်းသူဌေးကြီးထံသို့ သွားရောက်ကာ သားကိုမတွေ့ကြောင်း ပြောကြားသည်။

သူဌေးကြီးသည် စိုးရိမ်သောကဖြစ်လျက် အရပ်လေးမျက်နှာသို့ မြင်းသည်တော်များ စေလွှတ်လေသည်။ ကိုယ်တိုင်ကမူ သား၏ရွှေခြေနင်းအရာကိုခြေရာခံကောက်၍ ဣသိပတနတောဘက်သို့ လိုက်ခဲ့သည်။

ဗုဒ္ဓသည် အဝေးမှလာသော ယသသတို့သားအဖေ၊ သူဌေးကြီးကိုမြင်၍-

"ငါသည် ဤနေရာ၌ ထိုင်နေသော ယသ သတို့သားကို ဤနေရာ၌ထိုင်နေသော သူဌေးကြီးမမြင်အောင် တန်ခိုးဖြင့် ဖန်ဆင်းထားရမူကား ကောင်းလေစွ"

ဟုကြံစည်တော်မူ၍ တန်ခိုးဖန်ဆင်း၍ သားအဖမမြင်အောင် ဖန်ဆင်းပြုလုပ်ထားလေသည်။

သူဌေးကြီးသည် ဗုဒ္ဓကိုမြင်တွေ့၍ ဗုဒ္ဓထံချဉ်းကပ်ကာ-

"အရှင်ဘုရား. . . တပည့်တော်၏သားယသကို မြင်တော်မူမိပါသလော"

ဟုမေးသည်။

"သူဌေး. . . ထိုသို့မြင်လိုလျှင် ထိုင်လော့၊ ဤနေရာ၌ ထိုင်နေသောသင်သည် ဤနေရာ၌ထိုင်နေသော သင်၏သားကို မြင်ရကောင်း မြင်ရပါလိမ့်မည်"

သူဌေးကြီးသည် သားကိုမြင်ရလိမ့်မည်ဟူသော စကားကိုကြားရ၍ နှစ်သက်ရွှင်လန်း ဝမ်းမြောက်သွားကာ ဗုဒ္ဓကိုရှိခိုးပြီးလျှင် သင့်ရာတစ်နေရာ၌ ထိုင်နေသည်။

ဗုဒ္ဓသည် သူဌေးကြီးအားလည်း ဒါနကထာစသော တရားတို့ကို အစဉ်အတိုင်း ဟောတော်မူရာ သူဌေးကြီးသည် ခံသောစိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင် အတားအဆီးကင်းသောစိတ်၊ ယုံကြည်စိတ်ဖြစ်လာသောအခါ သစ္စာလေးပါးတရား

ကို ဆက်လက်ဟောကြားလေရာ တရားတော်၏အဆုံးဝယ် သူဌေးကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

သူဌေးကြီးသည် တရားကို မြင်ပြီးသိပြီးသည်ဖြစ်၍ တရားသို့ရောက်ပြီး သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်း ကင်းပျောက်ပြီး သို့လောသို့လော တွေးတောခြင်းကင်းသည်ဖြစ်၍ ဗုဒ္ဓ၏အဆုံးအမ၌ ရဲရင့်ခြင်းသို့ရောက်သည်ဖြစ်၍ ဘုရားမှ တစ်ပါး ကိုးစားထိုက်သူမရှိသည်ဖြစ်၍ ဗုဒ္ဓကို--

"အရှင်ဘုရား၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ ဥပမာသော်ကား- မှောက်ထားသောအိုးကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်သကဲ့သို့လည်းကောင်း၊ မျက်စိလည်သောသူအားလမ်းကို ပြောကြားဘိသကဲ့သို့လည်းကောင်း၊ မျက်စိရှိသောသူတို့သည် အဆင်းတို့ကိုမြင်ရလိမ့်မည်ဟု အမိုက်အမှောင်၌ ဆီမီးတန်ဆောင်ကို ထောင်ပြသကဲ့သို့လည်းကောင်း ဤအတူသာလျှင် ဘုရားရှင်သည် များသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပေ၏။

အရှင်ဘုရား. . . တပည့်တော်သည် ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံးကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူ

ပါဘုရား"

ဟုလျှောက်ထားလေသည်။

ဤသူဌေးကြီးသည် ဂေါတမဗုဒ္ဓသာသနာတော်၌ ရှေးဦးစွာ တေဝါစိကသရဏဂုံ (သရဏဂုံသုံးပါး) တည်သော ဥပါသကာ ဖြစ်လာခဲ့ပါသည်။

ဗုဒ္ဓက ဘခင်သူဌေးကြီးအား တရားဟောနေစဉ်မှာပင် ယသ သတို့သားသည် မြင်အပ်၊ သိအပ်ပြီးသော သစ္စာလေးပါး တရားကို ဆင်ခြင်ရာ သူ၏စိတ်သည် တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်သွားခဲ့သည်။

"ယသ သတို့သားသည် လူထွက်၍ ရှေးလူ့ဘောင်၌နေသောအခါကဲ့သို့ ကာမဂုဏ်တို့ကို သုံးဆောင်ခြင်းငှါ မထိုက်ပြီ၊ ငါသည် တန်ခိုးဖန်ဆင်းခြင်းကိုငြိမ်းစေရမူ ကောင်းလေစွ"

ဟုဗုဒ္ဓသည် အကြံဖြစ်ပြီး တန်ခိုးတော်ကို ရုပ်သိမ်းလိုက်သည်။

သူဌေးကြီးသည် ထိုင်နေသောသားကိုမြင်တွေ့ရသော်-

"ချစ်သားယသ. . . သင်၏အမိသည် ငိုကြွေးခြင်း၊ စိုးရိမ်ခြင်းသို့ရောက်နေရပါ၏၊ သင်၏အမိအသက်ကို ပေးပါလော့"

ဟုပြောကြားသည်။

ယသ သတို့သားသည် ဘုရားရှင်ကိုမော်၍ကြည့်သည်၊ ဘုရားရှင်က သူဌေးကြီးကို-

"သူဌေး. . . ဤအရာ၌ အသင်အဘယ်ကဲ့သို့ထင်ပါသနည်း. . သင်မြင်သကဲ့သို့ အကြင်သူအား သေက္ခအမြင်ဖြင့် သေက္ခဉာဏ်ဖြင့် သစ္စာလေးပါးတရားကို မြင်အပ်သိအပ်ပြီး၊ ထိုသူအား မြင်,သိသိအတိုင်း သစ္စာလေးပါးတရားကို ဆင်ခြင်သောစိတ်သည် တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှကင်းလွတ်ပြီး ထိုသူသည် လူထွက်၍ ရှေးလူ့ဘောင်၌ နေသောအခါကဲ့သို့ ကာမဂုဏ်တို့ကို သုံးဆောင်စေခြင်းငှါ ထိုက်အံ့လော"

ဟု မေးတော်မူသည်။

"မြတ်စွာဘုရား. . . မထိုက်တော့ပါဘုရား"

"သူဌေး. . . ယသသတို့သားသည် အာသဝေါတရားတို့မှလွတ်မြောက်ပြီးဖြစ်၍ ကာမဂုဏ်တရားတို့ကို သုံးဆောင်စေခြင်းငှါ မထိုက်တန်တော့ပြီ"

အရှင်ဘုရား. . . ယသ သတို့သားသည် လူ့အဖြစ်ကို အရတော်လေစွ၊ လူ့အဖြစ်ကို ကောင်းစွာရအပ်ပေစွ၊ သူ၏စိတ်သည် တစ်စုံတစ်ခုကိုမျှမစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပေပြီ"

မြတ်စွာဘုရား. . . ယနေ့အတွက် နောက်ပါရဟန်း ယသ သတို့သားနှင့်အတူ တပည့်တော်၏ဆွမ်းကို လက်ခံတော်မူပါဘုရား"

ဟု လျှောက်ထားလေသည်။ ဘုရားရှင်က ဆိတ်ဆိတ်နေ၍

သည်းခံတော်မူသည်၊ သူဌေးကြီးသည် ဘုရားရှင်လက်ခံသည်ကို သိ၍ နေရာမှထကာ ဘုရားရှင်ကိုရှိခိုး၍ အိမ်သို့ပြန်လေသည်။

သူဌေးကြီးပြန်သွားသောအခါ ယသ သတို့သားက ဘုရားရှင်အား-

"အရှင်ဘုရား. . . တပည့်တော်သည် ဘုရားရှင်ထံ၌ ရဟန်းအဖြစ်ကို ရလိုပါ၏"

ဟုလျှောက်ထားသည်။

"ဧဟိဘိက္ခု. . . ရဟန်းလာလော့, တရားကိုကောင်းစွာ ဟောအပ်၏၊ ဝဋ်ဆင်းရဲအဆုံးကိုပြခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ပါလော့"

ဟု မိန့်ကြားသောခဏဝယ် ယသ သတို့သားသည် ပရိက္ခရာ ရှစ်ပါးအစုံနှင့် ဝါတော်(၆၀)ရ မထေရ်ကဲ့သို့ ဖြစ်လေသည်။

ထိုအချိန်ဝယ် ဤလောက၌ ရဟန္တာ(၇)ဦး ဖြစ်လာလေ သည်၊ ထို့နောက် ဘုရားရှင်သည် ယသရဟန်းရှင်နှင့်အတူ သူဌေးကြီးအိမ်ကို ဆွမ်းစားကြွရောက်တော်မူသည်။

ယသ၏မိခင် သုဇာတာသူဌေးကတော်နှင့် ယသ၏ မယားဟောင်းတို့သည် ဘုရားရှင်ထံသို့ချဉ်းကပ်ကာ လာကြ၍ ဘုရားရှင်ကိုရှိခိုးပြီး ထိုင်ကြသည်။

ဗုဒ္ဓက ထိုအမျိုးသမီးတို့အား ဒါနကထာစသော တရား တို့ကို အစဉ်အတိုင်း ဟောကြားတော်မူရာ တရားတော်၏အဆုံး ဝယ် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ထိုအမျိုးသမီးတို့သည် ဗုဒ္ဓကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသိကာမအဖြစ်ခံယူ၍ သရဏဂုံသုံးပါး ဆောက်တည်ကြသဖြင့် တေဝါစိကသရဏဂုံ ရှေးဦးစွာ ဆောက်တည်သော ဥပါသိကာမတို့ ဖြစ်ရလေသည်။

ထို့နောက် အရှင်ယသ၏မိဘနှစ်ပါးနှင့် မယားဟောင်းတို့သည် ဘုရားရှင်နှင့်အရှင်ယသတို့ကို မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ကောင်းစွာ လုပ်ကျွေးပြုစု လှူဒါန်းသည်။

ဗုဒ္ဓသည် ဆွမ်းစားပြီးနောက် ဆွမ်းအနုမောဒနာတရား ချီးမြှင့်ပြီးနောက် ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

(မဟာဝဂ္ဂ- မဟာခန္ဓက- ယသသတို့သားဝတ္ထု)

ဂေါတမဗုဒ္ဓနှင့်ဇောတိကသူဌေး

(စင်ကြယ်သောပိပိပစ္စည်း-မည်သူမျှခိုးယူ-လုယက်ယူ၍မရ)

ဗုဒ္ဓဂေါတမ ပွင့်ထွန်းတော်မူရာ အချိန်ကာလဝယ် ရာဇဂြိုလ်မြို့ရှိ သူဌေးကြီးတစ်ဦး၏မယား၌ သားငယ်တစ်ယောက် မွေးဖွားခဲ့သည်။

ထိုကလေးမွေးချိန်ဝယ် ရာဇဂြိုလ်တစ်မြို့လုံးရှိ ရှိရှိသမျှ လက်နက်အားလုံးတို့သည် မီးဟုန်းဟုန်းတောက်ကာ အလျှံတပြောင်ပြောင်တောက်ပသည်၊ လူအားလုံးကိုယ်ဝယ် ဝတ်ဆင်ထားသောအဆင်တန်ဆာတို့သည်လည်း အလျှံလွှတ်ကြသည့်ပမာ အရောင်အဝါထွက်ကုန်ကြသည်၊ ရာဇဂြိုလ်တစ်မြို့လုံး တစ်ခဲနက်သောအရောင်ဖြင့် တောက်ပြောင်လျက် ရှိနေလေသည်။

ဘခင်သူဌေးကြီးသည် နံနက်စောစော မင်းကြီးထံသို့ အခစားဝင်ရောက်လေသော် မင်းကြီးက- "ရာဇဂြိုလ်တစ်မြို့လုံး အလျှံအရောင်အဝါတွေ တောက်ပနေသည်ကို သူဌေးသိပါသလော"

ဟုမေးသည်။

"အရှင်မင်းမြတ်. . . သိပါ၏"

"သူဌေးကြီး. . . အဘယ်သို့ အကြောင်းရှိပါသနည်း"

"အရှင်မင်းမြတ်. . . ကျွန်ုပ်၏အိမ်၌ အရှင်မင်းမြတ်၏ ကျွန်တစ်ယောက် ဖွားမြင်ခဲ့ပါသည်၊ ထိုသား၏ကောင်းမှုရှိန်စော် အာနုဘော်ကြောင့် ဤကဲ့သို့ တစ်မြို့လုံး အလျှံရောင် ဖုံးလွှမ်း ခြင်း ဖြစ်ပါသည်"

"သူဌေးကြီး. . . အသို့နည်း၊ ထိုသားသည် ခိုးသူဖြစ် လိမ့်မည်လော"

"အရှင်မင်းကြီး. . . ဤကဲ့သို့ ခိုးသူဖြစ်ရန် အကြောင်း မရှိပါ၊ ဘုန်းကံကြီးလှသော ရှေးကံပြုဘူး-ကုသိုလ်ထူးရှိသူ တစ် ယောက်ဖြစ်ပါသည်"

"သူဌေးကြီး. . . ထိုသို့ဖြစ်လျှင် ထိုသူငယ်ကို ကောင်းစွာ စောင့်ရှောက်မွေးမြူပါလေ၊ ထိုသူငယ်အတွက် နို့ဖိုးတစ်ထောင် ကို ငါပေးပါမည်"

ဗိမ္ဗိသာရမင်းကြီးက ဤသို့ပြောဆိုပြီးလျှင် မုန့်ဖိုးတစ် ထောင်ကို ကလေးအတွက် နေ့စဉ်ပေးလေသည်။

ထို့နောက် ထိုသူငယ်ကိုအမည်ပေးသောနေ့၌ တစ်မြို့ လုံး တခဲနက်အလျှံတပြောင်ပြောင် တလက်လက်တောက်ပမှုကို အကြောင်းပြု၍ ဇောတိကသတို့သား ဟူ၍အမည်မှည့်ကြလေ သည်။

* * *

ထိုမှနောက်ဆုံး ဇောတိကသူဌေးသား အရွယ်ရောက်လာသော် သူ့အတွက် နေအိမ်ဆောက်လုပ်ရန် မြေပြင်ကို သုတ်သင်ရှင်းလင်းအပ်သည်ရှိသော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းသောအခြင်းအရာကိုပြသည်၊ သိကြားမင်းသည် အဘယ်ကြောင့် ငါ့ကျောက်ဖျာသည် ပူနွေးသောအခြင်းအရာကို ပြသနည်း--ဟုစဉ်းစားဆင်ခြင်ပြီး လောကကိုရှုကြည့်သည်ရှိသော် ဇောတိကအတွက် အိမ်နေရာဆောက်လုပ်ရန် ပြုလုပ်စီမံနေကြသည်ကို တွေ့ရသည်။

"ဤဇောတိကကား လူတို့ဆောက်လုပ်အပ်သောအိမ်၌ နေရမည့်သူမဟုတ်၊ ငါသည်လည်း ထိုအရပ်သို့ သွားရောက်ဆောင်ရွက်ပေးရလိမ့်မည်"

ဟုဆင်ခြင်သိပြီး လက်သမားအသွင်ဆောင်ကာ ထိုအရပ်သို့သွားသည်။

"အမောင်တို့. . . အဘယ်အမှုကို ပြုလုပ်နေကြပါသနည်း"

"မိတ်ဆွေ. . . ဇောတိကသတို့သားအတွက် အိမ်နေရာကို ယူကြပါသည်"

"အမောင်တို့. . . ဖယ်ရှားကြလော့၊ ဤဇောတိကသတို့သားသည် အမောင်တို့ဆောက်လုပ်အပ်သောအိမ်၌ နေရမည့်သူမဟုတ်ပါချေ"

သိကြားမင်းသည် ဤသို့ပြောဆိုပြီးလျှင် (၁၆)ပယ် ကျယ်ဝန်းသောမြေအရပ်ကို စူးစူးစိုက်စိုက် ကြည့်ရှုလိုက်သည်၊ ထိုမြေအရပ်သည် ထိုခဏမှပင် ကသိုဏ်းဝန်းပမာ ညီညွတ်သော မြေအရပ် ဖြစ်သွားလေသည်။

"ဤအရပ်၌ မြေကိုဖောက်ခွဲ၍ရ,သော ရတနာခုနစ်ပါး ဖြင့်ပြီးသော ပြဿာဒ်ကြီးထ,၍ပေါ်စေသတည်း"

ဟုသိကြားမင်းက အမိန့်ရှိလိုက်ရာ ထိုခဏမှာပင် ရတနာ ခုနစ်ပါးဖြင့်ပြီးသော ပြဿာဒ်ကြီးသည် မြေကိုခွဲ၍ ဘွားကနဲ ပေါ်လာသည်။ ·

"ဤပြဿာဒ်ကြီးကို ဝန်းရံ၍ ရတနာခုနစ်ပါးဖြင့်ပြီး သော တံတိုင်းကြီးခုနစ်ထပ်သည် မြေမှပေါ်ပေါက်စေသတည်း"

ဟုကြံစည်၍ စူးစူးစိုက်စိုက်ကြည့်ပြီး အမိန့်ရှိလိုက်ရာ တံတိုင်း (၇)ထပ်သည် မြေမှပေါ်ပေါက်လာလေသည်။

"တံတိုင်းခုနစ်ထပ်တို့ အကြားအကြား၌ ပဒေသာပင်တို့ သည် ပေါ်ထွန်းလာပါစေသတည်း"

ဟု ထပ်မံကြံစည် စူးစူးစိုက်စိုက်ကြည့်ပြီး အမိန့်ပြန်ရာ ပဒေသာပင်တို့သည် ပေါ်ထွန်းလာလေသည်။

"ပြဿာဒ်ကြီး၏ထောင့်လေးထောင့်၌ ရွှေအိုးကြီးလေး လုံးတို့သည် ထ,၍ ပေါ်စေသတည်း"

ဟု ထပ်မံကြံစည် စူးစူးစိုက်စိုက်ကြည့်ရှုပြီး အမိန့်ရှိရာ မျက်နှာဝ

ဖြတ်၍ ထားအပ်သောထန်းသီးပမာဏ ရတနာအပြည့်ရှိသော ရွှေအိုးကြီးလေးလုံးတို့သည် ဖြစ်ပေါ်လာလေသည်။

ပြဿာဒ်ကြီး၏ ထောင့်လေးထောင့်တို့၌ ထန်းပင်မျိုး ပင်စည်လုံးခန့် လုံးပတ်ပမာဏရှိသော ရွှေကြံပင်(၄)ပင်တို့သည် လည်း သိကြားမင်း၏အမိန့်ဖြင့် ပေါ်ပေါက်လာသည်။

ထိုကြံပင်၏အရွက်သည် မြရတနာဖြင့်ပြီး၍ ပင်စည်မှာ ရွှေဖြင့်ပြီးကုန်သည်။

တံခါးမုဒ်(၇)ခုတို့၌ နတ်ဘီလူးစစ်မှူး(၇)ဦးတို့ကို အစောင့်အရှောက်ထားပေးသည်။

| | |
|---|---|
| ပထမတံခါးမုခ်၌ | -ယမကောဠိအမည်ရှိသော နတ်ဘီလူး စစ်သူကြီးနှင့်အခြံအရံ(၁၀၀၀) |
| ဒုတိယတံခါးမုခ်၌ | -ဥပ္ပလအမည်ရှိသောနတ်ဘီလူး စစ်သူကြီးနှင့်အခြံအရံ(၂၀၀၀) |
| တတိယတံခါးမုခ်၌ | -ဝဇီရမည်သော နတ်ဘီလူးစစ်သူကြီး နှင့်အခြံအရံ(၃၀၀၀) |
| စတုတ္ထတံခါးမုခ်၌ | -ဝဇီရဗာဟုမည်သော နတ်ဘီလူး စစ်သူကြီးနှင့်အခြံအရံ(၄၀၀၀) |
| ပဥ္စမတံခါးမုခ်၌ | -ကသကန္ဒမည်သော နတ်ဘီလူး စစ်သူကြီးနှင့် အခြံအရံ(၅၀၀၀) |
| ဆဋ္ဌမတံခါးမုခ်၌ | -ကဋတ္တမည်သော နတ်ဘီလူး စစ်သူကြီးနှင့် အခြံအရံ(၆၀၀၀) |

သတ္တမတံခါးမုခ်၌ -ဒိသာမုခမည်သော နတ်ဘီလူး
စစ်သူကြီးနှင့်အခြံအရံ(၇၀၀၀)
တို့အသီးသီးစောင့်ရှောက်ရန် တာဝန်ပေးထားလေသည်။

ဇောတိကသတို့သားအတွက် ရတနာခုနှစ်ပါးဖြင့်ပြီးသော ဘုံခုနှစ်ဆင့်ရှိ ပြသာဒ်ကြီး မြေမှပေါက်သည်၊ တံတိုင်း(၇)ထပ် မုခ်(၇)ရပ်၊ ရွှေအိုးကြီး(၄)လုံး မြေမှထပေါ်သည် ဟူသော သတင်းသည် ရာဇဂြိုလ်ပတ်ဝန်းကျင်နှင့်တကွ ဇမ္ဗူဒိပ်ကျွန်းလုံး ပျံ့နှံ့သွားပြီး ဇောတိကသတို့သား၏စည်းစိမ်ကို ကြည့်ရှုရန် အနယ်နယ်အရပ်ရပ်မှ လှည်း,ယာဉ်,ဆင်,မြင်းစသော ယာဉ်မျိုးစုံဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း လာရောက်ကြည့်ရှုကြသည်။

ဘုရင်ဗိမ္ဗိသာရကလည်း ထိုသတင်းကိုကြားသိပြီး ဇောတိကသတို့သားအတွက် သူဌေးထီးဖြူနှင့်တကွ အဆောင်အယောင်အခမ်းအနားများပို့ပေးကာ ဇောတိကကို သူဌေးဘွဲ့အရာအပ်နှင်းလေသည်။

ဇောတိကသတို့သား ဇောတိကသူဌေး ဖြစ်လာသောအခါ သူ၏ပါရမီဖြည့်ဘက်သည် ဥတ္တရကုရုကျွန်း(မြောက်ကျွန်း)သူဖြစ်နေသည်၊ အမည်မှာ 'သကုလကာယီ' အမည်ရှိသည်။

သူမကို နတ်တို့ကယူဆောင်ပြီး ဇောတိကသူဌေး၏(၇)ထပ်တိုက်၏ ကျက်သရေတိုက်ခန်း၌ ထားပေးကြသည်။

သကုလကာယီမြောက်ကျွန်းမှလာစဉ် ဆန်တစ်စလယ် နှင့်မီးကျောက်(၃)လုံးသာ ယူဆောင်လာခဲ့သည်။

ထမင်းချက်သောအခါ ဆန်တို့ကို ထမင်းအိုး၌ ထည့်၍ မီးကျောက်သုံးလုံးတို့၏အပေါ်၌ တည်ထားရသည်၊ ကျောက်တို့သည် ထိုခဏမှာပင် အလျှံတပြောင်ပြောင် တောက်လောင်လာ၍ ထမင်းကျက်လျှင်ကျက်ခြင်း မီးအလျှံများငြိမ်းသွားသည်၊ မီးငြိမ်းသောအမှတ်ဖြင့် ထမင်းကျက်သည်ကို သိရသည်။

သူဌေးဇနီးမောင်နှံတို့သည် အသက်ထက်ဆုံး ထိုဆန်တစ်စလယ်ဖြင့်ပင်ချက်၍ စားနေခဲ့သည်၊ ဆန်တစ်စလယ်ကကုန်သည်ဟူ၍ မရှိပေ။

သူဌေးဇနီးမောင်နှံတို့သည် မြကျောက်အရောင်ဖြင့်သာ လျှင် နေကြကုန်သည်၊ သူတို့သည် မီးရောင်၊ ဆီမီးရောင်ကို လုံး၀ မထိ, မသိရှိကြပေ။

ဇောတိကသူဌေးသည် မိမိပြဿာဒ်ကို လာရောက်ကြည့်ရှုကြသူများကို မြောက်ကျွန်းဆန်ဖြင့် မီးကျောက်ပေါ်၀ယ် ထမင်းချက်ခိုင်း၍ ပေးလှူကျွေးမွေး၍ နေလေသည်။

ပဒေသာပင်တို့မှ အလိုရှိရာ အ၀တ်, အထည်, အဆင် တန်ဆာတို့ကို ဆွတ်ခူးယူစေကုန်သည်။

ရွှေအိုးတို့မှ သုံးစွဲလောက်အောင် ရွှေငွေတို့ကို ယူစေသည်၊ ထိုပဒေသာပင်၊ ရွှေအိုးတို့မှဆုတ်ယုတ်သည်ဟူ၍ မရှိပေ၊ အမြဲပြန်၍ပြည့်နေလေသည်။

ဤသို့ဖြစ်ရခြင်းသည် ဇာတိကသူဌေး၏အတိတ်ဘဝ ကအပရာဇိတသူကြွယ်ဖြစ်စဉ် ဂန္ဓကုဋီတိုက်ကျောင်းကြီးနှင့် ဂန္ဓကုဋီတိုက်ကျောင်းအတွင်း သဲဖြူခင်းပြီး ရတနာခုနှစ်ပါးတို့ကို ပုဆစ်ဒူးနစ်လုမျှ ကြဲဖြန့်လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးဆက် ဖြစ်လေသည်။

* * *

ဤကမ္ဘာမှရေတွက်သော် (၉၁)ကမ္ဘာထက်ဝယ် ဝိပဿီ ဘုရားပွင့်တော်မူသည်။

ဗာရာဏသီပြည်၌ သူကြွယ်ညီနောင်(၂)ဦးသည် မိမိတို့ အလုပ်သမားများကို ကြံခင်းစိုက်စေကြသည်။

တစ်နေ့ ညီဖြစ်သူသူကြွယ်သည် ကြံခင်းသို့သွား၍-

"တစ်ပင်က နောင်တော်အတွက်၊ တစ်ပင်က ငါ့အတွက်" ဟု ရည်ရွယ်စဉ်းစားပြီး ကြံရိုး(၂)ပင်ကိုခုတ်ယူကာ ကြံရည်များ အပြင်သို့ ထွက်မကျစေရန် ခုတ်ဖြတ်ရာနေရာ၌ သစ်ရွက်စသည် ဖြင့် ဖွဲ့စည်း၍ယူလာခဲ့သည်။

(ထိုခေတ်က ကြံပင်များသည် ယခုခေတ်ကဲ့သို့ကြိတ်ရန် မလို၊ ခုတ်ဖြတ်လိုက်သည်နှင့်တပြိုင်နက်ထဲ စမကရိုဏ်ရေစစ်မှ ယိုကျသကဲ့သို့ အလိုလိုစီးကျလေ့ရှိသည်၊ သို့အတွက် သစ်ရွက် ဖြင့် ထိပ်က ပိတ်ရလေသည်)

ထိုညီသည် ကြံကိုယူပြီး အိမ်သို့ပြန်လာစဉ်မှာပင် ဟိမဝန္တာရှိ ဂန္ဓမာဒနတောင်ဝယ် ပစ္စေကဗုဒ္ဓအရှင်မြတ်တစ်ပါးသည် သမာပတ်မှထ၍-

"ငါသည် ယနေ့အဘယ်သူအား ချီးမြှောက်ရပါမည်နည်း" ဟု စူးစမ်းဆင်ခြင်ကြည့်သော် မိမိ၏ဉာဏ်ကွန်ရက်၌ ထိုညီဖြစ်သူ သူကြွယ်ကို မြင်တော်မူ၍လည်းကောင်း၊ ထိုညီသူကြွယ်၏ ပေးလှူမှု သဒ္ဓါတရားရှိ-မရှိကိုလည်းကောင်း ကြည့်ရှုသော် သဒ္ဓါတရားရှိသည်ကို သိတော်မူ၍ သပိတ်,သင်္ကန်းတို့ကိုယူကာ တန်ခိုးဖြင့်ကြွလာပြီး ထိုညီဖြစ်သူ သူကြွယ်ရှေ့တွင် ရပ်တည်၍ နေလေသည်။

ညီသူကြွယ်သည် ပစ္စေကဗုဒ္ဓကိုမြင်လျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မိမိအပေါ်စုလျားတစ်ဘက်ကို မြင်သောအရပ်၌ ခင်းထားပြီး-

"အရှင်ဘုရား. . . ဤနေရာ၌ သီတင်းသုံးနေတော်မူပါ" ဟုလျှောက်ထားပြီး ထိုင်စေသည်။

"အရှင်ဘုရား. . . သပိတ်ကို စောင်းငဲ့ပေးတော်မူပါဘုရား"

ဟု လျှောက်ထား၍ ကြံရိုးဖွဲ့စည်းရာ သစ်ရွက်ကိုဖြေလျက် ကြံချောင်းထိပ်ကို သပိတ်ထက်၌ စိုက်လိုက်လေသည်၊ ကြံရည်များသည် အလိုလိုလျှော့ကျကာ သပိတ်ကိုပြည့်စေလေသည်။

ပစ္စေကဗုဒ္ဓါသည် ထိုကြံ့ရည်ကို ဘုဉ်းပေးသုံးဆောင်တော်မူသည်။

"ငါ၏ကြံ့ရည်ကို အရှင်မြတ် သုံးဆောင်တော်မူအပ်သည်မှာ အလွန်ကောင်းမြတ်လှဘိ၏၊ အကယ်၍ ငါ၏နောင်တော်ကြီးသည် ကြံ့ရိုး၏တန်ဖိုးကို ပေးစေလိုက တန်ဖိုးကို ငါပေးမည်၊ အကယ်၍ ကုသိုလ်ကောင်းမှုအဖို့အစုကို တောင်းစေလိုက ကုသိုလ်အဖို့အစုကိုပင် ငါပေးအံ့၊ နောင်တော်အတွက် ယူဆောင်လာသောကြံ့ရိုးနှင့်အရည်ကိုလည်း လှူတော့အံ့"

ဟုကြံစည်ဆုံးဖြတ်ပြီးလျှင်-

"အရှင်ဘုရား. . . သပိတ်စောင်းငဲ့ပေးတော်မူပါဦးဘုရား"

ဟုလျှောက်ထားပြီး နောင်တော်ကြံ့ချောင်းမှကြံ့ရည်ကိုပါ လှူလေသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် ထိုကြံ့ရည်ကို အခြားပစ္စေကဗုဒ္ဓတို့နှင့် ခွဲဝေသုံးဆောင်တော်မူလိုသည်ဖြစ်၍ ထိုဒုတိယလှူသောကြံ့ရည်ကို အလှူသာခံယူသည်၊ မသုံးဆောင်ဘဲ ထားလေသည်။

သူကြွယ်သည် ပစ္စေကဗုဒ္ဓါ၏အမူအရာကို အကဲခတ်ပြီး ထိခြင်းငါးပါးဖြင့် ရှိခိုးကာ-

"အရှင်ဘုရား. . . တပည့်တော် လှူဒါန်းအပ်သော-ဤကြံ့ရည်၏အကျိုးဆက်ကြောင့် နတ်ပြည်၊ လူ့ပြည်တို့၌

စည်းစိမ်ကို ခံစားပြီးလျှင် အဆုံး၌ ဘဝ နောင်ကာလ၌ အရှင်ဘုရားတို့ ဆိုက်ရောက်မျက်မှောက်ပြုရာ တရားကိုသာလျှင် ရလိုပါ၏" ဟူ၍ ဆုတောင်းပတ္တနာပြုလေသည်။

ပစ္စေကဗုဒ္ဓါက-

'ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု' ဟူသော(၂)ဂါထာဖြင့် သင့်ဆုတောင်းအတိုင်း ဖြစ်ပါစေ၊ အလိုရှိအပ် တောင့်တအပ်သည့်အတိုင်းပြည့်စေ ဟု အနုမောဒနာပြုပြီးလျှင် ထိုသူကြွယ်မြင်နိုင်အောင် အဓိဋ္ဌာန်တော်မူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ကြွကာ အဖော် ပစ္စေကဗုဒ္ဓါ(၅၀၀)တို့အား ထိုကြံ့ရည်ကို လှူဒါန်းဆက်ကပ်လေသည်။

ညီငယ်သူကြွယ်သည် ထိုတန်ခိုးပြာဋိဟာကို မြင်ရပြီးနောက် နောင်တော်သူကြွယ်ထံသို့သွားရောက်ရာ နောင်တော်က

"အသင် အဘယ်အရပ်သို့သွားနေပါသနည်း"

ဟုမေးသည်။

"ကြံ့ခင်း ကောင်း,မကောင်း ကြည့်ရှုရန် သွားနေပါသည်"

"ညီမောင်. . . ကြံ့ခင်းသွားကာသော်မှ ကြံ့ရိုးတစ်ပင်နှစ်ပင်ယူလာသင့်သည်မဟုတ်ပါလော"

ဟု အပြစ်တင်စကားပြောကြားသည်။

"နောင်တော်. . . ကျွန်ုပ်သည် ကြံ့ရိုးနှစ်ပင်ကို ယူခဲ့ပါသည်၊ လမ်းခရီးမှာ အရှင်ပစ္စေကဗုဒ္ဓါကို ဖူးတွေ့ရ၍ ညီမောင်

အတွက် ကြံရိုးမှကြံရည်ကိုလှူပြီးလျှင် နောင်တော်အတွက် ကြံရိုးကို နောင်တော်တန်ဖိုးကိုဖြစ်စေ၊ ကုသိုလ်ကောင်းမှု အဖို့အစုကိုဖြစ်စေ၊ ငါပေးမည်’ဟုဆုံးဖြတ်ပြီး နောင်တော်အတွက် ယူလာသော ကြံရိုးကိုပါ လှူလိုက်မိပါသည်၊ နောင်တော် အဘယ့်နည်း၊ ကြံရိုး၏တန်ဖိုးကိုပင်ယူမလား၊ ကုသိုလ်အဖို့အစုကို ယူမလား” ဟု မေးလိုက်သည်။

“ညီတော်ပစ္စေကဗုဒ္ဓါသည် အဘယ်သို့ ပြုတော်မူပါသနည်း”

“နောင်တော်. . . အရှင်ပစ္စေကဗုဒ္ဓါသည် ကျွန်ုပ်ကြံရိုးမှကြံရည်ကိုသုံးဆောင်၍ နောင်တော်ကြံရိုးမှကြံရည်ကို ဂန္ဓမာဒနတောင်သယ်ယူပြီး ပစ္စေကဗုဒ္ဓါ(၅၀၀)တို့ကို လှူဒါန်းသည်ကို တွေ့ရပါသည်”

ထိုစကားကိုကြားသော် နောင်တော်တစ်ကိုယ်လုံး ပီတိအဟုန်ဖုံးလျက်-

“ငါ့အတွက် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ် သိမြင်အပ်သောတရားထူးကိုရခြင်းသည်သာလျှင် ဖြစ်ပါစေသတည်း” ဟု ဆုတောင်းပတ္ထနာပြုလိုက်လေသည်။

ညီဖြစ်သူက လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ဆုတောင်းခဲ့သည်၊ နောင်တော်ကား တစ်ပုဒ်တည်းဖြင့်ပင် အရဟတ္တဖိုလ်ကို ဆုတောင်းခဲ့လေသည်။

* * *

ထိုညီနောင်တို့ ထိုဘဝမှသေလွန်သော် နတ်ပြည်၌ဖြစ်ကြသည်၊ ဖုဿဘုရားနှင့် ဝိပဿီဘုရားရှင်တို့၏ (၂)ဆူကြားဝယ် မရေမတွက်နိုင်သော နှစ်ကာလအသင်္ချေယျတစ်ကပ်ကာလတွင် နတ်ပြည်၌ ကုန်လွန်စေသည်။

ဤလောကဝယ် ဝိပဿီဘုရားပွင့်တော်မူလာသော အခါ ထိုညီနောင်သည် နတ်ပြည်မှစုတေ၍ ဗန္ဓုမတိမင်းနေပြည်ဝယ် အမျိုးကောင်းသူကြွယ်အိမ်၌ ယခင်ညီနောင်အတိုင်း လာဖြစ်ကြသည်။

နောင်တော်၏အမည်ကို သေန၊ ညီတော်၏အမည်ကို အပရာဇိတ-ဟူ၍ အမည်ရှိလေသည်။

ထိုညီနောင်တို့ အရွယ်ရောက်၍ မိဘအမွေကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နေစဉ် ဤလောက၌ ဝိပဿီဘုရားပွင့်တော်မူလာပြီးနောက် ဓမ္မဃောသက(နိဗ္ဗာန်ဆော်)တို့က-

"ဤလောက၌ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါးတို့သည် နေ့လပမာ ပေါ်ထွန်းလာပြီး အလှူဒါနကိုပေးလှူကြပါကုန်လော့ အဋ္ဌမီ(ရှစ်ရက်)ဥပုသ်၊ စတုဒ္ဒသီ(၁၄)ရက်ဥပုသ်၊ ပန္နရသီ(၁၅)ရက် ဥပုသ်နေ့တို့၌ ဥပုသ်သီလ ဆောက်တည်ကြကုန်လော၊ တရားတော်ကို နာကြားကြကုန်လော့"

ဟုမြို့တော်၌ ကြွေးကြော်ကြသည်။

ထိုနိဗ္ဗာန်ဆော်၏အသံကို ကြားကြ၍ လူများအပေါင်းသည် နံနက်ခင်းအလှူ, လှူကြ၍ ညနေခင်းတရားနာသွားကြသည်။

ထိုသည်ကို သေနသူကြွယ်ကိုမြင်၍-

"ဤသူများအဘယ်အရပ်သို့သွားကြပါသနည်း"

ဟုမေးသော် လူအများက-

"မြတ်စွာဘုရားထံ တရားနာသွားကြပါမည်"

ဟုပြောသောအခါ သေနသူကြွယ်သည် ငါလည်း လိုက်မည်ဟုဆိုကာ ပရိတ်သတ်နှင့်အတူလိုက်ပြီး တစ်နေရာ၌ ထိုင်ကာ တရားနာယူလေသည်။

ထိုဝိပဿီဘုရားရှင်သည် သေနသူကြွယ်၏ အလိုအဇ္ဈာသယကို သိတော်မူ၍ ဒါနကထာ,သီလကထာ,စသော တရားကို အစဉ်အတိုင်း ဟောကြားတော်မူလေသည်။

သေနသည် တရားနာပြီးသော် ရဟန်းပြုရန် အလွန်စိတ်ထက်သန်လာသဖြင့် ဘုရားရှင်ထံချဉ်းကပ်ကာ ရဟန်းပြုခွင့်တောင်းလေသည်။

"ဒါယကာ. . . သင့်မှာ ပန်ကြားရမည့် ဆွေမျိုးများရှိပါသေးသလော"

"ရှိပါသည်ဘုရား"

"ထိုသို့ဖြစ်လျှင် ဆွေမျိုးများကို ပန်ကြားပြီးမှ လာခဲ့ပါ" ဟုမိန့်ကြားသဖြင့် သေနသည် အိမ်သို့ပြန်၍ ညီဖြစ်သူ အပရာဇိတထံခွင့်ပန်ကာ ရဟန်းပြုပြီး တရားကိုအားထုတ်ရာ မကြာခင် ရဟန္တာဖြစ်သွားလေသည်။

"ညီဖြစ်သူ အပရာဇိတသူကြွယ်သည် နောင်တော်၏ ရှင်ရဟန်းပြုပွဲကို ပူဇော်သဘင် ဆင်ယင်ကျင်းပအံ့"
ဟူ၍ ဆုံးဖြတ်ပြီး ခုနှစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်များကိုပေးလှူသည်၊ နောင်တော်သေနမထေရ်ထံ ချဉ်းကပ်ပြီး-

"အရှင်ဘုရားသည်ကား ဘဝလွတ်မြောက်ရေး အလုပ်ကို ပြုလုပ်အပ်ပြီးပါပြီ၊ တပည့်တော်သည်ကား ကာမဂုဏ်ငါးပါးဖြင့် အနှောင်အဖွဲ့ခံနေရပါသဖြင့် တောထွက်၍ ရှင်ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ၊ တပည့်တော်အား အိမ်၌နေရင်းပင် သင့်လျော်လျောက်ပတ်မည့် ကြီးမြတ်သောကောင်းမှုကို မိန့်ကြားစေချင်ပါသည်"
ဟု လျှောက်ထားလေသည်။

"ကောင်းပေစွ. . . ကောင်းပေစွ. . .၊ ပညာရှိ-မြတ်စွာဘုရားအတွက် ဂန္ဓကုဋီတိုက်ကျောင်းကို ဆောက်လုပ်လှူဒါန်းပါလေလော့"

"ကောင်းပါပြီ ဘုရား"

အပရာဇိတသူကြွယ်သည် ထိုသို့ဝန်ခံပြီးနောက် ရတနာခုနှစ်ပါးတို့ဖြင့် စီခြယ်အပ်သော ဂန္ဓကုဋီတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းရန် စီမံသည်။

နှမမွေးသောတူက အတူတကွ ကျောင်းအလှူပြုရန် အဆိုဆန္ဒပြုသည်ကို လက်မခံဘဲ တစ်ဦးတည်း ဒါယကာခံ၍သာ ဆောက်လုပ်သည်၊ (ထိုအခါတူဖြစ်သူက ဂန္ဓကုဋီတိုက်၏ရှေ့၌ ဆင်ဝင်ဧည့်ခံဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်၊ ထိုသူသည် ယခု ဂေါတမဘုရားရှင်လက်ထက်၌ မေဏ္ဍကသူဌေးကြီး ဖြစ်လာလေသည်)

အပရာဇိတသူကြွယ်သည် ရတနာခုနှစ်တို့ဖြင့်ပြီးသော ကြီးကျယ်ခမ်းနားလှပသော ဂန္ဓကုဋီတိုက်ကျောင်းကြီးကို ဆောက်လုပ်ပြီးနောက် တံတိုင်းအတွင်း၌ ဒူးဆစ်မြုပ်လောက်အောင် ရတနာခုနှစ်ပါးခင်းကျင်းထားပြီးလျှင် နောင်တော် သေနမထေရ်ထံ သွားရောက်လျှောက်ထားသည်။

နောင်တော်သေနမထေရ်က အရှင်ဘုရားအား လှူရန် ဖိတ်ကြားပြီး ဘုရားရှင်ကို လျှောက်ထားစေသည်။

ကျောင်းဝန်းအတွင်း ခင်းထားသောရတနာတို့နှင့် ပတ်သတ်၍ ဆင်းရဲသားများကို လက်နှစ်ဖက်အပြည့် ဆုပ်ယူကြလော့၊ ချမ်းသာသူတို့က လက်တစ်ဘက်ဖြင့် ဆုပ်ယူကြကုန်လော့" ဟူ၍ မြို့ထဲရှိအိမ်စေ့ကို လိုက်လံကြေငြာသည်။

“ သဒ္ဓါတရားရှိသူတို့သည် တရားနာလိုသည်ဖြစ်၍ သွားရောက်ကြမည် ဧကန်၊ သဒ္ဓါတရားမရှိသူတို့က ဥစ္စာရယူလိုသောလောဘဖြင့် သွားရောက်ကြကာ တရားနာကြ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြလိမ့်မည်”

ဟူသော စိတ်ဆန္ဒဖြင့် အပရာဇိတသူကြွယ်သည် ဤသို့ကြေငြာအသိပေးခြင်း ဖြစ်သည်။

လူများအပေါင်းသည် ကျောင်းသို့ရောက်လာကြပြီး ကြေငြာထားသည့်အတိုင်းယူကြရာ ပထမအကြိမ်ထားသော ရတနာတို့သည် ကုန်သွား၍ သူကြွယ်သည် ဒုတိယအကြိမ် ထပ်မံ၍ ဒူးဆစ်မြှုပ်သည်အထိ ကျဲဖြန့်ထားပြန်သည်။

တစ်ဖန် အပရာဇိတသူကြွယ်သည် ဘုရားရှင်မှထွက်သောရွှေရောင်နှင့် ကျောက်မျက်ရတနာမှထွက်သော အရောင်နှစ်မျိုးကို ကြည့်ရှုရသူများ ကြည့်ရှုအားမရ မရောင့်မရဲနိုင်အောင် ဖြစ်စေရန် ကြံစည်၍ ဘုရားရှင်၏ခြေတော်ရင်း၌ သခွါးဆစ်သီးအရွယ်ပမာဏရှိ အဖိုးအတိုင်း မသိထိုက်တန်သော ကျောက်မျက်ရတနာကြီးတစ်လုံးကို တည်ထားပေးသည်၊ လူများအပေါင်းသည်လည်း သူကြွယ်အောက်မေ့ကြံစည်သည့်အတိုင်းပင် ဗုဒ္ဓ၏ကိုယ်ရောင်နှင့် ကျောက်မျက်ရတနာအရောင်တို့ကို ကြည့်ညိုအားမရနိုင်လောက်အောင်ရှိကြလေသည်။

တစ်နေ့သောအချိန်တွင် မိစ္ဆာအယူရှိသော ပုဏ္ဏားတစ်ယောက်သည် ထိုကျောက်မျက်ကို ခိုးယူလိုသောစိတ်ဖြင့် လူအများနှင့်အတူ ကျောင်းသို့လာပြီး ဗုဒ္ဓရှေ့၌ဝင်ပြီး နေရာယူသည်၊ ကျောင်းဒါယကာသူကြွယ်သည် ထိုပုဏ္ဏား၏အမူအရာ မရိုးမဖြောင့်ပုံရိပ်ကို ရိပ်မိ၍–

"ဤပုဏ္ဏားသည် ကျောက်မျက်ရတနာကို မခိုးယူပါမူ ကောင်းလေစွ"

ဟုကြံစည်မိလေသည်။

ပုဏ္ဏားသည် ဘုရားရှင်၏ခြေကို ရှိခိုးဟန်ပြုပြီး ကျောက်မျက်ကိုခိုးယူပြီး မိမိ၏ခါးကြားထဲ၌ ဝှက်ထားလေသည်၊ အပရာဇိတသူကြွယ်သည် ထိုပုဏ္ဏားခိုးယူသည်ကိုမြင်သော် စိတ်ကို မကြည်မလင်ခံစားရသည်။

တရားပွဲအပြီးတွင် ဗုဒ္ဓထံချဉ်းကပ်၍–

"မြတ်စွာဘုရား. . . တပည့်တော်သည် သုံးကြိမ်တိုင်တိုင် ဂန္ဓကုဋီအုတ်ကျောင်း၌ ပရိဝုဏ်အပြည့် ပုဆစ်ဒူးဝန်းနစ်လုမျှ ရတနာခုနစ်ပါးကို ကြဲဖြန့်ခဲ့ပါသည်၊ ထိုရတနာများကို လူများအပေါ် တပည့်တော်၏စိတ်သည် မကျေမချမ်း အလျှင်းမဖြစ်ဘဲ သဒ္ဓါတရားတိုး၍ တိုး၍ ကြည်လင်မှုဖြစ်ခဲ့ရပါသည်၊ ယခု ဤပုဏ္ဏား ကျောက်မျက်ရတနာကိုခိုးယူသော် မိမိ၏စိတ်မကြည်မလင် ခံစားရပါသည်ဘုရား"

"ဒါယကာ. . . မိမိ၏ဥစ္စာကို သူတစ်ပါးတို့မခိုးယူ၊ မဖျက်ဆီးနိုင်အောင်ပြုလုပ်ခြင်းငှါ စွမ်းနိုင်သည် မဟုတ်ပါလော" ဟုဗုဒ္ဓက နည်းလမ်းညွှန်စကား အရိပ်အမြွက်မိန့်ကြားတော်မူသည်။

ထိုအခါ အပရာဇိတသူကြွယ်သည် ဗုဒ္ဓ၏ လမ်းညွှန်ချက်ကို သဘောပေါက်စဉ်းစားမိပြီး ဗုဒ္ဓကို ရိုသေစွာရှိခိုးပြီးလျှင်-

"မြတ်စွာဘုရား. . . ယနေ့ကိုအစပြု၍ တပည့်တော်၏ ပစ္စည်းဥစ္စာကို မြိတ်ဆာချည်မျှင်တစ်ပင်မျှကိုသော် လည်းကောင်း၊ တပည့်တော်ကို လွှမ်းမိုးအနိုင်ကျင့်၍ ရာပေါင်းများစွာသော မင်းများ၊ ခိုးသူများ၊ သိမ်းပိုက်ခိုးယူ လုယက်ခြင်းငှါ စွမ်းနိုင်ကြသောမည်သည်မဖြစ်ပါစေကုန်စေသတည်း၊ မီးသည်လည်း တပည့်တော်၏ဥစ္စာကို မလောင်ကျွမ်းပါစေသတည်း၊ ရေသည်လည်း မတိုက်လျောနိုင်ပါစေသတည်း"

ဟု ဆုတောင်းမှုပြုလေသည်။

ဗုဒ္ဓက 'ဧဝံဟောတု' သင်တောင်းဆိုသည့်အတိုင်းဖြစ်စေဟု အနုမောဒနာမှုကို ပြုတော်မူသည်။

အပရာဇိတသူကြွယ်သည် ဂန္ဓကုဋီတိုက် ရေစက်ချပွဲပြုလုပ်သည်ရှိသော် ရဟန်းတော်ပေါင်း(၆၈၀၀၀၀၀)ပင့်ဖိတ်၍ ကိုးလပတ်လုံး ကြီးစွာသောအလှူကို ပေးလှူပြီးဆုံးသောနေ့၌ တိစိဝရိတ်သက်န်း(၃)ထည် လှူဒါန်းသည်။

ဤသည်မှာ ဇောတိကသူဌေးလောင်း၏ အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုနှင့် တောင်းဆုတို့ပင် ဖြစ်သည်။

* * *

ဇောတိကသူဌေးအိမ်သို့ လူများအပေါင်း အဝတ်တန်ဆာ၊ ရွှေ၊ ငွေများကို လူအများက ဝင်လာမစဲ တသဲသဲ လာရောက်ယူနေသဖြင့် ဘုရင်ဗိမ္ဗိသာရမင်းသည် ဇောတိကသူဌေးအိမ်သို့ ကြွရောက်ရှုစားလိုသော်လည်း ရှုစားခွင့်မရချေ။

လာရောက်ယူငင်သူများ နည်းပါးသွားသောအခါကျမှ ဗိမ္ဗိသာရဘုရင်က ဇောတိက၏ဘခင်သူဌေးကြီးအား ဇောတိကသူဌေးအိမ် သွားရောက်ကြည့်လိုကြောင်း မိန့်ကြားသည်။

ဇောတိကသူဌေး၏ဘခင်က သားဇောတိကထံသို့ ဘုရင်မင်းမြတ် အိမ်တော်သို့ လာရောက်ကြည့်ရှုမည့် အကြောင်း သတင်းစကား ပြောကြားထားလေသည်။

ဇောတိကသူဌေးကလည်း မင်းကြီးကို ကောင်းမွန်စွာ ဖိတ်ကြား၍ ကောင်းမွန်စွာ ကြိုဆိုဧည့်ခံပြီး ပြုစုလုပ်ကျွေးခဲ့သည်။

မင်းကြီးသည် ဇောတိကသူဌေးကြီး၏ ဘုံခုနှစ်ဆင့် ပြဿာဒ်ကြီးကိုကြည့်ရှုပြီး ဇောတိကသူဌေးဆက်သသော မီးထွန်းရန်မလိုသော ကျောက်မျက်ရတနာကို ဆက်သသည်ကို ခံယူပြီး ဇောတိကကြီးကျယ်သော ဘုန်းကံကို ချီးကျူးပြီး ပြန်လာခဲ့သည်။

အဇာတသတ်မင်းသားငယ်သည် အလွန်ကြီးကျယ်လှသော ဇောတိကသူဌေး၏ တိုက်တာအဆောက်အဦးအခြံအရံကို တွေ့မြင်သော်-

"ဩော်. . . ငါ့အဖေခမည်းတော်သည် မသိဆိုးဝါးမိုက်မဲလှပါတကား၊ ငါတို့အောက် ဇာတ်နိမ့်သူသူကြွယ်က ရတနာခုနှစ်ပါးဖြင့်ပြီးသော ပြဿာဒ်ကြီးနှင့် နေနိုင်ပြီး ငါ့ခမည်းတော်ကြီးသည် ကေရာဇ်မင်းဖြစ်ပါလျက် သစ်သားဖြင့်ပြီးသော နန်းအိမ်၌ နေရသည်၊ နောင်တစ်ချိန် ငါမင်းဖြစ်လာပါက ဤသူဌေးအား ဤကဲ့သို့သော ပြဿာဒ်မျိုးနှင့် နေခွင့်မပေးနိုင် သိမ်းယူရမည်" ဟူ၍ အကြံဖြစ်ခဲ့သည်။

နောင်တစ်ချိန် အရွယ်ရောက်လာသောအခါ အဇာတသတ်မင်းသားသည် ဒေဝဒတ်ရဟန်းနှင့်ပေါင်းကာ ဘခင်ကို လုပ်ကြံ သတ်ဖြတ်ပြီး ထီးနန်းကိုရလာသောအခါ ငယ်ငယ်က စိတ်ကြံစည်ထားသည့်အတိုင်း ဇောတိကသူဌေး၏ ပြဿာဒ်ကို သိမ်းယူမည်-ဟူသောအကြံဖြင့် စစ်တပ်ကြီးနှင့်အတူ ထွက်လာခဲ့လေသည်။

ထိုအချိန် ထိုနေ့၌ ဇောတိကသူဌေးကြီးသည် ဥပုသ်သီတင်းစောင့်သုံးကာ စောစောပင် နံနက်စာစားပြီး ဘုရားရှင်ထံသို့ သွားရောက်ကာ တရားတော်ကိုနာယူပြီး နောက်တစ်နေရာ၌ ချမ်းသာစွာ နေလေသည်။

အဇာတသတ်မင်းစစ်ကြီး ဆင်ပြီးလာရောက် တိုက်ခိုက်သောအခါ ဇောတိသူဌေး၏ နန်းပြဿာဒ်ပထမတံခါး၌ စောင့်ရှောက်နေသော ယမကောဠိနတ်ဘီလူးသည်-

"သင်ကမျှား လာတိုက်ခိုက်ဝံ့သည်၊ သင်ဘယ်ပြေးနိုင်ဦးမည်နည်း"

ဟုခြိမ်းခြောက်ဟစ်ကြွေးကာ အခြံအရံနှင့်တကွ အဇာတသတ်မင်းကို တိုက်ခိုက်ဖျက်ဆီးလေရာ အဇာတသတ်မင်းနှင့်စစ်ကြီးသည် ပြိုကွဲပျက်စီးပြီး အရပ်လေးမျက်နှာ လွတ်ရာကျွတ်ရာသို့ အသီးသီး ထွက်ပြေးကြရသည်။

ထိုအခါ အဇာတသတ်မင်းသည်လည်း စစ်ကြီးပျက်၍ ဦးတည်ရာ ပြေးလာရင်း ကျောင်းတော်သို့ရောက်လာသည်။ ကျောင်းထဲရောက်၍ ခေတ္တရပ်နေစဉ် ဇောတိကသူဌေးကြီးက မြင်၍ မင်းကြီးထံသို့လာပြီး ချဉ်းကပ်ကာ-

"အရှင်မင်းကြီး. . . အကြောင်းအသို့ရှိပါသနည်း"

ဟုမေးလျှောက်သည်။

အဇာတသတ်မင်းကြီးသည် ဇောတိကသူဌေးကို တွေ့မြင်ရသော် ဝင်းဝင်းတောက်သော ဒေါသဖြင့်-

"ဩော်- သူဌေး. . . သင်က သင့်လူများကို ငါနှင့်စစ်တိုက်ရန် မှာထားပြီး သင်ကတော့ ကျောင်းလာပြီး တရားနာသကဲ့သို့ အဘယ်ကြောင့် နေထိုင်ဘိသနည်း"

ဟု ပြောကြားလေသည်။

"ဩော်-အရှင်မင်းကြီး. . . ကျွန်တော်မျိုးအိမ်ကို သိမ်းယူရန် သွားရောက်တော်မူပါသလော"

"ဟုတ်တယ်. . . သိမ်းရန်သွားခဲ့သည်၊ သင်၏ အစောင့်တပ်က ငါ့ကို ခုခံတိုက်ခိုက်သဖြင့် ယခု ငါစစ်ရှုံး၍ ပြေးလာခဲ့ရသည်"

ဟု ဒေါနှင့်မောနှင့် မကျေမနပ်ပြောပြသည်။

"အရှင်မင်းကြီး. . . ကျွန်ုပ်က သဘောမတူလျှင် ကျွန်ုပ်၏အိမ်ကို အရှင်မင်းကြီးတစ်ဦး မဆိုထားဘိ၊ မင်းတစ်ရာထောင် လာရောက် သိမ်းယူလည်း ရမည်မဟုတ်ပါ"

ဟုတည်ငြိမ်ရဲရင့်စွာ ပြန်လည်လျှောက်ထားလေသည်။

"သင်သည် မင်းဖြစ်လိမ့်မည်လူမို့လို့လား"

ဟုအဇာတသတ်မင်းက ဒေါသအမျက်ခြောင်းခြောင်းထွက်သောအသံဖြင့် မေးသည်။

"ကျွန်ုပ်ကား မင်းမဟုတ်ပါ။ သို့သော်လည်း ကျွန်ုပ်၏ဥစ္စာကို ကျွန်ုပ်က သဘောတူမပေးလျှင် ပိတ်စချည်မျှင်သော်မှ မင်းများ၊ ခိုးသူများ သိမ်းပိုက်ရယူခြင်းငှါ မစွမ်းနိုင်ပါ"

ဟုတည်ငြိမ်စွာပင် ပြန်ပြောသည်။

"ငါက သင့်ပစ္စည်းကို သင်သဘောတူမှ ယူရမည်လော၊ ငါသည် မင်းဖြစ်၍ သင့်ပစ္စည်းကို အချိန်မရွေးယူနိုင်ပေသည်"

ဟု မင်းမာန်ဖြင့် ပြောဆိုလေသည်။

"အရှင်မင်းကြီး. . . ထိုသို့ဖြစ်လျှင် ကျွန်ုပ်၏လက်ဆယ်ချောင်းတို့၌ လက်စွပ်ကွင်း(၂၀) ရှိပါသည်၊ ဤလက်စွပ်များကို ကျွန်ုပ်သည် အရှင်မင်းကြီးကို မပေးပါ၊ အကယ်၍စွမ်းနိုင်ပါက ချွတ်ယူပါလေ"

ဟုလျှောက်ထားပြီး လက်နှစ်ဘက်ကို ရှေ့သို့ဆန့်တန်းပေးလိုက်သည်။ ဆောင့်ကြောင့်ထိုင်၍ ခုန်လိုက်လျှင်(၁၈)တောင်၊ အတောင်(၈၀)အထိ အမြင့်ခုန်နိုင်စွမ်းအားရှိသော အဇာတသတ်မင်းသည် ဇောတိကသူဌေး၏လက်စွပ်တို့ကို ဘယ်ပြန်-ညာပြန် အပြန်ပြန်လှည့်၍ ချွတ်လေရာ ရာဇဂ္ဂြေသာပျက်သည်၊ ချွတ်၍ မရပေ။

"အရှင်မင်းကြီး. . . အလိုတော်ရှိက ဝတ်လဲတော်ဖြန့်၍ ခံယူတော်မူပါ"

ဟုလျှောက်ထားသည်။

အဇာတသတ်မင်းက ဝတ်လဲတော်ဖြန့်၍ခံယူသောအခါ ဇောတိကသူဌေးက အပေါ်မှနေ၍ လက်ချောင်းကိုဖြောင့်တန်းချလိုက်လျှင် လက်စွပ်များ အလိုလိုကျွတ်ကျလေတော့သည်။

"အရှင်မင်းကြီး. . . မင်းကြီးမျက်မြင်အတိုင်းပင် ကျွန်ုပ်၏ပစ္စည်းကို ကျွန်ုပ်သဘောမတူ မပေးပါက မည်သူမျှသိမ်းယူ၍ မရနိုင်ပါ"

ဟုလျှောက်ထားပြီးလျှင် အဇာတသတ်မင်း၏ ရိုင်းပြစော်ကားသောအပြုအမူအပေါ်၌ သတိသံဝေဂကြီးစွာ ဖြစ်ပြီးလျှင်-

"အရှင်မင်းကြီး. . . ကျွန်ုပ်ကို ရဟန်းပြုခွင့်ပေးတော်မူပါဘုရား"
ဟု လျှောက်ထားတောင်းပန်လေသည်။

"ဇောတိက ရဟန်းပြုသွားပါက သူ၏ပြဿာဒ်၊ အဆောက်အဦး၊ ဥစ္စာတို့ကို ငါသည် အလွယ်တကူ သိမ်းယူနိုင်တော့မည်"
ဟု အဇာတသတ်မင်းသည် တွေးတောမိကာ ဇောတိက၏စကားတစ်ခွန်းတည်းနှင့်ပင်-

"သင်. . ရဟန်းပြုလိုပါက ပြုပါလေ"
ဟု အသာတကြည် ချက်ချင်းခွင့်ပြုလိုက်သည်။

ဇောတိကသူဌေးသည် သံဝေဂတရားများစွာ ရ,လျက် ဘုရားရှင်ထံသို့ သွားရောက်ပြီး ရဟန်းပြုခွင့်တောင်းကာ ရဟန်းပြုလိုက်လေသည်။ ရဟန်းပြုပြီး တရားကို ဆက်လက်အားထုတ်ရာမကြာခင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး ရဟန္တာဖြစ်သွားလေတော့သည်၊ ဇောတိကမထေရ်ဟူ၍လည်း ထင်ပေါ်ကျော်ကြားလေသည်။

ဇောတိကမထေရ် ရဟန္တာဖြစ်သောခဏမှာပင် သူ၏ဥစ္စာပစ္စည်းများနှင့် ဘုံခုနစ်ဆင့်ပြဿာဒ်ကြီးသည် အလိုလိုကွယ်ပျောက်သွားသလို သကုလကာယီသူဌေးကတော်ကိုလည်း နတ်တို့က မြောက်ကျွန်းသို့ ပြန်ပို့ပေးလိုက်လေသည်။

* * *

တစ်နေ့သောအချိန်တွင် ရဟန်းတို့က ဇောတိကမထေရ်ကို-

"ငါ့ရှင်ဇောတိက. . . သင့်အဖို့ရာ ထိုပြာသာဒ်ကြီးနှင့် ရွှေအိုးများ၊ ဥစ္စာများ၊ သင့်ဇနီး သကုလကာယီတို့အပေါ်၌ တွယ်တာစိတ်တပ်မက်မှု တဏှာလောဘ ရှိပါသေးသလော" ဟုမေးကြသည်။

"ငါ့ရှင်တို့. . . ထိုအရာများအပေါ်၌ တွယ်တာမှု တဏှာ မရှိတော့ပါ"
ဟုဖြေကြားသည်။

ထိုသည်ကို ရဟန်းတို့က မကျေနပ်ကြ၍ဘုရားရှင်ထံသို့ သွားကြကာ

"မြတ်စွာဘုရား. . . ဇောတိကရဟန်းသည် မဟုတ်မမှန် ပြောကြား၍ အရဟတ္တဖိုလ်ကို ဖြေကြားဝန်ခံဘိ၏"
ဟု လျှောက်ထားကြလေသည်။

"ချစ်သားတို့. . . ငါ၏သားတော် ဇောတိကရဟန္တာ၏ စိတ်အစဉ်ဝယ် ထိုဘုံနန်းပြာသာဒ်စည်းစိမ်နှင့် သူဌေးကတော် အပေါ်၌ တပ်မက်မှုတဏှာ မရှိသည်က ဧကန်ဖြစ်ပေ၏"
ဟုဟောကြားပြီး ဆက်လက်၍-

"ချစ်သားတို့. . . ဤပစ္စုပ္ပန်ဘဝဝယ် အကြင်သူသည် ဒွါရခြောက်ပါး၌ မှီတွယ်၍ဖြစ်လာသောတဏှာကို အကြွင်းမဲ့

ပယ်လှန်ပယ်ဖျောက်၍ အိမ်ရာနေခြင်းကို အလိုမရှိတော့၊ ရဟန်းဘောင်သို့ရောက်ခဲ့ပြီးသော ထိုတဏှာကင်းပြီးသောသူကို ငါဘုရားက မကောင်းမှုကိုအပပြုပြီးသော ဗြာဟ္မဏ ဟူ၍ ခေါ်ဆိုပါသည်"

ဟု ဟောတော်မူရာ များစွာသောရဟန်းနှင့် ပရိသတ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ဓမ္မပဒ– ဇောတိကသူဌေးဝတ္ထု

## ဂေါတမဗုဒ္ဓနှင့်မေဏ္ဍကသူဌေးကြီးမိသားစု

## ( ကောင်းမှုနှင့်တောင်းဆုပြည့်ဝမှု )

ဗုဒ္ဓသည် အင်္ဂုတ္တရာပတိုင်း၊ ဘဒ္ဒိယမြို့ရှိ မေဏ္ဍက သူဌေးကြီးမိသားစု(၆)ယောက်တို့၏ သောတာပတ္တိဖိုလ်ဆိုက် ရောက်မည့်အကြောင်းကိုမြင်တော်မူ၍ ဘဒ္ဒိယမြို့အနီး ဇာလိယ တောသို့ကြွရောက်၍ သီတင်းသုံးနေသည်။

ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီးသည် ဤဘဝဝယ် အိမ် ၏အနောက် ရှစ်မင်းပယ်မျှလောက်သောအရပ်၌ ဆင်,မြင်း,နွား ဥသဘအတိုင်းအရှည်ရှိကုန်သော ရွှေဆိတ်ရုပ်တို့သည် ကျော ချင်းထိလျက် မြေကိုခွဲ၍ ပေါ်ထွက်လာသည်။ ထိုဆိတ်ရုပ်တို့၏ ခံတွင်း၌ အဆင်းငါးပါးရှိသော ချည်လုံးတို့ တည်ကုန်သည်၊ ထောပတ်ဆီများ၊ တင်လဲအစရှိသည်တို့သည် လည်းကောင်း၊ အဝတ်၊ ရွှေ၊ ငွေ စသည်တို့သည်လည်းကောင်း ပါဝင်လာလေ သည်။

ထိုအခါမှစ၍ မေဏ္ဍကသူဌေးဟူ၍ အမည်တွင်လာ သည်၊ ထိုမေဏ္ဍကသူဌေးတွင် 'စန္ဒပဒုမ'အမည်ရှိသော သူဌေး ကတော်၊ 'ဓနဥ္စယ' အမည်ရှိသော သား၊ 'သုမနဒေဝီ' အမည် ရှိသောချွေးမ၊ 'ဝိသာခါ' အမည်ရှိသောမြေးမ၊ 'ပုဏ္ဏား' မည်သော ကျေးကျွန်တို့ဟူ၍ မိသားစု(၆)ယောက် ရှိလေသည်။

ထိုသူဌေးမိသားစုကား ရေးကောင်းမှုသည် ရှိကြသည်၊ တစ်နေ့တွင် သူဌေးသည် မိမိ၏ကောင်းမှုကို စုံစမ်းလိုသဖြင့် (၂၅၀)သော ကျီးကြတို့ကိုသုတ်သင်စေ၍ ဦးခေါင်းဆေးလျှော်ပြီးသောအခါ တံခါး၌ထိုင်နေ၍ အထက်သို့မျှော်ကြည့်၍ နေလေသည်၊ ထိုအခါ အလုံးစုံနီမြန်းသော သလေးစပါးတို့သည် ကျီးကြတို့၌ ပြည့်ကုန်လေသည်။

သူဌေးကြီးသည် မိမိ၏အတိတ်ဘဝကောင်းမှုကို စုံစမ်း၍ရပြီးသော် အခြားအိမ်ထောင်စုဝင်များကိုလည်း မိမိတို့၏ အတိတ်ကုသိုလ်ကို စုံစမ်းကြစေလို၍ စေခိုင်းခဲ့သည်။

ထိုအခါ သူဌေးကတော် စန္ဒပဒုမသည် အလုံးစုံသော တန်ဆာကိုဆင်ပြီးလျှင်လူများအပေါင်း မြင်စဉ်လျှင်ပင် တစ်ကွမ်းစားမျှသော ဆန်တို့ကိုယူ၍ ထမင်းချက်ပြီးသော် တံခါးမုခ်၌ ခင်းကျင်းကာ ရွှေယောက်ချိုကို ကိုင်ပြီးလျှင်-

"ထမင်းကို အလိုရှိကြသောသူတို့ လာကြပါစေသတည်း"

ဟု ကြွေးကြော်စေလေသည်။

ရှေးဘဝက ဘုရားရှင်တို့၏သံဃာတော်များအား လက်ဝဲလက်ဖြင့် ထမင်းအိုး၊ လကျာလက်ဖြင့် ယောက်ချိုကိုကိုင်၍ သပိတ်ကိုပြည့်စေကာ ကုသိုလ်အဖို့အရှိန်ကြောင့် လာလာသမျှသောသူတို့၏ခွက်တို့၌ ထမင်းကို အပြည့်ထည့်လှူခဲ့သည်၊ တစ်ကွမ်းစားမျှချက်သောထမင်းသည် ကုန်ပြည့်မြဲပြည့်၍ နေလေသည်။

ထိုသူဌေး၏သား နေဥယသည် ဦးခေါင်းကိုလျှော်၍ အသပြာထောင်အိပ်ကို ယူကာ-

"အလိုရှိသူတို့ လာအလှူခံပါစေသတည်း"

ဟုကြွေးကြော်၍ လှူဒါန်းရာ လာတိုင်း-လာတိုင်းသောလူတို့၏ ခွက်၌ အသပြာအပြည့် ထည့်ပေးသော်လည်း ငွေသည် မလျော့ချေ။

အလားတူ ချွေးမကလည်း အလုံးစုံသော တန်ဆာကို ဆာကိုဆင်ပြီးသော် စပါးခြင်းတောင်းကိုယူပြီးသော် ဟင်းလင်း အပြင်၌ထိုင်၍-

"မျိုးစေ့ထမင်းတို့ဖြင့် အလိုရှိကုန်သောသူတို့သည် လာရောက်ယူစေကုန်သတည်း"

ဟုပြောဆို၍ လာတိုင်း-လာတိုင်းသောသူတို့အား ယူလာသော ခွက်တို့၌ အပြည့်ထည့်ပေးရာ မိမိခြင်းတောင်းသည် ပြည့်မြဲပြည့်၍သာ နေလေသည်။

ကျွန်ပုဏ္ဏသည်လည်း အလားတူ အလုံးစုံသော တန်ဆာဆင်ပြီးလျှင် ရွှေဖြင့်ပြီးသောကြိုးတို့ဖြင့် နွားတို့ကို ယှဉ်ကစေ၍ ရွှေဖြင့်ပြီးသောနှင်တံကို ကိုင်ယူကာနွားနှစ်ကောင်ကို နံ့သာညွှန့်ပျောင်း လက်ငါးချောင်းရာ ပေးသည်၊ ဦးချိုတို့၌ ရွှေဖြင့်ပြီးသော အိပ်ကိုစွပ်၍ လယ်တောသို့ သွားရောက်မောင်းနှင်သည်။

ဤအရပ်မှ သုံးကြောင်း၊ ထိုအရပ်မှ သုံးကြောင်း၊ အလယ်၌တစ်ကြောင်း၊ ဤသို့အားဖြင့် (၇)ကြောင်းကုန်သော ထယ်ရေးကြောင်းတို့သည် ကွဲပြုကျေညက်၍ သွားကုန်သည်။

ဇမ္ဗူဒိပ်နေ (အိန္ဒိယနိုင်ငံတောင်ပိုင်းနေ) သူတို့သည် ထမင်းမျိုးစေ့၊ ရွှေ ငွေအစရှိသည်တို့၌ အလိုရှိသည့်အားလျော်စွာ သူဌေးကြီးအိမ်မှသာလျှင် ယူကြကုန်၏၊

ဤငါးဦးသောသူတို့သည် ဂေါတမဘုရားရှင် လက်ထက်ဝယ် ကြီးကျယ်မြင့်မြတ်သော ဘုန်းရှိသောသူများဟု ဇမ္ဗူဒိပ်၌ ကျော်ကြားလှသည်။

ဤသို့လျှင် ဤမိသားစု ဤဘဝဘုန်းကြီးသော အတိတ်ဒါနအကြောင်းသည်ကား-

မေဏ္ဍကသူဌေးလောင်းသည် ဝိပဿီဘုရားရှင် လက်ထက်၌ အဝရောဇသူကြွယ်တူဖြစ်ခဲ့သည်။

တစ်နေ့တွင် အဝရောဇသူကြွယ်က ဘုရားရှင်အတွက် ဂန္ဓကုဋီတိုက်ဆောက်လုပ်ရန် စီမံသည်၊ ထိုအခါ တူဖြစ်သူက အတူတကွပေါင်းစပ်၍ အလှူလုပ်ရန် ပန်ကြားသောအခါ ဦးရီးတော်က ဖက်စပ်အလှူမပြုလို၊ တစ်ဦးတည်းအလှူသာ ပြုလုပ်လိုသည်ဟု ငြင်းပယ်ခဲ့သဖြင့် တူဖြစ်သူ မေဏ္ဍကအလောင်းသည် ရတနာခုနစ်ပါးဖြင့် ပြုလုပ်စီမံအပ်သော ဂန္ဓကုဋီတိုက်၏ရှေ့၌ ဆင်ဝင်ရပ်ကို သီးသန်ဆောက်လုပ်လှူဒါန်းသည်။ ဆင်ဝင်ဇရပ်

၏အလယ်၌ အခြေလေးချောင်းတရားဟောမဏ္ဍပ်ပလ္လင်ကို ပြုလုပ်၏၊ ပလ္လင်ရှေ့၌ရွှေဖြင့်ပြီးသော ဆိတ်ရုပ်နှစ်ကောင်တို့ကို ပြုလုပ်ထားသည်။

အားလုံးဇရပ်နှင့် မဏ္ဍပ်၊ ပလ္လင်တို့ကို အထူးထူး ရွှေ ငွေ၊ ပတ္တမြားရတနာခုနှစ်ပါးတို့ဖြင့် စီမံပြီးသော ဘုရားအမှူး ရှိသော ရဟန်းတော်ခြောက်သန်းတစ်သိန်းကို ပင့်ဖိတ်၍ ဇရပ် ပူဇော်ပွဲကို လေးလပတ်လုံးကျင်းပ၍ အလှူပေးလေသည်။ သံဃာ တော်များကို အဖိုးတစ်သိန်းထိုက်သော တိစီဝရိတ်သက်န်း(၃) ထည်ကို ပေးလှူခဲ့သည်။

ထိုမှသေလွန်သော် နတ်ပြည်၌လည်းကောင်း၊ လူ့ပြည်၌ လည်းကောင်း ကျင်လည်ခဲ့ရသည်။

ဤဘဒ္ဒကမ္ဘာ၏ တစ်ခုသောဘဝဝယ် ဗာရာဏသီပြည် ၌ သူဌေးလာဖြစ်သည်၊ တစ်နေ့တွင် မင်းထံမှ ခ,စား အပြန်တွင် မင်းပုရောဟိတ်ကိုတွေ့၍ ကောင်းကင်နက္ခတ်အခြေအနေကို မေးကြည့်သည်။

ပုရောဟိတ်က ဤမှလွန်သော် နောက်သုံးနှစ်၌ ဤပြည် ၌ ငတ်မွတ်ဘေးဖြစ်လိမ့်မည်ဟု ပြောပြသဖြင့် ဗာရာဏသီသူဌေး သည် လယ်ထွန်၊ စပါးစိုက်အလုပ်ကို များစွာပြုလုပ်ပြီး (၂၅၀) သောကျီးကြတို့၌ စပါးကို အပြည့်သွင်းထားသည်၊ အိုးစရည်၌ လည်းကောင်း၊ မြေကြီး၌ တွင်းတူးနံရံပြုလုပ်၍ လည်းကောင်း၊

အချို့ကို မြေညက်နှင့်ရောနယ်၍လည်းကောင်း ဝတ်မွတ်ဘေး အတွက် ကြိုတင်ပြင်ဆင်ထားသည်။

ပုရောဟိတ်ပြောပြသည့်အတိုင်း (၃)နှစ်ရောက်၍ ဝတ်မွတ်ဘေး ဆိုက်ရောက်လာသော် သိုလှောင်ထားသော စပါးတို့ကို ထုတ်ယူ၍ စားသုံးခဲ့သည်။

ဤသို့စားလာရာ ကျီးကြနှင့် အိုးစရည်တို့၌ထားသော စပါးကုန်သော် မိမိအလုပ်အကျွေးတို့ကို ခေါ်၍-

"တောင်ခြေသို့ သွားကြကာ ရ,ရာသစ်သီးသစ်ရွက် ရှာဖွေစားသောက်နေကြပါ ဟိုမှာအဆင်ပြေလျှင်လည်း ဆက်နေပါ"

ဟုမှာကြားပြီး စေလွှတ်သည်။

အလုပ်အကျွေးတို့သည် ငိုယိုပူဆွေးကြလျက် သူဌေးကြီးကို ရှိခိုးကြကာ ခုနှစ်ရက်မျှပြင်ဆင်ပြီးနောက် ထွက်ခွာသွားကြသည်။

သူဌေးကြီးအိမ်၌ အမှုကြီးငယ် ဆောင်ရွက်သော ပုဏ္ဏားကျွန်တစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ပြီး သူဌေးကြီး၊ ဇနီး၊ သား၊ ချွေးမ စုစုပေါင်း(၅)ယောက်သာ ကျန်ရှိခဲ့သည်။

ထိုငါးဦးတို့သည် မြေ၌မြှုပ်ထားသော စပါးတို့ကို ထုတ်ယူ၍ စားသောက်ခဲ့ကြသည်၊ ထိုမှကုန်သော် နံရံမြေညက်၌ ရောထွေးထားသောစပါးတို့ကိုထုတ်ယူ၍ ရေဆွတ်ဆေးကြောရာ

တစ်ကွမ်းစားမျှသောစပါးကိုရသည်၊ ထိုစပါးကိုထောင်း၍ သူခိုးဘေးမှကင်းဝေးစေရန် မြေ၌မြှုပ်ထားသည်၊ အနည်းငယ်သာယူ၍ စားသုံးသည်။

တစ်နေ့ သူဌေးကြီးသည် မင်းထံမှ ခ,စားပြန်လာသော် သူဌေးကတော်ကို-

"ရှင်မ. . . ဆာလောင်လှပါသည်၊ တစ်စုံတစ်ခုသောစားစရာရှိပါသေးသလော"

ဟုမေးရာ သူဌေးကတော်က ထင်ရှားရှိသည်ကို မရှိမဆိုမူ၍-

"တစ်ကွမ်းစားသော ဆန်ရှိပါသည်"

ဟုပြောဆိုကာ ဆန်ရရှိပုံ၊ ထားပုံအကြောင်းစုံကို ပြောပြသည်။ ထိုအခါ သူဌေးကြီးက ထိုဆန်ကိုထုတ်ယူ၍ အချို့ကိုချက်ပါဟု ခိုင်းသည်။

"အရှင်. . . အကယ်၍ ယာဂုကိုချက်သည် ဖြစ်အံ့၊ နှစ်ကြိမ်ကျိုချက်၍ စားရပါမည်၊ ထမင်းချက်က တစ်ကြိမ်သာစားရပါမည်၊ အဘယ်ကဲ့သို့ ပြုလုပ်ရပါမည်နည်း"

"ရှင်မ. . . ငါတို့အား တစ်ပါးသောအထောက်အပံ့သည်မရှိ၊ ထမင်းကိုစား၍ သေပါအံ့၊ ထမင်းကိုသာလျှင် ချက်ပါလော့"

ထိုအခါ သူဌေးကတော်သည် ထမင်းချက်၍ (၅)စုခွဲဝေ၍ သူဌေးကြီး၏အဖို့အစုကို ခူး၍တည်ထားသည်။

ထိုခဏာဝယ် ဂန္ဓမာနတောင်မှ ခုနှစ်ရက်ပတ်လုံး သမာပတ်ဝင်စားနေသော ပစ္စေကဗုဒ္ဓါသည် သမာပတ်မှထ၍ ဆွမ်းရနိုင်သောအရပ်ကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုသည်၊ ဇမ္ဗူဒိပ်၌ငတ်မွတ်ခေါင်းပါးဘေး ဆိုက်ရောက်နေသည်ကို တွေ့မြင်လေသည်။

သူဌေးကြီးအိမ်၌လည်း ငါးဦးသောလူတို့ စားသောက်သော တစ်ကွမ်းစားဆန်ကိုချက်သည်ကိုလည်း မြင်တော်မူသည်။

"ထိုသူတို့သည် သဒ္ဓါတရားရှိကုန်၏လော၊ ငါ့ကိုချီးမြှင့်ခြင်းငှာ စွမ်းနိုင်အံ့ကုန်လော"

ဟု ဆက်လက်ကြည့်ရှုသော် ထိုမိသားစု သဒ္ဓါတရားရှိသည်ကိုလည်းကောင်း၊ ချီးမြှင့်ခြင်းငှာစွမ်းနိုင်သည့်အဖြစ်ကို လည်းကောင်း မြင်တော်မူ၍ သပိတ်ကိုယူကာ တန်ခိုးဖြင့်ကြွပြီးလျှင် သူကြီး၏ရှေ့တည့်တည့်အိမ်တံခါး၌ ရပ်တည်ပြီး မိမိကိုယ်ကိုပြလေသည်။

သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါကိုမြင်လျှင် ကြည်ညိုသောစိတ်ဖြစ်ပေါ်ကာ-

"ရှေးအခါက ငါသည်အလှူကို မပေးလှူခဲ့၍သာ ဤသို့သော ငတ်မွတ်ခြင်းဘေးကို တွေ့မြင်ရသည်၊ စင်စစ်အားဖြင့် ဤထမင်းသည် ငါ့အား တစ်နေ့လောက်သာ အစောင့်အရှောက်ရ၏၊ အရှင်မြတ်အားပေးလှူသော အလှူသည်ကား များစွာကုန်သော ကမ္ဘာကုဋေကုဋာတို့၌ ငါချမ်းသာခြင်းစီးပွားကို ဆောင်သည် ဖြစ်စေလတ့်"

ဟုဆင်ခြင်မိပြီးလျှင် မိမိရှေ့၌တည်ထားသော ထမင်းခွက်ကို ပယ်၍ ပစ္စေကဗုဒ္ဓါကို ချဉ်းကပ်ကာ ထိခြင်းငါးပါးဖြင့် ရှိခိုးသည်။

ထို့နောက် အိမ်တွင်းသို့ပင့်ဆောင်၍ ခြေတို့ကို ဆေးကြောသုတ်သင်ပေးသည်၊ ရွှေဖြင့်ပြီးသော အခြေလေးချောင်းရှိသောအင်ပျဉ်၌ တင်ထားပြီး ထမင်းခွက်ကိုယူကာ ပစ္စေကဗုဒ္ဓါ၏သပိတ်၌ လောင်းထည့်လှူလေသည်။

လောင်းလှူသော ထမင်းတစ်ဝက်သို့ရောက်သော် အရှင်ပစ္စေကဗုဒ္ဓါကလက်ဖြင့် သပိတ်ကို ပိတ်တော်မူသည်။

"အရှင်ဘုရား. . . ဤထမင်းသည် တစ်ကွမ်းစားသောဆန်ဖြင့် ငါးယောက်သောလူတို့အတွက် ချက်အပ်သောထမင်း၏ တစ်ခုသော အဖို့အစုပါတည်း၊ ဤထမင်းကို နှစ်ဖို့ပြုခြင်းငှာ မတတ်ကောင်းပါ၊ တပည့်တော်အား ဤပစ္စုပ္ပန်လောက၌ ချီးမြှောက်ခြင်းကို မပြုပါကုန်လင့်၊ တပည့်တော်သည် အကြွင်းမဲ့ပေးလှူခြင်းငှါ အလိုရှိပါ၏"

ဟုလျှောက်ထားပြီး အကုန်လောင်းလှူလိုက်သည်။

"အရှင်ဘုရား. . . ဤထမင်းကို လှူရသောအကျိုးကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝအရပ်တို့၌ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းကို မတွေ့မမြင်ရပါစေသတည်း၊ ဤအခါမှစ၍ အလုံးစုံသောဇမ္ဗူဒိပ်၌နေကြကုန်သော သူတို့အား မျိုးစေ့ထမင်းကိုပေးခြင်းငှာ စွမ်းနိုင်သည်ဖြစ်ရပါလို၏၊ မိမိလက်ဖြင့်

အမှုကိုပြုလုပ်၍ အသက်မွေးမြူမှုကို မပြုရပါလို၏၊ (၂၅၀)သော ကျီးကြာတို့ကို သုတ်သင်ရှင်းလင်းစေ၍ ဦးခေါင်းဆေးကြောပြီးလျှင် ထိုကျီးကြာတို့၏ တံခါး၌နေ၍ အထက်သို့ မော်ကြည့်သော ခဏ၌သာလျှင် တပည့်တော်အား နီသောအဆင်းရှိသော သလေးမိုးအလျင်ရွာသွန်းကျရောက်၍ အလုံးစုံသော ကျီးကြာတို့ပြည့်စေကုန်သတည်း၊ ဖြစ်တိုင်းဖြစ်တိုင်းသော အရာဌာန ဘုံဘဝတို့၌ ဤမယား၊ ဤသား၊ ဤချွေးမ၊ ဤကျွန်တို့နှင့်သာလျှင် ဖြစ်ပါစေသတည်း"

ဟု ဆုတောင်းလေသည်။

ထိုအခါ သူဌေးမယားကလည်း-

"ငါ့အရှင်သခင်. . . သင်သည် ဝတ်မွတ်ခြင်းဖြင့် နှိပ်စက်အပ်သည်ရှိသော် ငါသည် စားခြင်းငှာမသင့်၊ မစွမ်းနိုင်ပါချေ" ဟုကြံစည်ပြီးလျှင် မိမိ၏အဖို့အစုကို အရှင်ပစ္စေကဗုဒ္ဓါအား လောင်းလှူသည်။

"အရှင်ဘုရား. . . ဤယခုအခါ ဖြစ်တိုင်းဖြစ်တိုင်းသော အရပ်ဌာန ဘုံဘဝ၌ ဤသို့သော ဝတ်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၏၊ ထမင်းအိုးရှေ့မှထားသည်ကိုပြု၍ အလုံးစုံသော ဇမ္ဗူဒိပ်၌နေသောသူတို့အား ထမင်းကိုပေးသည်ရှိသော်လည်း တပည့်တော်သည် အကြွင်းနေသောသူတို့အား ထမင်းကိုပေးသည်ရှိသော်လည်း တပည့်တော်သည် အကြွင်မျှလောက်

နေရာက မထသေး၊ ထိုမျှလောက်ကာလပတ်လုံး ခူးဆွယူငင်ရာ အလုပ်သည် ပြည့်သည်သာလျှင် ဖြစ်ပါစေသတည်း”
ဟု ဆုတောင်းမှုပြုလေသည်။

သူဌေးသားကလည်း မိမိ၏အဖို့အစုကို ပစ္စေကဗုဒ္ဓါအား လှူ၍-

“အရှင်ဘုရား. . . ဤအခါမှစ၍ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၏၊ တပည့်တော်၏ အသပြာတစ်ထောင်ဝင်သော အိတ်တစ်လုံးကိုကိုင်ယူ၍ အလုံးစုံသော ဇမ္ဗူဒိပ်နေသူတို့အား အသပြာများ ပေးသော်လည်း ဤတစ်ထောင်သည် ပြည့်မြဲတိုင်းသာ ဖြစ်ပါစေသတည်း”
ဟု ဆုတောင်းမှုပြုလေသည်။

သူဌေးချွေးမကလည်း မိမိအဖို့အစုကို ပစ္စေကဗုဒ္ဓါအား ပေးလှူ၍-

“ဤအခါမှစ၍ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၏၊ တပည့်တော်၏တစ်ခုတည်းသော စပါးခြင်းတောင်းကို ရှေ့မှာတည့်ထား၍ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းနေသူတို့အား မျိုးစေ့ထမင်းကို ပေးသည်ရှိသော်လည်း ကုန်ခြင်းကို မရောက်စေပါကုန်သတည်း၊ ဖြစ်တိုင်း- ဖြစ်တိုင်းသောဘဝ၌ ဤယောက္ခမမိဘ၊ ဤလင်၊ ဤကျွန်တို့နှင့်သာ အတူတူ ဖြစ်ပါစေသတည်း”
ဟု ဆုတောင်းလေသည်။

အလားတူ ကျွန်ကလည်း မိမိ၏အဖို့အစုကို လျှုဒါန်း၍-

"ဤအခါမှစ၍ ဤသို့သဘောရှိသော ဝတ်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၏၊ အလုံးစုံကုန်သော ဤသူတို့သည် ကျွန်ုပ်၏ အရှင်သခင်များသာ ဖြစ်ပါစေသတည်း၊ လယ်ထွန်သော တပည့်တော်၏ ဤအရပ်မှ သုံးကြောင်း၊ ထိုအရပ်မှ သုံးကြောင်း၊ အလယ်အရပ်၌ တစ်ကြောင်း ဤသို့လျှင် သစ်သား၊ ဇလားခွက်မျှသောအရပ်သည် ခုနှစ်ကြောင်း၊ ခုနှစ်ကြောင်းကုန်သော ထွန်ရေးထွန်ကြောင်းတို့သည် ကွဲအက်ခြင်းသို့ ရောက်ပါစေသတည်း"

ဟု ဆုတောင်းလေသည်။

ထိုကျွန်သည် ထိုနေ့၌ စစ်သူကြီးအရာကို တောင့်တ၍ ရနိုင်စွမ်းသော်လည်း အရှင်တို့၌ ချစ်ခင်မှုအားကြီးသောကြောင့် ဤအရှင်သခင်တို့နှင့်အတူ ဖြစ်စေသတည်းဟု ဆုတောင်းခြင်းအမှုကို ပြုလေသည်။

ပစ္စေကဗုဒ္ဓါသည် အလုံးစုံသောသူတို့၏ ဆုတောင်းစကားအဆုံး၀ယ်-

"ဣစ္ဆိတံ ပတ္တိတံ တုယှံခိပ္ပမေဝသမိဇ္ဈတု"

"သင်တို့အလိုရှိအပ်၊ တောင့်တအပ်သော ဆုသည် လျှင်မြန်စွာ ပြည့်စုံပါစေသတည်း"

"သဗ္ဗေပူရေန္တုသင်္ကပ္ပါ စန္ဒောပန္နရသောယထာ"

"အကြံအံစည်ဟူသမျှတို့သည် လပြည့်ဝန်းကဲ့သို့ အလုံးစုံ ပြည့်ကြပါစေ"

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ခိပ္ပမေဝသမိဇ္ဈတု"

"သင်တို့အလိုရှိအပ်၊ တောင့်တအပ်သည့်အတိုင်း ပြည့်စုံ ပါစေသတည်း"

"သဗ္ဗေပူရေန္တု သင်္ကပ္ပါ မဏိဇောတိရသောယထာ"

"မဏိဇောတပတ္တမြားကဲ့သို့ ပြည့်စုံပါစေသတည်း"

ဟု ရှင်ပစ္စေကဗုဒ္ဓါက အနုမောဒနာပြု ဆုပေးသည်။

"ငါသည် ဤသူတို့၏စိတ်ကို ကြည်နူးစေခြင်းငှာ သင့် လျှော်လျှောက်ပတ်အပ်၏"

ဟုကြံစည်ပြီးသော် ဂန္ဓမာတောင်သို့ ရောက်သည့်တိုင်အောင်-

"ဤသူတို့သည် ငါ့ကို မြင်စေကုန်သတည်း"

ဟုအဓိဋ္ဌာန်၍ ဖဲကြွတော်မူလေသည်။

ငါးဦးသောသူတို့သည် ရှင်ပစ္စေကဗုဒ္ဓါကို ကြည့်ရှုလျက် သာ တည်နေကြသည်၊ ရှင်ပစ္စေကဗုဒ္ဓါသည် ထိုဆွမ်းကို ငါးရာ သော ပစ္စေကဗုဒ္ဓါတို့နှင့်အတူတကွ ညီမျှစွာ ခွဲဝေ၍ ဘုဉ်းပေး သည်၊ ထိုဆွမ်းသည် ပစ္စေကဗုဒ္ဓါ၏အာနုဘော်ကြောင့် အလုံးစုံ ကုန်သော ပစ္စေကဗုဒ္ဓါတို့အား လုံလောက်လေသည်၊ ထိုငါးဦးတို့ သည် ထိုပစ္စေကဗုဒ္ဓါတို့၏ ဆွမ်းဘုဉ်းပေးနေသည်ကို ကြည့်ရှု ကြည်ညိုလျက်ရှိလေသည်။

နေ့မွန်းလွဲသောအခါ သူဌေးကတော်သည် အိုးခွက်ကို ဆေးကြော၍ ဖုံးထားလေသည်။

သူဌေးကြီးသည် ဆာလောင်မွတ်သိပ်လွန်းသဖြင့် အိပ်ပျော်ခြင်းသို့ ရောက်သွားသည်၊ ညနေချမ်း အိပ်ရာမှနိုးသော် မယားကို-

"ရှင်မရေ့. . . အလွန်ပင် ဆာလောင်မွတ်သိပ်လှပါသည်၊ အိုးခွက်၌ ကပ်ငြိနေသော ထမင်းချိုးကလေးများ မရှိဘူးလော"

ဟုမေးသည်။

သူဌေးကတော်သည် မိမိကိုယ်တိုင် အိုးခွက်ကို ဆေးကြောသိမ်းဆည်းထားသည်ကို သိသော်လည်း မရှိပါဟု မပြောမဆိုဘဲ အိုးခွက်ကိုသာပြမည်ဟုစိတ်ကူးပြီး နေရာမှထ၍ အိုးခွက်ထားရာသို့ သွားရောက်ကာ အိုးခွက်ကို ဖွင့်ကြည့်လိုက်သည်။

အိုးအတွင်း၌ မြတ်လေးငုံအဆင်းရှိသော ထမင်းတို့သည် အိုးနှင့်အပြည့်တည်ရှိသည်ကို အံ့ဩဝမ်းမြောက်စွာ တွေ့ရလေသည်။ သူဌေးကတော်သည် အံ့ဩဝမ်းမြောက် အလွန်ကြည်နူးသောစိတ်ဖြင့် အိုးကို ယူဆောင်ကာ-

"အရှင်. . ထ,ပါလော့. . . ကျွန်တော်မသည် ထမင်းအိုးကိုဆေးကြောပြီး ပိတ်ထားခဲ့ပါ၏၊ ယခု ထမင်းအိုး၌ မြတ်လေးငုံအဆင်းရှိသော ထမင်းတို့သည် ပြည့်နေပါ၏၊ ကောင်းမှုတို့ မည်

သည် ပြုသင့်ပြုထိုက်သောသဘော ရှိကုန်၏၊ အလှူမည်သည်ကို ပြုခြင်းငှာ သင့်ပါ၏၊ အရှင်. . . ထ၍ ထမင်းကို သုံးဆောင်ပါလော့”

ဟု ပြောဆိုပြီး သူဌေးကတော်သည် ခင်ပွန်းနှင့်သားကို ခူးခပ်၍ ကျွေးသည်၊ ထို့နောက် မိမိနှင့်ချွေးမတို့ စားသုံးသည်၊ ထို့နောက် ကျွန်ကိုစားစေသည်၊ ယူတိုင်းယူတိုင်းသော နေရာ၌ ထမင်းသည် ပြန်၍-ပြန်၍ ပြည့်နေလေသည်။

ထိုနေ့၌ပင်လျှင် ကျီးကြတို့သည်လည်း ရှေးကကဲ့သို့ပင် စပါးတို့ဖြင့် ပြည့်ကုန်သည်။

“သူဌေးကြီးအိမ်၌ ထမင်းဖြစ်ပေါ်လာ၍ အလိုရှိသူတို့ လာရောက်၍ ယူစေကုန်သတည်း”

ဟု မြို့၌ကြွေးကြော်ခြင်းကို ပြုသည်။

လူတို့သည် သူဌေးအိမ်မှ မျိုးစေ့ထမင်းကို ယူကြသည်၊ ဇမ္ဗူဒိပ်နေလူတို့သည် ထိုသူဌေးကြီးကိုအမှီပြု၍ အသက်မွေးခြင်းကို ပြုကြကုန်သည်။

ဤသည်မှာ မေဏ္ဍကသူဌေးကြီး၏ အတိတ်ဘဝက ပြုခဲ့သောဒါနနှင့် ဆုတောင်းမှုပင် ဖြစ်လေသည်။

* * *

ဤသို့သော အာနုဘော်ကြီးသော သူဌေးကြီးသည် ဝေါတမဗုဒ္ဓကြွလာပြီး ဇာလိယတော၌ သီတင်းသုံးနေသည် ဟု

ကြားသိသောအခါ ဘုရားရှင့်ကို ခရီးဦးကြိုခြင်းကို ပြုအံ့-ဟုကြံ၍ အိမ်မှထွက်ခဲ့သည်၊ လမ်းခရီး၌ တိတ္ထိတို့က တွေ့မြင်ကြ၍ အကြောင်းကို သိကြသောအခါ-

"သူဌေးကြီး. . . သင်သည် ကိရိယအယူရှိလျက် အကိရိအယူရှိသော ရဟန်းဂေါတမထံ အဘယ်ကြောင့် သွားလိုပါသနည်း"

ဟု ပြောဆိုတားမြစ်ကြသည်၊

သူဌေးကြီးသည် ထိုတိတ္ထိတို့၏စကားကို မနာယူဘဲ ဘုရားရှင်ထံသို့သာ သွားရောက်ပြီးရှိခိုးဦးချကာ ထိုင်သည်၊ ဘုရားရှင်က သူဌေးကြီးအား တရားအစဉ်ကို ဟောကြားတော်မူရာ တရားဒေသနာတော်၏အဆုံး၌ သူဌေးကြီးသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

ထို့နောက် သူဌေးကြီးက မိမိကို တိတ္ထိတို့က လမ်းခရီး၌ တားဆီးကြပုံအကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားပြသည်။

"သူတစ်ပါးတို့၏အပြစ်ကို မြင်လွယ်၏၊ မိမိအပြစ်ကိုကား မြင်နိုင်ခဲ၏၊ ထိုသူသည် ဖွဲကို လှင့်သကဲ့သို့ သူတစ်ပါး၏ အပြစ်ကိုလှင့်၏။

စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် မိမိကိုယ်ကို သစ်ရွက်စသည်ဖြင့် ဖုံးလွှမ်းသကဲ့သို့ မိမိ၏အပြစ်ကိုကားဖုံးလွှမ်း၏"

ဟူ၍ဗုဒ္ဓက ဟောကြားပေးတော်မူသည်။

ဤသို့လျှင် ဗုဒ္ဓသည် လူသားတို့၏ ချမ်းသာဖြစ်မှုနှင့် အကြောင်းအထောက်အပံ့နှင့် မနာလိုဝန်တိုမှု မိမိအပြစ်တို့ကို ဖုံးလွှမ်း၍ သူတစ်ပါးအပြစ်တို့ကို ပြောပြမှု လောကသဘာဝကို ဖော်ထုတ်ပြတော်မူပါသည်။

(ကျမ်းကိုး- - ဓမ္မပဒ- မလဝဂ် မေဏ္ဍကသေဋ္ဌိဝတ္ထု)

## ဂေါတမဗုဒ္ဓနှင့် အနာထပိဏ်ကသူဌေးကြီး

## (ဂေါတမဗုဒ္ဓသာသနာ၌ တုနှိုင်းဖွယ်မရှိသော ကျောင်းဒါယကာ)

ဂေါတမဘုရားရှင်ပွင့်တော်မူလာပြီးနောက် ဘုရားရှင်၏ သာသနာ၌ ကျောင်းမြေအတွက် (၁၈)ကုဋေ(သန်းပေါင်း၁၈၀) ကုဋေစုစုပေါင်း(၁၈ကုဋေ၊ ကျောင်းရေစက်အောင်ပွဲလှူရာ၌(၁၈) ကုဋေစုစုပေါင်း(၅၄)ကုဋေ အကုန်အကျခံ၍ ကျောင်းဒါယကာ အမည်ခံကာ လှူဒါန်းခဲ့သည်။

ထို့နောက် မိမိအိမ်၌နေစဉ်-

-စာရေးတံမဲကျသော ရဟန်းငါးရာတို့အား လှူဒါန်းသော ဆွမ်းဝတ်

-လဆန်းပက္ခ တစ်ကြိမ်၊ လဆုပ်ပက္ခ တစ်ကြိမ် အထူး ဝတ်ထား၍ သံဃာငါးရာအား လှူဒါန်းသောဆွမ်းဝတ်

-စာရေးတံကျသံဃာ(၅၀၀)အား လှူဒါန်းသော ယာဂု ဆွမ်း

-လဆန်း, လဆုပ်ပက္ခ တစ်ကြိမ်စီ အထူးဝတ်ထား၍ သံဃာ(၅၀၀) ဝတ်ထား၍ သံဃာ(၅၀၀)အား လှူဒါန်း သော ယာဂုဆွမ်းဝတ်

-နိစ္စဘတ်ဆွမ်းငါးရာ

-အာဂန္တုဆွမ်းငါးရာ၊ ခရီးသွားဆွမ်းငါးရာ၊ ဂိလာနဆွမ်းငါးရာ၊ ဂိလာန စောင့်ရှောက်သောပုဂ္ဂိုလ်များအတွက် ဆွမ်းငါးရာဝတ်တို့ကိုထား၍ လှူဒါန်းသလို မိမိအိမ်၌ ရဟန်းသံဃာထိုင်ရန် နေရာ(၅၀၀)အမြဲခင်းထား သည်။

ထို့ကြောင့် ဘုရားရှင်က အနာထပိဏ်သူဌေးကြီးကို နောက်အခါဝယ်-

"ရဟန်းတို့. . . လှူဒါန်းပေးကမ်းစွန့်ကြသည့် ငါဘုရား၏ တပည့်သာဝက၊ ဥပါသကာတို့တွင် အနာထပိဏ် အမည်ရသော သုဒတ္တသည် အသာဆုံး၊ အမြတ်ဆုံး ဖြစ်သည်" ဟုချီးကျူးကာ ဧတဒဂ်ပေးအပ်ခံရသည်။

ဤသို့ ဧတဒဂ်ပေးခံရသော အနာထပိဏ်သူဌေးကြီး၏ ရှေးအတိတ်ဘဝ ဆုတောင်းသည်ကား-

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်အခါက ဖြစ်သည်၊ ဟံသာဝတီမင်းနေပြည်နေ အမျိုးကောင်းသားတစ်ဦးသည် ဘုရားရှင်၏တရားကို ကြားနာနေစဉ် ဘုရားရှင်က ဥပါသကာ တစ်ဦးကို-

အလှူအတန်း၌ မွေ့လျော်ကြသူ ဥပါသကာတို့တွင် အသာဆုံး၊ အမြတ်ဆုံး၊ ဧတဒဂ်ရာထူး၌ ထားသည်ကို တွေ့မြင်ရပြီး အားကျနှစ်သက်ကာ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီး ထိုဧတဒဂ်ရာထူးကို ဆုတောင်းမှုပြုခဲ့သည်။

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းပတ်လုံး၊ နတ်ပြည်၊ လူ့ပြည်တို့၌ ကျက်စားခဲ့ရပြီး ယခု ဂေါတမဘုရားရှင်၏သာသနာတော်ဝယ် သာဝတ္ထိပြည်၌ သုမနသူဌေးကြီး၏သား ဖြစ်လာလေသည်။

သူ၏အမည်ကို မိဘတို့က 'သုဒတ္တ' ဟူ၍ မှည့်ခေါ်ခဲ့သည်၊ သူဌေးသား သုဒတ္တသည် နောင်အဖို့ဝယ် အိမ်ရာတည်ထောင်ပြီး အိမ်ထောင်ဦးစီးဖြစ်လာသောအခါ ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်းပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၌ မွေ့လျော်သူဖြစ်ကာ ထိုဂုဏ်ကျေးဇူးကြောင့် အနာထ-ကိုးကွယ်ရာမဲ့သူတို့၏ ပိဏ္ဍိက အစာထမင်းပေးကမ်းသူ အနာထပိဏ္ဍိက ဟူ၍အမည် တွင်ခဲ့လေသည်။

အနာထပိဏ်သူဌေးကြီးတွင် 'ပုညလက္ခဏာဒေဝီ' ဟူသော သူဌေးကတော်နှင့် သမီးမဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ ကာလသတို့သား ဟူ၍ သားသမီး(၃)ဦး ထွန်းကားခဲ့သည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါကပ်တော်မူသောနှစ်မှာပင် ရာဇဂြိုဟ်သူဌေးကတော် တောင်းပန်မှုကြောင့် ကျောင်းပစ္စည်းကို ရဟန်းတော်များအား ခွင့်ပြုတော်မူခဲ့သည်။

ရာဇဂြိုဟ်သူဌေးနှင့် သာဝတ္ထိပြည် အနာထပိဏ်သူဌေးတို့သည် အချင်းချင်းနှမလင်(မောင်လယ်နှမလယ်)တော်စပ်ကြသည်၊ သူတို့သည် ရာဇဂြိုဟ်နှင့်သာဝတ္ထိသို့ လှည်းငါးရာနှင့်အပြန်

အလှန် ကုန်ကူးသန်းရောင်းဝယ်ရေးကို ပြုလုပ်နေကြသူများ ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် တစ်ဦးကတစ်ဦး၏မြို့သို့ ကုန်ကူးသန်းရောင်းဝယ်သွားကြ၍ သတင်းစကားပို့ကြပြီး တစ်ယူဇနာခရီးကပင် လာရောက်ကြိုဆိုကြလေ့ရှိသည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့၌ ဒုတိယဝါကပ်ဆိုစဉ် အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်မြို့သို့ လှည်းငါးရာဖြင့် ကုန်ရောင်းထွက်ခဲ့သည်၊ သတင်းစကားလည်း ကြိုဖို့လွှတ်လိုက်လေသည်။

ရာဇဂြိုဟ်သူဌေးသည် အနာထပိဏ်သူဌေး၏ သတင်းစကားကို ကြားသိရသော်လည်း ဘုရားရှင်သီတင်းသုံးရာ ‌တောရကျောင်းသို့ သွားရောက်ကာ တရားနာပြီး နောက်နေ့အတွက် ဆွမ်းကိုပင့်ဖိတ်ခဲ့သဖြင့် ထိုဆွမ်းကိစ္စ စီမံနေရသဖြင့် အနာထပိဏ်သူဌေးကို သွားရောက်မကြိုဆိုနိုင်ဘဲ ဖြစ်နေသည်။

အနာထပိဏ်သူဌေးကလည်း ယခင်ကလို ရာဇဂြိုဟ်သူဌေးလာကြိုနိုး-လာကြိုနိုးနှင့် ဆက်လက်လာခဲ့ရာ ရာဇဂြိုဟ်သူဌေးအိမ်ပေါက်ဝအထိ ရောက်လာသည်၊ ထိုအထိကြိုဆိုသူကို မတွေ့ရပါချေ၊ အိမ်အတွင်းသို့ ဝင်မိသောအခါမှသာ ရာဇဂြိုဟ်သူဌေးသည် ကပျာကယာလာပြီး--

"သူဌေးကြီး... . ကုလေးမျာ ကျန်းမာကြပါ၏လော၊ လမ်းခရီးမှ မပင်ပန်းဘဲ ချမ်းသာပါ၏လော"

ဟုနှုတ်ခွန်းသာဆက်ပြီး ကပျာကယာပြန်ထွက်သွားပြန်ကာ မိမိ၏ ကျွန်အလုပ်သမားများကို ဆွမ်းအတွက် စီမံကွပ်ကဲနေရပြန်သည်၊

"အနာထပိဏ်သူဌေးက ဤသူဌေး၌ သား သို့မဟုတ် သမီး မင်္ဂလာဆောင်များရှိနေသလား၊ အလှူကြီးပင် စီမံနေ သလား"

ဟုစဉ်းစားနေမိသည်။

ရာဇဂြိုဟ်သူဌေးကြီးသည် ကျေးကျွန်အလုပ်သမားများ ကို အစစစီမံပြီးသော် အနာထပိဏ်သူဌေးထံမှောက်သို့ လာ ရောက်၍ ဝမ်းမြောက်ဝမ်းသာ နှီးနှောစကားပြောလာသည်။

ထိုအခါ အနာထပိဏ်သူဌေးက ရာဇဂြိုဟ်သူဌေးအား-

"သားပေးသမီးယူ မင်္ဂလာဆောင်ရှိသလား၊ အလှူရှိ သလား"

ဟု မေးသည်။

"သူဌေးကြီး. . . ကျွန်ုပ်မှာ သားပေးသမီးယူ မင်္ဂလာပွဲ မရှိပါ"

"ဗိမ္ဗိသာရမင်းနှင့်စစ်သည်များကိုကျွေးမွေးရန် ဖိတ်ကြား ထားပါသလော"

"ဝိမ္ဘိသာရမင်းနှင့်စစ်သည်များကိုကျွေးမွေးရန် ဖိတ်ကြားမထားပါ။ စင်စစ်သော်ကား ကျွန်ုပ်သည် နက်ဖြန် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကိုဆွမ်းကပ်ရန် ဖိတ်ကြားထား၍ ဆွမ်းစီရင်နေပါသည်"

ရာဇဂြိုဟ်သူဌေး၏ နှုတ်မှမြွက်ဆိုသော မြတ်စွာဘုရားဟူသောအသံကိုကြားရလေလျှင် အနာထပိဏ်သူဌေးကြီးသည် နှစ်သက်ခြင်းငါးမျိုးသည် တစ်ကိုယ်လုံးဖြစ်ပေါ်ခံစားရသည်။

"သူဌေးကြီး. . . သင်သည် မြတ်စွာဘုရားဟူ၍ ပြောဆိုလိုက်ပါသလား"

"အဆွေ. . . ဟုတ်ပါ၏၊ မြတ်စွာဘုရား-ဟူ၍ပြောဆိုပါသည်"

အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်သူဌေးကို သုံးကြိမ်တိုင်တိုင် မေးသည်၊ ပြီးနောက် ရာဇဂြိုဟ်သူဌေးကို-

"သူဌေးကြီး. . . လောကမှာ မြတ်စွာဘုရား-မြတ်စွာဘုရားဟူသောအသံကိုသော်လည်း ကြားရခဲ၊ နာရခဲဘိ၏၊

သူဌေးကြီး. . . ဤယခုအခါ၌ အရဟံဂုဏ်ရှင်၊ ဘုရားရှင်ကိုဖူးမြင်၍ သွားရောက်ခြင်းငှာ တတ်နိုင်ပါသေးသလော" ဟု မေးမြန်းလေသည်။

"ဘုရားရှင်တို့မည်သည် အဆိပ်ထံပြင်း မြွေမင်းကြီးပမာ ချဉ်းကပ်ခဲကုန်၏၊ မြတ်စွာဘုရားသည် သုသာန်အနီး

တောရကျောင်း၌ သီတင်းသုံးနေ၍ အနာထပိဏ်သူဌေးကြီးကို ထိုတောရကျောင်းသို့ သွားရောက်ရန်မသင့်ဟု ဆင်ခြင်၍-

"သူဌေးကြီး. . . ယခုအချိန် ဘုရားရှင်ကို သွားရောက်ဖူးမြော်ရန် အချိန်အခါမဟုတ်တော့ပါ။ နက်ဖြန် နံနက်စောစောမှ သွားရောက်ဖူးမြော်သင့်ပါသည်"

ဟုရာဇဂြိုဟ်သူဌေးက ပြောသောအခါ အနာထပိဏ်သူဌေးကြီးကလည်း နောက်နေ့မနက်မှ သွားရောက်ဖူးမြော်မည် ဟုကြံစည်စိတ်ကူးပြီး အာရုံတစ်ပါးမဝင်စားတော့ဘဲ-ဘုရားရှင်လျှင် အာရုံရှိသောသတိဖြင့် ဘုံခုနှစ်ဆင့်ပြဿာဒ်ထက်သို့တက်ကာ ဘုရားရှင်ကိုအာရုံပြုလျက် အိပ်လေသည်။

ညဉ့်ဦးယံလွန်သော် လျှောင်းစက်ရာမှထ၍ ဘုရားရှင်၏ ဂုဏ်ကို အဖန်ဖန်တလဲလဲ ဆင်ခြင်အောက်မေ့နေသည်၊ ထိုအခါ ဘုရားရှင်၌ အလွန်အားကြီးသော ကြည်ညိုခြင်းတရားများ တဖွားဖွားဖြစ်ပေါ်လာသော ပီတိကြောင့် ကိုယ်မှ အလင်းရောင်များ ပေါ်ထွက်လာကာ အမှောင်ဓာတ်များ ကင်းကွာသွားလေသည်၊ ဆီမီးအထောင်ညှိထွန်းသကဲ့သို့၊ လဝန်းနေဝန်းပေါ်ထွက်လာသကဲ့သို့ ဖြစ်လေသည်။

"ဩော်. . . ငါသည် မေ့လျော့ခြင်းသို့ ရောက်နေစွတကား၊ နေဝန်းကြီး ပေါ်ထွန်းထွက်ပြူလာခဲ့လေပြီ"

ဟုညည်းတွားပြောဆိုကာ နေရာမှထ၍ ကောင်းကင်၌ လဝန်းထွန်းပနေသည်ကို ကြည့်၍-

"ညဉ့်ဦးယံ သာလွန်ပါသေးသတကား၊ သန်းကောင်ယံနှင့် မိုးသောက်ယံနှစ်ပါး အချိန်ကျန်ရှိပါသေးသလား" ဟုဆင်ခြင်မိကာ တစ်ဖန် အိပ်ရာတိုက်ခန်းဝင်၍ လဲလျောင်းပြန်သည်။

ဤနည်းဖြင့် သန်းကောင်ယံအဆုံး၌ လည်းကောင်း၊ မိုးသောက်ယံအဆုံး၌ လည်းကောင်း၊ သုံးကြိမ်တိုင်တိုင် အိပ်ရာမှ ထမိခဲ့တော့သည်။

ဤနည်းဖြင့် ပစ္ဆိမယံ၏ အဆုံး၌ကား လင်းခါနီးဖြစ်၍ ထ,လာပြီးလျှင် လသာဆောင် လက်ရန်းဘက်သို့လာခဲ့ရာ အဝင်တံခါးမကြီးအနီးသို့ ရောက်ရှိလာခဲ့လေသည်။

ဘုံခုနှစ်ဆင့်ရှိသော အဝင်တံခါးမများသည် အလိုလိုလျှင် ပွင့်ပြီးဖြစ်နေသည်၊ သူဋ္ဌေးကြီးသည် ပြာသာဒ်ခုနှစ်ဆင့်မှ ဆင်းခဲ့၍ မြို့တွင်းလမ်းမအတိုင်း လျှောက်လှမ်းထွက်ခွာလာခဲ့သည်။

သိဝကမည်သော တံခါးအနီးသို့ရောက်လျှင် မြို့စောင့်အရိယာနတ်တို့သည် အနာထပိဏ်သူဋ္ဌေးကြီး၏ အနာဂတ်ဘဝကျောင်းဒါယကာဘဝ၊ သောတာပတ္တိမဂ် ဆိုက်ရောက်မည်ကိုသိကြ၍ မြို့တံခါးကို ဖွင့်လှစ်ထားကြသည်။

မြို့သည် ပိတ်ထား၍ အပြင်မထွက်ရသောကြောင့် အကယ်၍ လူသေပါက မြို့ရိုးကနေပြီး လူသေကောင်ကို ပစ်ချကြ

ရာ ထိုအချိန်ဝယ် အနာထပိဏ်သူဌေးသည် မြို့တံခါးမှထွက်စ ခဏမှာပင် လူသေကောင်တစ်ယောက်ကို တက်နင်းမိလေသည်။ လူသေကောင်မှ ယင်ကောင်များ ပျံသန်းထွက်သွားသလို လူသေပုပ်နံ့သည်လည်း လှိုင်ထွက်လာသည်။

ထိုအနိဋ္ဌာရုံများကြောင့် သူဌေးကြီး၏ကိုယ်၌ ဖြစ်သော ဗုဒ္ဓအား ကြည်ညိုမှု(ပသာဒသဒ္ဓါ)တရားသည်ပါးသွားပြီး ကိုယ်မှ ထွက်သောပီတိကြောင့်ဖြစ်သော အလင်းရောင်များသည် ကွယ်ပျောက်ပြီး အမိုက်မှောင်များရောက်လာပြီး ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းများ ဖြစ်ပေါ်ခံစားရပြီး ထိုအရပ်မှာပင် ပြန်ရန်စိတ်ကူးမိသည်။

ထိုအခါ သိဝကနတ်ဘီလူးသည် ကိုယ်ထင်မပြဘဲ-

"ငါသည်သူဌေးကြီးအား ရှေ့သို့ဆက်သွားရန် လှုံ့လကို ဖြစ်စေအံ့"

ဟူ၍ကြံစည်ကာ ရွှေဆွဲလွဲလှုပ်သည့်ပမာ သာယာသောအသံဖြင့်

"သူဌေးကြီး. . . မင်းအားထိုက်သော ဆင်တစ်သိန်း၊ အဿမိုရ်မြင်းတစ်သိန်း၊ သမီးကညာပျိုတစ်သိန်းတို့သည် ဘုရားရှင်ကို ဖူးမြော်မည်ဟု ရည်ရွယ်မှန်း၍ ခြေလှမ်းသွားသော ယောကျ်ား၏ခြေတစ်လှမ်း၌ဖြစ်ပွားသော စေတနာ၏တစ်ဆယ့်ခြောက်စိတ်တစ်သိတ်မျှ အဖိုးမထိုက်ပါ။ သူဌေးကြီးရှေ့သို့တက်၍ ဆက်လက်သွားပါလော့၊ သင့်အတွက် ရှေ့ဆက်သွားခြင်းကသာ

ချိုးမွမ်းအပ်၊ မြှတ်အပ်လှသည်၊ ပြန်လည်ဆုတ်နစ်ခြင်းကား မချိုးမွမ်းအပ်၊ မမြှတ်အပ်ပါ"
ဟူ၍ ပြောကြားလေသည်။

"ငါကား တစ်ယောက်တည်းဟု မှတ်ထင်ခဲ့၏၊ ငါ၏ နောက်လိုက် အဖော်သဟဲများလည်း ရှိကြ၏၊ အဘယ်ကြောင့် ကြောက်ရမည်နည်း"
ဟု ထိုအသံကိုကြား၍ သူဌေးကြီးသည် ကြံစည်မိကာ ရဲရင့်သော စိတ်ဖြစ်လာခဲ့သည်။

ထိုအချိန်မှာပင် သူဌေးကြီး၏စိတ်သန္တာန်၌ မြတ်စွာဘုရား၌ ကြည်ညိုသော အားကြီးသောသဒ္ဓါတရားသည် ဖြစ်ပွားလာပြန်၍ အမှောင်ဖျောက်၍ အလင်းဖျောက်၍ အလင်းရောင်များ ရောက်လာပြန်ကာ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းသွားလေသည်။

သူဌေးကြီးသည် ရှေ့သို့ဆက်လက်သွားရာ သုသာန် ခရီးဖြစ်၍ အသုဘအမျိုးမျိုးတို့ကို မြင်ပြန်သလို အိမ်ခွေး၊ တောခွေးစသည်တို့၏အသံကို ကြားရပြန်သဖြင့် ကြောက်စိတ်များ ဝင်ရောက်လာပြန်ကာ ဒုတိယအကြိမ် အလင်းရောင်များ ပျောက်သွားပြီး ကြောက်လန့်မှု ဖြစ်ပေါ်ခံစားရပြန်သည်။

ထိုအခါ ရှေးနည်းတူ သီဝကနတ်ဘီလူးက အားပေး စကားပြောကြားသဖြင့် မြတ်စွာဘုရား၌ အားကြီးသောကြည်ညို စိတ်ပြန်ဖြစ်ပြီး အမှောင်ဖျောက်၍ အလင်းရောင်ပြန်ရောက်လာ သည်။

ရှေ့သို့ ဆက်လက်သွားပြန်ရာ မသင့်သောအာရုံများ တွေ့မြင်ရ၍ အလင်းရောင်ပျောက်ကာ တတိယအကြိမ်ကြောက် စိတ်ဝင်လာပြန်သည်။

မြတ်စွာဘုရားရှင်ကို ကြည်ညိုသော သဒ္ဓါတရား အားကြီးမှုပြန်ရသဖြင့် အလင်းရောင်ပြန်ပေါ်ပြီး ကြောက်စိတ် ပျောက်ကာ အားလုံးကို လွန်မြောက်ပျက်သွားလေသည်။

ထို့နောက် သိတဝနတောအုပ်သို့ ရောက်သွားသည်၊ ထို အချိန်တွင် ဗုဒ္ဓသည် လင်းလုနီးကာလဝယ်ဟင်းလင်းပြင် လွင်တီး ခေါင်အရပ်၌ စင်္ကြံလျှောက်နေသည်။

သူဌေးကြီးသည် တောအုပ်ဝင်ကာနီး၌-

"ဤလောက၌ ပုရာဏကဿပစသော တိတ္ထိဆရာကြီး တို့သည် မိမိတို့ကိုယ်မိမိ ဘုရားဖြစ်သည်ဟု ပြောနေကြသည်၊ ငါသည် ဘယ်ပုံအဘယ်နည်းဖြင့် မြတ်စွာ ဘုရားဧကန်စင်စစ် ဘုရားဖြစ်ကြောင်းကို သိရပါမည်နည်း"

ဟုကြံစည်မိလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီး၏ စိတ်သန္တာန်ဝယ် တစ်ဖန်ထပ်ဆင့်၍-

"ဂိုးကွယ်ရာမဲ့သူတို့အား အစာထမင်း ပေးကမ်းခြင်း တည်းဟူသော ဂုဏ်ကျေးဇူးကြောင့် ဖြစ်ပေါ်လာသည့် အနာထ ပိဏ်သူဌေးဟူသော ငါ၏အမည်ကို လူအများသိကြ၏၊ ငါ၏မိဘ

တို့ပေးအပ်သော သုဒတ္တ ဟူသောအမည်ကိုကား ငါ့အပြင်အခြား သူတစ်ဦးတစ်ယောက်မျှ မသိချေ၊ အကယ်၍ဘုရားစင်စစ် ဖြစ်တော်မူပါလျှင် မြတ်စွာဘုရားသည် ငါ့ကို မိဘတို့မှည့်ခေါ်သော သုဒတ္တဟူသောအမည်ဖြင့် ခေါ်တော်မူလိမ့်မည်”
ဟု အကြံဖြစ်ပြန်လေသည်။

ဗုဒ္ဓသည် အနာထပိဏ်သူဌေးကြီးလာသည်ကို အဝေးကပင်မြင်၍ စင်္ကြံလျှောက်မှုကိုရပ်ပြီး ခင်းထားသောနေရာ၌ ထိုင်နေတော်မူသည်။

ဗုဒ္ဓသည် အနာထပိဏ်သူဌေးကြီး၏ စိတ်အကြံကိုသိရှိ၍ အနာထပိဏ်သူဌေးကြီးအနီးသို့ ရောက်လာသောအခါ-

“သုဒတ္တ. . . လာလော့”
ဟုခေါ်ဝေါ်လိုက်ရာ အနာထပိဏ်သူဌေးကြီးသည် အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသွားသည်။

ဘုရားရှင်ရှေ့မှောက်သို့ သွားရောက်ပြီးလျှင် ရိုသေစွာ ရှိခိုးကာ-

“မြတ်စွာဘုရား. . . အရှင်ဘုရားသည် ချမ်းသာစွာ အိပ်စက်ရပါ၏လော”
ဟု မေးလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ဂါထာဖြင့်-

"ဒါယကာ. . . အကြင်ရဟန္တာသည် ဝတ္တုအာရုံ ကာမဂုဏ်တို့၌ ကိလေသာညွန်တို့ဖြင့် မလိမ်းကျံ၊ ကိလေသာ အပူမီးငြိမ်းအေးသည်ဖြစ်၍ ကိလေသာ, အဘိသင်္ခါရ, ကာမဂုဏ် ဟူသောသုံးပါးသော ဥပဓိတရားတို့မှ ကင်းတော်မူပြီးဖြစ်၏။

မကောင်းမှုကို အပပြုပြီးသော ကိလေသာပရိနိဗ္ဗာန်ချုပ် စံဝင်ပြီးသော ရဟန္တာအရှင်မြတ်သည် နေ့ညဉ့်အခါ ခပ်သိမ်း စင်စစ်ဧကန် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ အိပ်ရပါပေ၏။

"ဒါယကာ. . . ရဟန္တာအရှင်မြတ်သည် အလုံးစုံ သောတဏှာတရားတို့ကို မဂ်ဉာဏ်လေးပါးဖြင့် ပယ်သတ်ပြီး၍ နိဗ္ဗာန်သို့ အရဟတ္တဖလသမာပတ်စိတ်တော်မြတ်ဖြင့် အကြိမ် ကြိမ်အဖန်ဖန် ဆိုက်ရောက်ပြီး၍ ကိလေသာအပူငြိမ်းပြီး ဖြစ်ရ ကာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ အိပ်ရပေ၏"

ဟူ၍ ဖြေကြားပေးတော်မူသည်။

ထို့နောက် ဗုဒ္ဓက အနာထပိဏ်သူဌေးကို ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊ နိက္ခမ္မနိသံသ ကထာတို့ကို အစဉ်အတိုင်း ဟောကြားတော်မူသည်။

အနာထပိဏ်သူဌေးကြီးသည် ထိုတရားများကို နာကြား ပြီးသောအခါ ခံ့သောစိတ်၊ နူးညံ့သောစိတ်၊ နီဝရဏမှကင်းသော စိတ်၊ ကြည်လင်သောစိတ်ရှိသည်ဖြစ်၍ ဘုရားရှင်က သစ္စာလေး ပါးတရားကို ဆက်လက်ဟောကြားတော်မူရာ ထိုခဏမှာပင် သူဌေးကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အလွန်နှစ်သက်ဖွယ်ရှိပေစွ၊ လောကဥပမာအားဖြင့် မှောက်ထားသောအရာဝတ္ထုကို လှန်ပြဘိသကဲ့သို့လည်းကောင်း၊ ဖုံးအုပ်ထားသောအရာဝတ္ထုကိုဖွင့်လှစ်၍ပြသကဲ့သို့လည်းကောင်း၊ လမ်းမှားနေသောသူကိုလမ်းမှန်သို့ညွှန်ပြဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိဘိသကဲ့သို့လည်းကောင်း၊ အလားတူ ဘုရားရှင်သည် တပည့်တော်အား များစွာသောအကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာ ဟောပြတော်မူအပ်ပါပြီ။

တပည့်တော်သည် ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်ပါ၏၊ ယနေ့မှစ၍ အသက်ထက်ဆုံး သရဏဂုံသုံးပါးတည်သောဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့"

ဟု အားရဝမ်းသာလျှောက်ထားပြီး နောက်နေ့နံနက်အတွက်ဆွမ်းကိုလက်ခံပါရန် လျှောက်ထားသည်၊ ဘုရားရှင်ကလည်းဆိတ်ဆိတ်နေ၍ အနာထပိဏ်သူဌေး၏ဆွမ်းကို လက်ခံတော်မူသည်။

ထို့နောက် သူဌေးကြီးသည် ဘုရားရှင်အားရှိခိုးပြီး မိမိတည်းခိုသောရာဇဂြိုဟ်သူဌေးအိမ်သို့ ပြန်လာခဲ့သည်။

ညှော့သည်ဖြစ်သော အနာထပိဏ်သူဌေးက ဘုရားရှင်အား ဆွမ်းစားပင့်သည်ဟု သတင်းကြားကြသောအခါ အနာထပိဏ်သူဌေးက ညှော့သည်ဖြစ်နေ၍ ရာဇဂြိုဟ်သူဌေးမှလည်းကောင်း၊ ကုန်သည်အဖွဲ့မှလည်းကောင်း၊ ဘုရင်ဗိမ္ဗိသာရမှလည်းကောင်း အကူအညီပေးရန် လာရောက်ပြောကြားကြသည်။

"ကျွန်ုပ်မှာ လက်ခကံကျွေးပေးစရာ ရှိပါသည်၊ ကျွန်ုပ်မှာရှိသော လက်ခကံကျွေးဖြင့် ဘုရားအမှူးရှိသော သံဃာတော်များအား လုပ်ကျွေးပြုစုပါမည်"
ဟုပြောပြီး အကူအညီကိုငြင်းပယ်သည်၊ မိမိ၏အဖွဲ့နှင့်ပင် ဆွမ်းကိစ္စကို စီမံချက်ပြုတ်လုပ်ကိုင်သည်။

နောက်တစ်နေ့တွင် ရာဇဂြိုဟ်သူဌေးအိမ်၌ပင် ဘုရားအမှူးရှိသော သံဃာတော်များကို အနာထပိဏ်က ဆွမ်းလုပ်ကျွေးသည်၊ ဆွမ်းကိစ္စပြီးသောအခါ သူဌေးကြီးက ဘုရားရှင်အား-

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် ရဟန်းအပေါင်းနှင့်တကွ တပည့်တော်များ၏ သာဝတ္ထိပြည်အရပ်၌ ဝါဆိုသီတင်းသုံးပေးတော်မူပါဘုရား"
ဟု လျှောက်ထားသည်။

"ဒါယကာ. . . ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်ရာအရပ်၌ ပျော်ပိုက်တော်မူကြကုန်၏"

"ကောင်းသောစကား ဆိုတော်မူသော မြတ်စွာဘုရား. . . တပည့်တော် သဘောပေါက် သိရှိပါပြီဘုရား"

* * *

ထိုခေတ်ထိုအချိန်တွင် အနာထပိဏ်သူဌေးကြီး၌ မိတ်ဆွေ့သူငယ်ချင်း အလွန်ပေါများသူဖြစ်၍ ရာဇဂြိုဟ်၌ ကုန်ရောင်းကုန်ဝယ်ကိစ္စပြီးသောအခါ သာဝတ္ထိသို့ပြန်လာခဲ့သောအခါ လမ်းခရီးတစ်လျှောက်ရှိ မိတ်ဆွေသူငယ်ချင်းများကို-

"အမောင်တို့. . . တည်းခိုနားနေရန် အရာမ်ဥယျာဉ်ပြုလုပ်ထားကြပါ၊ ကျောင်းများ ဆောက်လုပ်ထားကြပါ၊ အလှူဝတ်များတည်ထားကြပါ၊ ဤလောက၌ မြတ်စွာဘုရားရှင် ပွင့်တော်မူလာလေပြီ၊ ထိုမြတ်စွာဘုရားသည် ကျွန်ုပ်၏ဖိတ်ကြားချက်အရ အမောင်တို့နေရာ ဤလမ်းအတိုင်း ကြွတော်မူလာလိမ့်မည်"

ဟု တိုက်တွန်းနှိုးဆော် ပြောကြားသွားသည်။

လမ်းခရီးအကြားရှိ သူဌေးကြီး၏ မိတ်ဆွေသူငယ်ချင်းတို့တွင် မိမိကိုယ်တိုင်က ငွေကြေးတတ်နိုင်သူများဖြစ်လျှင် သူဌေးကြီးထံမှ အကူအညီမယူဘဲ မိမိတို့ငွေကြေးဖြင့် အရာမ်ဥယျာဉ်၊ ကျောင်းတို့ကို ဆောက်လုပ်ထားကြသည်၊ အလှူဝတ်များတည်ထားကြသည်။

ငွေကြေးနည်းပါးသူ၊ ငွေကြေးမတတ်နိုင်သူတို့ကိုမူ အနာထပိဏ်သူဌေးကြီးက ငွေကြေးထုတ်ပေး၍ ပြုလုပ်စေသည်။

ဤသို့ဖြင့် ရာဇဂြိုဟ်မြို့နှင့် သာဝတ္ထိ(၄၅)ယူဇနာ ဝေးကွာရာ၌ တစ်ယူဇနာ၌ တစ်ကျောင်း စီမံပြီးထားသည်။

မိမိသာဝတ္ထိသို့ပြန်ရောက်သော် သာဝတ္ထိပြည် ပတ်ဝန်းကျင်မြို့ရွာနှင့် မနီးလွန်းမဝေးလွန်း၊ သွားလမ်း၊ လာလမ်းပြည့်စုံခြင်း၊ လူတိုင်းလူတိုင်း အလိုရှိသောအခါ သွားလာရန် လွယ်ကူခြင်း၊ မြို့သံ၊ လူသံ၊ ရွာသံဆိတ်ခြင်းဟူသော အင်္ဂါ(၅)ပါးနှင့်ပြည့်စုံသော အရပ်ကို ရှာဖွေရာ ဇေတမင်းသား၏ဥယျာဉ်ကိုတွေ့၍ ဇေတမင်းသားထံသို့ သွားရောက်ကာ-

"အရှင့်သား. . . ကျောင်းတိုက်အရာမ် ဆောက်လုပ်ရန်အတွက် အရှင့်သားဥယျာဉ်ကို ကျွန်ုပ်အား အဖိုးဖြတ်၍ ရောင်းချပေးစေချင်ပါ၏"
ဟုအဝယ်စကား ပြောကြားသည်။

"သူဌေးကြီး. . . ကျွန်ုပ်၏ဥယျာဉ်ကို အသပြာချင်းအစွန်းထိအောင်ခင်းသဖြင့်လည်း မပေးနိုင်ပါ"
ဟု ဇေတမင်းသားကပြောကြားရာ သူဌေးကြီးက ထိုစကားကို အမိပ္ပာယ်ကောက်ယူပြီး-

"အရှင့်သား. . . အရှင့်သားသည် ဇေတဥယျာဉ်ကို ရောင်းဝယ်ရန် စကားကမ်းလှမ်းပြောကြား ချုပ်ဆိုမိလေပြီ"
ဟု အရေးဆိုလိုက်သည်။

"သူဌေးကြီး. . . ငါသည် ငါ့ဥယျာဉ်ကို ရောင်းဝယ်ရန် ကမ်းလှမ်းသောစကား လားလားမျှ မပြောအပ်ပါတကား"
ဟုငြင်းဆိုလေသည်။

ဤသို့ဖြင့် ဇေတမင်းသားနှင့် အနာထပိဏ်သူဌေးတို့သည် တစ်ဘက်နှင့်တစ်ဘက် အငြင်းပွားကြကာ တရားလွှတ်ရုံးသို့ရောက်ကြလေသည်၊ တရားသူကြီးက အမတ်တို့ထံ အဆုံးအဖြတ်ခံကြရသည်၊ တရားသူကြီးအမတ်များက-

"အရှင့်သား. . . အရှင့်သားသည် အသပြာချင်း အစွန်းထိအောင်ခင်းသဖြင့်လည်း ဟူ၍မတန်သော အဖိုးဖြတ်စကားပြောကြားမိရကား၊ အရှင့်သားပိုင်ဆိုင်သော ဥယျာဉ်ကို ရောင်းဝယ်ရန် ကမ်းလှမ်းစကားပြောကြားချုပ်ဆိုမိလေပြီ"

ဟူ၍ဆုံးဖြတ်ချက် ချမှတ်ပေးလိုက်ကြသည်။

တရားရုံးမှ အနိုင်ရသောအခါ အနာထပိဏ်သူဌေးကြီးသည် ရွှေဒင်္ဂါးများကို လှည်းများဖြင့် တိုက်ထုတ်စေပြီး ဇေတဥယျာဉ်ကို အစွန်းထိစပ်အောင်ခင်းစေသည်၊ ဥယျာဉ်အတွင်းရှိ ရေကန်၊ သစ်ပင်တို့ကိုလည်း အတိုင်းအရှည်တိုင်းတာပြီး ခင်းစေသည်၊ အားလုံး ရွှေဒင်္ဂါး(၁၈)ကုဋေကုန်သည်။

ထိုသို့ခင်းလာရာ ကျောင်းတိုက်နေရာမြေအပြင်ကို ခင်းမိ၍ တံခါးမုခ်နေရာ အနည်းငယ်မြေလွတ်အတွက်သာ အသပြာဒင်္ဂါးလိုနေသည်ကို သူဌေးကြီးက မိမိ၏လူများကို ဒင်္ဂါးများကိုထပ်မံသယ်ယူခင်းစေသည်။

ထိုမျှများပြားသော ဥစ္စာကိုစွန့်လွှတ် လှူဒါန်းသော အနာထပိဏ်သူဌေးကြီး၏မျက်နှာမှာ တိုး၍တိုး၍သာလျှင် ကြည်လင်လျက်ရှိလေသည်။

ထိုအခြင်းအရာကိုမြင်၍ ဇေတမင်းသား၏ စိတ်သန္တာန် ဝယ်-

"ဤအနာထပိဏ်သူဌေးကြီး ထိုမျှများပြားသော ရွှေဒင်္ဂါး များကို စွန့်လွှတ်လှူဒါန်းပြီး မျက်နှာအဆင်း တိုး၍တိုး၍သာလျှင် ကြည်လင်မှုသည် ကေန္တမယုတ်ညံ့သော ကောင်းမှုဖြစ်လိမ့်မည်" ဟုကြံစည်စဉ်းစားမိကာ ဇေတမင်းသားသည် သူဌေးကြီးကို-

"သူဌေးကြီး. . . တော်ပါတော့၊ ထိုနေရာကိုသူဌေးကြီး မခင်းပါနှင့်တော့၊ ဤနေရာလေးကို ကျွန်ုပ်အားပေးပါ၊ ကျွန်ုပ်ဒါန ပြုပါရစေ"

ဟုတောင်းပန်စကား ပြောကြားလေသည်။

"ဤဇေတမင်းသားသည်ကား ထင်ရှားကျော်စောသူ တစ်ယောက်ဖြစ်လေသည်၊ ဤဇေတမင်းသားကဲ့သို့ ကျော်စော ထင်ရှားလူသိများသူတို့ တရားသဖြင့်ဆုံးမရာ ဤဘုရားရှင် သာသနာ၌ သဒ္ဓါကြည်ညိုမှုဖြစ်လာခြင်းသည် အကျိုးကြီးလှ ပေ၏"

ဟုသူဌေးကြီးသည် ကြံစည်ပြီးလျှင် ထိုအရပ်ကို ဇေတမင်းသား အားပေးလေသည်။

ဇေတမင်းသားသည် ထိုနေရာ၌ ဘုံ(၇)ဆင့်ရှိသော ကျောင်းတိုက်မုခ်ဦးပြဿာဒ်ကြီးကို တည်ဆောက်လှူလေသည်။

အနာထပိဏ်သူဌေးကြီးသည် ဇေတမင်းသားဥယျာဉ်၌ ဘုရားရှင်သီတင်းသုံးရန် ဂန္ဓကုဋီတိုက်ကြီးနှင့်တကွ အရံကျောင်းတော်ကြီးများ၊ ကျောင်းမုခ်ဦးပြသာဒ်ကြီးများ၊ သံဃာတော်များ ညီမူစုဝေးရာ တန်ဆောင်းတန်းကြီးများ၊ မီးတင်းကုတ်များ၊ ကပ္ပိယကုဋီကျောင်းများ၊ စင်္ကြန်များ၊ ရေချိုးအုံများ စသည်တို့ကို ပြည့်စုံစွာ ဆောက်လုပ်လှူဒါန်းသည်၊ မြေနေရာ အကျယ်အဝန်း ရှစ်မင်းပယ်ခန့်တွင် အဆောက်အဦး၊ ဥယျာဉ်တို့ကို သူ့နေရာနှင့်သူ သပ်ရပ်လှပစွာ ပြုလုပ်တည်ဆောက်သည်။

(ဤကျောင်းနေရာသည် ရှေးရှေးဘုရားရှင်တို့၏ နေရာဟောင်းလည်း ဖြစ်သည်)

အနာထပိဏ်သူဌေးကြီးသည် ကျောင်းတော်များ၊ ဥယျာဉ်များ၊ တည်ဆောက်ပြီးသောအခါ ဘုရားရှင်ထံသို့ တမန်စေလွှတ်၍ ပင့်စေသည်။

ဘုရားရှင်သည် သံဃာအပေါင်းခြံရံလျက် အနာထပိဏ်သူဌေး စီမံထားသော တစ်ယူဇနာအနီးရှိကျောင်းများ၌ တစ်ည တစ်ညအနားယူပြီး ဆက်လက်ကြွတော်မူခဲ့ရာ သာဝတ္ထိပြည်နယ် အတွင်းသို့ ဆိုက်ရောက်လာသည်။

ဘုရားရှင်ကြွလာသောအခါ အနာထပိဏ်သူဌေးကြီးသည် ကျောင်းလွှတ်ပူဇော်ပွဲကို ခမ်းနားကြီးကျယ်စွာ ပူဇော်ရန် စီမံသည်။

သူဌေးကြီးသည် ဦးစွာကောသလမင်းထံသို့ သွားရောက်၍-

"မြတ်သောမင်းကြီး. . . မြတ်စွာဘုရားရှင်သည် ကျွန်ုပ်တို့နေရာ သာဝတ္ထိပြည်သို့ကြွလာပါသည်၊ ထိုသို့ကြွလာခြင်းသည် ကျွန်ုပ်တို့အတွက် မင်္ဂလာတစ်ပါးဖြစ်ပါသည်၊ အရှင်မင်းကြီးအတွက်လည်း မင်္ဂလာတစ်ပါးဖြစ်ပါသည်။ သို့အတွက်အရှင်မင်းကြီးသည် သမီးတော်သုမနကို သူ၏အခြံအရံ(၅၀၀)သတို့သမီး(၅၀၀)နှင့်အတူ ရေပြည့်အိုး၊ နံ့သာအိုး ပန်းမာလ်စွဲကိုင်စေပြီး ဘုရားရှင်ကို ကြိုဆိုရန် စေလွှတ်ပေးလိုပါသည်ဘုရား" ဟု လျှောက်ထားသည်။

သုမနမင်းသမီးသည် ဘခင်ဘုရင်ကြီး၏အမိန့်အတိုင်း ဘုရားရှင်ကို မိမိ၏အခြံအရံ(၅၀၀)နှင့်အတူ ကြိုဆိုပြီးပန်းနံ့သာတို့ကို ဆက်ကပ်လှူဒါန်းပြီး သင့်ရာနေရာ၌ ရပ်နေသည်။

(မြင့်မြတ်သောပုဂ္ဂိုလ်များအား ပန်းစည်းဆက်သသောဓလေ့သည် ဤသုမနမင်းသမီး ဘုရားရှင်ကို ကြိုဆိုပန်းပူဇော်ခြင်းကို အကြောင်းပြု၍ ပြုလုပ်ကြခြင်းဖြစ်ပါသည်။)

မင်းကြီးကလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူသည် သူဌေးကြီးသည် မိမိ၏သားကိုလည်း အဆင်တန်ဆာအပြည့်အစုံဆင်ယင်ပြီး သူဌေးသား(၅၀၀)ခြံရံကာ တံခွန်ငါးရာတို့ကို ကိုင်ဆောင်စေ၍ ဘုရားရှင်၏ရှေ့မှ လိုက်ပါကြိုဆိုစေသည်။

ထိုသူဌေးသား၏နောက်မှ သူဌေးကြီး၏သမီးများ ဖြစ်ကြသော စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါတို့သည် အခြံအရံ(၅၀၀) တို့နှင့်အတူ ရေပြည့်အိုးများ ရွက်ဆောင်ကာ လိုက်ပါစေသည်။

သူဌေးသမီး၏နောက်မှ အနာထပိဏ်သူဌေးကတော် ပုညလက္ခဏာဒေဝီသည် အဆင်တန်ဆာ အပြည့်အစုံဆင်လျက် သူဌေးကတော်(၅၀၀)နှင့်အတူ နံ့သာရေဖြင့်ပြည့်သော ရွှေခွက် ငွေခွက်များကိုင်စွဲကာ လိုက်ပါကြသည်။

အားလုံးတို့၏နောက်မှ သူဌေးကြီးသည် သူဌေး(၅၀၀) ခြံရံလျက် ဘုရားရှင်ကို ခရီးဦးကြိုဆို ပင့်ဆောင်သည်။

ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဘုရားရှင်၏ ကိုယ်ရောင်ဖြစ်သောအထူးတို့ကို ရွှေရည်ဖြင့် သွန်းလောင်းအပ်သောဆေးဒန်းရွှေဝါအရောင်ကဲ့သို့ ရွှေရောင်အဆင်းအဝါ ဝင်းတောက်ပြောင်ဝေလျက် အဆုံးအပိုင်းအခြားမရှိသော ဘုရား၏ တင့်တယ်ခြင်းဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွဝင်တော်မူလေသည်။

ဘုရားရှင်နှင့် သံဃာတော်များကို ကြိုဆိုနေရာချထားပြီးသောအခါ အနာထပိဏ်သူဌေးကြီးက နောက်နေ့ဆွမ်းအတွက်လျှောက်ထားပြီး ပြန်လာခဲ့ဟာ ဆွမ်းအတွက်စီမံသည်။

နောက်နေ့နံနက်ရောက်သော် သူဌေးကြီးသည် ဘုရားရှင်ကို သွားရောက်ကြိုဆိုပင့်စေပြီး ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ကိုယ်ကျ ပြုစုလုပ်ကျွေးသည်။ ဆွမ်းကိစ္စပြီးသော်-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်သည် ဤဇေတဝန်ကျောင်းတိုက်တော်ကြီးကို အဘယ်ကဲ့သို့လှူဒါန်းရပါမည်နည်း ဘုရား"

ဟူ၍လျှောက်ထားသည်။

"သူဌေး. . . သင်သည် ဤဇေတဝန်ကျောင်းတိုက်ကို ရောက်ပြီး ရောက်ဆဲ၊ ရောက်လတံ့သော အရပ်လေးမျက်နှာ၌ ရှိနေသော ရဟန်းသံဃာအား ပူဇော်လေလော့"

ဟုဘုရားရှင်က လမ်းညွှန်မိန့်ကြားသည်။

သူဌေးကြီးသည် ဘုရားရှင်မိန့်ကြားသည့်အတိုင်း ဇေတဝန်ကျောင်းကို စတုဒ္ဒိသာသံဃိကရေစက်ချ၍ လှူဒါန်းလေသည်။

ထို့နောက် ဘုရားရှင်က ကျောင်းအနုမောဒနာတရားကို ဂါထာဖြင့် ဟောကြားသည်။

"ငါတို့လှူဒါန်းသော ကျောင်းသင်္ကန်းသည် အချမ်း, အပူကိုပယ်ဖျောက်နိုင်၏၊ ခြင်္သေ့, သစ်, ကျား, မြွေ,ကင်း, မှတ်, ခြင်, ယင်တို့၏ရန်နှင့် နှိပ်စက်မှုတို့ကို ပယ်ဖျောက်နိုင်၏။

သိသိရ-ရတုအခါ (ပြာသိုလပြည့်ကျော် ၁-ရက်မှ တပေါင်းလပြည့်အထိ ၂-လ)မိုးဆွေသောအခါကာလ ဖြစ်ပေါ်သော အလွန်အေးမြသောအတွေ့ကိုလည်းကောင်း၊ ကြီးစွာသော မိုးတို့ကိုလည်းကောင်း မကျရောက်အောင် ပယ်ဖျောက်နိုင်ပါ၏။

"ငါတို့လှူဒါန်းသော ကျောင်းသက်န်းသည် ဥတု အလျောက်ဖြစ်ပေါ်သော လေကြမ်းဒဏ်၊ နေဒဏ်တို့ကို ပယ် ဖျောက်နိုင်ပါ၏၊ တစ်ပါးတည်း ကိန်းပျော်မွေ့လျော်ရန် ချမ်းသာစွာ နေရန်စျာန်ရှုပွားရန်၊ ဝိပဿနာစီးဖြန်းရန်၊ သံဃာတော်များအား ကျောင်းအလှူကိုမြတ်၏" ဟူ၍ အဆူဆူသော ဘုရားရှင်တို့သည် ချီးမွမ်းတော်မူပေ၏။

ထို့ကြောင့် မိမိ၏ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောအကျိုး ကို ကောင်းစွာဆင်ခြင်သိမြင်သော ပညာရှိသည် နေထိုင်ချမ်းသာ စိတ်မှာ မွေ့လျော်ပျော်ဘွယ်ကောင်းသော ကျောင်းသင်ခန်းကို ဆောက်လုပ်ရာ၏၊ ဆောက်လုပ်ပြီးသောကျောင်းကို အကြား အမြင်များဖြင့် ကြွယ်ဝသောသီလရှိသောပုဂ္ဂိုလ်ကို စိုးမိုးအုပ်ချုပ် ကာ နေစေရာ၏၊

(ဆယ်ဝါပြည့်တင်း၊ ဝိဘင်နှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ ဟူသော အင်္ဂါ(၅)ပါးနှင့်ပြည့်စုံသော မထေရ်ကို ကျောင်းထိုင်တင်မြှောက် ရမည်ဟု ဆိုလိုပါသည်)

"ထိုသီလဝန္တ စိတ်ဓာတ်ဖြူစင်ကုန်သော ဗဟုသုတနှင့် ပြည့်စုံကုန်သော ကျောင်းထိုင်အရှင်တို့ကို ဆွမ်း,သင်္ကန်း,အဖျော်, အိပ်ရာနေရာတို့ဖြင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်သောစိတ်ဖြင့် ပေးလှူရာ၏၊"

"ထိုသီဝန္တ၊ ဗဟုသုတနှင့်ပြည့်စုံသော ကျောင်းထိုင်အရှင်တို့သည် ပစ္စည်းလေးပါးဖြင့် ဆည်းကပ်ပြုစုကြသော ဒါယကာ၊ ဒါယိကာမများကို အလုံးစုံသောဝဋ်ဆင်းရဲမှ လွတ်မြောက်ရာတရားတို့ကို မေတ္တာဂရုဏာ ရှေ့ရှုထား၍ ဟောကြားပြသပေးရပါမည်၊ ထိုတရားတို့ကို လိုက်နာကျင့်ကြံကြသဖြင့် ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်သို့မျက်မှောက်ပြုကြရလိမ့်မည်"

ဘုရားရှင်က ဤသို့ကျောင်းအလှူပွဲ တရားဟောကြားပြီး ပြန်ကြွတော်မူသည်၊ အနာထပိဏ်သူဌေးကြီးသည် ဒုတိယနေ့မှစ၍ (၃)လကြာ ကျောင်းရေစက်ချအောင်ပွဲကြီးကို ကျင်းပပြုလုပ်လေသည်။

ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

(တံခါးစောင့်နတ်)

ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်၊ သူဌေးကြီးသည် ကျောင်းဆောက်ခြင်းကို ရည်ညွှန်း၍သာလျှင် (၅၄)ကုဋေသောအသပြာတို့ကို ဘုရားရှင်၏ သာသနာ၌ လှူဒါန်းပြီး ဘုရားရှင်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်သောအခါ နေ့စဉ်နေ့တိုင်း(၃)ကြိမ် ဘုရားရှင်ထံသို့ သွားရောက်ဆည်းကပ်လေ့ရှိသည်။

"သူဌေးကြီးသည် အဘယ်ဝတ္ထုကိုယူ၍ လာသနည်း၊ မယူဘဲပင် လာသလော"

ဟု သာမဏေတို့ကသော် လည်းကောင်း၊ ရဟန်းငယ်တို့ကသော် လည်းကောင်း ကြည့်ရှုကြကုန်လတံ ဟုနှလုံးသွင်း၍ အချည်းနှီးသောလက်ဖြင့် သွားရောက်ဖူးသည် မရှိပါချေ။

-နံနက်စောစောသွားသည်ရှိသော် ယာဂုကိုယူ၍သွား၏၊

-နေ့လည်စာစားပြီးသွားသော် ထောပတ်၊ ဆီဦး အစရှိသောဆေးတို့ကို ယူဆောင်သွား၏၊

-ညနေချမ်းသွားသော် ပန်းနံ့သာ၊ အခိုးအထုံတို့ကို လက်ဆွဲကိုင်လျက် ကျောင်းတော်သို့သွားလေ့ရှိပါသည်၊

ဤနည်းဖြင့်သာလျှင် အမြဲနေ့တိုင်းနေ့တိုင်း အလှူပေးလှူ၍ သီလကို စောင့်ရှောက်သည်။

နောက်အဖို့တွင် သူဌေးကြီးအား ဥစ္စာပစ္စည်းများ ကုန်ခမ်းခြင်းသို့ ရောက်လေသည်။

ကုန်သည်တို့သည်လည်း သူဌေးကြီးထံမှ (၁၈)ကုဋေသောဥစ္စာတို့ကို ချေးငှါးယူထားကြ၏၊ မိဘ,ဘေး,ဘိုးအမျိုးအစဉ်အဆက်မှ ရအပ်သော မြစ်ကမ်းနား၌ သိုမှီးမြှုပ်နှံထားသော(၁၈)ကုဋေတို့သည်လည်း ရေတိုက်စား၍ ကမ်းပါးပြိုကာ မဟာသမုဒ္ဒရာထဲသို့ မျောပါဝင်သွားကြသည်။

ဤသို့အားဖြင့် သူဌေးကြီးအား ဥစ္စာပစ္စည်းများကုန်ခြင်းသို့ ရောက်ရလေသည်။

ဤသို့ ဥစ္စာကုန်သွားသော်လည်း သံဃာတော်များအားမွန်မြတ်သောအလှူကို မပေးလှူနိုင်သေးသော်လည်း ပုန်းရည်ဆန်ကွဲဆွမ်းကိုမူ နေ့စဉ်ပေးလှူမြဲ လှူနေလေသည်။

တစ်နေ့သောအချိန်တွင် အနာထပိဏ်သူဌေးကြီးသည် ဗုဒ္ဓထံသို့ သွားရောက်ကာရှိခိုး၍ တစ်နေရာ၌ ထိုင်နေသည်။ ထိုအခါ ဗုဒ္ဓက မေးသည်-

"ဒါယကာ. . . သင့်အိမ်၌ အလှူကိုပေးလှူပါ၏လော"

"အရှင်ဘုရား. . . ပအုံးရည်လျှင် နှစ်ခွက်မြောက်သောယုတ်ညံ့သော ဆန်ကွဲထမင်းကိုမူ နေ့စဉ်ပေးလှူနေပါ၏"

"ဒါယကာ. . . ယုတ်ညံ့သည်ဖြစ်စေ၊ မွန်မြတ်သည်ဖြစ်စေ အလှူကိုပေးလှူ၏၊ ထိုအလှူကိုလည်း-

-မရှိမသေ လှူပါမူ
-စိတ်မပါဘဲ လှူပါမူ
-မိမိလက်ဖြင့် ကိုယ်တိုင်မဟုတ်ဘဲ လှူပါမူ
-လွှင့်ပစ်သကဲ့သို့ လှူပါမူ
-ကံ-ကံ၏အကျိုးကိုမယုံဘဲ လှူပါမူ
ထိုအလှူ၏ အကျိုးဖြစ်လေရာတိုင်း၌-
-မွန်မြတ်သောအစားကို သုံးဆောင်ရန် စိတ်မညွတ်
-မွန်မြတ်သောအဝတ်ကို ဝတ်ရန် စိတ်မညွတ်
-မွန်မြတ်သောယာဉ်ကိုသုံးဆောင်ရန် စိတ်မညွတ်
-မွန်မြတ်သောကာမဂုဏ်ငါးပါးတို့၌ သုံးဆောင်ရန် စိတ်မညွတ်
-ထိုအလှူရှင်၏ ကျေးကျွန်သားမယားတို့သည် ပြောစကားကို နားမထောင်ကုန်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်းဆိုသော် မရှိမသေပြုအပ်ကုန်သော ကောင်းမှု
-မိမိလက်ဖြင့် ကိုယ်တိုင်လှူပါ
-လွှင့်ပစ်သကဲ့သို့မဟုတ်ဘဲလှူပါ
-ကံ-ကံ၏အကျိုးကိုယုံကြည်၍လှူပါမူ
ထိုအလှူ၏ဖြစ်လေရာတိုင်း၌-
-မွန်မြတ်သောအစာကိုစားရန်စိတ်ညွတ်၏

-မွန်မြတ်သောအဝတ်ကိုဝတ်ရန်စိတ်ညွတ်၏
-မွန်မြတ်သောယာဉ်ကိုစီးရန်စိတ်ညွတ်၏
-မွန်မြတ်သောကာမဂုဏ်တို့၌သုံးဆောင်ရန်စိတ်ညွတ်၏

ထိုအလှူရှင်ကို သား,မယား၊ ကျေးကျွန်အလုပ်သမားတို့ကပြောစကားနာခံကြ၍ ထိုသို့ဖြစ်သည်မှာ အဘယ့်ကြောင့်နည်း၊ ကောင်းမှုကို ရိုရိုသေသေပြုသော၊ ကောင်းမှုကံ၏ အကျိုးဖြစ်ပါ၏။

ဒါယကာ. . . ရှေးကဝေလာမ မည်သော ပုဏ္ဏားသူဌေးကြီးတစ်ဦး ရှိခဲ့ဘူးသည်၊ သူသည်(၈၄၀၀၀)စီရှိသောငွေဖြင့်ပြည့်သောရွှေခွက်၊ ရွှေဖြင့်ပြည့်သောငွေခွက်၊ ရတနာခုနှစ်ပါးဖြင့်ပြည့်သောကြေးခွက်၊ ရွှေတန်ဆာ၊ ခြသေ့်ရေ၊ ကျားသစ်ရေ၊ ပဏ္ဍုကမ္ဗလာတို့ဖြင့် ခြံရံအပ်သောရထား၊ ဘွဲ့ဖြူပုဆိုးခင်းအပ်ကုန်သော ငွေနို့ရေခံခွက်ရှိသော နွားမ၊ ပတ္တမြားနားတောင်းဝတ်သောအမျိုးသမီး၊ မွေးရှည်ကောဇောကြီး၊ သားမွေးဖြူအခင်း၊ ပန်းပြောက်ခြယ်သားမွေးအခင်းဖြင့် ခင်းအပ်ကုန်သော ဝံပိုင်ရေအခင်းမြတ်၊ နီသောမျက်နှာကျက်နှင့် အုန်းနီနှစ်ဘက်ရှိသောပလ္လင်၊ သိမ်မွေ့နူးညံ့သော ခေါမမည်သောပုဆိုး၊ သိမ်မွေ့သောပိုးချည်ဝတ်၊ သိမ်မွေ့သော ဝါချည်ဝတ်တို့ကို ပေးလှူခဲ့သည်၊ ထမင်းခဲဘွယ်၊ စားဘွယ်၊ သောက်ဖွယ် လျက်ဖွယ်တို့ကို ပေးလှူခြင်းကားဆိုဖွယ်ရာ မရှိ၊ မြစ်ရေစီးသကဲ့သို့ ထင်ရသည်။

"ဒါယကာမ. . . ထိုအခါက ကြီးကျယ်သောအလှူကို လှူခဲ့သူ ဝေလာမပုဏ္ဏားသည်ကား ငါဘုရားပင်ဖြစ်၏၊ ငါသည် ထိုကြီးကျယ်သောအလှူကို လှူခဲ့ပါ၏၊ ထိုအလှူ၌ မြတ်သော အလှူကိုခံထိုက်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။

ဒါယကာ. . . သောတာပန်ပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေး ရာ၏၊ ထိုသောတာပန်ကိုကျွေးမွေးရခြင်းသည် ဝေလာမပုဏ္ဏား ၏အလှူကြီးထက် သာ၍အကျိုးကြီး၏။

အကြင်သူသည် သောတာပန်တစ်ရာကို ကျွေးမွေးရာ၏၊ ထိုထက် သကာဒါဂါမ်တစ်ဦးကို ကျွေးမွေးရခြင်းက သာ၍မြတ်၏၊

အကြင်သူသည် သကဒါဂါမ်တစ်ရာကို ကျွေးမွေး၏၊ ထိုထက် အနာဂါမ်တစ်ပါးကို ကျွေးမွေးခြင်းက သာ၍မြတ်၏။

အကြင်သူသည် အနာဂါမ်တစ်ရာကို ကျွေးမွေးရာ၏၊ ထိုထက် ရဟန္တာတစ်ပါးကို ကျွေးမွေးခြင်းက သာ၍မြတ်၏။

အကြင်သူသည် ရဟန္တာတစ်ရာကို ကျွေးမွေးရာ၏၊ ထို ထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို ကျွေးမွေးခြင်းက သာ၍မြတ်၏၊

အကြင်သူသည် ပစ္စေကဗုဒ္ဓါတစ်ရာကို ကျွေးမွေးရာ၏ ထိုထက် ပူဇော်အထူးကိုခံယူထိုက်သော ဘုရားရှင်ကို ကျွေးမွေး ခြင်းက သာ၍မြတ်၏။

အကြင်သူသည်ကား မြတ်စွာဘုရားအမှူးရှိသော သံဃာ ကိုကျွေးမွေးရာ၏၊ ထိုထက် အရပ်လေးမျက်နှာရှိ သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်လှူမှုက သာ၍မြတ်၏၊

အကြင်သူသည်ကား အရပ်လေးမျက်နှာ၌ရှိသော သံဃာကိုရည်ညွှန်း၍ ကျောင်းဆောက်ရာ၏၊ ထိုထက် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးဆည်းကပ်သူက သာ၍မြတ်၏၊

အကြင်သူသည်ကား ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်၏၊ ထိုထက်ကြည်ညိုစိတ်ရှိသည်ဖြစ်၍ သူ့အသက်သတ်ခြင်းစသော ငါးပါးသီလတို့ကို ဆောက်တည်နေသူက သာ၍မြတ်၏

အကြင်သူသည်ကား ငါးပါးသီလကို ဆောက်တည်နေ၏၊ ထိုထက်နို့သာတစ်ရှုမျှလောက် အချိန်မျှ မေတ္တာစိတ်ပွားများနေသူက သာ၍မြတ်၏။

အကြင်သူသည်ကား နို့သာတစ်ရှုမျှလောက်သော အချိန်မျှ မေတ္တာပွားနေ၏၊ ထိုထက် လက်ဖျစ်တစ်တွက်ခန့်မျှ အနိစ္စပညာကို ပွားများသူက မြတ်၏။

ဟူ၍ ဗုဒ္ဓက အလှူခံပုဂ္ဂိုလ်နှင့်ပတ်သက်၍ တစ်ဆင့်ထက် တစ်ဆင့် အကျိုးကြီးပုံတို့ကို ဟောပြတော်မူလေသည်။

* * *

(အင်္ဂုတ္တိုရ်- ပထမပဏ္ဏာသက- သီဟနာဒဝဂ်- ဝေလာမသုတ်)

ထိုအခြေအနေဝယ် သူဌေးကြီးအိမ်ရှိ စတုတ္ထတံခါး၌ စောင့်ရသောနတ်သည် သူဌေးကြီးအိမ်သို့ ဘုရားရှင်နှင့်သံဃာတော်များ ကြွလာတိုင်းကြွလာတိုင်း ဘုရားရှင်နှင့်သံဃာများ၏ ဘုန်းတန်ခိုးကြောင့် အမြဲဆင်းဆင်းပေးနေရသည်။

"အကြင်အခြင်းအရာဖြင့် ပြုလုပ်,ပြောဆိုအပ်သည်ရှိသော် ဤဘုရားနှင့်သံဃာတို့သည် ဤသူဌေးကြီးအိမ်သို့ မကြွဝင့်ကုန်၊ ထိုအခြင်းအရာအားဖြင့် သူဌေးကြီးကို ကွဲပြားပျက်စီးအောင် ပြောဆိုအံ့"

ဟုကြံစည်မိသည်။

ယခင်က ဤစကားပြောဆိုပါသော်လည်း စည်းစိမ်ဥစ္စာပြည့်စုံကြွယ်ဝ အစိုးရသောအရာ၌ တစ်စုံတစ်ခုမျှ ပြောဆိုခြင်းငှာ မစွမ်းနိုင်ပေ၊ ဤယခုအခါ၌ သူကား သူဌေးကြီးဥစ္စာများ ကုန်ခမ်းပြီး ပင်ပန်းဆင်းရဲခြင်းသို့ ရောက်လေပြီ၊ ငါသည်ပြောဆိုအပ်သည်ရှိသော် ငါ၏စကားကို မှတ်သားနာယူလိမ့်မည်"

ဟုအောက်မေ့မှတ်ထင်ပြီးလျှင် ညဉ့်အချိန်၌ သူဌေးကြီး၏ ကျက်သရေတိုက်ခန်းသို့ဝင်ကာ ကောင်းကင်၌ ရပ်တည်နေလေသည်။

သူဌေးကြီးက ထိုနတ်ကိုမြင်၍ မေးသည်-

"ဤသူသည် အဘယ်သူနည်း"

"သူဌေးကြီး. . . သင်သည် သင့်အိမ်၏ လေးခုမြောက်တံခါးမုခ်စောင့်နတ်ပါတည်း"

"အဘယ်ကိစ္စရှိ၍ လာပါသနည်း"

"သင့်အား အဆုံးအမကို ပေးလိုပါ၍ လာပါသည်"

"ထိုသို့ဆိုက သင့်၏အဆုံးအမစကားကို ဆိုပါလော့"

"သူဌေးကြီး. . . သင်သည် နောက်အဖို့ကာလကို အနည်းငယ်မျှ ငဲ့ကွက်ခြင်း၊ ကြည့်ရှုခြင်း မရှိမူ၍သာလျှင် ရဟန်း ဂေါတမ၏သာသနာ၌ ပစ္စည်းဥစ္စာများစွာကို ဖရိုဖရဲ စွန့်ကြဲ ပေးကမ်းလှူဒါန်းဘိသည်၊ ယခုအခါ ပစ္စည်းဥစ္စာ ကုန်ခမ်း၍ ဆင်းရဲခြင်းဖြစ်နေပါသော်လည်း ထိုရဟန်းဂေါတမကို မစွန့်လွှတ် သေးသည်သာလျှင်တည်း။

ဤသို့ဖြစ်ခဲ့သည်ရှိသော် နှစ်ရက်သုံးရက် လွန်မြောက် သဖြင့် သာလျှင် ဆာလောင်မွတ်သိပ်ခြင်း ဘေးကျရောက်လတံ၊ အသင်သည်ကား ရဟန်းဂေါတမဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ အလွန်အကြူး လှူဒါန်းခြင်းမှရှောင်ကြဉ်၍ ကုန်သွယ်ခြင်း ရောင်းဝယ်ခြင်း အမှုကြီးငယ်၌ လုံ့လဥဿာဟကို မှန်စေလျက် ပစ္စည်းဥစ္စာတို့ကို ယှဉ်စေလျက် ပစ္စည်းဥစ္စာတို့ကို တည်စေဦး လော့"

"အသင်နတ်သည် ငါ့အားပေးအပ်သော အဆုံးအမ သည် ဤသည်ပင်လော"

"သူဌေးကြီး. . . ဟုတ်ပါ၏"

"အသင်ကဲ့သို့ သဘောရှိသော နတ်အထောင်, အသောင်း, အသိန်းဖြင့်သော်လည်း ငါ့ကိုတုန်လှုပ်ခြင်းငှာ မစွမ်းနိုင်လတံ၊ အသင်သည် မသင့်တင့်မလျှောက်ပတ်သော စကားကို ပြောဆို၏၊ အသင်နတ်သည် ငါ၏အိမ်၌နေသဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း၊ လျင်လျင်မြန်မြန်ပင် ငါ၏အိမ်မှ ထွက်ခွာသွားပါလော့'

ထိုနတ်သားသည် သောတာပန်အရိယာဖြစ်သော သူဌေးကြီး၏စကားကိုကြား၍ ရပ်တည်နေခြင်းငှာ မစွမ်းနိုင်ရကား ကလေးသူငယ်တို့ကို ကိုင်ဆွဲယူငင်၍ ထွက်ခွာသွားရလေသည်။

ထွက်ခွာသွားပြီးသောအခါ တစ်ပါးသောနေရာ၌နေရန် နေရာမရှိ၍ သူဌေးကြီးကိုပြန်လည်ကန်တော့ဝန်ချ တောင်းပန်သည်းခံစေပြီး မိမိနေရာ၌ပြန်နေခွင့်ရအောင် မြို့စောင့်နတ်ထံသို့ သွားရောက်ချဉ်းကပ်သည်။

မိမိပြုလုပ်ခဲ့သောအပြစ်တို့ကို ပြောပြ၍ သူဌေးကြီးကို သွားရောက်တောင်းပန်စေရန်နှင့် မိမိနေရာ၌ ပြန်နေခွင့်ပြုရန် တောင်းပန်ခိုင်းသည်။

"အသင်သည် သောတာပန်သူဌေးကြီးကို မသင့်လျှော်မလျှောက်ပတ်သောစကားကို သွားရောက်ပြောဆိုခဲ့၏၊ ငါသည် သူဌေးကြီးထံသို့ သွားရောက်တောင်းပန် မပြောဆိုရဲပါ"

ဟုမြို့စောင့်နတ်က ပြောဆိုငြင်းပယ်လိုက်သည်။

ထိုအခါ နတ်သားသည် ကလေးများလက်ဆွဲလျက် စတုမဟာရာဇ်နတ်မင်းကြီးများထံ သွားရောက်၍ အကြောင်းစုံပြောပြပြီး သူဌေးကြီးကို တောင်းပန်ပေးရန် မေတ္တာရပ်ခံ ပြောကြားသည်။

စတုမဟာရာဇ်နတ်မင်းကြီးတို့ကလည်း ငြင်းပယ်လိုက်ပြန်သည်၊ သို့အတွက် နတ်သားသည် သိကြားမင်းထံသို့ ဆက်လက်သွားကာ အကျိုးအကြောင်းနှင့် အကြောင်းစုံကို ပြောပြပြီး-

"နတ်တို့ကို အစိုးရသောအရှင်သိကြားမင်း. . . ကျွန်ုပ်သည်နေရာကို မရသည်ဖြစ်၍ ကလေးသူငယ်များကို လက်ကိုင်စွဲကာ အမြဲမပြတ် လှည့်ပတ်သွားနေရပါသည်၊ ကိုးကွယ်ရာမဲ့ နေရပါသည်၊ အရှင်သိကြားမင်းသည် ကျွန်ုပ်အား သနားသောအားဖြင့် သူဌေးကြီးအား သည်းခံစေ၍ ကျွန်ုပ်၏နေရာကို ပြန်တောင်းပေးစေလိုပါ၏"

ဟုအထပ်ထပ်အဖန်ဖန် တောင်းပန်လေသည်။

"အသင်နတ်သား. . . ငါသည်လည်း အသင်၏အကြောင်းကြောင့် သူဌေးကြီးကို တောင်းပန်ပြောဆိုခြင်းငှာ မစွမ်းနိုင်ပါ၊ တစ်ခုသောအကြောင်းကိုကား သင့်အား ညွှန်ပြပြောဆိုပေးပါ့အံ့"

"အရှင်သိကြားမင်း. . . ကောင်းလှပါပြီ၊ ညွှန်ပြတော်မူပါ"

"သင်သည် သူဌေးကြီး၏ စာရင်းကိုင်အသွင်ကို ယူပြီးလျှင် သူဌေးကြီးက စေလွှတ်လိုက်သကဲ့သို့ ကမ္ဗည်းစာကို ယူဆောင်၍သူဌေးကြီးထံမှယူထားကြသော ကုန်သည်တို့ထံ သွား၍ ကြွေးမြီများပြန်ဆပ်အောင် တန်ခိုးဖြင့်ပြုပါ၊ အသပြာငွေတို့ကို တန်ခိုးဖြင့်ယူ၍ သူဌေးကြီး၏ ကျီကြဘဏ္ဍာထဲသို့ ထည့်ပါ၊ အလားတူ မိဘဘိုးဘွား၊ အမွေအနှစ်ဥစ္စာ(၁၈)ကုဋေတို့ကို သမုဒ္ဒရာထဲမှ မိမိတန်ခိုးဖြင့်သယ်ယူ၍ သူဌေးကြီး၏ ကျီကြထဲသို့ ထည့်ပေးပါ၊ ထို့ပြင် ပိုင်ရှင်မဲ့မြေ၌ မြှုပ်ထားသော(၁၈)ကုဋေသော ဥစ္စာတို့ကို ဖေါ်ထုတ်၍ သူဌေးကြီးကျီးကြထဲ ထည့်ပါ"

ဤသို့အားဖြင့် (၅၄)ကုဋေသောဥစ္စာတို့ကို ဒဏ်ဆောင်သည့်အနေဖြင့် ဆောင်ရွက်ပေးပြီး သူဌေးကြီးကို သည်းခံစေပါသည်။

"ကောင်းပါပြီ. . . အရှင်သိကြားမင်း"

နတ်သားသည် သိကြားမင်း အကြံပြုသည့်အတိုင်း အလုံးစုံသောအမှုကိစ္စတို့ကို ဆောင်ရွက်ပြုလုပ်ပေးလေသည်။

ထိုသို့ဆောင်ရွက်ပြီးသောအခါ ညဉ့်သန်းကောင်ယံဝယ် သူဌေးကြီး၏ ကျက်သရေတိုက်ခန်းအဆောင်ထက်ဝယ် ရပ်တည်ကာ ကိုယ်ရောင်ကိုလွှတ်လေသည်၊ သူဌေးကြီးသည် မြင်၍ မေးသည်။

"ဤသူကား အဘယ်သူနည်း"

"အရှင်သူဌေးမင်း. . . ကျွန်ုပ်သည်ကား အသင့်နေအိမ် စတုတ္ထတံခါးမုခ်၌ စောင့်ရှောက်ရသောပညာမရှိ၊ မသိမလိမ္မာ၊ မိုက်မဲသောနတ်ပါတည်း၊ ကျွန်ုပ်သည် မိမိ၏ မိုက်မဲသည့်အပြစ်ကြောင့် အသင်သူဌေးတို့ထံ၌ မလျော်ကန်မသင့်မြတ်သော စကားကိုပြောဆိုမိခဲ့ပါသည်၊ ထိုစကားကို ကျွန်ုပ်အား အပြစ်မထားမူ၍ သည်းခံပေးပါ"

ကျွန်ုပ်သည် သိကြားမင်းပြောဆို အကြံပြုအပ်သော စကားဖြင့် ငါးဆယ်ငါးဆယ့်လေး ကုဋေသောဥစ္စာတို့ကို ပြန်လည်စုဆောင်း၍သင်၏အချည်းနှီးသော ကျီးကြွတို့၌ ပြည့်စေခြင်းဟူသောဒဏ်အမှုကိုလည်း ထမ်းဆောင်ပြီးပါပြီ၊ ကျွန်ုပ် တစ်စုံတစ်ခုသော နေရာမရ၍ သားသမီးများလက်ဆွဲကာ ဆင်းရဲရောက်နေရပါသည်၊ ပင်ပန်းလည်း ပင်ပန်းနေရပါသည်၊ ဝန်ချတောင်းပန်ရပါ၏၊ ကျွန်ုပ်၏မူလ စတုတ္ထတံခါးမုခ်အစောင့်နေရာကို ပြန်နေခွင့်ပြုပါလော့"

"ဤနတ်သည် ကျွန်ုပ်သည် ဒဏ်ထားခြင်းအမှုကို ပြုအပ်ပြီး ဟုပြော၏၊ မိမိအပြစ်ကိုလည်း ဝန်ခံ၏၊ ထိုနတ်ကို မြတ်စွာဘုရားအား ပြဦးအံ့"

ဟုကြံစည်ဆင်ခြင်ကာ နတ်ကိုဘုရားရှင်ထံသို့ ခေါ်ဆောင်၍ ထိုနတ်ပြုအပ်သော အမှုအလုံးစုံတို့ကို လျှောက်ထားပြသည်။

နတ်သည်လည်း ဘုရားရှင်၏ခြေတော်ရင်း၌ ဦးခေါင်းဖြင့် ဝပ်ဆင်းထိခတ်ရှိခိုး၍-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်သည် မိုက်မဲတွေဝေသည့်အဖြစ်ကြောင့် အရှင်ဘုရားတို့၏ဂုဏ်ကျေးဇူးတော်ကိုမသိမူ၍ ယုတ်မာသောစကားကို ပြောကြားမြွက်ဆိုမိပါသည်၊ ထိုစကားကို တပည့်တော်အား အပြစ်မထားဘဲ သည်းခံပေးတော်မူပါဘုရား"

ဟု ဝန်ချကန်တော့တောင်းပန်သည်။

မြတ်စွာဘုရားသည် ကောင်းသောအမှု၊ မကောင်းသောအမှုတို့၏ အကျိုးကွဲပြားမှုကို သူဌေးကြီးနှင့်နတ်တို့အား ဆုံးမလိုသည်ဖြစ်၍-

"ဒါယကာကြီး. . . ဤပစ္စုပ္ပန် မျက်မှောက်ဘဝ၌ ညစ်ကျုံးသော မကောင်းမှုကိုပြုသောပုဂ္ဂိုလ်သည် အကြင်မျှလောက်သော မိမိပြုသော မကောင်းမှုအကုသိုလ်ကံသည် အကျိုးမပေးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး သင့်တင့်ကောင်းမြတ်သော အာရုံတို့ကို တွေ့ကြုံထင်မြင်ရသေး၏"

အကြင်အခါ၌ကား ထိုမကောင်းမှုကိုပြုသော ပုဂ္ဂိုလ်အား မိမိပြုအပ်သော မကောင်းမှုအကုသိုလ်ကံသည် အကျိုးကိုဖြစ်စေ၏၊ ထိုအခါ ယုတ်မာသောအကျိုးအာနိသင်ကိုသာလျှင် တွေ့မြင်ခံစားရ၏။

ကောင်းမှုကုသိုလ်ပြုသော ပုဂ္ဂိုလ်သည်လည်း အကြင်မျှလောက် ကာလပတ်လုံး မိမိပြုအပ်သော ကောင်းမှုကုသိုလ်သည် အကျိုးမပေးသေး။

ထိုမျှလောက်သော ကာလပတ်လုံး မကောင်းသော အကျိုးကို တွေ့မြင်ရသေး၏၊ အကြင်အခါ၌ကား မိမိပြုအပ်သော ကောင်းမှုကုသိုလ်သည် အကျိုးကိုဖြစ်စေ၏၊ ထိုအခါ ကောင်းမြတ်သောဝတ္ထုအာရုံကိုသာလျှင် တွေ့ကြုံရှုမြင်ရတော့သည်" ဟုမိန့်ကြားတော်မူပြီး ဤဂါထာကို ဆက်လက်မိန့်ကြားသည်။

"သူယုတ်မာသည် မကောင်းမှုမရင့်ကျက်မီ ကောင်းကျိုးချမ်းသာကို တွေ့မြင်ရ၏၊ မကောင်းမှုရင့်ကျက်သောအခါ သူယုတ်မာသည် မကောင်းကျိုးဆင်းရဲကို တွေ့မြင်ရပေ၏။

ကောင်းသောသူသည် ကောင်းမှုကံ မရင့်ကျက်မီ မကောင်းကျိုးဆင်းရဲကို တွေ့မြင်ရ၏၊ ကုသိုလ်ကံရင့်ကျက်သော အခါ သူတော်ကောင်းသည် ကောင်းကျိုးချမ်းသာကို တွေ့မြင်ရပေ၏၊"

ဤဒေသနာတော်၏အဆုံး၀ယ် ထိုတံခါးစောင့်နတ်သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးသား-ကာလသတို့သား
## (ငွေကြေးအခယူ၍ တရားနာရမှုသောတာပန်ဖြစ်သူ)

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

အနာထပိဏ်သူဌေးကြီးတွင် 'ကာလ' အမည်ရှိသောသားတစ်ယောက်ရှိသည်၊ ထိုကာလသူဌေးသားငယ်သည် ဘခင်က ဤမျှသဒ္ဓါတရားကောင်း၍ ကျောင်းဆောက်၊ နေ့စဉ် ဆွမ်းလှူနေသော်လည်း တစ်ခါတစ်ရံမျှ ဘုရားရှင်ထံလိုက်၍ မဖူးသလိုဘုရားရှင်အိမ်သို့ကြွလာသောအခါ၌လည်း မဖူးပေ၊ တရားလည်းမနာ၊ အစ်မများ သံဃာဝေယျာဝစ္စ ပြုလုပ်နေသည်ကိုလည်းမကူညီ၊ စိတ်မဝင်စားချေ၊

ဖခင် အနာထပိဏ်သူဌေးကြီးက ထိုသို့မနေရန် ပြောဆိုဆုံးမသော်လည်း မနာယူပေ၊

"ငါ၏သားသည် ဤသို့သဘောရှိသော အယူကိုယူ၍လှည့်လည်ပြောင်းကြွ သေလွန်သည်ရှိသော် အဝီစိငရဲလဲလျောင်းရာ ရှိပေမည်ဖြစ်သည်၊ ငါ သက်ရှိထင်ရှားရှိလျက် သိမြင်နေပါလျက် ငါ၏သားသည် ငရဲသို့သွားရမည်" ဟူသောအမှုသည်မသင့်လျော်ပါချေ။

ဤလောက၌ ဥစ္စာကိုပေး၍ မပျက်စီးသော သတ္တဝါမည်သည်မရှိ၊ ဥစ္စာဖြင့်သား၏အယူကို ဖျက်အံ့”

ဟူ၍ အနာထပိဏ်သူဌေးကြီးသည် အကြံဖြစ်လေသည်။

ထို့နောက် သားကို ခေါ်ယူတွေ့ဆုံကာ-

“ချစ်သား. . . ဥပုသ်ကို စောင့်သုံးပြီးလျှင် ဘုရားရှင်ကျောင်းတော်သို့သွား၍ တရားတော်ကိုနာပြီး ပြန်လာခဲ့ပါ၊ သင့်အား အသပြာတစ်ထောင် တကယ်ပေးပါအံ့”

“ဖခင်. . . အသပြာတစ်ထောင် တကယ်ပေးမည်လော”

“ချစ်သား. . . ထိုကဲ့သို့ပြုလုပ်က အမှန်ပေးပါမည်”

ကာလသတို့သားသည် သုံးကြိမ်တိုင်တိုင်ဝန်ခံ၍ ဥပုသ်စောင့်၊ တရားနာရန် ဘုရားရှင်သို့သွားသည်။

ကာလသတို့သားသည် တရားတော်နာခြင်း၌ ကြောင့်ကြခြင်း မရှိ၊ ချမ်းသာသောနေရာ၌ အိပ်၍ နံနက်စောစောထ၍ အိမ်သို့ပြန်လာခဲ့သည်။

“ငါ၏သားသည် ဥပုသ်စောင့်သုံးသည် ဖြစ်ပေ၏၊ ငါ၏သားအတွက် ယာဂုကို လျင်စွာယူ၍ ကျွေးမွေးကြပါလော”

ဟုပြောဆိုကာ အစာကိုပေးစေသည်။

ကာလသတို့သားသည် အသပြာတို့ကို မရသေးလျှင် မစားအံ့ ဟုစိတ်ဆုံးဖြတ်ထားကာ ဆောင်ယူခဲ့သော ယာဂုစသည်တို့ကို ငြင်းပယ်လေသည်။

သူဌေးကြီးသည် သား၏နှိပ်စက်သည်ကို သည်းမခံနိုင်သောကြောင့် အသပြာကို ထုတ်ပေးလေသည်။

ကာလသတို့သားသည် ထိုအသပြာကို လက်ဖြင့်ကိုင်၍သာလျှင် အာဟာရကို သုံးဆောင်သည်။

နောက်နေ့မိုးသောက်ကာလ၌ သူဌေးကြီးက-

"ချစ်သား. . . အသပြာတစ်ထောင်ကို သင့်အား ပေးပါအံ့၊ မြတ်စွာဘုရားရှေ့တော်မှနေ၍ တရားတစ်ပုဒ်ကို အားထုတ်၍ သင်ယူပြီးပြန်လာပါ"

ဟု မှာကြားစေလွှတ်သည်။

ကာလသတို့သားသည် ကျောင်းသို့သွားပြီး ဘုရားရှင်ရှေ့တော်မှနေ၍သာလျှင် ပုဒ်တစ်ပုဒ်ကို အားထုတ်သင်ယူပြီး ပြန်ပြေးသွားလိုသည်၊ ထိုအခါ ဘုရားရှင်က သူဌေးသားအား မမှတ်မိသော အခြင်းအရာကို ပြုတော်မူသည်။

ကာလသတို့သားသည် ထိုပုဒ်ကို မမှတ်မိသောကြောင့် အထက်ဖြစ်သောပုဒ်ကို သင်ယူအံ့ ဟုလျှောက်ထား၍ ကြားနာသည်။

(ရှိသေစွာ တရားနာယူတတ်သူတို့အား သောတာပတ္တိမဂ် စသည်တို့သည် ဖြစ်ပေါ်တတ်သည်)

ကာလသတို့သားသည် ကောင်းစွာနှလုံးသွင်း၍ တရားတော်ကို နာယူလေသည်။

မြတ်စွာဘုရားသည် မမှတ်မိသော အခြင်းအရာကို ပြုတော်မူ၏၊ ကာလသတို့သားသည် အထက်ဖြစ်သောပုဒ်ကို သင်ယူပါဦးမည် ဟုလျှောက်ထား၍ တရားတော်ကိုကြားနာလျှင်ပင်သောတာပတ္တိဖိုလ် တည်သွားလေသည်။

ကာလသည် တစ်ဖန် အမိုးသောက်ရောက်သောနေ့၌ဘုရားအမှူးရှိသော သံဃာတော်များနှင့်အတူတကွသာလျှင်သာဝတ္ထိမြို့ထဲသို့ ဝင်သည်။

သူဌေးကြီးသည် သား၏တည်ငြိမ်သော အမူအရာကိုမြင်၍-

"ယနေ့ ငါသား၏အခြင်းအရာသည် နှစ်သက်ဖွယ်ရှိလှပေ၏"

ဟုကြံစည်ဆင်ခြင်မိသည်။

"ငါ၏ဖခင်သည် ယနေ့မြတ်စွာဘုရားထံတော်၌ တည်နေသော ငါ့အား စင်စစ်အသပြာတစ်ထောင် မပေးရာ၊ ယင်းသို့မပေးသည်ရှိသော် အသပြာဟူသော အကြောင်းကြောင့်ငါ၏ဥပုသ်စောင့်သုံးသော အဖြစ်ကို သူတစ်ပါးတို့မသိအောင်ဖုံးလွှမ်းဘိမူကား ကောင်းလေစွ"

ဟု ကာလသတို့သားသည်အကြံဖြစ်လေသည်။

ဘုရားရှင်သည် ကာလသတို့သားအား ယမန်နေ့ကအသပြာဟူသောအကြောင်းကြောင့် ဥပုသ်စောင့်သုံးသည်အဖြစ်ကို သိတော်မူသည်။

သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များ ယာဂုကို ပေးလှူသည်သားကိုလည်း ယာဂုကိုပေးစေသည်၊ ကာလသတို့သားသည် ဆိတ်ဆိတ်နေလျက် ယာဂုကိုသောက်သုံး နေသည်။

ထို့နောက် သူဌေးကြီးက ဘုရားအမှူးရှိသော သံဃာ တော်များအား ဆွမ်းအာဟာရဆက်ကပ်သည်၊ သားကိုလည်း အာဟာရထမင်း ကျွေးမွေးစေသည်။

ဆွမ်းကိစ္စပြီးသောအခါ သူဌေးကြီးသည် အသပြာတစ် ထောင်ထုပ်ကို သားရှေ့တွင်ထားစေ၍-

"ချစ်သား. . . အသင့်ကို ငါသည် အသပြာတစ် ထောင်ပေးမည်ဟု ပြောဆိုပြီး ဥပုသ်ဆောက်တည်စေ၍ ကျောင်း တော်သို့စေလွှတ်အပ်၏၊ ဤဘဏ္ဍာထုပ်သည် အသင့်အား ပေး အပ်သော အသပြာထောင်ထုပ်ဖြစ်ပါ၏"

ဟုပြောလေသည်။

ကာလသတို့သားသည် ဘုရားရှင်၏ရှေ့၌ အသပြာပေး အပ်ခံရ၍ ရှက်နိုးသောကြောင့်-

"ကျွန်ုပ်အား အသပြာတို့ဖြင့် အလိုမရှိအပ်ပါ"

ဟုပြောကာ ပယ်လေသည်။

"ချစ်သား. . . ယူပါလော့"

ဟုဖခင်သူဌေးကြီးက ထပ်မံပေးသော်လည်း မယူဘဲနေလေသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ယနေ့တပည့်တော်သား၏အခြင်းအရာသည် နှစ်သက်ဖွယ်ရာ ရှိလှပါပေ၏" ဟုလျှောက်ထားသည်။

"သူဌေးကြီး. . . အကြောင်းအသို့နည်း"

"မြတ်စွာဘုရား. . . တပည့်တော်သည် ဤသားကို ရှေးရှေးဖြစ်သောနေ့၌ အသပြာတစ်ထောင်ကို သင့်အား ပေးပါအံ့"

ဟုပြောဆို၍ ကျောင်းသို့စေလွှတ်ပါ၏၊ တစ်ဖန် မိုးသောက်ရောက်သောနေ့၌ အသပြာကို လက်ဝယ်မရလျှင် အစာအာဟာရကို မစားပါ၊ ယနေ့မှာကားအသပြာတို့ကို တပည့်တော်က ပေးသော်လည်း အလိုမရှိ ပယ်ရှားနေပါသည်ဘုရား"

"ဒါယကာ သူဌေးကြီး. . . အော်. . ဟုတ်ပါပေ၏၊ ယနေ့ သင်၏သားသည် စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက်သော်လည်းကောင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၏ စည်းစိမ်ချမ်းသာထက်သော်လည်းကောင်း ကဲလွန်ထူးမြတ်သောသောတာပတ္တိဖိုလ်သို့ ရောက်အပ်ပေပြီ"

ဟုမိန့်ကြားပြီးလျှင်-

"မြေပြင်အားလုံးကို တစ်ယောက်တည်း အုပ်ချုပ်ရသောစကြဝတေးမင်း၏ စည်းစိမ်သည် လည်းကောင်း၊ နတ်စည်းစိမ်ဗြဟ္မာစည်းစိမ်နှင့် လည်းကောင်း၊ နဂါး၊ ဂဠုန်စသည်တို့နှင့်တကွ

တစ်လောကလုံးကို အစိုးရခြင်းထက်လည်း ကောင်းသောတာပတ္တိဖိုလ်သည် ပို၍မြတ်၏”

ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူသည်။

သောတာပန်ပုဂ္ဂိုလ်သည်ကား အပါယ်တံခါးပိတ်၍ အားအနည်းဆုံးပုဂ္ဂိုလ်သည်ပင် ရှစ်ခုမြောက်ဘဝသို့ မရောက်တော့ပေ၊ ထို့ကြောင့် သောတာပတ္တိဖိုလ်သည် မြင့်မြတ်သည်။

ဒေသနာတော်၏အဆုံး၀ယ် များစွာသော လူတို့သည် သောတာပတ္တိစသည်တို့ကို ရောက်ကုန်၏။

(ဓမ္မပဒ၊ လောကဝဂ်၊ ကာလသတို့သား၀တ္ထု)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီးသမီး-သုမနဒေဝီ

## (ကောင်းမှုရှိသူသည် ပစ္စုပ္ပန်-တမလွန်ဘဝတို၌ နှစ်သက်ရွှင်လန်းစွာ ရှိရမှု)

အနာထပိဏ်သူဌေးကြီးသည် မိမိအိမ်၌ နေ့စဉ်နေ့တိုင်း (၂၀၀၀)မျှသော ရဟန်းတို့ကို ဆွမ်းလုပ်ကျွေးမှုပြုသည်။

ထိုအလှူတို့ကို ကြည့်ရှုစောင့်ရှောက်ကြပ်မတ်ရန် သူဌေးကြီးသည် မထမ သမီးကြီးမဟာသုဘဒ္ဒါကို တာဝန်ပေးသည်၊ ထိုသုဘဒ္ဒါသည် ရဟန်းတော်၏ဝေယျာဝစ္စကို ဆောင်ရွက်ရင်း တရားနာရ၍ သောတာပန်တည်သည်၊ ထို့နောက် လင်အိမ်နောက်လိုက်သွားရ၍ သံဃာဝေယျာဝစ္စကို မပြုနိုင်တော့ပေ။

သူဌေးကြီးက သမီးလတ်စူဠသုဘဒ္ဒါကို တာဝန်ပေးပြန်သည်၊ ထိုစူဠသုဘဒ္ဒါသည်လည်း သံဃာတော်များ၏ ဝေယျာဝစ္စကိုပြုလုပ်ရင်း တရားနာရ၍ သောတာပန်တည်ပြီးလျှင် လင်နောက်လိုက်ရပြန်၍ သံဃဝေယျာဝစ္စကို ဆက်၍ မပြုနိုင်ပေ။

သို့အတွက် သူဌေးကြီးသည် မိမိ၏သမီးငယ် သုမနဒေဝီကို သံဃာဝေယျာဝစ္စကိုပြုလုပ်ရန် တာဝန်ဆက်လက်ပေးသည်။ သုမနဒေဝီသည်လည်း သံဃဝေယျာဝစ္စပြုလုပ်ရင်း တရားတော်နာကြားရသဖြင့် သကဒါဂါမ်ဖိုလ်သို့ ဆိုက်ရောက်လေသည်။

တစ်ချိန်တွင် သုမနဒေဝီသည် ပျိုမျစ်နုနယ်သောအရွယ်မှာပင်မစားချင်၊ မသောက်ချင်သော အနာပြင်းစွာ နှိပ်စက်ပြီးရောဂါပြင်းစွာ ခံစားရသည်။

သူမသည် ဖခင်ကြီးကိုတွေ့လိုသည်ဖြစ်၍ ဖခင်ကြီးကို ခေါ်စေသည်၊ အနာထပိဏ်သူဌေးကြီးသည် အလှူတင်းကုတ်တစ်ခု၌ စိမ်လျက်ရှိနေစဉ် သမီးငယ်၏ သတင်းစကားကိုကြားရသောအခါ အိမ်သို့လျင်မြန်စွာ ပြန်လာပြီး သမီးငယ်ကို လာရောက် တွေ့ဆုံသည်။

"ချစ်သမီး သုမနဒေဝီ. . . အသို့နည်း"

ဟုမေးမြန်းသည်၊ ထိုအခါ သုမနဒေဝီက-

"အဘယ်နည်း. . . မောင်ငယ်"

ဟုစကားဖြင့် တုံ့ပြန်ပြောဆိုသည်။

"ချစ်သမီး သုမနဒေဝီ. . . ယောင်ယမ်းမြည်တမ်းပါသလော"

"မောင်ငယ်. . . မယောင်ယမ်းပါ"

"ချစ်သမီး သုမနဒေဝီ. . . ကြောက်ရွံ့ပါသလော"

"မောင်ငယ်. . . ငါသည် မကြောက်ရွံ့ပါ"

သုမနဒေဝီသည် ဤသို့ပြောပြီးလျှင် မကြာခင်အမော ဆိုက်ကာ ကွယ်လွန်သွားလေသည်။

အနာထပိဏ်သူဌေးကြီးသည် သောတာပန်ဖြစ်ငြားသော်လည်း သမီးငယ် မိမိရှေ့မျက်မှောက်၌ မိမိ၏ဖခင်ကိုပင် 'မောင်ငယ်'ဟုပြောဆိုကာ ကွယ်လွန်သွားသဖြင့် အလွန်ပင်စိတ်ထိခိုက်ကာ ငိုကြွေးမိလေသည်။

"သူဌေးကြီး. . . အဘယ်သို့သော အကြောင်းအခြင်း အရာနှလုံးမသာဖွယ် အရမ်းဆင်းရဲ ငြိုငြင်ပင်ပန်းခြင်းရှိသည် ဖြစ်၍ မျက်ရည်ယိုစီးသောမျက်နှာဖြင့် ပြင်းစွာ ပူဆွေးငိုကြွေး၍ လာခဲ့သနည်း"
ဟုဘုရားရှင်ကဆီး၍ မေးတော်မူသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်၏သမီးငယ်ဖြစ်သော သုမနဒေဝီသည် သေလွန်သွားပါပြီဘုရား၊ သို့ဖြစ်၍ တပည့်တော်သောကဖြစ်ပြီး ငိုကြွေးရပါသည်"

"သူဌေးကြီး. . . သေရွာပြောင်းကာမျှဖြင့် အဘယ် ကြောင့် ဤမျှငိုကြွေးရဘိသနည်း၊ အလုံးစုံသောသတ္တဝါတို့သည် မလွဲဧကန် သေလွန်ကြကုန်သည် မဟုတ်ကုန်လော"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . သတ္တဝါတို့ သည် မချွတ်ဧကန်အမြဲသေရမည့်အဖြစ်ကို တပည့်တော်သိပါ၏ ဘုရား၊ သို့သော် အရှက်အကြောက်တရားနှင့် ပြည့်စုံလှသော တပည့်တော်၏သမီးသည် သေကာနီးကာလ၌ သတိကိုရှေ့ရှု တည်စေအံ့သောငှာမစွမ်းနိုင်သည်ဖြစ်၍ ယောင်ယမ်းမြည်တမ်း လျက် သေလွန်ပါသည်၊ ထို့ကြောင့် တပည့်တော်သည် အတိုင်း မသိ၊ ကြီးစွာသော နှလုံးမသာယာခြင်းတရားသည် ဖြစ်ပေါ်ခံစား နေရပါသည် ဘုရား"

"ဒါယကာသူဌေးကြီး. . . သင်၏သမီး သုမနဒေဝီ ဆိုမြည်တမ်းသောစကားသည်ကား အဘယ်နည်း"

ဟုဘုရားရှင်က မေးသောအခါ အနာထပိဏ်သူဌေးကြီးသည် သူ၏သမီးသုမနဒေဝီနှင့်သူ စကားပြောပုံအကြောင်းစုံကို လျှောက်ထားပြောကြားသည်။

"ဒါယကာသူဌေးကြီး. . . အသင်၏သမီးသည် ယောင်ယမ်းမြည်တမ်းသည် မဟုတ်"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ထိုသို့ ယောင်ယမ်းမြည်တမ်းတာမဟုတ်ဘဲ ဘခင်ကို အဘယ်ကြောင့် မောင်ငယ် ဟုခေါ်ပါသနည်း"

ဒါယကာအနာထပိဏ်သူဌေးကြီး. . . အသင်သည် ကား သောတာပန်သာဖြစ်သည်၊ အသင်၏သမီးငယ်သည်ကား သကဒါဂါမ်ဖိုလ်၌တည်သောသူဖြစ်၏၊ ဤမဂ်ဖိုလ်တို့ဖြင့်ကြီးသည်အဖြစ်ကြောင့် အသင်သူဌေးကြီးကို'မောင်ငယ်' ဟုခေါ်ခြင်းမျှသာ ဖြစ်သည်။

"အရှင်ဘုရား. . . တပည့်တော်၏သမီးငယ်သည် ယခုအခါ အဘယ်အရပ်၌ ဖြစ်နေပါသနည်း"

"ဒါယကာသူဌေးကြီး. . . သုမနဒေဝီ သမီးငယ်သည် တုသိတာနတ်ပြည်၌ ဖြစ်နေပါသည်"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်၏ သမီးသုမနဒေဝီသည် မျက်မှောက်ဖြစ်သော ဤပစ္စုပ္ပန်ဘဝ၌ ဆွေမျိုးတို့၏အလယ်အကြား၌ နှစ်သက်ကြီးပွားပျော်ပါး လှည့်လည်၍သွားပြန်သော်လည်း နှစ်သက်ရွှင်လန်း စံမြန်းဖွယ်

ကောင်းမြတ်သောနေရာ၌သာလျှင် ဖြစ်ရလေသည်”
ဟုစိတ်သက်သာရပြီး ကြည်နူးဝမ်းမြောက်စွာဖြင့် လျှောက်ထားသည်။

“ဒါယကာသူဌေးကြီး. . . ဟုတ်ပေ၏၊ မမေ့မလျော့သောသူတို့မည်သည်ကား လူတို့သည်မူလည်းဖြစ်စေ၊ ရဟန်းတို့ပင်ဖြစ်စေ၊ ဤပစ္စုပ္ပန် မျက်မှောက်ဘဝ၌ လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း နှစ်သက်ပျော်ပါး ခံစားရကုန်သာလျှင်တည်း”
ဟုမိန့်ကြားပြီး ဤဂါထာကို ဆက်လက်ဟောကြားပေးပါသည်။

“ပြုအပ်ပြီးသော ကောင်းမှုရှိသောသူသည် ဤမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ နှစ်သက်ရွှင်လန်းရ၏၊ တမလွန်လောက၌ နောင်ဘဝ၌ နှစ်သက်ရွှင်လန်းရ၏၊ ပစ္စုပ္ပန်တမလွန်နှစ်ပါးစုံ၌ နှစ်သက်ရွှင်လန်းဝမ်းမြောက်ရ၏၊ ငါသည် နှလုံးဖြူစင်ကြည်ရွှင်နှစ်မြို့သော ကောင်းမှုကို ဆည်းပူးပြုမိလေသည်တကား”
ဟု နှစ်သက်ရွှင်လန်းရ၏၊ သေရွာပြောင်းကွဲသော်ကား လွန်စွာပင် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရပေ၏”
ဟုဟောတော်မူရာ ဂါထာ၏အဆုံးဝယ် တရားနာသောသူတို့ သောတာပန်တည်ကြလေသည်။

(ဓမ္မပဒ၊ ယမကဝဂ်၊ သုမနဒေဝီဝတ္ထု)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (ပစ္စည်းလေးပါးလှူက ရသောအကျိုး)

အခါတစ်ပါး၌ အနာထပိဏ်သူဌေးကြီးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်ကာရှိခိုးပြီး တစ်နေရာ၌ ထိုင်နေသည်၊ ထိုအခါ ဗုဒ္ဓက-

"ဒါယကာ. . . တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်တော်သည် အခြံအရံအကျော်အစောကို ရတတ်စေသောနတ်ပြည်၌ ဖြစ်စေတတ်သောလူတို့အား လျော်သော ကျင့်ဝတ်ကို ကျင့်သည်ကုန်၏"

ပညာရှိတို့သည် ကိုယ်စိတ်ဖြောင့်ညီညွတ်ခြင်းသို့ ရောက်ကုန်သော သီလရှိကုန်သော အလှူခံပုဂ္ဂိုလ်တို့ကို သင်္ကန်း,ဆွမ်း, ကျောင်း,ဆေးဟူသော အထောက်အပံ့ဖြင့် ရှေးရှုကပ်၍ တည်ပါက လူတို့အား လျော်သောလူကျင့်ဝတ်ကို ကျင့်ကုန်သည်မည်၏။

ထိုသူတို့အား နေ့၌လည်းကောင်း၊ ညဥ့်၌လည်းကောင်း အခါခပ်သိမ်းကောင်းမှုသည် တိုးပွားသည်၊ ထိုသူတို့သည် ကောင်းမြတ်သောကောင်းမှုကိုပြုပြီး၍ နတ်ပြည်သို့ရောက်ရလေသည် ဟုဟောတော်မူသည်။

(အင်္ဂုတ္တိုရ်- စတုက္ကနိပါတ်- ဂိဟိသာမိစိသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

(ဘောဇဉ်လှူက လေးမျိုးသောအရာ ကွာဟမှု)

တစ်နေ့သောအခါ အနာထပိဏ်သူဌေးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်ကာ ရှိခိုး၍တစ်နေရာ၌ ထိုင်နေသည်၊ ထိုအခါ ဗုဒ္ဓက-

"ဒါယကာ. . . ဘောဇဉ်ကိုပေးလှူသော အရိယာ တပည့်သည် အလှူခံပုဂ္ဂိုလ်အား-

-အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အား ဤလေးမျိုးကို ပေးလှူသည်မည်၏။

-အသက်ကို ပေးလှူသောကြောင့် နတ်သက်၊ လူသက် ရှည်ရ၏၊

-အဆင်းကို ပေးလှူသောကြောင့် လူအဆင်း၊ နတ်အဆင်း လှရ၏၊

-ချမ်းသာကို ပေးလှူသောကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ ခံစားရ၏၊

-ခွန်အားကို ပေးလှူသောကြောင့် လူခွန်အား၊ နတ်ခွန်အားကြီးရ၏၊

အကြင်သူသည် ကိုယ်၊နှုတ်၊ နှလုံးကို စောင့်စည်းတတ်ကုန်သော သူတစ်ပါးတို့ ပေးလှူသည်ကို စားရကုန်သောပုဂ္ဂိုလ်တို့အား သင့်လျော်သောအခါကာလ၌ ရိုသေစွာ ဘောဇဉ်ကို

ပေးလှူရာ၏၊ ထိုသူသည် အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အား လေးမျိုးသောအရာကို ပေးလှူသည် မည်ပါ၏၊

အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အားကို ပေးလှူတတ်သူသည် အကြင်ဘုံ၌ာနန္ဒ ဖြစ်၏၊ ထိုဖြစ်လေရာ၌ အသက်ရှည်ခြင်း၊ အခြံအရံများခြင်း ဖြစ်ရ၏”

ဟူ၍ ဟောကြားပြသည်။

(အင်္ဂုတ္တရ- စတုက္ကနိပါတ်၊ သုဒတ္တသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (စိတ်ကိုမစောင့်ရှောက်နိုင်လျှင် ကောင်းစွာသေသူ မဖြစ်နိုင်)

တစ်နေ့သောအခါ အနာထပိဏ်သူဌေးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ရှိခိုးကာ တစ်နေရာ၌ ထိုင်နေသည်။
ထိုအခါ ဗုဒ္ဓက-

"ဒါယကာ... စိတ်ကို မစောင့်ရှောက်နိုင်လျှင် ကာယကံ၊ ဝစီကံ၊ မနောကံကို စောင့်ရှောက်သည်မမည်၊ ထိုကံများကို မစောင့်ရှောက်သူ၏ ကိုယ်၊ နှုတ်၊ စိတ်၌ ကိလေသာဖြင့် စိုစွတ်၏၊ ဆွေးမြေ့သောကာယကံ၊ ဝစီကံ၊ မနောကံရှိသူ အားကောင်းသောသေခြင်း မဖြစ်နိုင်"

"ဒါယကာ... အထွတ်တပ်ထားသောအိမ်ကို ကောင်းစွာမိုးမထားလျှင် အထွတ်၊ အခြင်၊ နံရံတို့ကို စောင့်ရှောက်သည် မမည်ပါ၊ အထွတ်၊ အခြင်၊ နံရံတို့သည် မိုးရေဖြင့် စိုစွတ်၏၊ ဆွေးမြေ့သကဲ့သို့ စိတ်ကိုမစောင့်ရှောက်ပါက မစောင့်ရှောက်သူ၏ ကိုယ်၊ နှုတ်၊ စိတ်သည် ကိလေသာဖြင့် စိုစွတ်၏၊ ဆွေးမြေ့ရပြီး ကောင်းသောသေခြင်း မဖြစ်နိုင်ပါ"

"ဒါယကာ... စိတ်ကိုစောင့်ရှောက်လျှင် ကာယကံ၊ ဝစီကံ၊ မနောကံကို စောင့်ရှောက်သည်မည်ပြီး အထွတ်တပ်ထားသောအိမ်ကိုကောင်းစွာမိုးထားပါက အထွတ်၊ အခြင်၊ နံရံတို့ကို

ကောင်းစွာစောင့်ရှောက်ထားသဖြင့် မိုးရေဖြင့် မစိုစွတ်၊ မဆွေး မြေ့ကုန်သကဲ့သို့ စိတ်ကိုစောင့်ရှောက်လျှင် ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ကိလေသာဖြင့်မစိုစွတ်၊ မဆွေးမြေ့နိုင်ပါ၊ ကောင်းသောသေခြင်းသာ ဖြစ်နိုင်ပါ၏”

ဟူ၍ ဟောကြားတော်မူပါသည်။

(အင်္ဂုတ္တိုရ်ဘိကနိပါတ်– အရက္ခိတသုတ်၊ ဗျာပန္နသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (သက်ရှည်၊ ဆင်းလှမှုစသည်ကို နှုတ်၊ စိတ်ဖြင့် တောင့်တနေ၍ မရ)

အခါတစ်ပါး၌ အနာထပိဏ်သူဌေးသည် ဘုရားရှင်ထံသို့ချဉ်းကပ်ကာ ရှိခိုးပြီးလျှင် တစ်နေရာ၌ ထိုင်သည်။

"ဒါယကာ. . . အလိုရှိအပ်၊ နှစ်သက်မြတ်နိုးအပ်သော လောက၌ ရခဲသောတရားတို့ကား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြံအရံအကျော်အစော၊ နတ်ပြည်သို့ရောက်ရခြင်းတို့ ဖြစ်ပါ၏၊

ဒါယကာ. . . ဤရခဲသော ဤတရားငါးမျိုးတို့ နှုတ်ဖြင့်တောင့်တခြင်းဟူသော အကြောင်းကြောင့် လည်းကောင်း၊ စိတ်ဖြင့်တောင့်တခြင်းဟူသောအကြောင်းကြောင့် လည်းကောင်း၊ ရ၏ ဟု ငါမဆို၊

ဒါယကာ. . . ဤရခဲသော ဤတရားငါးမျိုးကို နှုတ်ဖြင့်တောင့်တခြင်း၊ စိတ်ဖြင့်တောင့်တခြင်းကြောင့် ရသည်ဖြစ်မူ ဤလောက၌ အဘယ်သူသည် အဘယ်သို့သောအရာမှ ယုတ်လျော့နိုင်ပါတော့အံ့နည်း၊

ဒါယကာ. . . အရိယာတပည့်သည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြံအရံများခြင်း၊ နတ်ပြည်သို့ရောက်လိုခြင်းအတွက် နှုတ်ဖြင့်တောင့်တခြင်း၊ စိတ်ဖြင့် နှစ်သက်

ခြင်းငှာ မထိုက်ပါ။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အကျော်အစောများခြင်း၊ နတ်ပြည်ရောက်ခြင်း၏ အကြောင်းဖြစ်သော အကျင့်တို့ကို ကျင့်ရပါမည်၊ ထိုသို့ကျင့်သဖြင့် လူသက်၊ နတ်သက် ရှည်ခြင်း၊ လူအဆင်း၊ နတ်အဆင်းလှခြင်း၊ လူချမ်းသာ၊ နတ်ချမ်းသာရခြင်း၊ လူ့အခြံအရံ၊ နတ်အခြံအရံရခြင်း၊ နတ်ပြည်သို့ရောက်ရှိ၊ ရရှိနိုင်ခြင်းတို့နှင့် ပြည့်စုံရသည်။

အသက်ရှည်၊ အဆင်းလှ၊ ချမ်းသာများ၊ အခြံအရံများ၊ ကျော်စောခြင်း၊ နတ်ပြည်သို့ရောက်ခြင်း၊ မြင့်မြတ်သောအမျိုးရှိခြင်း၊ အဆင့်ဆင့်မြင့်မြတ်သော မွေ့လျော်ဖွယ်တို့ကို တောင့်တသော အမျိုးကောင်းသားသည် ကောင်းမှုကုသိုလ်တို့ကို မမေ့လျော့ရာ၊ ကောင်းမှုတို့၌ မမေ့မလျော့ခြင်းကို ပညာရှိတို့ ချီးမွမ်းအပ်၏၊ မမေ့လျော့သောပညာရှိသည်ကား အကျိုးနှစ်ပါးတို့ကို ရနိုင်၏၊

မျက်မှောက်ဘဝ၌ဖြစ်သော အကျိုးစီးပွား၊ တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွားဟူသော အကျိုးနှစ်ပါးကို ရရှိခြင်းကြောင့် ထိုသူကို ပညာရှိဟူ၍ ဆိုအပ်၏”

ဟူ၍ဟောကြားတော်မူသည်။

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

(လောက၌ခဲယဉ်းသဖြင့် ရ,အပ်သောနှစ်သက်အပ်သော အရာများ)

အနာထပိဏ်သူဌေးသည် ဗုဒ္ဓထံသို့ချဉ်းကပ်၍ ရှိခိုးကာ တစ်ခုသောနေရာ၌ ထိုင်နေသည်၊ ထိုအခါဗုဒ္ဓက-

"ဒါယကာ. . . လောက၌အလိုရှိအပ်၊ တောင့်တအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်၊ ခဲယဉ်းသဖြင့်ရအပ်သော တရားလေးမျိုးတို့ ရှိကြပါ၏၊

-ငါ့အားတရားနှင့်အညီ စည်းစိမ်တို့သည် ဖြစ်စေကုန်သတည်း၊

-တရားနှင့်အညီ စည်းစိမ်တို့ကိုရ၍ ဆွေမျိုးမိတ်ဆွေတို့နှင့်တကွ ငါ့အားအခြံအရံသည် ရောက်စေသတည်း၊

တရားနှင့်အညီ စည်းစိမ်၊ ဆွေမျိုးမိတ်ဆွေအခြံအရံတို့ကိုရ၍ ကြာမြင့်စွာအသက်ရှည်လို၏၊ ရှည်သောအသက်ကို စောင့်ရှောက်လို၏၊

-ဤခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်၌ ဖြစ်လို၏၊

ဤလေးပါးသောတရားတို့ကို ရရင် အကြောင်းတရားလေးပါးရှိသည်-

-သဒ္ဓါတရားနှင့် ပြည့်စုံခြင်း
-သီလနှင့် ပြည့်စုံခြင်း
-စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်း
-ပညာနှင့် ပြည့်စုံခြင်း တို့ဖြစ်ကြသည်။

"သဒ္ဓါတရားနှင့်ပြည့်စုံခြင်းဟူသည်ကား အဘယ်နည်း"

"ဤသာသနာ၌အရိယာတပည့်တော်သည် အရဟံ အစ ဘဂဝါအဆုံးရှိသော မြတ်စွာဘုရား၏အရဟတ္တမဂ်ဉာဏ်၊ သမ္ဗုဒ္ဓတညာဏ်ကို ယုံကြည်၏၊ ဤကားသဒ္ဓါတရားနှင့် ပြည့်စုံခြင်း တည်း"

"သီလနှင့်ပြည့်စုံခြင်းကား အဘယ်နည်း"

"ဤသာသနာတော်၌ အရိယာ၏တပည့်သည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတစ်ပါးဥစ္စာကို အရှင်မပေးသည်ကို ခိုးယူခြင်းမှရှောင်ကြဉ်၏၊ ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သေရည်သောက်ခြင်းမှ ရှောင်ကြဉ်၏"

ဤသည်ကား သီလနှင့် ပြည့်စုံခြင်းတည်း"

"စွန့်ကြဲခြင်းနှင့်ပြည့်စုံခြင်းဟူသည်ကားအဘယ်နည်း"

"ဤသာသနာ၌ အရိယာတပည့်သည် ဝန်တိုခြင်း၊ အညစ်အကြေးကင်းသောစိတ်ဖြင့် အိမ်၌နေ၏၊ လွတ်လွတ်စွန့်ကြဲ၏၊ ဆေးကြောအပ်သောလက်ရှိ၏၊ စွန့်ကြဲမှု၌ မွေ့လျော်၏၊

အတောင်းခံရန်အသင့်ဖြစ်၏၊ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏၊ ဤသည်ကား စွန့်ကြဲခြင်းနှင့်ပြည့်စုံခြင်းတည်း။

"ပညာနှင့်ပြည့်စုံခြင်းဟူသည်ကားအဘယ်နည်း"

-မက်မောခြင်းတည်းဟူသော ဝိသမလောဘ နှိပ်စက်သောစိတ်ဖြင့်နေသူသည် လည်းကောင်း၊

-ပျက်စီးစေလိုခြင်း နှိပ်စက်သောစိတ်ဖြင့် နေသူသည် လည်းကောင်း၊

-လေးလံထိုင်းမှိုင်းခြင်း နှိပ်စက်သောစိတ်ဖြင့် နေသူသည် လည်းကောင်း၊

-ပျံ့လွင့်ခြင်း၊ နောင်တဖန်ပူပန်ခြင်း နှိပ်စက်သောစိတ်ဖြင့်နေသူသည် လည်းကောင်း၊

-မဝေခွဲနိုင်ခြင်း နှိပ်စက်သောစိတ်ဖြင့် နေသူသည် လည်းကောင်း၊

-ဤသူတို့သည် မပြုသင့်သောအမှုကို ပြု၏၊ ပြုသင့်သောအမှုကို ချွတ်ယွင်းစေ၏၊ ထို့အတွက်ကြောင့် အခြံအရံမှလည်းကောင်း၊ ချမ်းသာမှလည်းကောင်း ဆုတ်ယုတ်ရ၏၊

မက်မောခြင်း ဝိသမလောဘသည်လည်းကောင်း၊ ပျက်စီးစေလိုခြင်းသည် လည်းကောင်း

-လေးလံထိုင်းမှိုင်းခြင်းသည် လည်းကောင်း၊ ပျံ့လွင့်ခြင်း၊ နောင်တဖန်ပူပန်ခြင်းသည် လည်းကောင်း၊ မဝေခွဲနိုင်မှုသည်

လည်းကောင်း၊ ဤတရားတို့သည် စိတ်၏ ညစ်ညူးကြောင်းတည်း ဟု သိ၍ ထိုတရားကိုပယ်စွန့်၏၊ ပယ်ပြီးဖြစ်၏၊

ဤသို့သော အရိယာတပည့်ကိုကြီးသော ပညာရှိသူပြန့်ပြောသော ပညာရှိသူထင်ရှားစွာ မြင်တတ်သောပညာနှင့်ပြည့်စုံသူဟူ၍ ဆိုအပ်၏၊

ဤသည်ကား ပညာနှင့်ပြည့်စုံခြင်းတည်း၊

ဤလောက၌ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်၊ ခဲယဉ်းသဖြင့် ရအပ်သော ဤတရားလေးမျိုးတို့ကို ရ,ရန် ဤအကြောင်းတရားလေးမျိုးတို့ ရှိကြပါ၏၊

ဒါယကာ. . . အရိယာတပည့်သည် လက်ရုံးအားကိုးဆည်းပူး၍ ချွေးဒီးဒီးကျဖြစ်စေကုန်အပ်သော၊ တရားနှင့်ယှဉ်ကုန်သောတရားသဖြင့် ရအပ်ကုန်သော၊ ထကြွလုံ့လဖြင့် ရအပ်ကုန်သောစည်းစိမ်တို့ဖြင့် လျှောက်ပတ်သော အမှုလေးမျိုးတို့ကို ပြုတတ်ကြပါ၏၊

-ထိုသို့အားထုတ်သဖြင့် ရအပ်သောစည်းစိမ်တို့ဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ အမိအဖတို့ကို လည်းကောင်း၊ သားမယားကျေးကျွန်တို့ကို လည်းကောင်း၊ ဆွေမျိုးမိတ်ဆွေတို့ကို လည်းကောင်း ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကိုကောင်းစွာဆောင်၏၊

ဤသည်ကား ထိုအရိယာတပည့်၏ပထမသင့်သော အကြောင်းသို့ရောက်သော ဖြစ်သင့်သောအရာသို့ရောက်သော၊ သင့်သောအကြောင်းအားဖြင့် သုံးသပ်အပ်သောစည်းစိမ်ဖြစ်၏၊

-ထိုသို့အားထုတ်သဖြင့် ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် မီး, ရေ, မင်း, ခိုးသူ, မချစ်မနှစ်သက်အပ်သူ, အမွေခံဆိုးတို့ကြောင့် ဖြစ်ပေါ်တတ်သော ထိုသို့သဘောရှိသော ဘေးရန်တို့ကို ထက်ဝန်းကျင်မှ ပိတ်ဆို့စေပြီးဖြစ်၏၊ မိမိကိုယ်ကို ချမ်းသာအောင်ပြု၏၊

ဤကား ဒုတိယသင့်သောအကြောင်းဖြင့် သုံးဆောင်အပ်သောစည်းစိမ်ဖြစ်၏၊

-ထိုသို့အားထုတ်သဖြင့် ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် ဆွေမျိုးအားပြုအပ်သော ပူဇော်မှု၊ ဧည့်သည်တို့အား ပြုအပ်သောပူဇော်မှု၊ ကွယ်လွန်ပြီးသော ဆွေမျိုးတို့အား ပြုအပ်သောပူဇော်မှု၊ နတ်အားပြုအပ်သော ပူဇော်မှု၊ မင်းအားပြုအပ်သော ပူဇော်မှု ဤပူဇော်မှုငါးမျိုးတို့ကို ပြုအပ်၏၊

-ဤကား တတိယသင့်သောအကြောင်းဖြင့် သုံးဆောင်အပ်သော စည်းစိမ်ဖြစ်၏၊

ထိုသို့အားထုတ်ရသဖြင့် ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် မာန်ယစ်ခြင်း၊ မေ့လျော့ခြင်းမှကြဉ်ကုန်သော သည်းခံခြင်းကောင်းသောအမှု၌ မွေ့လျော်ခြင်း၌တည်ကုန်သော၊ တစ်ယောက်

တည်းသော မိမိကိုယ်ကိုဆုံးမကုန်သော၊ တစ်ခုတည်းသော မိမိ၏ စိတ်ကိုကိလေသာမှငြိမ်းစေကုန်သော၊ တစ်ခုတည်းသော မိမိ၏ စိတ်ကို ကိလေသာတို့မှ ငြိမ်းစေကုန်သောသဘောရှိသော ရဟန်း သူတော်ကောင်းတို့၌ အထက်အထက်ဘုံသို့ သွားကြောင်း ဖြစ်သောနတ်ပြည်၏ အစီးအပွားဖြစ်သော ချမ်းကျိုးရှိသော ကောင်းမြတ်သောအာရုံကိုဖြစ်စေတတ်သော မြတ်သောအလှူ ကို ဖြစ်စေတတ်၏။

ဤကား စတုတ္ထသင့်သောအကြောင်းဖြင့် သုံးဆောင် အပ်သောစည်းစိမ်ဖြစ်၏။

"ဒါယကာ. . . အရိယာတပည့်သည် တရားသဖြင့် ထကြွလုံ့လတို့ဖြင့် ရအပ်သောစည်းစိမ်တို့ဖြင့် လျှောက်ပတ်ကုန် သော ဤလေးမျိုးသောအမှုတို့ကိုပြု၏၊ မည်သည့်ပုဂ္ဂိုလ်ကိုမဆို လျှောက်ပတ်သော အမှုလေးမျိုးတို့ကိုပယ်၍ စည်းစိမ်တို့ကုန် ခမ်းခြင်းသို့ ရောက်ငြားအံ့၊ ဤစည်းစိမ်တို့ကို မသင့်သော အကြောင်းသို့ရောက်သော၊ မလျော်သောအရာသို့ရောက်သော၊ မသင့်သောအကြောင်းဖြင့် သုံးသပ်အပ်သောစည်းစိမ်ဟု ဆိုအပ်၏။

မည်သည်ပုဂ္ဂိုလ်မဆို ဤလျှောက်ပတ်သော အမှုလေး မျိုးတို့ဖြင့် စည်းစိမ်တို့သည် ကုန်ခမ်းခြင်းသို့ ရောက်ကုန်အံ့၊ ဤစည်းစိမ်ကို သင့်သောအကြောင်းသို့ရောက်သော၊ သင့်သော အရာသို့ရောက်သော၊ သင့်သောအကြောင်းဖြင့် သုံးသပ်အပ် သောစည်းစိမ်တို့ယူ၍ ဆိုအပ်ပေ၏။

"ငါသည် စည်းစိမ်တို့ကို သုံးဆောင်ခဲ့ပြီး၊ မိဘတို့ကို လုပ်ကျွေးခဲ့ပြီ၊ သားမယားတို့ကို မွေးမြူခဲ့ပြီ၊ ဘေးရန်တို့ကို လွန်မြောက်ခဲ့ပြီ၊ အထက်နတ်ပြည်၌ ဖြစ်စေတတ်သော အလှူကို ပေးလှူခဲ့ပြီ၊ ထို့ပြင် ငါးမျိုးသောပူဇော်မှုကိုလည်း ပြုခဲ့ပြီ၊ သီလရှိ ကုန်၊ ကိုယ်နှုတ်နှလုံးကိုစောင့်သုံးက ကုန်သောမြတ်သော အကျင့် ကိုကျင့်သုံးသူတို့အား လုပ်ကျွေးခဲ့ပြီ"

အိမ်၌နေသောပညာရှိသူသည် အကြင်အကျိုးငှာ စည်း စိမ်တို့ကို အလိုရှိရာ၏၊ ထိုအကျိုးသည် ငါ့အား အစဉ်ရောက်ပြီး နောင်တဖန် မပူပန်စေတတ်သောအမှုကို ငါသည်ပြုခဲ့ပြီ။

ထိုအခြင်းအရာတို့ကို အဖန်ဖန်အောက်မေ့သော လူ သတ္တဝါသည် အရိယာတို့၏တရား၌တည်၏၊ အရိယာတို့၏ တရား၌တည်သောသူကို ဤဘဝ၌ပင်လျှင် ချီးမွမ်းအပ်ကုန်၏၊ တမလွန်ဘဝဝယ် နတ်ပြည်၌ မွေ့လျော်ရသည်"

ဟူ၍ ဗုဒ္ဓက အကျယ်ဟောပြာပြတော်မူသည်။

**(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ ပတ္တကမ္မဝဂ်၊ ပတ္တကမ္မသုတ်)**

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (ကာမဂုဏ်ခံစားရသူတို့ ချမ်းသာလေးမျိုး)

အခါတစ်ပါး၌ အနာထပိဏ်သူဌေးသည် ဗုဒ္ဓထံသို့ချဉ်းကပ်၍ ရှိခိုးကာ သင့်ရာတစ်နေရာ၌ထိုင်နေသည်၊ ထိုအခါ ဗုဒ္ဓက-

"ဒါယကာ. . . ကာမဂုဏ်ကို ခံစားသောသူသည် ရှိမှုချမ်းသာ၊ သုံးဆောင်မှုချမ်းသာ၊ ကြွေးမြီမရှိမှုချမ်းသာ၊ အပြစ်မရှိမှုချမ်းသာဟူသော အချိန်အခါကိုစွဲ၍ ရအပ်သောချမ်းသာလေးမျိုးတို့ ရှိကြပါ၏၊

"ရှိမှုချမ်းသာဟူသည် အဘယ်နည်း"

"ဤလောက၌ အမျိုးကောင်းသားအား လက်ရုံးအားကိုးပြီး ထကြွလုံ့လရှိကာ တရားသဖြင့်ရအပ်သော စည်းစိမ်တို့သည် ဖြစ်ကုန်၏၊ ထိုအမျိုးသားအား ငါ့အားတရားသဖြင့် ရှာဖွေရအပ်သော စည်းစိမ်ချမ်းသာရှိ၏ ဟု ချမ်းသာမှုကိုရ၏၊ ဝမ်းမြောက်မှုကိုရ၏"

ဤသည်မှာ ရှိမှုချမ်းသာခြင်း ဖြစ်ပါသည်။

"သုံးဆောင်မှုချမ်းသာဟူသည် အဘယ်နည်း"

"ထိုတရားသဖြင့် အားထုတ်၍ရသော စည်းစိမ်ဥစ္စာတို့ သုံးဆောင်ကုန်၏၊ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏၊ ငါသည် ရအပ်သောစည်းစိမ်တို့ကို ငါသည် သုံးဆောင်ရ၏၊ ယင်းတို့ဖြင့် ကောင်းမှုကိုလည်းပြုစု၏ ဟုချမ်းသာမှုကိုရ၏၊ ဝမ်းမြောက်မှုကို ရ၏"

ဤသည်ကား သုံးဆောင်မှုချမ်းသာ ဖြစ်ပါသည်။

"ကြွေးမြီမရှိ ချမ်းသာမှုသည်အဘယ်နည်း"

"ဤလောက၌ အမျိုးကောင်းသားသည် နည်းသည်ဖြစ်စေ၊ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသောကြွေးမြီကိုပေးဆောင်ရန်မရှိ၍ ချမ်းသာမှုကိုရ၏၊ ဝမ်းမြောက်မှုကိုရ၏၊

ဤသည်မှာ ကြွေးမြီမရှိသူ ချမ်းသာဖြစ်ပါသည်။

"အပြစ်မရှိမှုချမ်းသာဟူသည်အဘယ်နည်း"

"ဤလောက၌ အရိယာတပည့်သည် အပြစ်မရှိသော ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့်ပြည့်စုံ၏၊ ထိုသူသည် ငါသည် အပြစ်မရှိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုနှင့် ပြည့်စုံ၏ ဟုချမ်းသာမှုကို ရ၏၊ ဝမ်းမြောက်မှုကို ရ၏"

ဤသည်မှာ အပြစ်မရှိသောချမ်းသာမှု ဖြစ်ပါသည်။

သတ္တဝါသည် သုံးဆောင်မှုချမ်းသာကို ခံစားလျက်ကြွေးမြီမရှိမှု ချမ်းသာ ထိုမှတစ်ပါး ရှိမှုချမ်းသာကိုလည်းသိ၍ ထိုနောက် ပညာဖြင့် အထူးရှု၏၊

အထူးသဖြင့် ရှုမြင်သော ကောင်းသော ပညာရှိသည် သုံးဆောင်မှုနှစ်မျိုးတို့ကို သိ၏၊ ဤချမ်းသာသုံးမျိုးသည် အပြစ်မရှိမှုချမ်းသာ၏ တစ်ဆယ့်ခြောက်စိတ်တစ်စိတ်ကိုမျှ မမှီနိုင်ဖြစ်ပေတည်း ဟု ဗုဒ္ဓက ဟောကြားတော်မူသည်။

(အင်္ဂုတ္တိုရ်- စတုက္ကနိပါတ်- ပတ္တကမ္မဝဂ်- အာနဏျသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး
## (ပယ်ရမည့်တရားငါးပါးနှင့် သုဂတိရောက်ရသည့်အကြောင်း)

ဗုဒ္ဓသည် မိမိထံရောက်လာသော အနာထပိဏ်သူဌေးကြီးကို ဤသို့ လမ်းညွှန်ဟောကြားပေးခဲ့ပါသည်-

"ဒါယကာ. . . ဘေးရန်ငါးမျိုးတို့ကို မပယ်သောကြောင့် သီလမရှိသူဟု ဆိုအပ်ပြီး ငရဲဘုံသို့လည်း ကျရောက်တတ်ရ၏။

ငါးပါးဟူသည်-သူ၏အသက်ကိုသတ်ခြင်း
-မပေးသည်ကိုယူခြင်း
-ကာမဂုဏ်တို့၌မှားယွင်းစွာကျင့်ခြင်း
-မဟုတ်မမှန်ပြောဆိုခြင်း
-မူးယစ်သောက်စားခြင်း

တို့ဖြစ်သည်။ ဤဘေးရန်ငါးမျိုးကို မပယ်က သီလမရှိသူဟု ဆိုအပ်ပြီး ငရဲသို့ပင် ကျရောက်တတ်၏၊

ဤဘေးရန်ငါးမျိုးကို ပယ်သောကြောင့် သီလရှိသူဟု ဆိုအပ်ပြီး ကောင်းသောလားရာသုဂတိသို့ ရောက်တတ်ပါ၏၊

"ဒါယကာ. . . သူ့အသက်သတ်ခြင်း ဟူသော အကြောင်းကြောင့် မျက်မှောက်ဘဝ၌ ဘေးရန်ပွားစီး၏၊ တမလွန် ဘေးရန်လည်းပွားစီး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်းနှလုံး မသာယာခြင်းကို ခံစားရ၏၊

ရှောင်ကြဉ်သောသူအား မျက်မှောက်ဘေးရန်မရှိ၊ တမလွန်မရှိ၊ စိတ်၌ဖြစ်သော နှလုံးမသာယာခြင်း၊ ဆင်းရဲခြင်း မခံစားရပါ၊ ထိုဘေးရန်တို့သည် ငြိမ်းပါ၏၊

ဤဘေးရန်ငါးပါးကို ပယ်သူသည် သီလရှိသူဖြစ်၍ ယခုဘဝ၌လည်း ချမ်းသာ၏၊ တမလွန်ဘဝ၌လည်း သုဂတိရောက်ရ၏"

(အင်္ဂုတ္တိုရ်၊ စတုတ္ထပဏ္ဏာသက၊ ဝေရသုတ်)

ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

(စိတ်ကိုမှီတွယ်၍ ယခုဘဝ ချမ်းသာစွာနေရမှု)

အနာထပိဏ်သူဌေးသည် မိမိ၏ဥပါသကာငါးရာ ခြံရံလျက် ဗုဒ္ဓထံသို့ချဉ်းကပ်ရောက်လာပြီး ရှိခိုးကာ တစ်နေရာ၌ထိုင်ကြသည်။

ထိုအခါ ဗုဒ္ဓက ရှင်သာရိပုတ္တရာကို ဤသို့မိန့်ကြားတော်မူသည်။

"သာရိပုတ္တရာ. . . ဤသာသနာတော်၌ အရိယာ၏တပည့်သည်-

-သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊

-မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊

-ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊

-မဟုတ်မမှန်၊ မှားယွင်းစွာပြောဆိုခြင်းမှရှောင်ကြဉ်၏၊

-မေ့လျော့အကြောင်းဖြစ်သော သေရည်သောက်ခြင်းမှ ရှောင်ကြဉ်၏၊

ဤသိက္ခာပုဒ်ငါးမျိုးကိုစောင့်ရှောက် သာရိပုတ္တရာ ဤသာသနာ၌ အရိယာ၏တပည့်သည် စိတ်၌မှီကုန်သော ယခုဘဝ၌ ချမ်းသာစွာ နေရခြင်းလေးမျိုးတို့ကို အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းဘဲရအောင်အတွက်-

အရဟံအစ၊ ဘဂဝါအဆုံးရှိသော ဂုဏ်နှင့်ပြည့်စုံသော ဘုရား၌ ယုံကြည်၏၊ဤသည်မှာ စင်ကြယ်သောစိတ်ကို စင်ကြယ်စေ၍ မဖြူစင်သောစိတ်ကို ဖြူစင်စေ၍ လွှန်မွှန်မြတ်သောစိတ်၌ မှီသော ယခုဘဝ၌ ချမ်းသာစွာနေရခြင်းသည် ပထမရမှုဖြစ်၏၊

သန္ဒိဋ္ဌိကစသော တရားဂုဏ်တော်ခြောက်ပါး၌ ယုံကြည်၏၊ ဤသည်မှာ စင်ကြယ်သောစိတ်ကို စင်ကြယ်စေ၍ မတောက်ပသေးသောစိတ်ကို တောက်ပစေရန် လွှန်မွှန်မြတ်သော စိတ်၌ မှီသော ယခုဘဝ၌ ချမ်းသာစွာနေရခြင်း ဒုတိယရမှုဖြစ်သည်။

သုပ္ပဋိပန္နစသော ဂုဏ်တော်(၉)ပါးနှင့် ပြည့်စုံသော သံဃာတော်၌ ယုံကြည်၏၊ ဤသည်မှာ မစင်ကြယ်သောစိတ်ကို စင်ကြယ်စေ၍ မဖြူစင်သောစိတ်ကို ဖြူစင်စေရန်၊ မွှန်မြတ်သော စိတ်၌မှီသော ယခုဘဝ၌ ချမ်းသာစွာနေရခြင်း တတိယရမှု ဖြစ်၏၊

မကျိုးမပေါက်၊ မပြောက်မကျားကုန်သော၊ တဏှာကျွန်အဖြစ်မှထွက်ကုန်သော၊ ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်သော၊ မှားသောအားဖြင့် မသုံးသပ်ကုန်သော၊ သမာဓိကိုဖြစ်စေတတ်ကုန်သောအရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံကုန်၏၊

ဤသည်ကား အရိယာတပည့်အား မစင်ကြယ်သေးသောစိတ်ကို စင်ကြယ်စေရန် မဖြူစင်သေးသောစိတ်ကို ဖြူစင်

စေရန်၊ လွန်မွန်မြတ်သောစိတ်၌ မှီသောယခုဘဝ၌ ချမ်းသာစွာ နေရခြင်း၏ စတုတ္ထရခြင်းဖြစ်၏၊

ဤမွန်မြတ်သောစိတ်၌မှီကုန်သော ယခုဘဝ၌ ချမ်းသာ စွာနေရခြင်းလေးပါးတို့ကိုအလိုရှိတိုင်း မငြိုမငြင် မပင်ပန်းဘဲရ၏။

သာရိပုတ္တရာ. . . ဤသိက္ခာပုဒ်ငါးမျိုးတို့၌ စောင့်ရှောက်မှုရှိ၍ လွန်မွန်မြတ်သော စိတ်၌မှီကုန်သော ယခုဘဝ၌ ချမ်းသာစွာနေရခြင်းလေးပါးတို့ကို အလိုရှိတိုင်းမငြိုမငြင် မပင်ပန်းဘဲ ရသောအဝတ်ဖြူဝတ်သူ လူတစ်စုံတစ်ယောက်ကို သိကုန်ရာ၏၊

ထိုသူသည် ပြောကြားလိုခဲ့သော် ငါသည် ငရဲ၌ဖြစ်မှု၊ တိရစ္ဆာန်၌ဖြစ်မှု၊ ပြိတ္တာ၌ဖြစ်မှု၊ အပါယ်ဒုဂ္ဂတိသို့ကျရောက်မှု ကုန်ဆုံးပြီး ငါသည်သောတာပန်ဖြစ်၏၊ ပျက်စီး၍ ကျရောက်ခြင်း သဘောမရှိ ဝတိမြဲ၏၊ အထက်မဂ်သာလျှင် လဲလျောင်းရာမှီခိုရာ ရှိ၏ ဟု မိမိကိုယ်ကိုမိမိသည်ပင် ပြောကြားရာ၏"

ဟုဗုဒ္ဓက မိန့်ကြားသည်။

"ပညာရှိသည် ငရဲဘေးကိုမြင်၍ မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏၊ အရိယာတို့၏ တရားငါးပါးသီလတို့ ဆောက်တည်၍ မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏၊

သီလဆောက်တည်မည်ဟူသော လုံ့လထင်ရှားခဲ့သော် သက်ရှိသတ္တဝါတို့ကို မညှင်းဆဲရာ၊ သိလျက် မဟုတ်မမှန်သော စကားကိုမပြောကြားရာ၊ မပေးသည်ကိုလည်း မသုံးရာ၊ အရိယာ တပည့်သည် မိမိ၏မယား၊ လင်ဖြင့်သာ ရောင့်ရဲရာ၏၊ သူတစ်ပါး

မယားး၊ လင်ကိုဝေးစွာရှောင်ရာ၏၊မဟုတ်မမှန်သောစကားကို မဆိုရာ၊ စိတ်ကိုတွေဝေစေသော သုရာမေရယငါးပါးကို မသောက်ရာ"

"မြတ်စွာဘုရားကို အဖန်တလဲလဲအောက်မေ့၏၊ တရားတော်ကို အဖန်တလဲလဲကြံစည်ရာ၏၊ ဆင်းရဲမှုမရှိသည်သာလျှင်ဖြစ်သော ပြဟ္မစိုရ်တရားလေးပါးနှင့်ယှဉ်သောစိတ်ကို ပြဟ္မာဘုံအကျိုးငှာ ပွားများရာ၏"

"လှူဖွယ်ဝတ္ထုထင်ရှားရှိလတ်သော် ကောင်းမှုကိုအလိုရှိ၍ ရှာမှီးသူသည် သူတော်ကောင်းတို့၌ ရှေးဦးပေးလှူအပ်သော အလှူသည် ပြန့်ပြော၏"

"သာရိပုတ္တရာ. . . သူတော်ကောင်းတို့ကို စင်စစ်ငါဟောကြားပေအံ့၊ ငါ၏စကားကို ကောင်းစွာနာယူပါလော့၊ အဆင်းတူဖြစ်သည့် နွားနက်၊ နွားဖြူ နွားနီ၊ နွားပြာ၊ နွားစိမ်း၊ နွားကျား၊ ခိုပြာ ရောင်နွားတို့တွင် ရှေ့ဆောင်နွားသည် ယဉ်ကျေး၏၊ ဝန်ကိုဆောင်နိုင်၏၊ ခွန်အားနှင့်ပြည့်စုံ၏၊ ဖြောင့်မတ်လျင်မြန်စွာသွား၏၊ ထိုနွားလားကိုသာလျှင် ဝန်ဆောင်ခိုင်းကုန်၏၊ ထိုနွားလား၏ အဆင်းကိုမူကား မစူးစမ်းမဆင်ခြင်ကုန်၊

ဤအတူသာလျှင် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ ဆင်းရဲမျိုး၊ ဒွန်းစဏ္ဍားမျိုး၊ ပန်းမှိုက်သွင်းမျိုးဟူသော မည်သည့်အမျိုးအနွယ်မဆိုဖြစ်သောလူတို့တွင် အကြင်သူသည် ယဉ်ကျေး၏၊ကောင်းသောအကျင့်ရှိ၏၊ တရား၌တည်၏၊ သီလနှင့်ပြည့်စုံ၏၊

မှန်သောစကားကို ဆိုလေ့ရှိ၏၊ မကောင်းမှုမှ ရှက်စိတ်ရှိ၏၊ ပဋိသန္ဓေနေခြင်း၊ သေခြင်းသဘောကို ပယ်ပြီးဖြစ်၏၊ မြတ်သော အလုံးစုံနှင့်ပြည့်စုံပြီးဖြစ်၏၊ ခန္ဓာဝန်ကို ချထားပြီးဖြစ်၏၊ ဝဋ်ဆင်းရဲ၌မယှဉ်၊ ပြုဘွယ်ကိုလည်း ပြုပြီးဖြစ်၏၊ အာသဝေါတို့၏ အလုံးစုံ သောတရားတို့၏တစ်ဘက်ကမ်းသို့ ရောက်ပြီးဖြစ်၏၊ တဏှာ၊ ဒိဋ္ဌိအားဖြင့် တစ်စုံတစ်ရာအာရုံကိုမစွဲမှု၍ ငြိမ်းအေး၏၊ ကိလေသာမြူကင်းသော လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ထိုရဟန္တာပုဂ္ဂိုလ်၌ ပေးလှူအပ်သောအလှူသည် ပြန့်ပြော၏၊

"မသိ,မလိမ္မာ,ပညာမရှိ၊ အကြားအမြင် နည်းပါးကုန်သော လူမိုက်တို့သည်ကား ဤသာသနာမှအပ၌ အလှူတို့ကို ပေးလှူကုန်၏၊ သူတော်ကောင်းတို့ကို မဆည်းကပ်ကုန်"

"အကြင်သူတို့ကား ပညာရှိတို့ချီးမွမ်းအပ်သော ပညာရှိသူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ကုန်၏၊ ထိုသူတို့၏ သဒ္ဓါတရားသည်ကား မြတ်စွာဘုရား၌ အမြစ်သဖွယ်တည်၏၊

ထိုပညာရှိသည် နတ်ပြည်သို့လားကုန်၏၊ ဤလူ့ပြည်၌မူလည်း အမျိုးမြတ်၌ ဖြစ်ကုန်၏၊ အစဉ်သဖြင့် နိဗ္ဗာန်ရောက်ကုန်၏"

ဟူ၍ ဗုဒ္ဓက ဟောကြားပြသည်။

(အင်္ဂုတ္တိုရ်- စတုက္ကပဏ္ဏာသက- ဥပါသကာဝဂ်- ဂိဟိသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (မယား(၇)မျိုး၏ သဘာဝ)

တစ်နေ့သော နံနက်အချိန် ဘုရားရှင်သည် သပိတ်ကို စွဲယူကာ အနာထပိဏ်သူဌေးအိမ်သို့ ကြွရောက်၍ ခင်းထားသော နေရာ၌ထိုင်နေသည်။ အနားသို့ရောက်လာသော အနာထပိဏ် သူဌေးကို ဗုဒ္ဓက-

"ဒါယကာ. . . သင့်အိမ်၌ ငါးကို လုယက်နေသော တံငါတို့ကဲ့သို့ ပြင်းပြကျယ်လောင်သော အသံ အဘယ်ကြောင့် ဖြစ်နေပါသနည်း"

ဟုမေးသည်။

"မြတ်စွာဘုရား. . . သုဇာတအမည်ရှိသော ချွေးမကို ကြွယ်ဝချမ်းသာသောအမျိုးမှ သယ်ဆောင်ယူလာပါ၏၊ ထိုချွေးမ သည် ယောက္ခမ မိဘတို့ကို ယောက္ခမိဘဟူ၍ အသိအမှတ်မပြု၊ လင်ကိုလည်းလင်ဟူ၍ အသိအမှတ်မပြု၊ ဘုရားရှင်ကိုလည်း အလေးအမြတ်မပြု၊ မပူဇော်၊ မမြတ်နိုးပါဘုရား"

ဟုလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က သုဇာတအမျိုးသမီးကို ခေါ်စေရာ သုဇာတအမျိုးသမီးသည် ဘုရားထံသို့ရောက်လာပြီး ရှိခိုးကာ တစ်နေရာ၌ ထိုင်သည်။

"သုဇာတ. . . လင်ယောကျ်ားၓ် မယားတို့သည် ခုနှစ်မျိုး ရှိပေ၏၊ သူသတ်နှင့်တူသောမယား၊ အရှင်နှင့်တူသောမယား၊ အမိနှင့်တူသောမယား၊ နှမနှင့်တူသောမယား၊ ကျွန်မနှင့်တူသော မယား တို့ဖြစ်ကြ၏၊

သင်သုဇာတာသည် ဤမယားခုနှစ်မျိုးတို့တွင် အဘယ် မယားမျိုးနည်း"

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် အကျဉ်းအားဖြင့် ဟောကြားအပ်သော ဤစကားအနက်အဓိပ္ပာယ်ကို အကျယ် အားဖြင့် တပည့်တော် မသိနိုင်ပါဘုရား၊ အရှင်ဘုရား တောင်းပန် ပါ၏၊ ဤမယားခုနှစ်မျိုးကို အကျယ်သိအောင် ဟောပြပေးတော် မူပါဘုရား"

"သုဇာတာ. . . ထိုသို့ဖြစ်လျှင် နှလုံးသွင်းနာယူလော့"

"အရှင်ဘုရား. . . ကောင်းပါပြီ"

"အကြင်မယားသည် အမျက်ဖျက်ဆီးအပ်သော စိတ်ရှိ သည်ဖြစ်၍ အစီးအပွားကို အစဉ်စောင့်ရှောက်လေ့မရှိဘဲ မိမိ လင်မှတစ်ပါး အခြားယောကျ်ားတို့၌ တပ်မက်မောလျက် မိမိ လင်ကို မရှိမသေ မထီမဲ့မြင်အောက်မေ့၏၊ ဉစ္စာဖြင့် ဝယ်သူကို သတ်ရန် အားထုတ်သကဲ့သို့ အားထုတ်တတ်၏။ ဤသို့သဘော ရှိသောမယားသည် သူသတ်နှင့်တူသောမယားဖြစ်ပါ၏"

"အကြင်မယားသည် မိမိအရှင်သခင်လင်သည် အတတ်ပညာဖြင့်လည်းကောင်း၊ ကုန်သွယ်မှုဖြင့်လည်းကောင်း၊ လယ်လုပ်ခြင်းဖြင့်လည်းကောင်း၊ ရအပ်သော ဥစ္စာပစ္စည်းများအနက် အနည်းငယ်သောဥစ္စာကိုလည်း အပြင်သို့ဆောင်ယူခြင်းငှာ အလိုရှိ၏။ ဤသို့သဘောရှိသောမယားတို့သည် ခိုးသူမနှင့်တူသော မယားဖြစ်ပါ၏"

"အကြင်မယားသည် အလုပ်အကိုင်လုပ်ရန် အလိုမရှိ၊ ပျင်းရိ၏၊ အစားကြီး၏၊ စိတ်လည်း ကြမ်းတမ်း၏၊ ကိုယ်အမူအရာလည်း ကြမ်းတမ်း၏၊ ကြမ်းတမ်းသောစကားကိုလည်း ဆိုတတ်၏၊ လုံ့လဝီရိယရှိသောလင်ကိုလည်း နှိပ်စက်လွှမ်းမိုး၍ ကျင့်တတ်၏။ ဤသို့သဘောရှိသော မယားသည် အရှင်သခင်မနှင့်တူသောမယားဖြစ်ပါ၏"

"အကြင်မယားသည် အခါခပ်သိမ်း အစီးအပွားကို အစဉ် စောင့်ရှောက်လေ့ရှိ၏၊ အမိသည် သားကို အစဉ်စောင့်ရှောက်သကဲ့သို့ လင်ကို အစဉ်စောင့်ရှောက်၏၊ လင်ရှာဖွေထားသော ဥစ္စာပစ္စည်းကိုလည်း စောင့်ရှောက်တတ်၏။ ဤသို့သဘောရှိသောမယားသည် အမိနှင့်တူသော မယားဖြစ်ပါသည်"

"အကြင်မယားသည် အစ်မကြီးနှမငယ်သည် မောင်, အစ်ကိုတို့၌ ရိုသေသကဲ့သို့ မိမိလင်ကို မောင်,အစ်ကိုတို့ကဲ့သို့ ရိုသေ၏၊ အရှက်နှင့်ယှဉ်သောစိတ်ရှိ၏၊ လင်၏အလိုသို့ လိုက်

တတ်၏။ ဤသို့သဘောရှိသောမယားသည် နှမနှင့်တူသော မယားဖြစ်ပါ၏”

“အကြင်မယားသည် ဤလောက၌ အဆွေခင်ပွန်းသည် ကြာမြင့်မှ ရောက်လာသောအဆွေခင်ပွန်းကိုမြင်၍ လွန်စွာဝမ်းမြောက်သကဲ့သို့ လင်ကိုမြင်၍ လွန်စွာ ဝမ်းမြောက်၏၊ အမျိုးနှင့်ပြည့်စုံ၏၊ လင်အပေါ်၌ ရိုသေစွာ ကျင့်တတ်၏၊ ဤသို့သဘောရှိသောမယားသည် အဆွေခင်ပွန်းနှင့်တူသောမယားဖြစ်ပါသည်။

“အကြင်မယားသည် လင်က တုတ်၊ လှံတံကို ကိုင်၍ သတ်ပုတ်ခြင်းဖြင့် ခြိမ်းခြောက်အပ်သော်လည်း အမျက်ထွက်ခြင်းမရှိ၊ ထိတ်လန့်ခြင်းမရှိ၊ ဒေါသဖြင့် မပြစ်မှားသောစိတ်ရှိ၏၊ လင်ကိုသည်းခံတတ်၏၊ အမျက်ထွက်ခြင်းမရှိ၊ လင်၏အလိုသို့ လိုက်တတ်၏၊ ဤသို့သဘောရှိသော မယားသည် ကျွန်မနှင့် တူသောမယား ဖြစ်ပါသည်”

“ဤလောက၌ သူသတ်နှင့်တူသောမယား၊ အရှင်နှင့်တူသောမယားတို့သည် သီလမရှိသောသဘောရှိ၏၊ ကြမ်းကြုတ်သောသဘောရှိ၏၊ လင်ကိုရိုသေခြင်းမရှိ၊ ထိုမယားမျိုးတို့သည် စုတေသော်ငရဲသို့ လားရတတ်ကုန်၏”

ဤလောက၌ အမိနှင့်တူသောမယား၊ အဆွေခင်ပွန်းနှင့်တူသောမယား၊ ကျွန်မနှင့်တူသောမယားတို့သည် သီလ၌တည်သောသဘောရှိ၏၊ ကြာမြင့်စွာသော ကာလပတ်လုံး စောင့်စည်း

တတ်၏၊ ထိုမယားမျိုးတို့သေသော် ကောင်းရာသုဂတိနတ်ပြည်သို့ ရောက်တတ်၏"

"သုဇာတာ. . . . မယားတို့သည် ဤခုနှစ်မျိုးတည်း၊ သင်သည် အဘယ်မယားမျိုး၌ ပါဝင်သနည်း"

"မြတ်စွာဘုရား. . . တပည့်တော်မကို ယနေ့မှစ၍ ကျွန်မနှင့်တူသော မယားဟူ၍ မှတ်တော်မူပါဘုရား" ဟု လျှောက်ထားလေသည်။

ဗုဒ္ဓသည် ဤသို့လျှင် ယောကျ်ားတို့၌ရှိသော မယား၊ အမျိုးအစား လူမှုရေးပြဿနာများကို ရှင်းလင်းဟောကြား ဖြေရှင်းပေးတော်မူလေသည်။

(အင်္ဂုတ္တိုရ်၊ အဗျာကတဝဂ်၊ ဘရိယသုတ်)

ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

(ပစ္စုပ္ပန်-တမလွန်ဘဝ ငြိမ်းအေးနိုင်မှု)

အခါတစ်ပါး၌ အနာထပိဏ်သူဌေးကြီးသည် ဗုဒ္ဓထံသို့ သွားရောက်ရှိခိုးကာ တစ်နေရာ၌ ထိုင်နေသည်။ ထိုအခါ ဗုဒ္ဓက-

"ဒါယကာ. . . အကြင်အခါ၌ အရိယာ၏တပည့်အား ဘေးရန်ငါးမျိုးတို့သည် ငြိမ်းအေးကုန်၏၊ သောတာပတ္တိမဂ်အင်္ဂါ လေးမျိုးတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအခါ ထိုအရိယာတပည့်သည် ပြောဆိုခြင်းငှာ အလိုရှိပါက ငါသည် ငရဲကုန်ပြီးသူ၊ တိရစ္ဆာန်ဘဝ ကုန်ပြီးသူ၊ ပြိတ္တာဘဝကုန်ပြီးသူ၊ ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိကုန် ပြီးသူ ဖြစ်၏၊ ငါသည်သောတာပန်ဖြစ်၏၊ ဖရိုဖရဲကျခြင်းသဘော မရှိ၊ မြစ်အထက်မဂ်ဉာဏ်လျှင်လည်း လျောင်းရာရှိ၏"

ဟုမိမိသည်ပင် မိမိကိုယ်ကို ပြောဆိုနိုင်၏။

ဒါယကာ. . . ဘေးရန်ငါးမျိုးငြိမ်းခြင်းဟူသည် သူ့အသက်သတ်သူ၊ သူတစ်ပါးဥစ္စာကိုယူသူ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်သူ၊ မဟုတ်မမှန်ပြောဆိုသူ၊ သေရည်သေရက် သောက်သူ ဤငါးမျိုးတစ်မျိုးမျိုးပြုလုပ်သောသူသည် ပြုလုပ်ခြင်း ဟူသောအကြောင်းကြောင့် မျက်မှောက်ဘဝ၌လည်း ဘေးရန် များ၏၊ တမလွန်ဘဝ၌ဖြစ်သော ဘေးရန်လည်းပွား၏၊ စိတ်၌ ဖြစ်သောဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကို ခံစားရ၍ ဘေးရန် မငြိမ်းအေးပါ။

ထိုရန်ငါးမျိုးမှ ရှောင်ကြဉ်သောသူသည် ရှောင်ကြဉ်မှု ဟူသောအကြောင်းကြောင့် မျက်မှောက်ဘဝ၌လည်း ဘေးရန်မရှိ၊ တမလွန်ဘဝ၌လည်း ဘေးရန်မရှိ၊ စိတ်ဆင်းရဲနှလုံး မသာယာခြင်းမခံစားရပါ၍ ဘေးရန်မှာ ငြိမ်းအေးပါသည်။

ဒါယကာ. . . သောတာပတ္တိမဂ်အင်္ဂါလေးပါးနှင့် ပြည့်စုံမှုဟူသည် ဤသာသနာတော်၌ အရိယာ၏တပည့်သည်-

-အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသောဘုရား၌ ယုံကြည်၏၊

-သန္ဒိဋ္ဌိကအစ ပစ္စတ္တံဝေဒိတဗ္ဗောအဆုံးရှိသော တရားဂုဏ်တော်ခြောက်ပါး၌ ယုံကြည်၏၊

-သုပ္ပဋိပန္နအစ ပုညခေတ္တံအနုတ္တရံအဆုံးရှိသော သံဃာဂုဏ်ကိုးပါး၌ ယုံကြည်၏၊

-မကျိုးမပေါက် မပြောက်မကျားကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သောပညာရှိတို့ ချီးမွမ်းအပ်ကုန်သော များသောအားဖြင့် မသုံးသပ်အပ်သော တည်ကြည်မှု(သမာဓိ)ကို ဖြစ်စေတတ်သော ထိုအရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့်ပြည့်စုံ၏၊

ဤသောတာပတ္တိအင်္ဂါလေးပါးနှင့်ပြည့်စုံသော အရိယာတပည့်သည် အပါယ်လေးပါးမှငြိမ်းအေးကုန်၏ ဟု ပြောဆိုနိုင်ရာ၏။

(အင်္ဂုတ္တိုရ်၊ ပထမပဏ္ဏာသက၊ သတ္တဝါသဝဂ်၊ ပထမဝေရသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (ကာမဂုဏ်ခံစားသူအမျိုးအစားများ)

တစ်နေ့သောအခါ အနာထပိဏ်သူဌေးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ရှိခိုးကာတစ်နေရာ၌ ထိုင်နေသည်၊ ထိုအခါ ဗုဒ္ဓက-

"ဒါယကာ. . . ဤကာမဂုဏ်ဆယ်ပါး ခံစားသူ(၁၀)မျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏၊ အဘယ်တို့နည်း"

(၁) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ၊ သူတစ်ပါးတို့ကို မဝေဖန်၊ ကောင်းမှုတို့ကိုမပြု။

(၂) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ သူတစ်ပါးတို့ကို မပြု။

(၃) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ သူတစ်ပါးတို့ကိုဝေဖန်၏၊ ကောင်းမှုတို့ကိုပြု၏။

(၄) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက်ပြု၍လည်းကောင်း၊ အနိုင်အထက် မပြု၍လည်းကောင်း စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိ ကိုယ်ကိုမချမ်းသာစေ၊ မနှစ်သိမ့်စေ၊ သူတစ်ပါးကို မဝေဖန်၊ ကောင်းမှုတို့ကိုမပြု။

(၅) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရား-မတရားသဖြင့် အနိုင်အထက်ပြု၍လည်းကောင်း မပြုမူ၍ လည်းကောင်း စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ သူတစ်ပါးတို့ကိုမဝေဖန်၊ ကောင်း မှုတို့ကိုမပြု။

(၆) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရား-မတရားသဖြင့် အနိုင်အထက်ပြုလည်းကောင်း၊ မပြုမူ၍ လည်းကောင်း စည်းစိမ်တို့ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိကိုယ် ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ သူတစ်ပါးတို့ကို ဝေဖန်၏၊ ကောင်းမှုတို့ကိုပြု၏။

(၇) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာ ပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ၊ သူတစ်ပါးတို့ ကိုမဝေဖန်၊ ကောင်းမှုတို့ကိုမပြု။

(၈) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ သူတစ်ပါးတို့ကိုမဝေဖန်၊ ကောင်းမှုတို့ကိုမပြု။

(၉) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက်ပြုမူ၍ စည်းစိမ်ကိုရှာ၏၊ ထိုသို့ရှာပြီးနောက် မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ သူတစ်ပါးတို့ကိုဝေဖန်၏၊ ကောင်းမှုတို့ကိုပြု၏၊ ထိုစည်းစိမ်တို့ကို တပ်မက်၍ မိန်းမောလျက် လွှမ်းမိုးဝင်ရောက်၍ အပြစ်ကိုရှုလေ့မရှိသည့် အပြင်ဝင်္ဆင်းရဲမှ ထွက်မြောက်နိုင်သော ဉာဏ်မရှိ ဟူ၍ သုံးဆောင်၏။

(၁၀) ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်တို့ကိုရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ သူတစ်ပါးတို့ကို ဝေဖန်၏၊ ကောင်းမှုတို့ကိုပြု၏၊ အပြစ်ကိုရှုလေ့ရှိကာ ထွက်မြောက်နိုင်သောဉာဏ်ရှိ၍ သုံးဆောင်၏။

ဒါယကာ. . . ဤ(၁၀)မျိုးတို့တွင် ဤပထမကာမဂုဏ်ခံစားသူကို တရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏ ဟူသော ပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။

-မိမိကိုယ်ကိုမချမ်းသာစေ၊ မနှစ်သိမ့်စေ-ဟူသော ဤဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မဝေဖန်မကောင်းမှုတို့ကိုမပြု ဟူသော တတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊ ဤပထမကာမဂုဏ်ခံစားသူကို ဤအကြောင်း(၃)မျိုးဖြင့် ကဲ့ရဲ့ထိုက်၏၊

ဒါယကာ. . . ဤ(၁၀)မျိုးတွင် ဒုတိယကာမဂုဏ်ခံစားသူကို-

-မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏၊ ဟူသော ပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏ ဟူသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မဝေဖန်၊ ကောင်းမှုတို့ကိုမပြု ဟူသော ဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

ဤဒုတိယကာမဂုဏ်ခံစားသူကို ဤနှစ်ပါးသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏၊ တစ်ပါးသောအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

ဒါယကာ. . . ဤ(၁၀)မျိုးတို့တွင် တတိယအမျိုးအစားကာမဂုဏ်ခံစားသူကို-

-မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏-ဟူသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏ ဟူသော ပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-ဝေဖန်၏၊ ကောင်းမှုကိုပြု၏ ဟူသော ဒုတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ ဤတတိယကာမဂုဏ်ခံစားသူကို ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊ နှစ်ခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

ဒါယကာ. . . ဤ(၁၀)မျိုးတွင် စတုတ္ထအမျိုးအစား ကာမဂုဏ်ခံစားသူကို-

-တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်ကိုရှာ၏၊ ဟူသော ဤတစ်ခုသောအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏၊ ဟူသော ဤပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မိမိကိုယ်ကိုမချမ်းသာစေ၊ မနှစ်သိမ့်စေ ဟူသော ဤ ဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မဝေဖန်၊ ကောင်းမှုကိုမပြု ဟူသော ဤတတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-ဤစတုတ္ထကာမဂုဏ်ခံစားသူကို တစ်ခုသော အကြောင်းဖြင့်ချီးမွမ်းထိုက်၏၊ သုံးခုသော အကြောင်းဖြင့် ကဲ့ရဲ့ ထိုက်၏။

ဒါယကာ. . . ဤ(၁၀)မျိုးတို့တွင် ပဌမကာမဂုဏ် ခံစားသူကို တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်ကိုရှာ၏ ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်ကိုရှာ၏ ဟူသော ဤပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သက်စေ၏ ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မဝေဖန်ကောင်းမှုတို့ကိုမပြု ဟူသော ဤဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊ ဤပဌမကာမဂုဏ်ခံစားသူကို နှစ်ခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ နှစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

ဒါယကာ. . . ဤ(၁၀)မျိုးတွင် ဆဋ္ဌမကာမဂုဏ်ခံစားသူကို-

-မတရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏ ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏ ဟူသော ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏ ဟူသော ဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-ဝေဖန်၏၊ ကာမဂုဏ်တို့ကိုပြု၏ ဟူသောတတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏။

-ဤဆဋ္ဌမကာမဂုဏ်ခံစားသူကို သုံးခုသော အကြောင်း ဖြင့် ချီးမွမ်းထိုက်၏၊ ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

ဒါယကာ. . . ဤ(၁၀)မျိုးတို့၌ သတ္တမကာမဂုဏ် ခံစား သူကို တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်တို့ကိုရှာ၏ ဟူသော ဤတစ်ခုသောအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ ဟူသော ဤ ပထမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-မဝေဖန်၊ ကောင်းမှုတို့ကိုမပြု ဟူသော ဤဒုတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

ဤသတ္တမကာမဂုဏ်ခံစားသူကို နှစ်ခုသောအကြောင်း တို့ဖြင့် ချီးမွမ်းထိုက်၏၊ ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက် ၏။

ဒါယကာ. . ဤ(၁၀)မျိုးတွင် အဋ္ဌမကာမဂုဏ်ခံစားသူကို-

-တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏ ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏ ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မဝေဖန် ကောင်းမှုတို့ကိုမပြု ဟူသော ဤတစ်ခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

-ဤအဋ္ဌမကာမဂုဏ်ခံစားသူကို နှစ်ခုသောအကြောင်း

ကိုချီးမွမ်းထိုက်၏၊ ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

ဒါယကာ. . . ဤ(၁၀)မျိုးတို့တွင် နဝမကာမဂုဏ်ခံစားသူကို-

-တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်ကိုရှာ၏- ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏ ဟူသော ဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-ဝေဖန်၏၊ ကောင်းမှုတို့ကိုပြု၏ ဟူသော ဤတတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-ထိုစည်းစိမ်တို့ကိုတပ်မက်၍ မိန်းမောလျက် လွှမ်းမိုးဝင်ရောက်၍ အပြစ်ကိုရှုလေ့မရှိသည့်အပြင် ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်သော ဉာဏ်မရှိမူ၍သုံးဆောင်၏ ဟူသော ဤတစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုင်၏၊

ဤနဝမကာမဂုဏ်ခံစားသူကို သုံးခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ တစ်ခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊

ဒါယကာ . . . ဤ(၁၀)မျိုးတို့တွင် ဒသမကာမဂုဏ်ခံစားသူကို-

-တရားသဖြင့်အနိုင်အထက်မပြုမူ၍ စည်းစိမ်တို့ကိုရှာ၏ဟူသော ဤပထမအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-မိမိကိုယ်ကိုချမ်းသာစေ၏၊ နှစ်သိမ့်စေ၏ ဟူသောဤဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-ဝေဖန်၏၊ ကောင်းမှုတို့ကိုပြု၏ ဟူသော တတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

-ထိုစည်းစိမ်တို့ကို မတပ်မက် မမိန်းမောသော လွှမ်းမိုး၍ မဝင်ရောက်ဘဲ အပြစ်ကိုရှုလေ့ရှိသည့်အပြင် ဝဋ်ဆင်းရဲမှထွက် မြောက်နိုင်သောဉာဏ်ရှိသည်ဖြစ်၍ သုံးဆောင်၏ ဟူသော စတုတ္ထအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊

ဤဒသမကာမဂုဏ်ခံစားသူကို လေးခုသော အကြောင်း တို့ဖြင့် ချီးမွမ်းထိုက်၏၊

ဒါယကာ. . . ကာမဂုဏ်ခံစားသူ(၁၀)မျိုးတို့သည် ဤ လောက၌ ထင်ရှားရှိကုန်၏၊

ဒါယကာ. . . နွားမမှ နို့ရည်၊ နို့ရည်၊ နို့ဓမ်း၊ နို့ဓမ်းမှ ဆီဥ၊ ဆီဥမှထောပတ်၊ ထောပတ်မှထောပတ်ကြည် ထိုအရာတို့ တွင် ထိုထောပတ်ကြည်ကို အမြတ်ဆုံးဆိုသကဲ့သို့ ကာမဂုဏ် ခံစားသူ(၁၀)မျိုးတွင် ဒသမအမျိုးအစားခံစားသူသည် မြတ်လည်း မြတ်၏၊ ချီးမွမ်းလည်းချီးမွမ်းထိုက်၏၊ အကြီးမှူးလည်းဖြစ်၏၊ သာလွန်လည်းသာလွန်၏၊ တောင့်တလည်း တောင့်တထိုက်၏၊ ဟူ၍ ဗုဒ္ဓက ဟောကြားပြတော်မူသည်။

(အင်္ဂုတ္တိုရ်၊ ဒုတိယပဏ္ဏာသက၊ ဥပါလိဝဂ်၊ ကာမဘောဂီသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (ပရိဗိုဇ်တို့၏အယူအဆနှင့်အနာထပိဏ်သူဌေး၏အယူအဆများ)

အခါတစ်ပါး၌ အနာထပိဏ်သူဌေးသည် နေမွန်းတည့်အချိန်အခါ၌ ဘုရားကိုဖူးမြော်ရန် သာဝတ္ထိအိမ်မှထွက်ခဲ့သည်။

"ဤအချိန်သည် ဘုရားရှင်အား ဖူးမြော်ရန် အခါမဟုတ်သေး၊ တစ်ပါးတည်း ကိန်းအောင်းနေသော အချိန်ဖြစ်သည်၊ ရဟန်းတော်များလည်း တစ်ပါးတည်း ကိန်းအောင်းနေသော အချိန်ဖြစ်သည်၊ ရဟန်းတို့ထံသွားရန်လည်း မသင့်သေး၊ ငါသည် သာသနာမှအပဖြစ်သော ပရိဗိုဇ်တို့၏အရပ်သို့ ချဉ်းကပ်သွားရမူ ကောင်းလေစွ"

ဟု အကြံဖြစ်ကာ ပရိဗိုဇ်အရာမ်သို့သွားလေသည်။

ပရိဗိုဇ်တို့သည် မူလက ဆူညံသောအသံရှိနေကြလျက် အနာထပိဏ်သူဌေးလာသည်ကို မြင်သောအခါ-

"အရှင်တို့. . . နည်းသောအသံရှိကြကုန်လော့၊ အသံကို မထွက်ကြကုန်လင့်၊ ရှင်ဂေါတမ၏တပည့် အနာထပိဏ်သူဌေးသည် အရာမ်သို့လာ၏၊ ရဟန်းဂေါတမ၏ သာဝတ္ထိပြည်နေ အဝတ်ဖြူသူ လူတပည့်တို့တွင် ဤအနာထပိဏ်သူဌေးသည် တစ်ယောက်အပါအဝင်တည်း၊ ထိုအရှင်တို့သည် အသံတိတ်ဆိတ်မှုတို့ကို အလိုရှိကြကုန်၏"

ဟုအကြီးအကဲက ဆိုဆုံးမသောအခါ အချင်းချင်းပြုပြင်၍ အသံတိတ်ဆိတ်နေကြကုန်၏။

အနာထပိဏ်သူဌေးသည် ထိုပရိဗိုဇ်တို့ထံ သွားရောက်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောဆိုပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေသည်၊ ထိုအခါ ပရိဗိုဇ်ခေါင်းဆောင်က-

"ဒါယကာ. . . ရဟန်းဂေါတမသည် အဘယ်အယူ ရှိပါသနည်း"

ဟုမေးသည်။

"အရှင်တို့. . . ကျွန်ုပ်သည် ဘုရားရှင်၏ အယူအားလုံးကို မသိပါ"

"ဒါယကာ. . . သင်သည် ရဟန်းဂေါတမ၏အယူအဆအားလုံးကိုမသိပါ ဟုဆိုလျှင် ရဟန်းတို့သည် အဘယ်အယူရှိကြသည်ဟု ပြောပါလော့"

"အရှင်တို့. . . ကျွန်ုပ်သည် ရဟန်းတို့၏အယူအားလုံးကိုလည်း မသိပါ"

"ဒါယကာ. . . ဒါဆိုလျှင် သင်သည် အဘယ်အယူရှိသနည်းပြောပါလော့"

"အရှင်တို့. . . ကျွန်ုပ်၏အယူကို ပြောဆိုခြင်းမှာ မခဲယဉ်းပါ၊ အရှင်တို့၏အယူကို ရှေးဦးစွာ ဖြေပေးပါရန် တိုက်တွန်းပါ၏၊ နောက်ထပ် ကျွန်ုပ်တို့၏ မည်သည့်အယူရှိကြပါသည်ဟု ဆိုသော် ထိုအရာကိုဖြေဆိုခြင်းမှာ ခဲယဉ်းမည်မဟုတ်ပါ"

"ဒါယကာ. . . လောကသည်မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းအနှီးသာတည်း၊

ဒါယကာ. . . ငါတို့သည် ဤသို့အယူရှိကြပါ၏"

ဟု ပရိဗိုဇ်တစ်ဦးက ဖြေသည်၊ အခြားတစ်ဦးကလည်း-

"လောကသည် မမြဲဤအယူသည်သာမှန်၏၊ အခြားအယူသည် အချည်းအနှီးသာတည်း၊

ဒါယကာ. . . ငါသည် ဤအယူရှိ၏"

ဟုဆိုသည်။

"အခြားပရိဗိုဇ်တစ်ဦးကလည်း လောကသည် အဆုံးရှိ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းအနှီးသာတည်း"

ဟုဆိုသည်။

အခြားသောပရိဗိုဇ်တစ်ဦးကလည်း-

"လောကသည် အဆုံးမရှိ၊ ထိုအသက်သည်ပင် ထိုကိုယ်တည်း၊ အသက်တစ်ခြား ကိုယ်တစ်ခြားတည်း၊ သတ္တဝါသည် သေပြီးနောက်ဖြစ်၏၊ သတ္တဝါသည် သေပြီးနောက်မဖြစ်၊ သတ္တဝါသည် သေပြီးနောက်လည်းဖြစ်၏၊ မဖြစ်လည်းမဖြစ်၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသာ မှန်၏၊ အခြားအယူသည် အချည်းအနှီးသာတည်း၊

ဒါယကာ. . . ငါသည် ဤအယူရှိ၏"

ဟု ဆိုသည်။

ထိုအခါ အနာထပိဏ်သူဌေးက ပရိဗိုဇ်တို့အား-

"အရှင်တို့၏ ဤသို့ဆိုသောအရှင်တို့၏အယူသည် မိမိတို့၏ မသင့်မတင့်နှလုံးသွင်းခြင်း အကြောင်းကြောင့်သော်လည်းကောင်း၊ သူတစ်ပါး၏စကားသံကြောင့် လည်းကောင်း ဖြစ်၏၊

ထိုအယူသည် ထင်ရှား၏၊ အကြောင်းတို့သည် ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ အကြောင်းစွဲ၍ ဖြစ်ပေါ်၏၊ အလုံးစုံသော တေဘူမကတရားသည် ထင်ရှား၏၊ ထိုတရားအားလုံးသည်မမြဲ၊ အကြင်တရားသည်မမြဲ၊ ထိုတရားသည်ဆင်းရဲ၏၊ အကြင်တရားသည်ဆင်းရဲ၏၊ ထိုတရားကိုသာလျှင် ထိုအရှင်သည် ငြိကပ်၏၊ ကပ်ရောက်၏"

"ဒါယကာ. . . ငါတို့အားလုံးပင် မိမိတို့အယူကို ပြောဆိုကြပြီး ဒါယကာသည်ပင် အဘယ်ရှိသည်ကို ပြောပါလော့"

"အရှင်တို့. . . အလုံးစုံသော တေဘူမကတရားသည် ထင်ရှား၏၊ အကြောင်းတို့သည် ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏၊ ထိုတရားအားလုံးသည်မမြဲ၊ အကြင်တရားသည် မမြဲ၊ ထိုတရားသည်ဆင်းရဲ၏၊ အကြင်တရား

သည်ဆင်းရဲ၏၊ ထိုတရားသည် ငါဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်အတ္တမဟုတ်၊ ကျွန်ုပ်သည် ဤသို့အယူရှိပါ၏၊ ထိုအရာများ ကို ဟုတ်တိုင်းမှန်စွာ ကောင်းသောပညာဖြင့် ကောင်းစွာ ဖြစ်ပါ ၏၊ ထိုထက်အလွန်လည်း ထွက်မြောက်ကြောင်းကို ဟုတ်တိုင်း မှန်စွာ သိပါ၏"

ထိုသို့ အနာထပိဏ်က ဆိုလတ်သော် ပရိဗိုဇ်တို့သည် မျက်နှာမသာမယာဖြစ် ခေါင်းငုံ့ကာ ဆိတ်ဆိတ်နေကြသည်။

ထိုအခါ အနာထပိဏ်သူဌေးသည် ထိုပရိဗိုဇ်တို့၏ မှိုင် ကုန်လျက် ကြံရာမရ ဖြစ်နေသည်ကိုမြင်၍ ထိုနေရာမှ ထ,ကာ ဇေတဝန်ကျောင်း ဗုဒ္ဓဘုရားထံသို့ ချဉ်းကပ်ရှိခိုးပြီး ထိုအကြောင်း အရာတို့ကို လျှောက်ထားပြသည်။

"ဒါယကာ. . . ကောင်းလေစွ. . ကောင်းလေစွ. . . သင်သည် ဤသို့ပင် အချည်းအနှီးဖြစ်သော. ယောက်ျားတို့၌ အခါအားလျော်စွာ အကြောင်းတရားနှင့်တကွ ကောင်းစွာနှိပ်ခြင်း ဖြင့် နှိပ်အပ်ကုန်၏"

ဟုဗုဒ္ဓက မိန့်ကြားသည်။

ထို့နောက် အနာထပိဏ်ပြန်သွားသောအခါ ဘုရားရှင် က ရဟန်းတို့ကို-

"ရဟန်းတို့. . . ဤဓမ္မ,ဝိနယ သာသနာတော်၌ ရဟန်း ပြု၍ အနှစ်တရာရှိပြီးသော ရဟန်းသော်လည်း သာသနာတော်မှ

တစ်ပါးသောအယူရှိကြသော ထိုပရိဗိုဇ်တို့ကို အနာထပိဏ်သူဌေး က နှိပ်ကုန်ဘိသကဲ့သို့ ဤအတူပင် အကြောင်းနှင့်တကွ ကောင်း စွာနှိပ်ခြင်းကို နှိပ်ကြရာ၏"

ဟု မိန့်ကြားတော်မူသည်။

(အံဂုတ္တိုရ်- ဒုတိယပဏ္ဏာသက- ဥပါလိဝဂ်- ထိဒိဋ္ဌိသုတ်)

## ဂေါတမဗုဒ္ဓနှင့်အနာထပိဏ်သူဌေးကြီး

## (အနာထပိဏ်သူဌေး၏ နတ်သားဘဝ)

ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။

အနာထပိဏ်သူဌေးသည် အသည်းအသန် နာမကျန်းဖြစ်နေ၍ ယောကျ်ားတစ်ယောက်ကိုစေလွှတ်ကာ အရှင်သာရိပုတ္တရာကိုပင့်ဆောင်စေသည်၊ အရှင်သာရိပုတ္တရာသည် အာနန္ဒာကိုခေါ်၍ အနာထပိဏ်သူဌေးအိမ်သို့ကြွရောက်ပြီးလျှင် သူဌေးကြီးအနီး၌ ထိုင်ကာ-

"သူဌေးကြီး. . . ရောဂါသက်သာပါ၏လော"

ဟုမေးသည်။

"အရှင်ဘုရား. . . ရောဂါသည် သည်းပါသည်၊ တိုးပါသည်၊ မသက်သာပါ"

"သူကြွယ်. . . ဤသို့ဖြစ်သော် သင်သည် မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ်တို့ကို မစွဲလမ်းရ၊ ထိုမျက်စိသည်ကို မှီ၍ဖြစ်သောအသိကို မဖြစ်ပေါ်စေရန် အားထုတ်ရမည်"

သင်သည် အဆင်း,အသံ,အနံ့,အရသာ,အတွေ့အထိ,တို့ကို မစွဲလမ်းရ၊ ထိုအဆင်းစသည်ကိုမှီ၍ ဖြစ်သောအသိ မဖြစ်ပေါ်စေရန် အားထုတ်ရမည်။

သင်သည် မျက်စိ-အသိစသော အသိများကို မစွဲလမ်းရ၊ မျက်စိအသိကိုမှီ၍ဖြစ်သော အသိဉာဏ်မဖြစ်ပေါ်စေရန် အားထုတ်ရမည်၊

သင်သည် မျက်စိစသော အတွေ့ကို မစွဲလမ်းရ၊ မျက်စိအတွေ့ကိုမှီ၍ဖြစ်သော အသိဉာဏ်မဖြစ်ပေါ်စေရန် အားထုတ်ရမည်၊

သင်သည် မျက်စိစသော အတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မစွဲလမ်းရ၊ ထိုခံစားမှုကိုမှီ၍ ဖြစ်သောအသိ မဖြစ်ပေါ်စေရန် အားထုတ်ရမည်၊

သင်သည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါးကို မှီ၍ဖြစ်သောအသိ မဖြစ်ပေါ်စေရန် အားထုတ်ရမည်၊

သင်သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော ခန္ဓာငါးပါးကိုမှီ၍ဖြစ်သောအသိ မဖြစ်ပေါ်စေရန် အားထုတ်ရမည်၊

သင်သည် အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ ဝေနသညာနာသညာယတနစျာန်တို့ကိုမစွဲလမ်းရ၊ ထိုစျာန်များကိုအမှီပြု၍ အသိဉာဏ်မဖြစ်ပေါ်စေရန် အားထုတ်ရမည်။

သင်သည် ဤလောက၊ တစ်ပါးသောလောကကို မှီ၍ မစွဲလမ်းရ၊ ဤလောကတစ်ပါးသော လောကကိုမှီ၍ ဖြစ်သော အသိကို မဖြစ်ပေါ်စေရန် အားထုတ်ရမည်၊

သင်သည်သိအပ်၊ မြင်အပ်၊ ကြားအပ်၊ တွေ့သိရ-ရောက် အပ်၊ ရှာဖွေသုံးသပ်အပ်သော အာရုံများကို မစွဲလမ်းရ၊ ထိုအာရုံ များကို မှီ၍ဖြစ်သောအသိကို မဖြစ်ပေါ်စေရန် အားထုတ်ရမည်၊

အရှင်သာရိပုတ္တရာသည် သူဌေးကြီးအား ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ဓာတ်၊ ခန္ဓာ၊ အရူပနာ၊ သဗ္ဗမေ့တည်း ဟူသောကိုးဒွါရဖြင့် အရဟတ္တဖိုလ်အထွက်တပ်၊ ကာသုညတ သဘောကို အကျယ်ဟောပြတော်မူသည်။

ထိုသို့ ရှင်သာရိပုတ္တရာက မစွဲလမ်းရန် အသိဉာဏ်မဖြစ် ပေါ်စေရန် အဆင့်ဆင့်တို့ကို ဟောကြားပြသောအခါ အနာထ ပိဏ်သူဌေးကြီးသည် ရှိုက်ကြီးတငင် သည်းစွာငိုကြွေးမိလေသည်။

ထိုအခါ အရှင်အာနန္ဒာက-

"သူဌေးကြီး. . . သင်သည် သင်ပစ္စည်းများကို စွန့်ခွာ သွားရမည်ဖြစ်၍ ဝမ်းနည်းပူဆွေး ငိုကြွေးနေပါသလော၊ ထိုပစ္စည်းများအပေါ် ၌ကပ်ငြိနေပါသလော၊ ကုသိုလ်တို့၌ ဆုတ် နစ်နေပါသလော"

ဟုမေးသည်။

"အရှင်ဘုရား. . . အာနန္ဒာ တပည့်တော်သည် ပစ္စည်းများကိုမစွန့်ရက်၍ ကပ်ငြိနေ၍ ကုသိုလ်တို့၌လည်း မဆုတ်နစ်ပါ၊ တပည့်တော်သည် ရဟန်းသံဃာများနှင့်ဘုရားရှင်ကို ကြာမြင့်စွာ ကိုးကွယ်ဆည်းကပ်ခဲ့သော်လည်း ဤသို့သော တရားစကားကို တစ်ခါမျှ မကြားမနာရဘူး၍ ဝမ်းနည်း၍ ငိုကြွေးမိပါသည်"

"သူဌေးကြီး. . . ဤသို့သော တရားစကားသည် အဝတ်ဖြူဝတ်သောလူတို့အား မထင်နိုင်၊ ရဟန်းတို့အား ထင်နိုင်ပါ၏"

"အရှင်ဘုရား. . . တပည့်တော် တောင်းပန်ပါ၏၊ ဤသို့ တရားစကားသည် အဝတ်ဖြူဝတ်သောလူတို့အားလည်း ထင်ပါစေလော၊ ကိလေသာမြူနည်း၍ တရားသိမြင်လွယ်သော အမျိုးကောင်းသားများသည် ရှိကြပါလိမ့်မည်၊ ထိုသူတို့အဖို့ တရားမနာရသဖြင့် လောကုတ္တရာတရားမှ ဆုံးရှုံးနစ်နာရပါ၏၊ အရှင်ဘုရားတို့ဟောကြားလျှင် တရားတော်ကို အရဟတ္တဖိုလ်ရောက် အသိဉာဏ်ရောက်ကြမည်ဖြစ်သောသူများသည်လည်း ထင်ရှားဖြစ်ပေါ်လာပါလိမ့်မည်ဘုရား"

ဟု အနာထပိဏ်သူဌေးကြီးက မေတ္တာရပ်ခံလျှောက်ထားသည်။

ထို့နောက် အရှင်သာရိပုတ္တရာနှင့် ရှင်အာနန္ဒာမထေရ်တို့သည် အနာထပိဏ်သူဌေးကို ဆုံးမပြီး၍ နေရာမှထ,ကာ ကျောင်းသို့ပြန်ကြွခဲ့ကြသည်။

အရှင်နှစ်ပါး ဖယ်ခွာကြွ၍ မကြာခင်ပင် သူဌေးကြီးသည် စုတေ၍ တုသိတာနတ်ပြည်၌ နတ်သားဖြစ်လေသည်။

အနာထပိဏ်နတ်သားသည် နတ်သားဖြစ်လျှင် ဖြစ်ချင်းပင် သုံးဂါဝုတ်ပမာဏရှိသော ရွှေတုံးရွှေခဲပမာ တောက်ပစွာသောနတ်၏ ကိုယ်ခန္ဓာ၊ အတ္တဘောနှင့်နတ်ဥယျာဉ်၊ ဗိမာန်, ပဒေသာပင်အစရှိသော နတ်စည်းစိမ်တို့ကို ရရှိခံစားရသည်။

ထိုနတ်စည်းစိမ်တို့ကို မြင်ရလျှင် အနာထပိဏ်နတ်သား၏ စိတ်သန္တာန်၌-

"ငါ၏ဤစည်းစိမ်ကား ကြီးကျယ်လှဘိ၏၊ ငါသည် လူ့ပြည်၌ အဘယ်ကောင်းမှုကြီးများ ပြုလုပ်ခဲ့လေသနည်း" ဟုအကြံဖြစ်ကာ ဉာဏ်ပညာဖြင့် ဆင်ခြင်ကြည့်ရှုလတ်သော်- ရတနာသုံးပါးတို့၌ အဓိကာရကောင်းမှုကုသိုလ်ပြုခဲ့သည်ကို မြင်တွေ့သည်။

"ဤနတ်အဖြစ်မည်သည် မွေ့လျော်ရာ ဌာနဖြစ်၏၊ ဤနတ်စည်းစိမ်ဖြင့် ဝမ်းမြောက်ရွှင်ပြ မွေ့လျော်သော ငါ့အဖို့ရာ သတိမေ့ပျောက်ခြင်းသည် ဖြစ်နိုင်၏၊ ငါသည် ယခုပင် သွားရောက်၍ ငါဆောက်လုပ်လှူခဲ့သော ဇေတဝန်ကျောင်းတိုက်ကြီး၊ ရဟန်းသံဃာတော်မြတ်စွာဘုရား၊ အရိယာမဂ်၊ ရှင်သာရိပုတ္တရာမထေရ်တို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးလျှောက်ထားပြီးလျှင် လူ့ပြည်ကပြန်လာသောအခါမှ ဤနတ်စည်းစိမ်ကို ခံစားအံ့"

ဟုကြံစည်ပြီးလျှင် ဘုရားထံရှေ့မှောက်သို့ သန်းကောင်ယံအချိန်၌ လာရောက်ရှိခိုးကာ-

"အရှင်ဘုရား. . . ဤဇေတဝန်ကျောင်းတိုက်ကြီးသည် အရိယာသံဃာပုထုဇဉ်သံဃာတို့ နေ့ညမှီဝဲရာ ဖြစ်ပါ၏၊ တရားမင်းဖြစ်သော ဘုရားရှင်၏ အမြဲနေထိုင်ရာဖြစ်ပါ၏၊ ထို့ကြောင့် တပည့်တော်အား နှစ်သက်ခြင်းတရား အမြဲတမ်းဖြစ်ပွားစေပါ၏ ဘုရား"

"မဂ်နှင့်ယှဉ်သောစေတနာသည် လည်းကောင်း၊ အရိယာမဂ်၌ပါသောသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင်နှစ်ပါးသည် လည်းကောင်း၊ အရိယာမဂ်၌ပါသော သမ္မာဝါယမ၊ သမ္မာသမ္မာသတိ၊ သမ္မာသမာဓိသမာဓိမဂ္ဂင်သုံးပါးသည် လည်းကောင်း၊ အရိယာမဂ်၌ပါဝင်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင် သည်လည်းကောင်း၊ ဤအရိယာမဂ်သီလ၌ တည်ပြီးသောသူ၏အတုမရှိ၊ မြတ်သော အပြစ်လွတ်ကင်း အသက်မွေးခြင်းသည် လည်းကောင်း၊ ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် သတ္တဝါတို့သည် ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ကုန်၏၊ အနွယ်ဖြင့်လည်းကောင်း၊ ဥစ္စာဖြင့် လည်းကောင်း ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ကုန်၏၊ အနွယ်သက်သက်ဖြင့်လည်းကောင်း၊ ဥစ္စာသက်သက်ဖြင့် လည်းကောင်း၊ ကိလေသာအညစ်အကြေးတို့မှ မကင်းဝေး၊ မစင်ကြယ်ကြကုန်"

"ထို့ကြောင့် မိမိ၏ ကောင်းမြတ်သောအကျိုးကို

ကောင်းစွာ ဆင်ခြင်သိမြင်သောပညာရှိသည်၊ မဂ်ကိုပွားကြောင်း ဉပါယ်ကောင်းဖြင့် ဉပါဒါနက္ခန္ဓာ ငါးပါးတရားအစုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးသပ်ချက်တင်၍ ဝိပဿနာရှုရာ၏၊ ဤသို့ရှုသည် ရှိသော် ထိုသစ္စာလေးပါးတရားအစုကြောင့် ကိလေသာမှ စင်ကြယ်နိုင်ပါ၏"

"အကြင်ရဟန်းသည် သံသရာတစ်ဖက်ကမ်းသို့ ဆိုက်ရောက်ပြီးဖြစ်၏၊ သီလဂုဏ်ကျေးဇူး၊ ပညာဂုဏ်ကျေးဇူး၊ ကိလေသာငြိမ်းသော ဂုဏ်ကျေးဇူးတို့ဖြင့် သာရိပုတ္တရာအရှင်သည် အထူးသဖြင့် ချီးမွမ်းအပ်မြတ်လှပါပေ၏"

ဟုလေးဂါထာဖြင့် လျှောက်ထားသည်။

ဘုရားရှင်က အနာထပိဏ်နတ်သား လျှောက်ထားချက်ကို မဟန့်မတားခွင့်ပြုသဖြင့် နတ်သားသည် ဝမ်းမြောက်ဝမ်းသာ ဘုရားရှင်ကိုရှိခိုးပြီး ထိုအရပ်မှာပင် ကွယ်ပျောက်သွားခဲ့လေသည်။

ဘုရားရှင်က နောက်နေ့တွင် ညသန်းကောင်ယံ၌ နတ်သားတစ်ပါးလာကြောင်း ဂါထာလေးပုဒ်ဖြင့် လျှောက်ထားသွားကြောင်း မိန့်ကြားရာ ရှင်အာနန္ဒာက ထိုနတ်သားသည် အနာထပိဏ်နတ်သားဖြစ်ပါမည်ဟု လျှောက်ထားသည်။

ဘုရားရှင်ကလည်း မှန်ကန်ကြောင်း ဝန်ခံမိန့်ကြားသည်။

**(ဥပရိပဏ္ဏာသ၊ အနာထပိဏ္ဍိကောဝါဒသုတ်)**

## ဂေါတမဗုဒ္ဓနှင့်ဇင့်ဂိုလသူဌေးကြီး

## (ခုနစ်ဘဝရေမျောခံရမှုနှင့်ရွှေတောင်ပေါက်ရမှု)

ဂေါတမဘုရား ပွင့်တော်မူပြီးသော အချိန်ဖြစ်သည်၊ ဗာရာဏသီပြည်၏ သူဌေးတစ်ဦး၌ အလွန်အဆင်းလှသော သမီးတစ်ဦးရှိလေသည်။

ထိုသူဌေး(၁၅)နှစ်လွန်အရွယ်သို့ရောက်သော် မိဘတို့သည် အစောင့်အရှောက် ကျွန်မတစ်ယောက်နှင့်အတူ ခုနှစ်ထပ်၏အပေါ်ဆုံးပြသာဒ်၌ ထားလေသည်။

တစ်နေ့ သူဌေးသမီးသည် လေသာပြူတင်းကို ဖွင့်၍အပြင်သို့ကြည့်ရှုရာ ကောင်းကင်ခရီးဖြင့်သွားနေသော ဝိဇ္ဇာမိုရ်ရ်တစ်ယောက်သည် သူဌေးသမီးကိုမြင်တွေ့သော် အချစ်စိတ်ပြင်းထန်စွာ ခံစားရပြီး သူဌေးသမီးအဆောင်သို့ဝင်ကာ ချစ်တင်းဖွဲ့လေသည်။

သူဌေးသမီးနှင့် ထိုဝိဇ္ဇာမိုရ်ရ်တို့ ဆက်ဆံပေါင်းသင်းမှုကို အစွဲပြု၍ မကြာခင် ကိုယ်ဝန်တည်လာလေသည်။

ထိုသည်ကို အစောင့်အရှောက်ကျွန်မကသိ၍ မေးမြန်းသော်-

"ရှိပါစေ. . . တစ်ဦးတစ်ယောက်ကိုမျှ မပြောပါလင့်" ဟုနှုတ်ပိတ်စကားပြောကြားထားသည်၊ ကျွန်မသည်လည်း သူဌေး

သမီးကို ကြောက်ရွံ့၍ မည်သူ့ကိုမျှမပြောဘဲ ဆိတ်ဆိတ်သာ နေလေသည်။

သူဌေးသမီးသည် ဆယ်လရောက်သော် သားကိုဖွားမြင်လေသည်၊ သူဌေးသမီးသည် ကျွန်မကို အိုးသစ်တစ်လုံးကို ယူဆောင်စေပြီး ထိုမွေးသောသားကို အိုးထဲ၌သိပ်၍ အဖုံးဖြင့်ဖုံးကာ ထိုအထက်၌ ပန်းဆိုင်ပန်းကုံးများကို တင်ထားစေပြီး ဦးခေါင်းဖြင့်ရွက်စေကာ ယူသွားစေသည်၊ လမ်း၌မေးသူများရှိလာက-

"ကျွန်တော်မသည် အရှင်မအတွက် ဗလိနတ်စာပူဇော်မှု ဟုပြောပါလေ"

ဟုမှာကြားပြီး ဂင်္ဂါမြစ်လမ်း၌အိုးကို မျောစေသည်၊ ကျွန်မသည်လည်း သူဌေးသမီးပြောဆိုသည့်အတိုင်း ပြုလုပ်လေသည်။

ထိုအချိန်ဝယ် ဂင်္ဂါမြစ်အောက်၌ အမျိုးသမီး(၂)ဦးသည် ရေချိုးနေကြသည်၊ အိုးမျောလာသည်ကို မြင်တွေ့ကြသော် တစ်ယောက်က-

"ထိုအိုးသည်၊ ငါ့ရေအိုးတည်း"

ဟုပြောလေသည်၊ တစ်ယောက်ကမူ-

"ထိုအိုးအတွင်း ပါလာသောပစ္စည်းသည် ငါ့ပစ္စည်းတည်း"

ဟုပြောလေသည်။

ထိုသို့ပြောကြပြီး အိုး မိမိတို့အနီးသို့ရောက်၍ ဆယ်ယူကာ အိုးကိုဖွင့်ကြည့်ကြသော် ကလေးငယ်ကိုတွေ့ကြ၍ တစ်ယောက်က-

"ငါ့အိုးဟု ပြောထားသောကြောင့် ဤကလေးကို ငါပိုင်သည်"

ဟု ဆိုလေသည်၊ တစ်ယောက်ကလည်း-

"အိုးအတွင်းပါလာသော ငါ့ပစ္စည်းဟု ပြောထားသောကြောင့် ငါပိုင်ဆိုင်သည်၊"

ဟု အငြင်းပွားအခုန်ဖြစ်ကြသည်။

ထိုသို့ငြင်းခုန်ကြရင်း မပြီးပြတ်၍ တရားဆုံးဖြတ်ပေးသောအမတ်အထိ အမှုတက်ကြလေသည်၊ တရားဆုံးဖြတ်ပေးသောအမတ်တို့ကလည်း အဆုံးအဖြတ်မပေးနိုင်၍ မင်းကြီးထံသို့သွားရောက် အဆုံးအဖြတ်ခံရသည်။

မင်းကြီးသည် ထိုမိန်းမနှစ်ယောက်တို့၏ စကားအပြည့်အစုံကိုကြားနာပြီးလျှင် ဒုတိယမိန်းမကို-

"သင်သည်သာ သူငယ်ကိုပိုင်စေ"

ဟုအဆုံးအဖြတ်ပေးပြီး ပထမမိန်းမကို အိုးပိုင်စေဟု အဆုံးအဖြတ်ပေးလေသည်။

ထိုအမျိုးသမီးနှစ်ယောက်အနက် ကလေးကို ပိုင်ဆိုင်ခွင့်ရသောအမျိုးသမီးသည် အရှင်မဟာကစ္စည်းမထေရ်၏ အလုပ်

အကျွေးရင်းနှီးသော ဉပါသိကာမဖြစ်လေသည်၊ ထိုအမျိုးသမီးသည်-

"ဤသူငယ်ကို သိကြားလိမ္မာအရွယ်ရောက်က မဟာကစ္စည်းထံ၌ ရှင်ရဟန်းထံပြုစေမည်"

ဟုကြံရွယ်ထားကာ သူငယ်ကိုကောင်းစွာ မွေးမြူထားလေသည်။

ဖွားမြင်သောနေ့၌ပင် ကိုယ်ဝန်အညစ်အကြေးကို ဆေးကြောဖယ်ရှားမှု မပြုရသဖြင့် ဆံပင်များမှာ ဆံကျစ်ပမာ ရှုပ်ထွေးလျက်တည်နေသောကြောင့် သူငယ်ကို-ဇဋိလ-ဟူ၍ အမည်မှည့်ထားခဲ့သည်။

ဇဋိလ ခြေဖြင့် တောက်တောက်သွားလာနိုင်သောအရွယ်ဝယ် ရှင်မဟာကစ္စည်းသည် ဒေသစာရီမှပြန်ကြွလာ၍ ထိုဉပါသိကာမအိမ်သို့ ဆွမ်းခံဝင်လေသည်၊ အမျိုးသမီးသည် မထေရ်ကို နေရာထိုင်ခင်းပေး၍ ဆွမ်းကို ဆက်ကပ်လှူဒါန်းလေသည်၊ မထေရ်သည် ဇဋိလသူငယ်ကို မြင်၍-

"ဒါယိကာမကြီး. . . အသို့နည်း-သင်သည် သူငယ်ကို ရအပ်သလော"

ဟုမေးသည်။

"အရှင်ဘုရား. . . ရအပ်ပါသည်၊ တပည့်တော်မသည် ဤသူငယ်ကို အရှင်ဘုရားထံ၌ ရှင်ပြုစေမည်ဟူသော ရည်ရွယ်ချက်ဖြင့်မွေးမြူခဲ့ပါသည်ဘုရား၊ အရှင်ဘုရား ရှင်ပြုပေးတော်မူပါ"

ဟုလျှောက်ထားပြီး ကလေးကိုမထေရ်မြတ်ထံ အပ်နှံလေသည်။

ရှင်မဟာကစ္စည်းသည် 'ကောင်းပေပြီ' ဟု မိန့်ကြား၍ ဇဋိလကို ခေါ်ဆောင်၍ သွားရင်းပင်-

"ဤသူငယ်၌ လူ့စည်းစိမ်ကိုခံစားဖို့ရန် ကောင်းမှုကံရှိသေးသလော"

ဟုဉာဏ်တော်ဖြင့် ကြည့်ရှုလတ်သော်-

"ဘုန်းကြီးသော သတ္တဝါတစ်ဦးဖြစ်ပြီး ကြီးစွာသော စည်းစိမ်ကို ခံစားသုံးဆောင်ရလိမ့်မည်၊ ဤသူငယ်သည် ယခုငယ်သေး၏၊ သူ၏ဉာဏ်ပညာသည်လည်း မရင့်ကျက်သေး"

ဟုကြံစည်ဆင်ခြင်သိမြင်တော်မူပြီးလျှင် ထိုဇဋိလသူငယ်ကို ခေါ်ဆောင်ကာ တက္ကသိုလ်ပြည်ဝယ် ဒါယကာရင်းတစ်ယောက်၏ အိမ်သို့ကြွရောက်တော်မူလေသည်။

ဒါယကာသည် မထေရ်ကိုရှိခိုးပြီး ရပ်တည်စဉ်ပင် သူငယ်ကိုမြင်၍-

"အရှင်ဘုရား. . . အရှင်ဘုရားသည် သူငယ်ကိုရအပ်ခဲ့ပါသလော"

ဟုမေးလျှောက်သည်။

ရှင်မဟာကစ္စည်းက အကျိုးအကြောင်း ရှင်းပြမိန့်ကြားပြီး ထိုဇဋိလသူငယ်ကို ထိုဒါယကာအိမ်၌ အပ်နှံထားခဲ့သည်။

ထိုဒါယကာသည်ကား ကုန်သည်တစ်ဦး ဖြစ်လေသည်၊ သူ၏အိမ်၌ (၁၂) နှစ်ကြာထိ မရောင်းရ-ရောင်းမရသော ကုန်ပစ္စည်းများစွာ ရှိနေပါသည်။

တစ်နေ့တွင် ထိုကုန်သည်သည် အခြားရွာတစ်ရွာသို့ သွားလာရန် ကိစ္စတစ်ခုပေါ်လာသည်။

ထိုရောင်း၍မကုန်၊ မစွံသော ကုန်ပစ္စည်းအားလုံးကို ဈေးဆိုင်သို့ပို့ဆောင်၍ ဇဋိလသူငယ်ကို ဆိုင်ထိုင်ခိုင်းသည်၊ ရောင်းရမည့်ဈေးနှုန်းများကို ပြောပြထားပြီး ခရီးထွက်ခွာသွားခဲ့လေသည်။

ထိုနေ့၌ မြို့စောင့်နတ်တို့သည် အယုတ်သဖြင့် ငရုတ်၊ ဇီယာမျှကိုဝယ်ယူလိုကြသော ဈေးဝယ်သူများကိုသော်လည်း ထိုဇဋိလ ဆိုင်ထိုင်ရောင်းနေသောဆိုင်သို့ ရှေ့ရှုလာအောင်ပြုလုပ်ကြလေသည်။

ဇဋိလသူငယ်သည် (၁၂)နှစ်ကြာအောင် ရောင်း၍ မစွံစုပုံနေသော ရောင်းကုန်များကို တစ်ရက်တည်းဖြင့်ပင် ရောင်းချလိုက်ရလေသည်။

အိမ်ရှင်ကုန်သည် သူကြွယ်သည် အိမ်ပြန်ရောက်လာသော် မိမိဆိုင်၌ ပစ္စည်းများကို မတွေ့ရသော်-

"ချစ်သား. . . သင်သည် အလုံးစုံသော ရောင်းကုန်ပစ္စည်းတို့ကို ဖျက်ဆီးပစ်လိုက်သလော"

ဟုထိတ်လန့်တကြား အံ့ဩသောအသွင်ဖြင့် မေးလိုက်သည်။

"ကျွန်တော် မဖျက်ဆီးပါ၊ အားလုံးရောင်းကုန်များကို အဖေပြောဆိုမှာထားသည့်အတိုင်း သတ်မှတ်သောဈေးဖြင့်

ရောင်းချခဲ့ပါသည်၊ အားလုံးရောင်းကုန်ပါသည်၊ ဟောဒီမှာ ရောင်းရ အပိုငွေများဖြစ်ပါသည်"
ဟုပြောကာ ကုန်ပစ္စည်းရောင်းရငွေကို စာရင်းနှင့်အတိအကျ အပ်နှံလေသည်။ သူကြွယ်သည် အလွန်ကျေနပ်အားရသွားပြီး-

"အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သောယောကျ်ားပါပေ၊ မည်သည့်နေရာ မည်သည့်အလုပ်အကိုင်များမဆို ချမ်းချမ်းသာသာ အသက်ရှင်နိုင်မည့်သူဖြစ်သည်"
ဟုကြုံစည်မိသည်။

ထို့နောက် အရွယ်ရောက်နေပြီးဖြစ်သော မိမိ၏သမီးနှင့် ထိမ်းမြားပေးစားလိုက်သည်။

ထို့နောက် မိမိ၏လူများကို ဤဇဋိလတို့ လင်မယား အတွက် အိမ်ကြီးတစ်ဆောင် ဆောက်လုပ်ကြကုန်လော့"
ဟုစေခိုင်းပြီး ဆောက်လုပ်စေသည်။

အိမ်ဆောက်လုပ်ပြီးသောအခါ ကုန်သည်သူကြွယ်က

"သားတို့-သမီးတို့. . . သင်တို့သည် မိမိတို့အိမ်၌သာ ချမ်းသာစွာ နေထိုင်ကြကုန်လော့"
ဟုပြောဆိုပြီး အိမ်ကိုအပ်နှင်းလေသည်။

ဇဋိလလုလင်သည် အိမ်တက်မင်္ဂလာပြုလုပ်သောနေ့၌ ခြေတစ်ဖက်တံခါးခုံသို့နင်းမိလျှင် နင်းမိခြင်းပင် အိမ်၏နောက် ပိုင်း၌ မြေကိုဖေါက်ထွင်း၍ အတောင်(၈၀)ခန့်မြင့်သော ရွှေတောင်ကြီး ပေါ်ပေါက်လာလေသည်။

ထိုသို့ဇင့္ဂိလ၏ ရွှေတောင်ပေါက်ရသော အတိတ်ဘ၀ ကုသိုလ်ကံသည်ကား-

* * *

ဇင့္ဂိလသူဌေးလောင်းသည် ကဿပဘုရားရှင်၏ သာသနာခေတ်၀ယ် ရွှေပန်းထိမ်သည်ဖြစ်ခဲ့သည်၊ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံ၀င်တော်မူပြီးနောက် ဓာတုစေတီတည်ထားဆဲ ဖြစ်လတ်သော် ရဟန္တာမထေရ်တစ်ပါးသည် စေတီတည်ထားရာ အရပ်သို့ လာရောက်ကြည့်ရှု၍-

"အမောင်တို့. . . အဘယ်ကြောင့် စေတီတော်၏ မြောက်ဘက်မုခ်သည် မတက်ဘဲရှိနေပါသနည်း"

ဟုမေးသည်။

"ရွှေမလောက်သောကြောင့်ပါ ဘုရား"

"ဤကဲ့သို့ဆိုက ငါသည်မြို့တွင်းသို့သွား၍ လူအများကို ရွှေလှူဒါန်းစေရန် အလှူခံပေးအံ့၊ သင်တို့သည် ရှိသေစွာ စေတီကို ဆက်လက်တည်ဆောက်ကြလော့"

ဟုမိန့်ဆိုမှာကြားပြီး မြို့တွင်းသို့၀င်ကာ-

"အမောင်တို့-အမိတို့. . . သင်တို့၏ စေတီတော် အတွက် မြောက်ဘက်မုခ်၌ ရွှေမလောက်ဘဲဖြစ်နေသည်၊ ရွှေကို သိကြကုန်လော့"

ဟူ၍ လူများအပေါင်းကို ဆောက်တည်လှူဒါန်းစေလိုလျက် လှည့်လည်ကြွရာ ရွှေပန်းထိမ်သည်အိမ်သို့ ရောက်ရှိလာသည်။

ထိုအချိန်ဝယ် ရွှေပန်းထိမ်သည်သည် ဇနီးဖြစ်သူနှင့် ခိုက်ရန်ဖြစ်ပြီး ထိုင်နေဆဲအချိန်ဖြစ်သည်၊ မထေရ်က ရွှေပန်းထိမ်သည်ကို-

"ဒါယကာ. . . စေတီတော်ကြီးမှာ သင်တို့တာဝန်ယူကြသောမြောက်ဘက်မုခ်အတွက် ရွှေမလောက်ဘဲ ဖြစ်နေသည်၊ သို့အတွက် ရွှေကိုသိမ့် သင့်တော်မည်"

ဟုမိန့်ကြားသည်။

ရွှေပန်းထိမ်သည်သည် ဇနီးအပေါ်၌ စိတ်ဆိုးနေဆဲ

"သင်၏ဘုရားကို ရေထဲပစ်ချ၍သာ သွားပေတော့"

ဟုရိုင်းပြစွာ ပြောဆိုလိုက်လေသည်။

ထိုအခါ မယားဖြစ်သူက ရွှေပန်းထိမ်သည်ကို-

"ရှင်သည် အလွန်ကြမ်းကြုတ်သော မကောင်းမှုကိုပြုအပ်မိလေပြီ၊ ကျွန်မအား ရှင်အမျက်ထွက်လျှင် ကျွန်မကိုသာဆဲရေးလိုက်ပါက ဆဲရေးသင့်၏၊ ရိုက်နှက်လိုက ရိုက်နှက်သင့်၏၊ အဘယ်ကြောင့်အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ဘုရားရှင်အပေါ်၌ ရန်လိုမှုပြုဘိသနည်း"

ဟုပြစ်တင်စကား ပြောကြားလေသည်။

ရွှေပန်းထိမ်သည်သည် ထိုခဏမှာပင် သတိ၊ သံဝေဂကြီးစွာရ၍-

"အရှင်ဘုရား. . . တပည့်တော်အား သည်းခံတော်မူပါ ဘုရား"

ဟုလျှောက်ထား တောင်းပန်လေသည်။

ရဟန္တာမထေရ်မြတ်က-

"အမောင်. . . သင်က ငါ့ကို တစ်စုံတစ်ရာပြစ်မှား ပြောဆိုအပ်သည်မဟုတ်၊ ဘုရားရှင်ကိုသာ ပြစ်မှားပြောဆိုအပ် လေပြီ၊ ထို့ကြောင့် ဘုရားရှင်ကိုသာ ကန်တော့ပါ"

ဟု မိန့်ကြားလေသည်။

"အရှင်ဘုရား. . . အဘယ်သို့ပြု၍ ကန်တော့ရပါမည် နည်း"

"ရွှေပန်းအိုးသုံးလုံးပြုလုပ်ပြီးလျှင် ခေတ်တော်တိုက် အတွင်း၌ ဌာပနာသွင်းတည်၍ စိုသောအဝတ်စိုသော ဆံရှိလျက် ကန်တော့ပါလေ"

ဟုရဟန္တာမထေရ်က နည်းပေးလမ်းညွှန်စကား မိန့်ကြားတော် မူသည်။

"ကောင်းပါပြီ အရှင်ဘုရား"

ရွှေပန်းထိမ်သည်သည် ရဟန္တာမထေရ်ကို ဝန်ခံပြီးလျှင် ရွှေပန်းများပြုလုပ်ရန်အတွက် အကူလို၍ သားကြီးကိုခေါ်ယူကာ

"ချစ်သား. . . ငါသည် ဘုရားရှင်ကို ရန်စကားပြောမှား မိခဲ့လေပြီ၊ ထို့ကြောင့် ဤရွှေပန်းသုံးခိုင်တို့ကို ပြုလုပ်ပြီးလျှင်

ခတ်တော် ဌာပနာတိုက်၌ထည့်၍ ကန်တော့ရပေမည်၊ ချစ်သား သည်လည်း ငါ့အား အဖော်အကူအဖြစ်ကူညီပါ”
ဟုအကူအညီတောင်းခံသည်။

“အဖေ. . . ကျွန်တော်သည် ဘုရားကိုရန်စကား မပြော ခဲ့ပါ၊ အဖေ့ဘာသာအဖေ ပြောခြင်းဖြစ်၍ အဖေ့ဘာသာအဖေ ပြုလုပ်ပါ”
ဟုပြောဆိုပြီး အကူအညီမပေးချေ။

ရွှေပန်းထိမ်သည်သည် သားလတ်ကို ဆက်လက်ခေါ် ပြီး ပြောသောအခါ၌လည်း သားလတ်ကလည်း သားကြီးအတိုင်း ပြောပြီး အကူအညီမပေးပါချေ၊ ထို့၀ယ် သားငယ်ကို တစ်ဖန် ခေါ်၍ အကူအညီတောင်းရပြန်သည်။

“ဖခင်အတွက် ဖြစ်ပေါ်လာမှုကိစ္စအ၀၀သည် သားသ မီး၏ တာဝန်ဖြစ်ပါသည်၊ ကျွန်ုပ် ကူညီပါမည်”
ဟုပြောဆို၀န်ခံပြီး အဖ၏ရွှေပန်းခိုင်တို့ကို ကူညီလုပ်ပေးသည်။

ရွှေပန်းထိမ်သည်သည် တစ်ထွာခန့်စီရှိသော ရွှေသား ပန်းစိုက်အိုး(၃)လုံးကို ပန်းခိုင်နှင့်တကွ ပြီးအောင်ပြုလုပ်၍ ခတ် တော်ဌာပနာတိုက်၌ ထည့်သွင်းလျက် ရဟန္တာညွှန်ကြားသည့် အတိုင်း စိုသောအ၀တ်၊ စိုသောဆံပင်ရှိလျက် ဘုရားရှင်ကို တောင်းပန်လေသည်။

ဤသည်မှာ အတိတ်ဘဝက ဇဋိလလုလင်၏ ပြုခဲ့သော ကောင်းမှုကုသိုလ်ပင် ဖြစ်သည်။

* * *

ဇဋိလလုလင်၏အိမ်၌ ရွှေတောင်ကြီးပေါက်သော သတင်းပျံ့နှံ့ပြီး မင်းကြီးကြားလျှင် မင်းကြီးက ဇဋိလထံသို့ သူဌေး ထီးဖြူနှင့် အဆောင်အယောင်များ ပို့လွှတ်ကာ သူဌေးကြီး ရာထူး၌ခန့်ထားရာ ထိုအချိန်မှာစ၍ ဗုဒ္ဓဒိပ်၌ ဇဋိလသူဌေးကြီး ဟူ၍ အမည်ထင်ရှားလေသည်။

နောင်တွင် ဇဋိလသူဌေး၌ သား(၃)ယောက်ရှိလာသည်၊ သားများ အရွယ်ရောက်လာသော် မိမိသည်ရဟန်းပြုရန် စိတ်ညွတ်လာ၍-

"အကယ်၍ ငါတို့နှင့်စည်းစိမ်တူသော သူဌေးမျိုး ရှိခဲ့လျှင် မင်းကြီးသည် ငါ့အားရဟန်းပြုခွင့်ပေးလိမ့်မည်၊ မရှိလျှင် ပေးလိမ့်မည်မဟုတ်၊ ဗုဒ္ဓဒိပ်ကျွန်းဝယ် ငါနှင့်တူသော သူဌေး ရှိ-မရှိ စုံစမ်းသင့်၏"

ဟုကြံစည်မိလေသည်။

ထို့နောက် ရွှေသားအုတ်ချပ်၊ ရွှေသားနှင်တံ၊ ရွှေသား ခြေနင်းတို့ကို သွန်းလုပ်စေပြီးလျှင် မိမိ၏သစ္စာရှိသော လူယုံများ လက်၌အပ်နှံကာ-

"အမောင်တို့. . . ဤပစ္စည်းကို ယူဆောင်သွားကြ၍ တစ်စုံတစ်ရာကို ကြည့်ရှုကုန်သကဲ့သို့ ဇမ္ဗူဒိပ်တစ်ခွင် လှည့်လည်ကြပြီးလျှင် ငါနှင့်စည်းစိမ်တူမျှသော သူဌေးရှိမရှိကို သိအောင်စုံစမ်းပြီးမှ ပြန်လာခဲ့ကြပါ"
ဟု မှာကြားစေလွှတ်လိုက်လေသည်။

ထိုသစ္စာရှိလူယုံတို့သည် တစ်မြို့ဝင်တစ်မြို့ထွက် ခရီးလှည့်ခဲ့ရာ ဘဒ္ဒိယမြို့သို့ ရောက်ရှိလာကြသည်၊ ထိုလူယုံများကို မေဏ္ဍကသူဌေးကြီးက မြင်ကြားသိ၍ခေါ်ယူကာ-

"အမောင်တို့. . . အဘယ်အမှုကို ပြုလိုကြကုန်သည်ဖြစ်၍ လှည့်လည်လာကြပါသနည်း"
ဟုမေးသည်။

"ကျွန်တော်တို့သည် ပစ္စည်းဝတ္ထုတစ်ခု ကြည့်ရှုလိုကြ၍ လှည့်လည်လာကြပါသည်"
ဟုပြောကြားပြီး မိမိတို့၌ပါသောပစ္စည်းတို့ကို ပြသသည်။

"ဤလူများအဖို့ ဤရွှေအုပ်၊ ရွှေနှင်တံ၊ ရွှေဖိနပ်တို့ကို ယူဆောင်၍ တစ်စုံတစ်ရာ လှည့်လည်ဖွယ်ရာကိစ္စမရှိ၊ တိုင်းနိုင်ငံစုံစမ်းလိုကြ၍ လှည့်လည်ကြသည် ဖြစ်ပေမည်"
စဉ်းစားပြီးလျှင်-

"အမောင်တို့. . . ငါတို့အိမ်နောက်ဖေးကို ဝင်ကြည့်ကြကုန်လော့"
ဟုပြောဆိုသည်။

ထိုလူယုံများသည် မေဏ္ဍကသူဌေးကြီး၏ အိမ်နောက်ဖေးဝင်ကြည့်ကြရာ ရှစ်မင်းပယ်မျှ ကျယ်ဝန်းသောမြေအရပ်၌ ဆင်, မြင်း, ဥသဘ ပမာဏရှိသော ရွှေဆိတ်ရုပ်ကြီးများ ကျောက်ကုန်းထိလျက် ဆက်စပ်ကာမြေမှ ပေါ်ထွက်နေသည်ကို မြင်ကြရပြီး ထိုဆိတ်ရုပ်ကြီး အကြား,ကြားမှ လှည့်လည်ကြည့်ရှုကြပြီး မေဏ္ဍကသူဌေးကြီးထံသို့ ပြန်လာကြသည်။

"အမောင်တို့. . . အမောင်တို့ တွေ့မြင်ရန် လှည့်လည်ရှာကြံအပ်သောပစ္စည်းကို တွေ့မြင်ပြီးမဟုတ်လော"

ဟုသူဌေးကြီးက မေးသည်။

လူယုံတို့သည် တွေ့မြင်ပြီးဖြစ်ကြောင်း ပြောဆိုဝန်ခံ၍ မေဏ္ဍကသူဌေးကြီးကို ဂါရဝပြုနှုတ်ဆက်ကာ မိမိတို့သူဌေးဇဋိလထံသို့ ပြန်လာခဲ့ကြသည်၊ ဇဋိလကို အကြောင်းစုံ ပြောပြကြသည်။

ထိုသတင်းစကားကိုကြား၍ ဇဋိလသူဌေးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ-

"သူဌေးမျိုးတစ်မျိုးကိုကား ရအပ်လေပြီ၊ အခြားသူဌေးမျိုးလည်း ရှိကောင်းရှိနိုင်သည်"

ဟုစဉ်းစားဆင်ခြင်ပြီး အဖိုးတစ်သိန်းထိုက်တန်သော ကမ္ဗလာကို မိမိလူယုံများအား ပေးအပ်၍ အခြားသူဌေးမျိုး ရှိ-မရှိ ဆက်လက်စုံစမ်းခိုင်းပြန်လေသည်။

ထိုလူယုံများသည် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကြပြီး ဇောတိကသူဌေးကြီး၏ပြသာဒ်အိမ်နှင့် မနီးမဝေးအရပ်၌ ထင်းများကိုစုပုံကာ မီးဖိုလျက် ရပ်တည်နေကြသည်။

"ဤအရပ်၌ ဘာလုပ်နေကြတာလဲ"

ဟုလူအများက စုံစမ်းမေးမြန်းကြသော်-

"ကျွန်ုပ်တို့အဖို့ရာ အဖိုးများစွာထိုက်သော ကမ္ဗလာတစ်ထည်ကို ရောင်းချလိုရာ ဝယ်နိုင်မည့်သူမရှိ ဖြစ်နေပါသည်၊ ယူဆောင်၍ ကျွန်ုပ်တို့မြို့သို့ အရောက်သွားရမည်ကလည်း လူဆိုး၊ သူခိုးဘေးမှ ကြောက်နေရပါသည်၊ သို့အတွက် ဤကမ္ဗလာကို မီးရှို့၍သွားရန် စီမံနေကြပါသည်"

ဟုအကဲစမ်းစကား ပြောကြားကြသည်။

ထိုစကား ထိုသတင်းကို ဇောတိကသူဌေးကြီးအား ပြောကြားလေသော် ထိုလူယုံများကို ဇောတိကသူဌေးကြီးက ခေါ်ခိုင်းလိုက်သည်၊ ရောက်သောအခါ အကြောင်းကိုမေးသည်။

"အမောင်တို့. . . ကမ္ဗလာသည် အဖိုးမည်မျှ ထိုက်တန်သနည်း"

"သူဌေးကြီး. . . အဖိုးတစ်သိန်း ထိုက်တန်ပါသည်"

ထိုအခါ သူဌေးကြီးက ထိုကမ္ဗလာကို အဖိုးတစ်သိန်း ပေး၀ယ်ယူပြီးနောက် မိမိ၏လူများကို-

"အမောင်တို့. . . ငါ၏တံခါးမုခ်ကို တံမြက်လှည်း၍ အမှိုက်စွန့်သွန်သော ကျွန်မအား ဤကမ္ဗလာကို ပေးလိုက်ကြပါလေ"

ဟုပြောဆိုမှာကြားကာ ဇဋိလလူများကိုယ်တိုင်ပင် သွားရောက်ပို့ပေးစေသည်။

ဇောတိကသူဌေးကြီး၏ကျွန်မသည် ကမ္ဗလာကိုယူ၍ ထိုလူယုံများ၏ ရှေ့မှောက်ဝယ်ငိုကြွေးလျက် မိမိ၏အရှင် ဇောတိကသူဌေးကြီးထံသို့ သွားကာ-

"အရှင်သူဌေးမင်း. . . အသို့ပါနည်း၊ ကျွန်မ၌ အပြစ်ရှိက ရိုက်နှက်သင့်ပါသည်၊ အဘယ်ကြောင့် ဤသို့လျှင်ကြမ်းတမ်းသော ကမ္ဗလာကို ကျွန်တော်မထံသို့ ပို့စေတော်မူဘိသနည်း၊ ကျွန်တော်မသည် မည်သို့သောနည်းနှင့်မျှ ဤကမ္ဗလာကြမ်းကြီးကို မဝတ်နိုင်၊ မခြုံနိုင်ပါ"

ဟုမကျေမချမ်းစကားဖြင့် တိုင်ကြားပြောဆိုလေသည်။

"အမိ. . . ငါသည် သင်ဝတ်ရန်၊ ခြုံရန်အတွက် ဤကမ္ဗလာကို ပို့ခိုင်းစေသည်မဟုတ်ပါ၊ ဤကမ္ဗလာကိုလိပ်၍ သင်၏အိပ်ရာခြေရင်း၌ထားပြီးလျှင် သင်အိပ်ချိန်ရောက်သောအခါ နံ့သာရေဖြင့်ဆေးကြောပြီးသော သင်၏ခြေရာများကို ပွတ်သုတ်ရန်အလို့ငှာ သင့်ထံသို့ငါ ပို့လွှတ်ပေးခြင်းဖြစ်ပါသည်၊ အသို့နည်း သင်က ဤကမ္ဗလာကို ခြေမျှပင်မသုတ်လိုဘူးလော "

"အရှင်. . . ဤသို့မျှဆိုက သုတ်ပါသည်"
ဟုပြောဆိုပြီး ကမ္ဗလာကို ယူဆောင်သွားလေသည်။

ဇင္ဒိလ၏လူယုံများသည် ဇောတိကသူဌေးကြီးကို ရှိသေစွာဂါရဝပြုပြီး မိမိတို့၏သူဌေးဇင္ဒိလထံပြန်လာပြီး မိမိတွေ့ကြုံရပုံ အကြောင်းစုံကို ပြောပြကြသည်။

ဇင္ဒိလသူဌေးကြီးသည် မိမိလူယုံများ၏စကားကို ကြားရပြီးလျှင် နှစ်သက်အားရ ဝမ်းမြောက်သောစိတ်ရှိလျက်-

"ငါသည် ယခုအခါ ရဟန်းပြုရန် အခွင့်ရပေတော့မည်"
ဟုကြံစည်ဆင်ခြင်၍ မင်းကြီးထံဝသို့သွားကာ ရဟန်းပြုခွင့်တောင်းခံလေသည်။

မင်းကြီးကလည်း-

"သင်အလိုရှိတိုင်း ရဟန်းပြုလော့"
ဟုကြည်သာစွာ ခွင့်ပြုလေသည်။

ဇင္ဒိလသည် မင်းကြီးထံမှ အိမ်သို့ပြန်လာပြီးလျှင် သား(၃)ယောက်ကို အခေါ်ခိုင်းသည်၊ ရွှေအရိုးတပ်ထားသော စိန်ပေါက်ချွန်းကို သားကြီးလက်၌ အပ်နှံပြီး-

"ချစ်သား. . . အိမ်၏နောက်ဝယ်ရှိ ရွှေတောင်မှ ရွှေတစ်ခဲကို ထုတ်ဆောင်ယူခဲ့ပါလော့"
ဟုစေခိုင်းသည်။

သားကြီးသည် စိန်ချွန်းကို ယူဆောင်ကာ တအားပေါက်လေသည်၊ ကျောက်ဖျာကြီးကိုပေါက်ရသကဲ့သို့ဖြစ်ပြီး ပေါက်မရ၍ ပြန်လာခဲ့ရသည်၊ ဇဋိလကသားလတ်ကို တဖန်စိန်ချွန်းကိုအပ်ပြီး ရွှေတစ်တုံးပေါက်ယူခိုင်းပြန်သည်၊ သားလတ်သည်လည်း သားကြီးကဲ့သို့ပင် ပေါက်မရ၍ ပြန်လာခဲ့ရလေသည်။

သူဌေးကြီးဇဋိလသည် သားငယ်ကို စိန်ချွန်းအပ်၍ ပေါက်ခိုင်းပြန်သည်၊ သားငယ်ပေါက်ယူသောအခါ အမှုန့်ထောင်းထုကာ စုပုံ၍ထားသကဲ့သို့ ရွှေများသည် အလွှာလိုက်အစုလိုက် အလွယ်တကူ ရွှေများထွက်၍ ကျလာလေသည်။

"လာလော့-ချစ်သား. . . ဤမျှလောက်ဖြင့် လုံလောက်ပါပြီ"

ဟုဇဋိလကပြောပြီး သားကြီး၊ သားလတ်တို့ကို ခေါ်ယူကာ-

"ချစ်သားတို့. . . ဤရွှေတောင်ကြီးသည် ချစ်သားတို့ဘုန်းကံကြောင့်ဖြစ်လာသည်မဟုတ်၊ ငါနှင့် သင်တို့၏ ညီငယ်၏ဘုန်းကံကြောင့်ဖြစ်ပေါ်လာသည်မှန်၏၊ သို့ဖြစ်၍ သင်တို့အကြီး(၂)ယောက်သည် ဤညီငယ်နှင့် တစ်စိတ်တစ်ဝမ်းတည်းပေါင်းစည်းကာ သင်တို့စားသုံးကြလေလော့"

ဇဋိလသည် ဤသို့လျှင် သားတို့ကို ဆုံးမမှာကြားပြီးလျှင် ဘုရားရှင်ထံသို့သွားရောက်၍ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုသည်၊ ရဟန်းပြုပြီးနောက် တရားကိုအားထုတ်ရာ နှစ်ရက်သုံးရက်အတွင်း အရဟတ္တဖိုလ်သို့ဆိုက်ရောက်ပြီး ရဟန္တာဖြစ်လေသည်။

ဘုရားရှင်သည် နောင်အခါဝယ် ရဟန်းငါးရာတို့နှင့် အတူတကွ ဆွမ်းခံလှည့်လည်သည်ရှိသော် ဇင္ဒိလသူဌေး၏ သား သုံးယောက်နေထိုင်ရာ အိမ်တံခါးဝသို့ ကြွရောက်တော်မူလေ သည်။

ထိုသားတို့က ဘုရားအမှူးရှိသော သံဃာတော်များကို (၁၅)ရက်ပတ်လုံး ဆွမ်းအလှူကို ပေးလှူလေသည်။

တစ်နေ့ ရဟန်းတို့သည် တရားဆွေးနွေးရာ ဓမ္မသဘာ၌ စုဝေးမိကြ၍-

"ငါ့ရှင်ဇင္ဒိလ. . . ယနေ့လည်း သင့်အဖို့ရာ အတောင် ရှစ်ဆယ်မြင့်သော ရွှေတောင်ကြီးနှင့် သားသုံးယောက်အပေါ်၌ တွယ်တာတပ်မက်မှု ရှိပါသေးသလော"

ဟုမေးကြသည်။

"ငါ့ရှင်တို့. . . ငါ့အဖို့ရာ ထိုရွှေတောင်နှင့် သားများ အပေါ်၌ တွယ်တာတပ်မက်မှု မရှိတော့ပါ"

ဟုဖြေကြားလေသည်။

"ဤဇင္ဒိလမထေရ်က မဟုတ်မမှန်ပြောကြား၍ အရဟတ္တဖိုလ်ကို ဝန်ခံဘိ၏"

ဟုအပြစ်တင်စကား ပြောကြားကြလေသည်။

ဘုရားရှင်သည် ထိုရဟန်းတို့၏ စကားပြစ်တင်သံကို ကြားသိတော်မူ၍-

"ရဟန်းတို့. . . ငါသားတော် ဇဋိလရဟန်း၏သန္တာန်မှာ ထိုရွှေတောင်နှင့်သားတို့ တပ်မက်ခြင်း၊ မြတ်နိုးခြင်း အလျဉ်း မရှိပါချေ"

ဟုဟောကြားပြီးလျှင်-

"ချစ်သားတို့. . . ဤပစ္စုပ္ပန်လောက၌ အကြင်သူသည် မျက်စိအပေါက်ခြောက်ပေါက်၌ ဖြစ်ပေါ်လာသော လိုချင် တပ်မက်မှု(တဏှာ)ကို အကြွင်းမဲ့ ပယ်လှန်ဖြတ်တောက်ပြီး၍ အိမ်ရာ၌နေခြင်းကို အလျဉ်းပင် အလိုမရှိတော့ဘဲရဟန်းဘောင် သို့ရောက်၍ လွတ်မြောက်ခဲ့၏ ၊ ထိုတဏှာကုန်ခမ်းပြီးသော ရဟန္တာမြတ်ကို မတော်မှုမှ အပပြုပြီးသောသူ ဗြာဟ္မဏာဟူ၍ ငါ ချီးမွမ်းပြောဆိုပါ၏"

ဟုမိန့်ကြားတော်မူလေသည်။

ဗုဒ္ဓ၏ တရားဒေသနာတော်အဆုံး၀ယ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ကျမ်းကိုး-- ဓမ္မပဒ- ၄- ၂-

ဂေါတမဗုဒ္ဓနှင့်ကာဠဝဠိယသူဌေးကြီး
( ကာဠဝဠိယမယား၏ သတ္တိ-ဗျတ္တိရှိမှု )

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ရာဇဂြိုဟ်ပြည်၌ ကာဠဝဠိယမည်ရှိသော ဆင်းရဲသား တစ်ယောက်ရှိလေသည်။

သူတို့လင်မယားသည် အလွန်ဆင်းရဲလှသောကြောင့် ထမင်းကို မစားနိုင်၊ ယာဂုကိုဟင်းရွက်နှင့်ရောကျိုချက်ကာ စား ရလေသည်။

တစ်နေ့တွင် ကာဠဝလိယ၏မယားသည် ဟင်းရွက်နှင့် ရောသော ယာဂုချဉ်ကို ပြုတ်၍ထားသည်။

ထိုနေ့၌ အရှင်မဟာကဿပသည် နိရောသေမာပတ်မှ ထ၍-

"ငါသည် အဘယ်သူအား ချီးမြှောက်မှုပြုရပါမည်နည်း" ဟုဆင်ခြင်ကြည့်လတ်သော် ကာဠဝဠိယဆင်းရဲသားကို ဉာဏ်၌ မြင်၍ သူ၏အိမ်ဝသို့ကြွကာ ရပ်တည်လေသည်။

ကာဠဝဠိယ၏ဇနီးသည် မထေရ်မြတ်ကိုမြင်သော်--

"ငါတို့သည် အလွန်ဆင်းရဲလှ၏၊ အလှူခံပုဂ္ဂိုလ်ကြွလာ သော်လည်း လှူရန်မရှိ၊ ယခုမူ အိမ်၌ကျိုချက်ထားသော ယာဂုချဉ်

လည်းရှိ၏၊ အလှူခံမထေရ်လည်းကြွလာ၏၊ တစ်နပ်စာအတွက် ငါတို့ဘဝ ဖြစ်လိုရာ ဖြစ်စေတော့”
ဟုစိတ်ဆုံးဖြတ်ပြီး နှစ်လိုဝမ်းမြောက်သောစိတ်ဖြင့် မထေရ်၏ လက်မှသပိတ်ကိုယူပြီး အသင့်ချက်ပြီးသော ယာဂုကို စေတနာ ထက်သန်စွာဖြင့် မိမိအတွက်မချန်ဘဲ လောင်းလှူလိုက်လေသည်။

ဤအလှူမျိုးကို ကိုယ်ဖို့မချန်သောအလှူ(နိရဝသေသ ဒါန)ဟုခေါ်သည်။

အရှင်မဟာကဿပမထေရ်သည် ကျောင်းတော်သို့သွား ရောက်၍ ထိုယာဂုကိုမြတ်စွာဘုရားအား ဆက်ကပ်လေသည်၊ မြတ်စွာဘုရားက မျှတရုံသာခံယူတော်မူသည်၊ ကျန်သောယာဂု တို့ကို ရဟန်းငါးရာတို့အား ပေးလှူရာ လောက်ငှလေသည်။

ကာဠဝဠိယသည် အိမ်၌ချက်ထားသောယာဂုကို ဇနီး သည်ကအကုန်လှူလိုက်၍ စားစရာမရှိ၊ ဆာလောင်သောကြောင့် ဆွမ်းကြွင်းစားကျန် တောင်းခံစားရန်အတွက် ထိုယာဂုများ ရဟန်း သံဃာများသို့ဝေငှသောနေရာသို့ ရောက်လာပြီး တောင်းခံရာ စားသုံးရန် အနည်းငယ်ရရှိလေသည်။

အရှင်မဟာကဿပသည် ယာဂုဒါယကာ ကာဠဝဠိယ ရရှိမည့်အကျိုးကို မေးလျှောက်ကြည့်သည်။

“ဤနေ့မှ နောက်ခုနှစ်ရက်မြောက်၌ ကာဠဝဠိယသည် သူဌေးဘွဲ့ထီးဖြူကို ရပေလိမ့်မည်”
ဟုမိန့်ကြားတော်မူလေသည်။

ကာဠဝင်္ဂဲယဆင်းရဲသားသည် ဘုရားရှင်၏ထိုစကားကို နားဆတ်ဆတ်ကြား၍ အိမ်သို့ပြန်လာပြီးလျှင် ဇနီးသည်အား ထိုအကြောင်းကို ပြောပြသည်၊ ထိုအချိန်အတောအတွင်းဝယ် ဗိမ္ဗိသာရမင်းသည် မြို့ကိုလှည့်လည်သည်ရှိသော် အရှင်လတ်လတ်ကား စင်တင်ထားရာ သံတံကျင်၌နေရသူ ရာဇဝတ်သား ကလည်း မင်းကြီးကိုမြင်တွေ့၍-

"အရှင်မင်းကြီး. . . အရှင်မင်းကြီးတို့ ပွဲတော်စာ တည်သည့်စားလိုပါသည်၊ ပို့သပေးစေလိုပါ၏"

ဟုအရဲစွန့်ကာ ကျယ်လောင်သောအသံဖြင့် ဟစ်အော် ပြောဆိုလေသည်။

"အိမ်း. . . ကောင်းပြီ. . . ပို့ပေးမည်"

ဟုမင်းကြီးက သနားကရုဏာဖြင့် အာမခံလိုက်သည်။

ညချမ်းပွဲတော်စာ ဆက်သသောအခါ၌ ထိုရာဇဝတ်သား တောင်းဆိုလိုက်သောစကားကို အမှတ်ရတော်မူ၍-

"ဤစားပွဲကို မြို့ပြင်ကားစင်တံကျင်သို့ ရောက်အောင် ပို့နိုင်မည့်သူကို စုံစမ်းကြလော့"

ဟုဆိုင်ရာဝန်တို့ကို မိန့်ကြားတော်မူလေသည်။

ရာဇဂြိုဟ်ပြည်၏ ပတ်ဝန်းကျင် မြို့ဥပစာအရပ်၌ ညဥ့်အချိန်ဝယ် အလွန်ကြမ်းကြုတ်သောဘီလူးများ လှည့်လည်ကျက်စားချိန်ဖြစ်၍ မည်သူမျှညဥ့်အချိန်၌ မြို့ပြင်သို့ မထွက်ရဲကြချေ။

သို့အတွက် ဆိုင်ရာဝန်တို့သည်-

"ထိုရာဇဝတ်သားရှိရာသို့ ဘုရင့်စားတော်အုပ်ပို့နိုင်သူကို အသပြာတစ်ထောင်ပေးမည်"

ဟုမြို့တွင်းလှည့်လည် ကြွေးကြော်စေသည်။

ပထမအကြိမ်၊ ဒုတိယအကြိမ်တို့၌ အသပြာတစ်ထောင် ထုပ်ကိုယူမည့်သူ မရှိချေ၊ မပေါ်ချေ၊ တတိယအကြိမ် လှည့်လည် ကြွေးကြော်သောအခါမှ ကာဠဝဋ္ဋိယဇနီးသည် ထိုအသပြာ ထောင်ထုပ်ကိုယူ၍ သူသွားမည်ဟု ဝန်ခံပြောဆိုလိုက်သည်။

သူမကို မင်းချင်းတို့က မင်းကြီးထံ ခေါ်သွားကြကာ လျှောက်ထားကြသည်၊ သူမက မင်းကြီးထံမှ ထီး,ခြေနင်း,လက် နက်ငါးပါးနှင့် အမျိုးသားဝတ်စုံကို တောင်းယူပြီးလျှင် ယောကျ်ား ကဲ့သို့ဝတ်ဆင်ကာ လက်နက်ငါးပါး ဖွဲ့ချည်လျက် ထမင်းအုပ်ပွဲ တော်ကိုယူဆောင်ကာ ရဲရဲရင့်ရင့်နှင့် မြို့မှထွက်ခဲ့လေသည်။

မြို့မှထွက်လျှင် ထန်းပင်၌စိုးအုပ်နေသော ဒီဃတာလ အမည်ရှိသော နတ်ဘီလူးသည် မိမိ၏ထန်းပင်အနီးမှ ဖြတ်သန်း သွားသော သူမကိုမြင်လျှင်-

"ရပ်လော့၊ သင်သည် ငါ့အစာဖြစ်ချေပြီ"

ဟုခြိမ်းခြောက်စကား ပြောကြားလေသည်။

"ငါသည် သင်၏အစာမဟုတ်၊ ငါကား မင်းကြီး၏ တမန်တော်ဖြစ်သည်"

"ယခု အသင်. . . အဘယ်သို့သွားမည်နည်း"

"အရှင်လတ်လတ်ကား စင်တင်ထားရသော ရာဇဝတ်သားထံသို့ ထမင်းပွဲတော်အုပ်ကို မင်းကြီးအမိန့်အရသွားပို့ရမည်"

"ဤသို့ဆိုက သင်သည် ငါ့အတွက် သတင်းစကားတစ်ခုကိုလည်း ဆောင်သွားခြင်းငှာ သင်စွမ်းနိုင်ပါမည်လော"

"တာဝန်ကို ပြောပါ။ စွမ်းနိုင်မည်ဟု ထင်ပါသည်"

"ထိုသို့ဖြစ်လျှင် သုမနနတ်မင်း၏သမီး ဒီဃတာလ၏ဘီလူး၏ဇနီး ကာဠီ မည်သောနတ်သမီးသည် သားကို မွေးဖွားလေပြီ ဟု သင့်လမ်းတလျှောက်၌ ဟစ်အော်ကြွေးကြော် ပြောကြားပါလော့၊ ထိုသို့ ဟစ်အော် ပြောဆိုပေးပါက ဤထန်းပင်လောက်ဝယ် ရွှေအိုးခုနစ်လုံးရှိပါ၏၊ ထိုရွှေအိုးများကို သင့်အားကြွေးကြော်ခအဖြစ် ငါပေးပါ၏"

သူမသည် ဘီလူးထံမှ ဝန်ခံစကားကိုယူပြီး လမ်းတစ်လျှောက်လုံး ထိုကာဠီနတ်သမီးကလေးမွေးကြောင်းကို ဟစ်အော်ကြွေးကြော်လာခဲ့သည်။

သုမနနတ်မင်းကြီးသည် နတ်ဘီလူးတို့၏ အစည်းအဝေး၌ထိုင်နေစဉ် ထိုအသံကိုကြား၍-

"လူသားတစ်ယောက်သည် ငါတို့အတွက် အလွန်နှစ်သက်ဖွယ်သောသတင်းကို ဆောင်ယူလာ၏၊ ထိုလူသားကို ခေါ်လိုက်ကြလော့"

ဟုပြောဆိုကာ ခေါ်ငင်စေသည်။

သူမရောက်လာသောအခါနတ်မင်းကြီးက အကြောင်းစုံ မေးသောအခါ သူမကလည်း ဒီဃတာလ မှာကြားသည့် အကြောင်းစုံကို ပြောပြလေသည်။

"သင်သည် မင်္ဂလာရှိသောသတင်းကို သယ်ယူလာ၏၊ သင့်အား ဤထန်းပင်၏ ဘေးပတ်လည်အဝန်း အရိပ်ပျံ့နှံ့ရာ အရပ်၌ ရွှေအိုးများရှိကြသည်၊ ထိုရွှေအိုးများကို သင့်အား သတင်းပို့ခအဖြစ် ငါပေး၏"

ဟုပြောကြားလေသည်။

သူမသည် ဆက်လက်၍ကား စင်တင်ရာသုသာန်သို့ သွားပြီး ရာဇဝတ်သားကို ထမင်းခွံ့၍ ကျွေးလေသည်၊ ရာဇဝတ်သားသည် ထမင်းစားပြီးနောက် ခံတွင်းကို သူမ၏လက်ဖြင့် သုတ်သင်ပေးသောအခါ မိန်းမ၏အတွေ့အထိမှန်းသိပြီး သူမ၏ ဆံထုံးကို တအားကိုက်၍ထားလေသည်။

သတ္တိကောင်းသောသူမသည် သန်လျက်ဖြင့် မိမိ၏ ဆံထုံးကိုဖြတ်ချထားခဲ့သည်၊ ထို့နောက် ပွဲတော်အုပ်ကိုယူလျက် မင်းကြီးထံသို့ ပြန်လည် သတင်းပို့ လျှောက်ထားလေသည်။

"မယ်မင်း ထမင်းကျွေးပြီးခဲ့ကြောင်းကို အဘယ်သို့သော အခြင်းအရာ၊ အမှတ်အသားဖြင့် ငါသိရပါမည်နည်း"

"ယခု ကျွန်တော်မျိုးမ၏ဆံထုံးဖြင့် သိရပါမည်၊ နံနက်မိုးလင်းက စုံစမ်းကြည့်ပါဘုရား"

ဟုလျှောက်ထားပြီး မိမိတွေ့ကြုံဆုံခဲ့ရသော အဖြစ်အပျက် အကြောင်းစုံကို လျှောက်ထားပြလေသည်။

နောက်နေ့မိုးလင်းသော် မင်းကြီးသည် သူမပြောသော ရွှေအိုးများကို တူးဖော်ယူစေသည်၊ အားလုံးသော ရွှေအိုးတို့ကို ရရှိလေသည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက မှူးမတ်တို့ကို ခေါ်ယူပြသ ပြီး-

"အခြားတစ်ပါးသောသူအား ဤမျှ များပြားသော ဥစ္စာ ပစ္စည်းမည်သည် ရှိပါသလော"

ဟုမေးသည်။

မှူးမတ်တို့က မရှိကြောင်း လျှောက်ထားကြသောအခါ မင်းကြီးက ကာဠဝဠိယလင်မယားကို သူဌေးဘွဲ့ အဆောင် အယောင်နှင့်သူဌေးထီးဖြူကို ပေးအပ်လေသည်။

(ဥပရိပဏ္ဏာသ- ၆၁၀၁ဟသုတ်)

## ဂေါတမဗုဒ္ဓ+ဗိမ္ဗိသာရမင်းနှင့် ကုမ္ဘဃောသကသူဌေးကြီး

## (ဝိရိယ၊ သတိ၊ စူးစမ်းဆင်ခြင်မှု ပညာရှိမှု၏ အကျိုးရမှု)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံးချိန်ကာလ ဖြစ်သည်။

ရာဇဂြိုဟ်ပြည်ဝယ် သူဌေးကြီးတစ်ဦးအိမ်၌ လူတကာကိုကူးစက်ပြီး သေဆုံးသော အဟိဝါတမည်သော(ပလိပ်ရောဂါသည် ကျရောက်လေသည်။

ထိုရောဂါဖြင့် ပထမန္တားစသောတိရစ္ဆာန်များ၊ ထို့နောက် အိမ်အလုပ်သမားများ သေဆုံးကြသည်၊ နောက်ဆုံးတွင် သူဌေးကြီးလင်မယားသို့ ထိုရောဂါ ကူးစက်ဖြစ်ပွားလာလေသည်။

ထိုသူဌေး၌ သားတစ်ယောက်ရှိလေရာ မိဘနှစ်ပါးသည် မိမိတို့၌ကျရောက်နေသောရောဂါဖြင့် အသက်ရှင်ရန်မဖြစ်နိုင်တော့သည်ကိုသိ၍ သားကိုခေါ်ယူကာ မျက်ရည်စက်လက်ဖြင့် ‘ဤအိမ်မှထွက်ပြေးရန်နှင့် ဥစ္စာများထားပုံနှင့် နောက်မှလာရောက်ယူရန်မှာကြားပြီး သားကိုအိမ်က ထွက်ပြေးစေသည်။

သားငယ်သည်လည်း သေဘေးမှကြောက်သဖြင့် နံရံကိုဖောက်ကာ အရပ်တစ်ပါးသို့ထွက်ပြေးပြီး တောအရပ်တစ်နေရာ၌ မထင်မရှားသောဘဝဖြင့် (၁၂)နှစ်ကြာမျှ နေခဲ့သည်။

သူသည် ငယ်စဉ်ကထွက်ပြေးခဲ့ရပြီး ယခုအရွယ်ရောက်လာပြီးဖြစ်သဖြင့် မိဘတို့အိမ်နေရာသို့ ပြန်လာခဲ့သည်၊ မိမိ၏ ဆံမုတ်ဆိတ်တို့ကြောင့် မိမိကို မည်သူကမျှ မမှတ်မိကြချေ၊

လုလင်သည် မိဘဘိုးဘွားပေးခဲ့သော အမှတ်သညာဖြင့် ဥစ္စာတို့ထားရာနေရာများကို တိတ်တဆိတ်ကြည့်သော် တစ်စုံတစ်ရာ ချွတ်ယွင်းချက်၊ ပျက်စီးသည်ကိုမတွေ့ရ၍ ကြံစည်သည်မှာ-

"ငါ့ကို သူဌေးသားဟူ၍ ထင်ရှားပြောရလောက်အောင် တစ်စုံတစ်ယောက်မျှလည်း သိသူမရှိပါချေ၊ အကယ်၍ ငါသည် ဥစ္စာကိုဖော်၍ သုံးစွဲအံ့၊ တစ်ယောက်သောဆင်းရဲသားသည် ရွှေအိုးထုတ်ဖော် အပ်သတည်း ဟုငါ့ကိုဖမ်းယူ၍ ညှင်းပန်းနှိပ်စက်ရာ၏၊ ယခု ငါသည် အခစားအမှုကိုပြု၍ အသက်မွေးရသည်ရှိသော် လျှောက်ပတ်ကောင်းမြတ်လိမ့်မည်"

ဟုစဉ်းစား ဆင်ခြင်မိလေသည်။

ထို့နောက် သူသည် အလုပ်သမားအဝတ်အပိုင်းအစကို ဝတ်ဆင်၍ အခစားအလုပ်သမားတို့အလုပ် မေးမြန်းစုံစမ်းရာ နေရာသို့သွားရောက်ပြီး အခစားအလုပ်ရှိ-မရှိ၊ မေးမြန်းစုံစမ်းလေသည်။

ထိုလုလင်ကို အခစားအမှုပြုလေ့ရှိသူတို့က တွေ့မြင်၍-

"ငါတို့၌ တစ်ခုသောအမှုကို အမြဲမပြတ်၊ အကယ်၍ သင်ပြုလုပ်ပေးနိုင်ပါက ငါတို့က သင့်အား ထမင်းဘိုးဟူသော အခကိုပေးပါအံ့"

ဟုပြောဆိုကြသည်။

"ပြုရအံ့သောအမှုကား အဘယ်ပါနည်း"

"အကယ်၍ သင်သည် စွမ်းဆောင်၍ လုပ်နိုင်မည်ဆိုသော် နေ့စဉ်နံနက်စောစောထ၍ အမောင်တို့ ထကြကုန်လော့ လှည်းတို့ကို ပြင်ဆင်ကြကုန်လော့၊ နွားတို့ကို ထကြကုန်လော့၊ ဆင်,မြင်းတို့၏မြက်အလို့ငှာ သွားချိန်သောအခါတည်း၊ မိခင်တို့ အသင်တို့သည် ထ,ကြကုန်လော့၊ ယာဂုကို ကျိုချက်ကြလော့၊ ထမင်းကိုချက်ကြကုန်လော့ စသည်ဖြင့် တစ်လမ်းဝင် တစ်လမ်းထွက်နှိုးသောအလုပ်ကို လုပ်ရမည်"

ဟုပြောကြားသည်။

လုလင်သည် လုပ်မည်ဟု ဝန်ခံ၍ ထိုနေ့မှစ၍ နံနက်စောစော နှိုးဆော်မှုအလုပ်ကိုလုပ်လေသည်၊ ထိုအချိန်မှစ၍ ထိုလုလင်၏နာမည်သည် ကုမ္ဘဃောသကဟူ၍ အမည်ထင်ရှားလေသည်။

တစ်နေ့သောနံနက်စောစောတွင် ထိုလုလင်၏ နှိုးဆော်သံကို ဗိမ္ဗိသာရမင်းကြီးသည် ကြားမိလေသည်၊ မင်းကြီးသည်ကား အလုံးစုံသောသူတို့၏အသံကို တတ်သိနားလည်သော သဘောရှိလေသည်။

"ဤအသံကား များစွာ ဥစ္စာပစ္စည်းရှိသော ယောကျ်ား၏အသံ ဖြစ်လေသည်တကား"
ဟုမိန့်ဆိုလေသည်။

ထိုအခါ မင်းကြီး၏အနားတွင်ရှိသော မောင်းမက-

"မင်းကြီးသည်ကား ဟုတ်ဟုတ်ငြားငြား သာမညအားဖြင့် ဤစကားမျိုးကို မဆိုလတံ၊ ဤသူကို ငါသိခြင်းငှာအပ်၏"
ဟုစဉ်းစား၍ မင်းချင်းတစ်ယောက်ကို-

"အမောင်. . . သွားခဲ့ချေ၊ ဟစ်အော်ကြွေးကြော်သော ဤသူကိုသိအောင်ပြုခဲ့ဘီလော့"
ဟုစေလွှတ်လိုက်သည်။

ထိုမင်းချင်းယောကျ်ားသည် လျင်မြန်သောအဟုန်ဖြင့် သွား၍ ဟစ်အော်ကြွေးကြော်သောလုလင်ကို စုံစမ်းလေ့လာပြီး လျှင်ပြန်လာ၍-

"ဤသူသည် တစ်ယောက်သောနှီးဆော်ကို စေခိုင်းသောသူတို့၏ အခစားအမှုကိုပြုသော အထီးကျန်သော လူတစ်ယောက် ဖြစ်ပါသည်"
ဟုပြောကြားလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် အထီးကျန်သောသူ ဟူသော စကားကိုကြား၍ ဆိတ်ဆိတ်သာနေလေသည်။

နှစ်ရက်၊ သုံးရက်မြောက်သောနေ့တို့၌လည်း ထိုလုလင်၏အသံကိုကြား၍ မင်းကြီးကအထက်ပါအတိုင်း ဆိုပြန်သည်။

"မင်းကြီးသည် ဤသူသည် အထီးကျန်သောသူတည်းဟုပြောဆိုသောစကားကို ကြားပါသော်လည်းမယုံကြည်၊ အဖန်ဖန်အထပ်ထပ်မပြတ်သာလျှင် ဤအသံသည်ကား များစွာသောပစ္စည်းဥစ္စာရှိသောယောကျ်ား၏အသံ ဟူ၍သာ ဆိုနေပါသည်၊ ဤအရာ၌ တစ်စုံတစ်ခုသောအကြောင်းသည် ဖြစ်ရာ၏၊ ဟုတ်မှန်တိုင်းမှန်စွာ ဤအမှုကို သိသင့်သည်"

ဟုကြံစည်လေသည်။

"အရှင်မင်းမြတ်. . . ကျွန်မသည် တစ်ထောင်လောက်မျှသောအသပြာကိုရပါက သမီးကိုခေါ်သွားပြီး ဤဥစ္စာကို မင်းအိမ်ရောက်အောင် သွင်းယူပေးပါမည်"

ဟုမင်းကြီးကို လျှောက်ထားလေသည်။

မင်းကြီးသည် မောင်းမစကားကိုသဘောကျ၍ အသပြာတစ်ထောင်ကို ထုတ်ပေးလေသည်။

ထိုမောင်းမသည် သမီးကိုခေါ်ကာ ညစ်နွမ်းသောအဝတ်ကိုဝတ်ဆင်၍ ခရီးသွားသူကဲ့သို့ပြုကာ အခစားဖြင့် အသက်မွေးလေ့ရှိသူနေရာလမ်းမသို့ သွားသည်၊ အိမ်တစ်အိမ်သို့ဝင်ပြီးလျှင်-

"မိခင်. . . ကျွန်မတို့သည် ခရီးသွားဧည့်သည်တို့ ဖြစ်ပါသည်၊ တစ်ရက်နှစ်ရက် အပန်းဖြေနားနေပြီး ခရီးဆက်ပါမည်၊

ခေတ္တတည်းခိုခွင့်ပြုပါ”
ဟုခွင့်တောင်းသည်။

“သမီး. . . ဤအိမ်ကား လူများပါ၏၊ နေရာရမည် မဟုတ်ပါ။ ဟိုဘက်က ကုမ္ဘဃောသကအိမ်သည်ကား လူမရှိ၍ အချည်းနှီး ဖြစ်ပါသည်၊ ထိုအိမ်သို့ သွားကြပါ”
ဟု လမ်းညွှန်ပေးလိုက်ကြသည်။

သားအမိနှစ်ယောက်သည် ကုမ္ဘဃောသကအိမ်ဘက် သို့သွား၍-

“အရှင်. . . ငါတို့သည် ခရီးသွားတို့ပါတည်း၊ တစ်ရက်၊ နှစ်ရက်မျှ ဤအိမ်၌ တည်းခိုနေထိုင်ပါရစေ”
ဟုခွင့်တောင်းကြသည်၊ ကုမ္ဘဃောသကသည် အဖန်တလဲလဲ တားမြစ်၍ လက်မခံပေ၊

“အရှင်. . . ယနေ့တစ်နေ့တာမျှ တည်းခိုနေထိုင်ခွင့် ပြုပါ။ နံနက်စောစော ထ၍သွားပါမည်”
ဟုထပ်မံတောင်းပန်သည်။

နန်းတွင်းသသူမောင်းမသည် မိမိ စုံစမ်းလိုသောသူ၏ အိမ်ဖြစ်နေမှန်းသိ၍ ထိုကုမ္ဘဃောသကအိမ်၌ မဖြစ်မနေ၊ မရ မနေ တောင်းပန်ပြီးနေရန် ဆုံးဖြတ်ထားသည်။

ကုမ္ဘဃောသကသည် တစ်ညသာဆို၍ လည်းကောင်း မိန်းမသားဖြစ်၍လည်းကောင်း သနားသဖြင့် လက်ခံလိုက်သည်။

နောက်နေ့ မိုးလင်းခါနီး ကုမ္ဘဃောသက ကြွေးကြော်ရန် သွားကာနီးတွင်-

"အရှင်. . . သင်၏ရိက္ခာဆန်ကို ပေးခဲ့ပါ၊ သင့်အတွက် စားရန် အာဟာရကို ငါတို့ချက်ပြုတ်ထားပေးပါမည်"

ဟုပြောသည်။

"မိခင်. . . အလိုမရှိပါ၊ ကျွန်ုပ်သည်သာလျှင် ကိုယ့်ဘာသာကိုယ်ချက်၍ စားပါမည်"

ဟုပြောသည်၊ နန်းတွင်းသူက အဖန်ဖန်တလဲလဲ တောင်းပန်စကားပြောသောအခါ ကုမ္ဘဃောသကသည် မငြင်းနိုင်တော့ဘဲ ထုတ်ပေးရလေတော့သည်။

နန်းတွင်းသူသည် ကုမ္ဘဃောသကပေးသော ဆန်တို့ယူ ရုံသဘောမျှယူ၍ ဈေးမှအိုးခွက်တို့ကိုလည်းကောင်း၊ သန့်ရှင်းစင်ကြယ်သောဆန်တို့ကိုလည်းကောင်း ယူ၍ မင်းအိမ်၌ ချက်သကဲ့သို့ကောင်းမွန်၍ အရသာရှိသော ထမင်း၊ ဟင်းတို့ကို ချက်ပြုတ်ထားသည်၊ ကြွေးကြော်ဆော်အော်ရာမှပြန်လာသော ကုမ္ဘဃောသကကို ကောင်းမွန်စွာ ပြုစုလုပ်ကျွေးသည်။

ထိုသို့ နူးညံ့သိမ်မွေ့ပြီး အရသာရှိသော ထမင်း၊ ဟင်းတို့ကို စားသုံးရသဖြင့် ကုမ္ဘဃောသက၏စိတ်သည် နူးညံ့သိမ်မွေ့လာသည်၊ ထိုသည်ကိုသိ၍ နန်းတွင်းသူက-

"အရှင်. . ငါတို့သည်ကား ခရီးဝေးကလာခဲ့ရ၍ အလွန်ပင်ပန်းနေကြပါသည်၊ တစ်ရက်နှစ်ရက်မျှ ဆက်၍နေပါရစေ" ဟုတောင်းပန်စကား ပြောကြားသည်။

ကုမ္ဘဃောသကကား မငြင်းတော့ဘဲ လက်ခံလိုက်သည်၊ နန်းတွင်းသူသည် ညနေစာ၊ နံနက်စာတို့ကို ကောင်းမွန်အရသာရှိအောင်စီမံပြီး ကုမ္ဘဃောသကကို ချက်ကျွေးမွေးပြုစုသည်။

ကုမ္ဘဃောသကသည်လည်း ထိုသားအမိနေခြင်းကို နှစ်သက်သောစိတ် ဖြစ်ပေါ်နေသည်၊ နန်းတွင်းသူကလည်း နောက်ထပ်(၃)ရက်လောက် ဆက်နေခွင့် တောင်းပန်သောအခါ ကုမ္ဘဃောသကက သဘောကျစွာ ဆက်လက်ခွင့်ပြုလေသည်။

တစ်နေ့တွင် နန်းတွင်းသူက ကုမ္ဘဃောသကအိပ်သော ကုတင်၏နေရာအချို့၌ ကြိုးတို့ကို ခွဲဖျက်ထားပြီး မသိမသာဆက်ထားသည်၊ ကုမ္ဘဃောသကပြန်လာ၍ ထိုကုတင်ပေါ် ထိုင်ချလိုက်သောအခါ အောက်သို့ တွဲရ ရွဲဆွဲကာပြုတ်ကျကုန်သည်။

"ဘယ်သူတွေ၊ အဘယ်ကြောင့် ငါ့ကုတင်ကြိုးတွေကို ခွဲဖျက်သွားကြသနည်း"

ဟုဆိုသည်။

"အရှင်. . . ရွာထဲရှိ ကလေးတို့သည် တား၍မရပါ၊ ဤနေရာလာပြီး ဤကုတင်၌ပင် ထိုင်ကြကာ ပြောကြ၊ ဆိုကြ၊ ဆော့ကစားကြပါသည်"

"မိခင် . . . ကျွန်ုပ်ကား ဤသို့သော ဆင်းရဲသည် အသင်တို့ကိုမှီ၍ ဖြစ်လေဘိသည်၊ ငါသည် ရှေးအခါက တစ်စုံတစ်ခု သောအရပ်သို့သွားသည်ရှိသော် တံခါးကိုပိတ်၍ သွားသည်၊ ယခု တံခါးကိုမပိတ်၍ ဤကဲ့သို့ဖြစ်ရသည်"

"ချစ်သား . . . အဘယ်သို့ပြုရပါအံ့နည်း၊ တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ"

နန်းတွင်းသူသည် ဤသို့သောအမှတ်ဖြင့် ကုမ္ဘဃောသ ကကို ချော့ပြောလိုက်၊ ကုတင်ကြိုးစများကို တစ်ချောင်းပြီးတစ် ချောင်းဖြုတ်လိုက် လုပ်နေခဲ့သည်။

နောက်ဆုံးတွင် ကုမ္ဘဃောသကသည် မိမိကုတင်ပေါ်၌ အိပ်မရမြေသို့ ကျွံကျသည်အထိ ဖြစ်ပေါ်လာလေသည်၊ ကုမ္ဘ ဃောသကသည် ကုတင်ကြားမှထ,ကာ စိတ်ဆိုးမာန်ဆိုးသော အမူအရာဖြင့် ယခု အဘယ်သို့ ပြုရပါမည်နည်း၊ ယခုအခါ အဘယ်သို့ သွားအိပ်ရပါမည်နည်း၊ ညောင်စောင်းအိပ်ရာဖြစ် သောကုတင်ကို သင်တို့သည် အရှင်မဟုတ်သကဲ့သို့ပြုဘိ၏" ဟုပြောဆိုလေသည်။

"ချစ်သား . . . ငါသည် အသို့ပြုရပါမည်နည်း၊ ချစ်ကျွမ်း ဝင်သော အိမ်နီးချင်းသူငယ်တို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ၊ ချစ်သားရှိပါစေလော့၊ မစိုးရိမ်စိတ် သောကမဖြစ်ပါစေလင့်၊ ဤအခါ၌ အဘယ်သို့ သွားအံ့ပါမည်နည်း"

ဟုချော့မော့ပြောပြီး သမီးကို ခေါ်ပြီးလျှင်-

"သမီး. . . သင့်မောင်ကြီး အိပ်ဖို့နေရာကို ပြုပါလော့"

သမီးသည် တစ်ဘက်နံပါး၌ အိပ်ရာကိုပြု၍-

"အရှင်. . . ဤနေရာ၌ အိပ်ပါလော့"

ဟုပြောဆိုလေသည်။ မိခင်ကလည်း-

"ချစ်သား. . . သွားတဲ့ချေ၊ သင်၏နှမနှင့်အတူ ကပ်၍ အိပ်ပါလေ"

ဟုတိုက်တွန်းသည်။

ကုမ္ဘယောသကသည် ထိုညတွင် နန်းတွင်းသူသမီးနှင့် ကုတင်တစ်လုံးထဲ တစ်ဘက်စီအိပ်ရာမှ ပေါင်ဖော်ခြင်းကိုပြုမိကြသည်။ သတို့သမီးသည် ထ,၍ငိုကြွေးလေသည်။

"ချစ်သမီး. . . အဘယ်ကြောင့် ငိုကြွေးပါသနည်း"

"မိခင်. . . ဤမည်သောအမှုသည် ဖြစ်ခဲ့ပါ၏"

"ချစ်သမီး. . . ရှိပါစေတော့၊ ဖြစ်ပေါ်လာသော အကြောင်းတရားကိုတားမြစ်ခြင်း၊ ပြုပြင်ခြင်းငှာ အဘယ်သို့ တတ်နိုင်မည်နည်း၊ သင်သည် တစ်ယောက်သော မိုခိုဆည်းကပ်ရာ ခင်ပွန်းလင်ကို ရခြင်းငှာအပ်ပါ၏၊ ဤလုလင်သည်လည်း တစ်ယောက်သော ခြေရင်းအလုပ်အကျွေးဖြစ်သော မယားကို ရခြင်းငှာ အပ်ပါ၏"

ဟုပြောဆိုဆုံးမကာ ကုမ္ဘယောသကနှင့် သမီးကို ထိုညချင်းပင်

လက်ထပ်ထိမ်းမြား ပေးစားလိုက်လေသည်၊ ကုမ္ဘဃောသက က လည်း နှစ်သက်လက်ခံပြီး အညီအညွတ်နေကြသည်။

မိခင်ဖြစ်သော နန်းတွင်းသူသည် နှစ်ရက်၊ သုံးရက်လွန် မြောက်သောအခါ မင်းကြီးထံသို့-

"အရှင်မင်းမြတ် . . . အခစားဖြင့် အသက်မွေးလေ့ ရှိသောသူတို့၏ ခရီးလမ်းမ၌ သဘင်ကိုပြုတော်မူကုန်လော့၊ အကြင်သူ၏အိမ်၌ သဘင်မပြု၊ ထိုသူအား ဤမျှလောက်သော ဒဏ်သည်ဖြစ်စေသတည်းဟု ကြွေးကြော်ကြေညာခြင်းကို ပြုပေး တော်မူပါလော့"

ဟုသတင်းစကားကို စေလွှတ်ပို့လိုက်သည်။

မင်းကြီးကလည်း နန်းတွင်းသူပြောပြသည့်အတိုင်း ပြု လုပ်သည်၊ ထိုအခါ ကုမ္ဘဃောသကကို ယောက္ခမက-

"ချစ်သား. . . အခစားလမ်းမ၌ မင်းကြီး၏အာဏာဖြင့် သဘင်ပြုလုပ်အပ်သည် ဖြစ်ပေ၏၊ အသို့ပြုအံ့နည်း"

"ချစ်သား. . . အိမ်ရာတည်ထောင်၍ လူ့ဘောင်၌ နေ သောသူတို့မည်သည်ကား ကြွေးမြီကိုလည်း ယူရကုန်၏၊ မင်း၏ အာဏာကိုမပြုဘဲ နေခြင်းငှာ မရအပ်ကုန်၊ ယူအပ်သောကြွေးမြီ မှာ တစ်ခုသောအကြောင်းဖြင့် လွတ်ခြင်းငှာ တတ်ကောင်း၏၊ ချစ်သား. . . သွားပါချေ၊ တစ်စုံတစ်ယောက်သူထံမှ တစ်ခုနှစ်ခု သော အသပြာတို့ကို ဆောင်ယူခဲ့ပါလော့"

ထိုအခါ ကုမ္ဘဃောသက စိတ်ပျက်လက်ပျက်ညည်းညူ လျက်ပင်ထွက်သွားပြီး ကုဋေလေးဆယ်သောဥစ္စာတို့ ထားရာ အရပ်မှတစ်ခုသောအသပြာကို ဆောင်ယူခဲ့လေသည်။

ထိုနန်းတွင်းသူသည် ကုမ္ဘဃောသကလုလင်ပေးသော အသပြာကို မင်းကြီးထံပို့စေ၍ မိမိ၏တစ်ခုသောအသပြာဖြင့် သဘင်ကိုပြုပြီးသော် (၃)ရက်လွန်မြောက်သော် ရှေးနည်းတူ သတင်းပို့၍ သဘင်ကိုပြုစေပြန်သည်၊ ကုမ္ဘဃောသကသည် မင်း အာဏာဖြင့် ယောက္ခမကဆိုလာပြန်သဖြင့် အသပြာကိုထုတ်ယူ၍ ပေးရပြန်လေသည်၊ နန်းတွင်းသူကလည်း ထိုအသပြာတို့ကို မင်းကြီးထံသို့သာ ပို့ပေးလေသည်။

ဤသို့လျှင် ပွဲတော်ကို (၃၊ ၄)ကြိမ်ပြုလုပ်ပေးပြီးသော် နန်းတွင်းသူက မင်းကြီးထံသို့-

"အရှင်မင်းမြတ်. . . ယခုအခါ မင်းချင်းယောက်ျားကို စေလွှတ်၍ ဤကုမ္ဘဃောသကလုလင်ကို ခေါ်စေလိုပါသည်" ဟု သတင်းပို့လိုက်သည်၊ မင်းကြီးကလည်းခေါ်စေရန် စီမံသည်။

မင်းချင်းယောက်ျားတို့သည် ထိုအခစားလုပ်ရာ လမ်းမ ခရီးသို့သွားကြပြီးလျှင်-

"ကုမ္ဘဃောသကအမည်ရှိသောသူသည် အဘယ်နည်း' ဟုမေးမြန်းရှာဖွေကြပြီး ကုမ္ဘဃောသကကို တွေ့သောအခါ ကုမ္ဘဃောသကကို-

"သင့်ကို မင်းကြီးက ခေါ်တော်မူသည်"
ဟုပြောဆိုကြသည်။

ကုမ္ဘဃောသကသည် မင်းကြီးက ခေါ်သည်ဆို၍ ကြောက်ရွံ့ထိတ်လန့်ကာ-

"ငါ့ကိုမင်းကြီးက မသိပါ၊ ငါကလည်းမင်းကြီးကို မသိ၊ သို့အတွက် မလိုက်နိုင်ပါ"
ဟုကုမ္ဘဃောသက ငြင်းဆိုသောအခါ မင်းချင်းတို့က ကုမ္ဘဃောသကအား လက်ကိုဖမ်းချုပ်ဆွဲငင်ပြီး ခေါ်သွားကြလေသည်။

လမ်းတွင် ကုမ္ဘဃောသက၏ယောက္ခမမိခင်က မြင်၍-

"အချင်းဆိုနိုင်ခက်သောယောကျ်ားတို့. . . အသင်တို့သည် ငါ၏သမက်ကို လက်စသည်ကို ကိုင်ချုပ်ဆွဲယူခြင်းငှာ မလျှောက်ပတ်"
ဟုခြိမ်းခြောက်ပြောဆိုပြီး-

"ချစ်သား. . . လာလှည့်၊ မကြောက်လင့်၊ မင်းကြီးကို ဖူးမြင်၍ သင်၏လက်စသည်တို့ကို ကိုင်ဆွဲကုန်သောသူတို့အား လက်ကို ဖြတ်စေအံ့"
ဟုဆိုပြီး နန်းတွင်းသူသည် သမီးကိုပါခေါ်ပြီး ရှေ့မှသာလျှင် မင်းနန်းတော်သို့သွားသည်၊ မင်းနန်းတော်သို့ရောက်သော် နန်းတွင်းသူယောက္ခမနှင့်သမီးတို့သည် နန်းဝတ်တန်ဆာကိုဝတ်၍ သင့်တင့်လျောက်ပတ်သောအရပ်၌ တည်နေကြသည်။

မင်းချင်းတို့သည် ကုမ္ဘယောသကကို ဆွဲခေါ်ကာ မင်းကြီးရှေ့သို့ပို့ပြီး ရှိခိုးကာ တည်စေသည်။

"သင်သည် ကုမ္ဘယောသကမည်သောသူ ဟုတ်လေသလော"

"အရှင်မင်းမြတ်. . . ဟုတ်ပါ၏"

"အဘယ်ကြောင့် သင်သည် များစွာသောဥစ္စာကို ငါ့အားလှည့်ပတ်ပြီးသည်ကာလ သုံးစွဲစားသောက်၍နေပါသနည်း"

"အရှင်မင်းမြတ်. . . ကျွန်ုပ်မှာ များစွာသောဥစ္စသည် အဘယ်မှာရှိအံ့နည်း၊ အခစားအမှုကိုပြု၍ အသက်မွေးနေသူသာ ဖြစ်ပါသည်"

"သင်. . . ဤသို့မပြုလင့်၊ အဘယ်ကြောင့် ငါ့ကိုလှည့်ပတ်ဘိသနည်း"

"အရှင်မင်းမြတ်. . . မလှည့်ပတ်ဝံ့ပါ၊ အကျွန်ုပ်ကားဥစ္စာမရှိပါ"

ထိုအခါ မင်းကြီးက ကုမ္ဘယောသကအား အသပြာတို့ကို ထုတ်ပြပြီးလျှင်-

"ဤအသပြာတို့ကား အဘယ်သူ၏ အသပြာတို့နည်း" ဟုမေးသောအခါ ကုမ္ဘယောသကသည် ထိုအသပြာများကို မှတ်မိပြီး အံ့ဩထိတ်လန့်ကြောက်ရွံ့ကာ-

"ဤအသပြာတို့ကိုထုတ်၍ ဆောင်ယူအပ်သော ငါသည် မိုက်မဲလေစွတကား၊ အဘယ်ကြောင့်သာလျှင် ဤအသပြာတို့သည် မင်းကြီး၏လက်သို့ရောက်နေရပါလိမ့်နည်း"
ဟုစဉ်းစားပြီး ဟိုဟိုဒီဒီကြည့်သည်ရှိသော် အထူးထူးသောနန်းဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ဝတ်ဆင်ထားသော မိမိ၏ယောက္ခမနှင့်မိန်းမကိုမြင်လေသော်-

"ဤအမှုသည်ကား အမှန်ဝန်လေးသောအမှု ဖြစ်ချေသည် တကား၊ ဤမိန်းမတို့ကို မင်းကြီးသည် စေလွှတ်အပ်သည် ဖြစ်ပေလိမ့်မည်"
ဟုကြံဆဆင်ခြင်မိသည်။

"အို-အချင်း. . . ဆိုဘိလော့၊ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း"

"အရှင်မင်းမြတ်. . . ကျွန်ုပ်ကား အားကိုးမှီခိုရာ မရှိပါ"

"ငါသို့သဘောရှိသောမင်းသည် သင်၏အားကိုးမှီခိုရာဖြစ်ခြင်းငှာ မအပ်ပါသလော"

"အရှင်မင်းမြတ်. . . အရှင်သည် ကျွန်ုပ်အတွက် သင့်လျော်ကောင်းမြတ်သည်ဟုထင်ပါက အရှင်မင်းမြတ်သည် ကျွန်ုပ်၏အားကိုးမှီခိုရာ ဖြစ်စေလိုပါ၏"

"အချင်း. . . ငါသည် သင်၏အားကိုးမှီခိုရာ ဖြစ်အံ့၊ အသင်အားဥစ္စာသည် အဘယ်မျှရှိလေသနည်း"

"အရှင်မင်းမြတ်. . . ကုဋ္ဋေလေးဆယ်လောက် ရှိပါသည်"

"အဘယ်ကိုရခြင်းငှာအပ်သနည်း"

"အရှင်မင်းမြတ်. . . လှည်းတို့ကို ရခြင်းငှာအပ်ပါသည်"

ထိုအခါ မင်းကြီးသည် အရာမကသော လှည်းတို့ကိုစေလွှတ်ပြီး၊ ထိုဥစ္စာတို့ကို မင်းယင်ပြင်၌ ဆယ်ယူစုပုံစေသည်၊ ထိုနောက် ရာဇဂြိုဟ်မြို့သူမြို့သားများကို စုဝေးစေ၍-

"ဤရာဇဂြိုဟ်မြို့၌ တစ်စုံတစ်ယောက်သော သူအား ဤမျှလောက်သော ဥစ္စာမည်ရှိပါသလော"

ဟုမေးတော်မူသည်၊ အားလုံးက

"အရှင်မင်းမြတ်. . . မရှိပါ"

ဟုလျှောက်ထားကြသည်။

"ထိုသူအား အဘယ်သို့ပြုခြင်းငှာအပ်သနည်း"

"အရှင်မင်းမြတ်. . . ပူဇော်သက္ကာရကိုပြုခြင်းငှာ အပ်ပါသည်"

ဟုပြည်သူအများက လျှောက်ထားသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘဃောသကအား ကြီးစွာသော ပူဇော်သက္ကာရဖြင့် သူဌေး၏အရာ၌ထား၍ သမီးကိုလည်း ထိုကုမ္ဘဃောသကအားသာလျှင် ထိမ်းမြားလက်ထပ်ပေးသည်။

ထို့နောက် မင်းကြီးသည် ကုမ္ဘယောသကကိုခေါ်၍ ဗုဒ္ဓထံသို့သွားကြပြီးလျှင် ဘုရားရှင်ကိုရိုသေစွာ ရှိခိုးကန်တော့ကြသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤယောကျ်ားကိုရှုတော်မူပါကုန်လော့၊ ဤသို့သဘောရှိသော တည်ကြည်သော ပညာရှိသောသူမည်သည် မရှိပါ၊ ကုဋေလေးဆယ်မျှသော ဥစ္စာစည်းစိမ်ချမ်းသာရှိသောသူ ဖြစ်ပါလျက်သော်လည်း ပေါ်လွင်ထင်ရှားသောအခြင်းအရာကိုလည်းကောင်း၊ ငါဟူသောမာန်ကိုလည်းမပြုမူ၍ အထီးကျန်စွာ ဆင်းရဲရှာသောသူကဲ့သို့ ပုဆိုးပိုင်းကိုဝတ်ရုံသုံးဆောင်လျက် အခစားခရီးလမ်းမဌ် အခစားအမှုတို့ကိုပြုလုပ်၍ အသက်မွေး၍ နေပါသည်"

ဒကာတော်သည် ဤမည်သောအကြောင်း ဥပါတ်မျဉ်ဖြင့် သိအောင်ပြုရပါသည်၊ အမှန်တိတိသိပြီး၍လည်း ခေါ်စေပြီးသော် ဥစ္စာရှိသည်အဖြစ်ကိုဝန်ခံစေ၍ ထိုဥစ္စာကို ဆောင်ယူစေပြီးလျှင် သူဌေးအရာ၌ ထားပါသည်၊ သမီးကိုလည်းကုမ္ဘယောသကအား ဒကာတော်သည် ပေးအပ်ဆောင်နှင်းပါသည်၊ ဘုန်းတော်ကြီးမြတ်လှသောမြတ်စွာဘုရား ဟု ဒကာတော်သည် ဤသို့သဘောရှိသောတည်ကြည်သောသူကို မတွေ့မမြင်ဘူးပါဘုရား" ဟုမင်းကြီးက လျှောက်ထားသည်။

"ဒါယကာမင်းမြတ်. . . ဤသို့သဘောရှိသော အသက်ရှင်သောသူ၏ အသက်မွေးခြင်းသည် တရားသဖြင့် သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အသက်မွေးခြင်းမည်၏၊ သူတစ်ပါး၏ပစ္စည်းဘဏ္ဍာကို ခိုးခြင်းအစရှိသောအမှုသည်ကား ပစ္စုပ္ပန်ဘဝ ဤလောက၌လည်း နှိပ်စက်ဖျက်ဆီးအပ်၏၊ တမလွန်လောက၊ နောက်ဘဝ၌လည်း နှိပ်စက်ဖျက်ဆီးတတ်ပါ၏"

ထိုသူတစ်ပါးပစ္စည်း ခိုးယူခြင်းဟူသော အကြောင်းကြောင့် ချမ်းသာခြင်းမည်သည်မရှိ၊ တစ်စုံတစ်ယောက်သောယောကျ်ားအား စီးပွားဥစ္စာ ဆုံးရှုံးပျက်စီးသောအခါ၌ လယ်ထွန်ခြင်းကိုလည်းကောင်း၊ သူတစ်ပါးအစေအပါး၊ အခစားကိုလည်းကောင်းပြု၍ အသက်မွေးခြင်းသည်သာလျှင် တရားသဖြင့် သင့်တင့် ကောင်းမြတ်သော အသက်မွေးခြင်း မည်ပါ၏၊

ဤသို့သဘောရှိသော လုံ့လဝိရိယနှင့်ပြည့်စုံသော သတိနှင့်ပြည့်စုံသော ကိုယ်၊ နှုတ်တို့ဖြင့် စင်ကြယ်သော အမှုရှိသော ပညာဖြင့် စူးစမ်းဆင်ခြင်ခြင်းကိုပြုလေ့ရှိသော ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး၌ ကျင့်သုံးစောင့်စည်းသော တရားသဖြင့် အသက်မွေးမြူခြင်းကို မွေးမြူလေ့ရှိသော သတိချွတ်ယွင်းမလွတ်သော အဖြစ် တည်ရှိသောသူအား အစိုးရခြင်း စည်းစိမ်ချမ်းသာသည် တစ်နေ့တစ်ခြား တိုးပွားစည်ပင်၍ လာရသည်သာ၊

“ထကြွလုံ့လ၊ ဝီရိယရှိသော၊ သတိရှိသော၊ စင်ကြယ်သောအမှုရှိသော စူးစမ်း၍ပြုလေ့ရှိသော၊ စောင့်စည်းထသော၊ တရားသဖြင့်အသက်မွေးသော၊ မမေ့မလျော့သောသူအား စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်းသည် တစ်နေ့တစ်ခြား တိုးပွားလေသည်သာ”

ဤတရားတော်ဂါထာ၏အဆုံးဝယ် ကုမ္ဘဃောသကသူဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကဝတ္ထု)

ဂေါတမဗုဒ္ဓနှင့်အာနန္ဒသူဌေးကြီးရဲ့သား မူလသီရိသူဌေး

(ချမ်းသာသော်လည်း မပေးလှူခဲ့၍ ဘဝပျက်မှုပြဿနာ)

ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

သာဝတ္ထိမြို့၌ ကုဋေ(၈၀)ကြွယ်ဝသော အာနန္ဒအမည်ရှိ သော သူဌေးကြီးတစ်ဦးရှိသည်။

သူသည်မပေးမကမ်း၊ မလှူဒါန်းလို၊ အလွန်ဝန်တို၊ လျှို့ဝှက်သောစိတ်သဘောထားရှိသူဖြစ်သည်၊ သူသည် လခွဲတိုင်း ဆွေမျိုးဉာတိတို့ကို စည်းဝေးစေ၍လည်းကောင်း၊ မိမိ၏သား မူလသီရိကိုလည်းကောင်း-

"မျက်စဉ်းတို့ မည်သည် တစ်နေ့တစ်ပေါက် ထည့်ခတ် သော်မှ ကုန်ခမ်းခြင်းသဘောရောက်သည်ကိုမြင်၍လည်းကောင်း သေးငယ်လှသော ပိုး၍၊ ခြတို့သည် တစ်ကောင်ချီ သယ်မ အနည်းငယ်မျှဖြင့် အသွယ်သွယ်စုသဖြင့် မြေတောင်ပို့ဖြစ်သဖြင့် လည်းကောင်း၊ ပျားကြီးပျားငယ်တို့သည် ပန်းဝတ်ရည်ကိုကောင်း စွာယူဆောင်၍ များမြောင်လှသော ပျားလဘို့တို့ကို ဖြစ်စေ သကဲ့သို့ လည်းကောင်း၊ ပညာရှိသည် ပြုလုပ် အားထုတ်၍နေရ မည်"

ဟူ၍ ဆိုဆုံးမလေ့ရှိသည်။

မိမိ၏သား မူလသိရိကိုလည်း-

"ချစ်သား. . . ကုဋေလေးဆယ်မျှသော ဥစ္စာပစ္စည်းတို့ကို အသပြာများစွာရှိသည်ဟူ၍ အမှတ်သညာ မပြုပါလင့်၊ မိမိ၌ လက်ဝယ်ထင်ရှားရှိသောဥစ္စာကို မပေးကမ်းအပ်၊ အသစ်ဖြစ်သောဥစ္စာကိုသာ တိုးပွားစေအပ်၏၊ ဖြစ်စေအပ်၏၊ တစ်ခုတစ်ခုသော အသပြာမျှကိုသော်လည်းကောင်း ကုန်ခမ်းသုံးစွဲစေသောသူအား မကြာမတင် လျင်မြန်စွာ ကုန်ခမ်းခြင်းသို့ ရောက်ရာ၏"

ဟူ၍တစ်နေ့သုံးကြိမ် ပြောဆိုဆုံးမလေ့ရှိသည်။

* * *

တစ်နေ့သောအချိန်တွင် ထိုအာနန္ဒာသူဌေးကြီးသည် မိမိမြေ၌မြှုပ်ထားအပ်သော ရွှေအိုးကြီးငါးလုံးကို မိမိသားအား မပြောကြားသေးမီ ရုတ်တရက် သေဆုံးကွယ်လွန်သွားခဲ့သည်။

အာနန္ဒသူဌေးကြီး ကွယ်လွန်သောသတင်းကို ကြားသိသော ပသေနဒီကောသလမင်းကြီးသည် သားမူလသိရိကိုခေါ်၍ အဖနေရာဖြစ်သော သူဌေးအရာ၌ ခန့်ထားလေသည်။

ကွယ်လွန်သောအခါဝယ် တဏှာမာနကိုမှီလျက် ကြီးစွာသော ဝန်တိုခြင်း အညစ်အကြေးဖြင့် ကွယ်လွန်ခဲ့သောကြောင့် သာဝတ္ထိမြို့၏ တံခါးတစ်ခုအနီးရှိ အိမ်ခြေ (၁၀၀၀) ရှိသော ဒွန်းစဏ္ဍားရွာ၌ ဆင်းရဲညှိုးနွမ်းပိန်လှီကိုယ်ရှိလျက် ဒွန်းစဏ္ဍားမ တစ်ယောက်၏ဝမ်း၌ ပဋိသန္ဓေယူလေသည်။

ထိုဒွန်းစဏ္ဍားရွာ၌ တစ်ထောင်သော အိမ်ထောင်စုတို့သည် တစ်ပေါင်းတစ်စုတည်းသာလျှင် အခစားအမှုပြု၍ အသက်မွေးကြကုန်သည်။

အာနန္ဒသူဌေးကြီး ထိုမိန်းမ၌ ကိုယ်ဝန်ယူသောအချိန်မှစ၍ ထမင်း၊ ဟင်းအဖိုးမျှလောက်သော်မှ အဖိုးအခဥစ္စာကို မရဘဲရှိလေသည်။

"ယခု ငါတို့သည် အမှုကကိုပြုလုပ်ပါသော်လည်း ထမင်းဟင်းသော်လည်း မရကုန်၊ ငါတို့၏အတွင်း၌ ညစ်ညမ်းယုတ်မာသောသတ္တဝါရှိသည် ဖြစ်ရာ၏၊ နှစ်ဖို့နှစ်စု ခွဲဝေကြကုန်စို့" ဟုစည်းဝေးတိုင်ပင်ကြကာ လူ(၁၀၀၀)ကို(၅၀၀)စီ ခွဲဝေကြသည်။

ထိုသို့ခွဲဝေသော် အာနန္ဒာသူဌေးကြီး ပဋိသန္ဓေယူသောမိသားစု၌သာ ထမင်းဖိုး အဖိုးအခ မရဖြစ်ရသည်။

သို့အတွက် ထပ်မံ၍ ရှေးနည်းတူထပ်မံခွဲကြပြန်သည်၊ ဤသို့ဖြင့် အဆင့်ဆင့်ခွဲခဲ့ကြရာ အာနန္ဒာသူဌေးပဋိသန္ဓေနေသောအမိအဖတို့သာ နောက်ဆုံးကျန်ရစ်ခဲ့သည်။

ထိုအခါ အာနန္ဒာသူဌေး၏မိခင်ဖြစ်သော ဒွန်းစဏ္ဍားမကို-

"ဤသူသည်ကား ငါတို့၏အမျိုး၌ သူယုတ်မာပင်ဖြစ်၏" ဟုဆိုကာ ဒွန်းစဏ္ဍားမကို နှင်ထုတ်ကြလေသည်။

ထိုဒွန်းစဏ္ဍားမသည် အာနန္ဒသူဌေးကို ပဋိသန္ဓေလွယ် လျက်မျှလောက်ရုံမျှသော အစာအာဟာရကိုမရဘဲ ဆင်းရဲပြိုပြင် ပင်ပန်းစွာ အသက်မွေးပြီး သားကို မွေးဖွားရလေသည်။

မွေးဖွားလာသောသား၏ လက်, ခြေ, မျက်စိ, နား, နှာ ခေါင်း, ခံတွင်းတို့သည် ပကတိသောလူတို့၏ အသွင်ကဲ့သို့ပြေ ပြစ်သန့်ရှင်းချောမွေ့ခြင်းမရှိ၊ တိမ်းစောင်း၊ ကျိုးပဲ့၊ မတည်မပြေ အသားအရည်နက် ကြုတ်ဖုတ်ပြိတ္တာဘီလူးကဲ့သို့ အလွန်လျှင် အဆင်းမလှ ရှိလေသည်။

ထိုသို့အင်္ဂါချို့တဲ့သော်လည်း မိခင်သည် သားဟူသော ချစ်ခြင်းမေတ္တာဖြင့် မစွန့်ပစ်ရက်ဘဲ သားငယ်ကိုပွေ့ပိုက်ယူငင်ပြီး လှည့်ပတ်ရှာဖွေ တောင်းရမ်းစားသောက်နေရသည်။

ဒွန်းစဏ္ဍားမလေးသည် သားငယ်ကို ပွေ့ချီ၍ တောင်းရမ်းစားသောက်သော် အစာအာဟာရမရ၍ ကလေးကို တစ်နေရာမှာထားပြီး တောင်းရမ်းစားသောက်ပါမှ အနည်းငယ် သော အာဟာရကိုရပြီး စားသောက်ရသည်။

ဤမျှ ဤသားငယ်က ဆင်းရဲမှုကိုပေးသော်လည်း မိခင် တို့မည်သည် သားသမီးများအပေါ်၌ ချစ်ခြင်းမေတ္တာ လွန်စွာ အားကြီးသောသဘောရှိသောကြောင့် မစွန့်ပစ်ရက်ဘဲ အဆင်း ရဲခံကာ သားငယ်ကလေးမိမိခြေထောက်ပေါ် မိမိရပ်နိုင်တည် သွားလာနိုင်သည်အထိသည်းခံ၍ကျွေးမွေးထွေးပိုက်ထားလေသည်။

သားငယ်ခွဲစွဲကိုင်၍ သွားလာနိုင်သောအရွယ်၌ မိခင်က

"အို-ချစ်သား. . . အသင့်ကိုအမှီပြုပြီး ငါတို့သည် ထမင်း၊ ဟင်းကိုမျှပြည့်ဝအောင် မစားရမူ၍ကြီးမားလှသော ဆင်းရဲသို့ ရောက်ခဲ့ကြလေပြီ၊

ယခု ဤမျှလောက်သောအရွယ်သို့ရောက်သောအခါ၌ မိခင်သည် အသင်ချစ်သားကို ရှာဖွေကျွေးမွေးယူခြင်းငှာ မစွမ်းနိုင်ကုန်တော့ပြီ၊ ဤသာဝတ္ထိပြည်၌ ကိုးကွယ်ရာမဲ့သောသူစသည်တို့အား ကျွေးမွေးရန် ထမင်း၊ ဟင်းစသော ဘောဇဉ်တို့ကို တည်ထားကြသည်။

ထိုအရပ်သို့ လှည့်ပတ်ရှာဖွေ၍ တောင်းခံကာ အသက်မွေးမြူရစ်ပါလော့"

ဟုပြောဆို စေလွှတ်လိုက်လေသည်။

သူငယ်သည် ခွက်စွဲ၍ အိမ်စဉ်အတိုင်း လှည့်ပတ်၍သွားသည်ရှိသော် အာနန္ဒသူဌေးဖြစ်စဉ် ရှေးဘဝက နေခဲ့ဘူးသော အိမ်နေရာသို့ရောက်လျှင် မိမိဘဝဇာတိဿရဉာဏ်ပြန်ရပြီးလျှင် မိမိ၏အာနန္ဒသူဌေးဘဝသို့ ပြန်လည်သတိရမှတ်မိကာ မိမိအိမ်သို့ ဝင်သွားလေသည်။

ထိုအိမ်၌ ပဌမမုခ်တံခါး၊ ဒုတိယမုခ်တံခါး၊ တတိယမုခ်တံခါးအားဖြင့် မုခ်တံခါး(၃)ခုတို့၌ အစောင့်အရှောက်များရှိသည်၊ ဤကလေးဝင်လာသည်ကို မည်သူမျှ မသိလိုက်ကြပေ။

စတုတ္ထတံခါးမုခ်သို့ရောက်သော် မူလသီရိလိုသူဌေး၏ သားငယ်သည် ထိုအာနန္ဒသူဌေးလူဝင်စား အရုပ်မြင်လေသော် ကြောက်ရွံ့တုန်လှုပ်လျက် ငိုကြွေးအော်ဟစ်လေသည်။

ထိုအခါကျမှ မူလသီရိသူဌေး၏ အလုပ်အကျွေး အစောင့်အရှောက်တို့သည် ထိုသူငယ်ကိုမြင်တွေ့ကြပြီး-

ဘုန်းကံကျက်သရေမဲ့သော ယူယုတ်မာလေး ဖွဲ့ခွါလေတော့၊ ထွက်လော့ဟု ဆိုကြကာ ကလေးကို မောင်းမဲထုထောင်း ရိုက်နှက်ကြပြီး အမှိုက်ပစ်ရာအရပ်၌ ပစ်ထားကြလေသည်။

ထိုအချိန်တွင် ဘုရားရှင်သည် ရှင်အာနန္ဒာနောက်လိုက်ပါသော ရဟန်းများနှင့်အတူ ဆွမ်းခံလှည့်လည်ရှိသော် ထိုကလေးပစ်ထားရာအရပ်သို့ရောက်ရှိပြီး ရပ်တန့်တော်မူပြီး ရှင်အာနန္ဒာကို ကြည့်တော်မူသည်။

"မြတ်စွာဘုရား. . . အကြောင်းအသို့ပါနည်း"

ဟုရှင်အာနန္ဒာက မေးလျှောက်သည်။

ဗုဒ္ဓက အမှိုက်ပုံပေါ်ရှိကလေး၏ အတိတ်ဘဝအကြောင်း ယခု ပစ္စုပ္ပန်ဘဝအကြောင်းကို မိန့်ကြားပြီး ရှင်အာနန္ဒာမထေရ်ကို မူလသီရိအား သွားရောက်ခေါ်စေသည်။

မြတ်စွာဘုရားရပ်၍ မူလသီရိကို ခေါ်မှု၊ အမှိုက်ပုံ၌ပစ်ချထားသော အရုပ်ဆိုးကလေးကို တွေ့ဆုံမှုတို့ကို ကြားသိမြင်သိသောသူတို့သည် စုဝေးရောက်လာကြကုန်သည်။

မူလသီရိရောက်သောအခါ ဗုဒ္ဓက-

"ဤသူငယ်ကို သင်သိပါ၏လော"

"မသိပါ ဘုရား"

"ဤသူငယ်သည် အတိတ်ဘဝက သင်၏ဘခင် အာနန္ဒ သူဌေးကြီး ဖြစ်ပေ၏"

ဟုမိန့်ကြားသောအခါ မူလသီရိသူဌေးသည် ဗုဒ္ဓ၏စကားကို မယုံမကြည်ဖြစ်နေသည်၊ ထိုအခါ ဗုဒ္ဓက-

"အသင်၏ဘခင်ဖြစ်သော အာနန္ဒသူဌေးသည် မိမိမြှုပ်နှံထားခဲ့သော ရွှေအိုးကြီးငါးလုံးတို့ကို အသင့်အား ပြောကြားခဲ့ပါလော့"

ဟုဆက်စေသည်။

"မပြောကြားခဲ့ဘူးပါ"

"ယင်းသို့ဖြစ်လျှင် ဤသူငယ်အား ကောင်းမွန်စွာပြုစု၍ မေးမြန်းဘိလော့"

ရွှေအိုးငါးလုံးရမည်ဟူသော လောဘကြောင့် မူလသီရိ သူဌေးသည် ကလေးကိုကောင်းမွန်စွာပြုစုစေ၍ ဖခင်ဟုခေါ်ကာ ရွှေအိုးများ မြှုပ်ထားရာနေရာတို့ကို မေးလေသည်။

ကလေးသည် မိမိမြှုပ်ထားသောနေရာတို့ကို လိုက်လံပြသသဖြင့်တူးဖော်ရာရွှေအိုး(၅)လုံးတို့ကိုရရှိလေသည်။

ထိုအခါကျမှ မူလသီရိသူဌေးသည် ဗုဒ္ဓကို ယုံကြည်ပြီး သရဏဂုံဆောက်တည်၍ ဥပါသကာအဖြစ်ခံယူလေသည်၊ ဗုဒ္ဓသည် မူလသီရိသူဌေးကို-

"ငါ့မှာ သားသမီးတို့လည်းရှိကုန်၏၊ ဥစ္စာလည်းရှိ၏ ဟု လူမိုက်သည် သားသမီး၌ ကပ်ငြိခြင်းဖြင့်လည်းကောင်း၊ ဥစ္စာ၌ ကပ်ငြိခြင်းဖြင့်လည်းကောင်း ဆင်းရဲပင်ပန်း၏၊

ငါ၏သားတို့သည် ပျောက်ပျက်သေကြေခဲ့ရပြီ ဟု ဆင်းရဲပင်ပန်းရတတ်၏၊ ပျောက်ပျက်ကုန်လတံ့ ဟုပင်ပန်းဆင်းရဲတတ်ကုန်၏၊ ဥစ္စာ၌လည်း ဤနည်းတူဆင်းရဲရ၏၊ ဤသို့အခြင်းအရာခြောက်မျိုးတို့ဖြင့် ဆင်းရဲပင်ပန်း၏၊

သားသမီးတို့ကို ကျွေးမွေးအံ့ဟူ၍ ညဉ့်နေ့တို့၌ လှည်းကြောင်း၊ ရေကြောင်း ခရီးစသည် အထူးထူးအပြားပြားအားဖြင့် လုံ့လပြုသောသူသည်လည်း ဆင်းရဲပင်ပန်းစွာ ဥစ္စာကိုဖြစ်စေရ၏၊ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ပြုလုပ်သူသည်လည်း ဆင်းရဲပင်ပန်းရသည်သာတည်း၊

ဤသို့ဆင်းရဲသူအား မိမိကိုယ်သည်ပင်လျှင် မိမိကိုးကွယ်ရာမရှိနိုင်၊ ထိုဆင်းရဲပင်ပန်းခြင်းဖြင့် ဆင်းရဲသော မိမိကိုယ်ကို ချမ်းသာစွာပြုခြင်းငှာ မတတ်နိုင်သော ထိုသူအား ပစ္စုပ္ပန်ဘဝ၌လည်း မိမိကိုယ်သည်ပင်လျှင် မိမိကိုးကွယ်ရာ မဖြစ်နိုင်။

သေရာညောင်စောင်း၌ အိပ်စဉ် သေခြင်းအဆုံးရှိသော ဝေဒနာတို့ဖြင့် မီးလျှံကဲ့သို့ကိုယ်၌ ပူလောင်သူအား စေ့စပ်ဖွဲ့အပ်သော အဆွေခင်ပွန်းတို့သည် ပျက်ခဲ့ကုန်သည်ရှိသော် အားကိုးရာကိုမဖြစ်နိုင်၊ တမလွန်ဘဝကို မျက်စိဖွင့်၍ကြည့်သော် နေ့တိုင်းနေ့တိုင်း နှစ်ကြိမ် ရေချိုး၍ သုံးကြိမ်ထမင်းစားပြီး နံ့သာပန်းစသည်တို့ကို တန်ဆာဆင်လျက် အသက်ထက်ဆုံး ကျွေးမွေးထားသူမှာလည်း အဆွေခင်ပွန်း၏အဖြစ်ဖြင့် ဆင်းရဲမှစောင့်ရှောက်တားမြစ်ခြင်းကိုပြုခြင်းငှာ မစွမ်းနိုင်သည်အဖြစ်ကြောင့် မိမိကိုယ်ကိုမှတစ်ပါး အခြားကိုးကွယ်ရာမဖြစ်နိုင်၊ သားသမီးတို့သည် အဘယ်မှာ ကိုးကွယ်ရာဖြစ်ပါအံ့နည်း၊ ဥစ္စာသည် အဘယ်မှာ ကိုးကွယ်ရာအံ့နည်း"

သားသမီးတို့သည် လည်းကောင်း၊ ဥစ္စာသည် လည်းကောင်း၊ ဆင်းရဲဝေဒနာရှိသောအခါ၌ အဘယ်သို့လျှင်တားမြစ်ခြင်းကို ပြုကုန်လတံနည်း၊

အာနန္ဒသူဌေးသည်လည်း တစ်စုံတစ်ယောက်အား တစ်စုံတစ်ခုကိုမပေးအံ့၊ သား၏အကျိုးငှာ ရွှေအိုးတည်စေ၍ မသေမီ ရှေ့အဖို့၌လည်းကောင်း၊ သေရာညောင်စောင်း၌ အိပ်စက်စဉ်အခါ၌လည်းကောင်း၊ ယခုအချိန်၌လည်းကောင်း၊ ဤဆင်းရဲသူအား သားတို့သည်အဘယ်မှာ ကိုးကွယ်ရာဖြစ်အံ့နည်း၊ ဥစ္စာသည် အဘယ်မှာ မှီခိုရာဖြစ်အံ့နည်း၊

သားသမီးတို့သည် လည်းကောင်း၊ ဥစ္စာသည်လည်းကောင်း၊ ထိုအခါ၌ အဘယ်သို့ဆင်းရဲခြင်းကို ဆောင်ကုန်အံ့နည်း အဘယ်အကြောင်းဖြင့်လည်း ချမ်းသာကိုဖြစ်စေကုန်အံ့နည်း” ဟူ၍အကျယ်ဟောတော်မူရာ သတ္တဝါများတို့ သစ္စာလေးပါးတရားတို့ကို သိကုန်ကြသည်။

ဤလောကသဘာဝတွင် ဒါန၊ သီလမရှိက မိမိတို့၏ သားသမီးဥစ္စာတို့သည် မိမိတို့ကိုမကယ်နိုင်သော လက်တွေ့သဘာဝကို ဗုဒ္ဓက အာနန္ဒသူဌေးဖြင့် လက်တွေ့ဖြေရှင်းပြခဲ့ပေသည်။

(ကျမ်းကိုး- ဓမ္မပဒ- ဗာလဝဂ်- အာနန္ဒသေဋ္ဌိဝတ္ထု)

## ဂေါတမဗုဒ္ဓနှင့်ကုဋေ(၁၆၀)ကြွယ်ဝသော သူဌေးလင်မယား

## (ဥစ္စာရှိသော်လည်း အသိပညာမရှိက ပျက်စီးရသောပြဿနာ)

ဗုဒ္ဓသည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေစဉ်အချိန်ကာလ၌ ဤကုဋေ(၁၆၀)ပိုင်ဆိုင်သော လင်မယား၏ဘဝဖြစ်စဉ်ကို အကြောင်းပြု၍ ဟောကြားခြင်း ဖြစ်သည်။

ဗာရာဏသီပြည်၌ ကုဋေဥစ္စာ(၈၀)ကြွယ်ဝသော သူဌေး လင်မယား၌ သားတစ်ယောက်သာ မွေးဖွားခဲ့သည်၊ ထိုသူဌေး လင်မယားသည် သား၌အလွန်ချစ်မြတ်နိုးကြသဖြင့် သားအတွက် စဉ်းစားကြံဆကြသည်မှာ ငါတို့၏အမျိုး၌ ပစ္စည်းဥစ္စာ ကြွယ်ဝ ပေါများလှသည်၊ ထိုပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာများကို သားငယ်အားခံစားပါစေ၊ တစ်ပါးသော ပင်ပန်းဆင်းရဲသော ပညာသင်မှုစသော အမှုကိစ္စများကို မပြုလုပ်စေတော့အံ့ ဟု ကြံစည်ကြပြီး သားငယ်ကိုကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ဖျော်ဖြေစေကာ နေစေသည်။

အလားတူ ထိုဗာရာဏသီမြို့၌ ကုဋေဥစ္စာ(၈၀)ကြွယ်ဝ သောအမျိုး၌ သတို့သမီးတစ်ယောက်ရှိလေသည်၊ ထိုသတို့သမီး ၏မိဘတို့သည်လည်း မိမိတို့၏သမီးကို ဆင်းရဲပင်ပန်းမည်စိုး၍

မည်သည့်ပညာမှမသင်၊ မည်သည့်အလုပ်မျှ မလုပ်စေဘဲ ကာ၊ ဆို၊ တီးမှုတ်အပျော်အပါးတို့ဖြင့်သာ ဘဝကိုကြီးပြင်းစေခဲ့သည်။

ထိုသူဌေးသား သူဌေးသမီးတို့ အရွယ်ရောက်ကြသော် နှစ်ဘက်မိဘတို့သည် စေ့စပ်ညှိနှိုင်းကြပြီး လက်ထပ်ထိမ်းမြား ပေးစားကြလေသည်။

နောင်မျှမကြာခင် မိဘတို့ ကွယ်လွန်သော် ကုဋေ (၁၆၀)သောဥစ္စာတို့သည် သူဌေးသား-သမီးလင်မယား၌ စုပုံထား ရှိလေတော့သည်။

သူဌေးသားသည် မိဘများကွယ်လွန်သော် သူဌေးရာထူး ဖြင့် မင်းကဆက်လက် ခန့်ထားခံရ၍ မင်းထံသို့ တစ်နေ့(၃)ကြိမ် သွားရောက် ခ,စားရသည်။

ထိုအခါ ဗာရာဏသီပြည်၌ သေသောက်ကြူးကြသော လူတစ်စုတို့သည် နန်းတော်မှပြန်လာသော သူဌေးလူရွယ်ကို မြင် ကြလေလျှင်-

"ဤသူဌေးငယ်သာတို့ စည်းရုံးရ၍ သေသောက်ကြူး ဖြစ်လာလျှင် ငါတို့တတွေ သူ့ကိုမှီခိုပြီး ချမ်းချမ်းသာသာ ကောင်း ကောင်းမွန်မွန် သေကိုသောက်ကြရလိမ့်မည်၊ ထိုသူဌေးငယ်ကို သေသောက်ကြူးဘဝသို့ရောက်အောင် ဖြားယောင်းလှည့်ပြော ၍ သင်ပြကုန်စို့"

ဟူ၍ ကြံစည်ကြလေသည်။

ထိုသေသောက်ကြူးတို့သည် သူဌေးငယ်မင်းနန်းတော်မှပြန်လာသောလမ်းတွင် ထိုသူဌေးငယ်မြင်ရလေအောင် သေရည်နှင့်အသားကိုလည်းကောင်း၊ ခဲဘွယ် သကာခဲကိုလည်းကောင်းယူဆောင်လာပြီး သူဌေးငယ်ပြန်အလာကို စောင့်နေကြသည်။

သူဌေးငယ်ပြန်လာသည်ကို မြင်ကြသောအခါ ဝိုင်းဖွဲ့၍ သေရည်ကို ပျော်ပျော်ပါးပါးသောက်ကြသည်၊ အသားကိုစားကြသည်၊ ခဲဘွယ်သကာခဲကို ပါးစပ်တွင်သွင်းကြကာ-

"အို-အရှင်. . . အနှစ်တစ်ရာ အသက်ရှည်ပါစေသတည်း၊ သင့်ကိုမှီ၍ ငါတို့သည် စားသောက်လိုပါ၏"

ဟု ဝိုင်း၍အော်ဟစ် ပြောဆိုကြလေသည်။

သူဌေးငယ်သည် သေသောက်ကြူးတို့၏ အော်ဟစ်သံစကားကိုကြား၍ မိမိနောက်၌ ခ,စားလိုက်လာသော အလုပ်အကျွေးငယ်ကို-

"ဤသူတို့သည် အဘယ်ဝတ္ထုကို သောက်မျိုကုန်နေသနည်း"

ဟုမေးသည်။

"အရှင်. . . ဤသူတို့သည် တစ်ခုသောအဖျော်ရည်ကို သောက်နေကြပါသည်"

"ဤအဖျော်ရည်သည် နှစ်သက်ဖွယ်ရှိပါသလော"

"အရှင်. . . အသက်ရှည်ရှည်တည်နေရသော ဤလူ့ပြည်လောက၌ ဤအဖျော်နှင့်တူသော သောက်သင့်သောက်ထိုက်သော အဖျော်ဝတ္ထုမည်သည် မရှိပါ"

"ဤသို့ဆိုသော် ဤအဖျော်ရည်ကို ငါသည်လည်း သောက်သင့်သည်သာပ"

ဟုသူဌေးငယ်ကပြောဆိုပြီး အနည်းငယ်မျှသော သေရည်ကို ဆောင်ယူပြီးလျှင် သေရည်ကို သောက်ကြည့်လေသည်။

သူဌေးငယ် သေရည်သောက်သည်ကို သိသော် သေသောက်ကြူးတို့သည် သူဌေးငယ်ကို ခြံရံကုန်ကြသည်၊ သေရည်ကိုချီးမွမ်း၍ သောက်စေသည်၊ မိမိတို့ပါဝိုင်းဖွဲ့၍ သောက်ကြသည်။

ဤသို့ဖြင့် သူဌေးငယ် ထွက်သွားတိုင်း လာတိုင်းသော အခါ၌ နောက်ပါအခြံအရံတို့သည် များကုန်သည်။

သူဌေးငယ်သည် တစ်ရာသော အသပြာနှစ်ရာသော အသပြာတို့ဖြင့်လည်းကောင်း သေရည်ကိုဝယ်ယူ၍ သောက်သည်၊ အသပြာများကို မိမိရှေ့တွင်စုပုံ၍ သေရည်ကိုသောက်လျက်-

"ဤအသပြာဖြင့် ပန်းတို့ကို ဝယ်ယူခဲ့လော့"

"ဤအသပြာဖြင့် နံ့သာတို့ကို ဝယ်ယူခဲ့လော့"

"ဤသူသည် ကခြင်း၌ လိမ္မာ၏၊ တစ်ထောင်သောအသပြာကို ပေးကြလော့"

"ဤသူသည် တီးမှုတ်ခြင်း၌လိမ္မာ၏၊ တစ်ထောင်သော အသပြာကို ပေးကြလော့"

"ဤသူသည် ငါ၏အကျိုးကိုဆောင်ရွက်၏၊ နှစ်ထောင်သောအသပြာကို ပေးကြလော့"

ဤသို့သောအခြင်းအရာဖြင့် သေရည်မူးလေတိုင်း စည်းမရှိ ကမ်းမရှိ ဖရိုဖရဲ ပေးချင်တိုင်းပေးနေသဖြင့် မကြာခင်တွင်ပင် မိမိပိုင်ဆိုင်သောကုဋေ(၈၀)သည် ကုန်လေသည်။

သေရည်သောက်စားမှု၊ မူးယစ်ပျော်ရွှင်မှု၊ ပေးကမ်းစွန့်ကြဲမှုတို့ကို သတိတရားမရှိ၊ ထင်ရာလုပ်နေ၍ ကုဋေ(၈၀)ကုန်သည်ကိုလည်းမသိ၊ ဆက်လက် မူးယစ်သောက်စားပျော်ပါးပြီး ဆုငွေများချသောအခါ အိမ်တော်ထိန်းဘဏ္ဍာထိန်းက-

"အရှင့်သား. . . အသင်၏ ပစ္စည်းဥစ္စာတို့သည်ကားကုန်ပါပြီ"

ဟုပြောကြားသည်။

"အသို့နည်း. . . ငါမယား၏ ပစ္စည်းဥစ္စာတို့သည် မရှိလေသလော"

"အရှင်. . . ခင်ပွန်းမ၏ ပစ္စည်းဥစ္စာတို့သည်ရှိကြပါ၏"

"ထိုသို့ဖြစ်မူ ထိုပစ္စည်းဥစ္စတို့ကိုဆောင်ယူခဲ့ကြကုန်လော'

သူဌေးငယ်သည် ထိုမယားပါ အသပြာဥစ္စာတို့ကိုလည်း ရှေးနည်းအတိုင်း အဆင်အခြင်မရှိ၊ ထိန်းသိမ်းစောင့်ရှောက်မှုမရှိ၊ သေသောက်ကြူးတို့ဝိုင်းရံကာ ပျော်ပါးသောက်စားပစ်ပြန်ရာ မကြာခင် ထိုငွေများလည်းကုန်လေသည်။

ထိုသို့မိဘအမွေများကုန်သော်လည်း အရက်သမားကြီးဖြစ်သွားသော သူဌေးငယ်သည် အရက်နှင့် အပျော်အပါးကို မဖြတ်နိုင်၊ သတိဆင်ခြင်မှုမရနိုင်ကာ မိမိပိုင်သောလယ်၊ အာရာမ်ဥယျာဉ်၊ လှည်း၊ ရထား၊ စသည်တို့ကိုလည်းကောင်း အိမ်တွင်ရှိသော ပရိဘောဂအသုံးအဆောင်တို့ကိုလည်းကောင်း၊ အလုံးစုံသော မိမိပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ရောင်းချ၍ ဆက်လက်သောက်စား ပျော်ပါးနေခဲ့သည်။

ဤသို့ဖြင့် သူဌေးငယ်သည် ပထမအရွယ်၊ ဒုတိယအရွယ်များကုန်လာခဲ့ပြီး တတိယအရွယ်ရောက်လာသည်၊ အရက်သေစာ သောက်စားမူးယစ်ပျော်ပါးမှုကား မပြတ်နိုင်သေးချေ။

နောက်ဆုံး မိမိပိုင်အိမ်ကိုပေါင်နှံ၍ လည်းကောင်း၊ နောက်ဆုံး ရောင်းချ၍လည်းကောင်း သောက်စားမူးယစ်ပျော်ပါးနေခဲ့သည်။

နောက်မကြာမီ အိမ်ဝယ်ထားသူတို့က သူဌေးလင်မယားတို့ကို အိမ်ပေါ်မှနှင်ချလေတော့သည်။

ထိုအချိန်ဝယ် ထိုသူဌေးလင်မယား၌ အခြေအရံသင်းပင်း အပေါင်းအသင်းမိတ်ဆွေတို့သည် မရှိတော့ပြီ၊ ယခင်ကမိမိ

နှင့်အတူ ကပ်ရပ်မြှောက်ပင့်ပြီးပျော်ပါး သောက်စားသူတို့သည်လည်း သူဌေး၌အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဘဝသို့ ရောက်သော် ရှောင်ခွာသွားကြတော့သည်၊ ကျွေးမွေးမည့်သူမရှိ၊ စောင့်ရှောက်မည့်သူမရှိ၊ ကျေးဇူးတရား စာနာထောက်ထားမည့်သူမရှိဖြစ်ကာ သူတစ်ပါးအိမ်၏နံရံ၌မှီ၍ နေရလေတော့သည်။

ယခင်က အခြွေအရံတို့ဖြင့်လိုချင်တာ၊ စားချင်တာတို့ကို စိတ်တိုင်းကျ စားသောက်နိုင်ခဲ့သော သူဌေးလင်မယားသည် ယခုသော် အိုးခြမ်းခွက်ကိုလက်၌ကိုင်စွဲပြီး အိမ်တကာလှည့်၍တောင်းခံကာ စားသောက်နေရတော့သည်။

ဤမျှမိုက်မဲပြီး မူးယစ်သောက်စား၍ ဥစ္စာများသုံးဖြုန်းပစ်သောသူတို့ကို လူအများက သနားဂရုဏာမရှိကြ၊ စက်ဆုပ်ရွံရှာကြသည့်အတွက် အစာအာဟာရ တောင်းစားသော်လည်း ပေးကမ်းသူက နည်းသည်၊ နှင်ထုတ်သူက များနေသည်။

သို့အတွက် သူဌေးဘဝပျက်လင်မယားနှစ်ယောက်တို့သည် တစ်နေ့တွင် ဘုရားရှင်အမှူးရှိသော သံဃာတော်များ သီတင်းသုံးရာ မိဂဒါဝုန်ကျောင်းသို့သွားကြပြီး ဆွမ်းစားဇရပ်တံခါးဝယ် သာမဏေငယ်တို့ကပေးအပ်သော စားကြွင်းကို ခံယူရန် ရပ်တည်စောင့်ဆိုင်း ငံ့လင့်နေကြသည်။

ဗုဒ္ဓသည် ထိုလင်မယားကိုမြင်တော်မူ၍ ပြုံးတော်မူသည်၊ ဗုဒ္ဓပြုံးတော်မူခြင်းကို အရှင်အာနန္ဒာမထေရ်က မြင်တွေ့၍ဗုဒ္ဓ၏ ပြုံးတော်မူခြင်းအကြောင်းကို မေးလျှောက်ထားသည်။

"ချစ်သား-အာနန္ဒာ. . . ဤဗာရာဏသီမြို့တော်ကြီး၌ ကုဋေ(၁၆၀)မျှလောက်သော ဥစ္စာပစ္စည်းတို့ကို ကုန်စေ၍ မယားကို ယူဆောင်ပြီးလျှင် ထမင်းအစာအာဟာရအလို့ငှာ တောင်းခံလှည့်လည်လာသော သူဌေးလင်မယား သူတောင်းစားတို့ကို ရှုကြည့်ပါလော့"

အကယ်၍ ဤသူဌေးသားသည် ပထမအရွယ်၌ ပစ္စည်းဥစ္စာတို့ကို မကုန်ခမ်းစေမူ၍ ကုန်သွယ်ခြင်းစသော အမှုကြီးငယ်၌ လုံ့လစိုက်ထုတ်ပြုလုပ်ခဲ့သည်ဖြစ်ငြားအံ့၊ ဤဗာရာဏသီပြည်၌ပင်လျှင် မြတ်သောသူဌေးကြီး ဖြစ်ရာ၏၊

အကယ်၍ လူ့ဘောင်မှရှောင်ခွာ၍ ငါဘုရားသာသနာ၌ ရဟန်းပြုသည်ဖြစ်ငြားအံ့၊ အရဟတ္တဖိုလ်သို့ဆိုက်ရောက်ရာ၏ မယားသည်ကား အနာဂါမ်ဖိုလ်၌ တည်ရာ၏၊

ဒုတိယအရွယ်၌ ပစ္စည်းဥစ္စာမကုန်ခမ်းစေမူ၍ ကုန်သွယ်ခြင်းအစရှိသော အမှုကြီးငယ်၌ အားထုတ်လုပ်ကိုင်ခဲ့သည် ဖြစ်ငြားအံ့၊ အလယ်အလတ် ဒုတိယအဆင့်သူဌေးကြီး ဖြစ်ရာ၏၊

လူ့ဘောင်မှရှောင်ခွာ၍ ငါဘုရားသာသနာ၌ ရဟန်းပြုခဲ့သော် အနာဂါမ်ဖိုလ်၌ တည်ရာ၏၊

ယခု တတိယအရွယ်စည်းစိမ်ချမ်းသာ၊ပစ္စည်းဥစ္စာတို့ကို မကုန်ခမ်းစေမူ၍ ကုန်သွယ်ခြင်းအစရှိသော အမှုကြီးငယ်၌ အကယ်၍လုံ့လကြိုးကုတ် အားထုတ်ပြုလုပ်ငြားအံ့၊ တတိယအဆင့်သူဌေး ဖြစ်ရာ၏၊

လူ့ဘောင်မှ ရှောင်ခွာ ငါဘုရားသာသနာ၌ ရဟန်းခဲ့သော် သကဒါဂမ်အဆင့်ရောက်ရာ၏၊ မယားသည်သောတာပတ္တိဖိုလ်၌ တည်ရာ၏၊

ဤယခုအခါ၌မူကား ဤသူဌေးလင်မယားတို့သည် လူတို့၏စည်းစိမ်ချမ်းသာမှ ပျက်စီးဆုတ်ယုတ်ရ၏၊ ရဟန်း၏အဖြစ်မှလည်း ပျက်စီးဆုတ်ယုတ်သည်ဖြစ်၍ ခြောက်သွေ့သော ညွန်အိုင်၌ ကြံမှိုင်တွေဝေငေးမော၍နေသော အတောင်ကျွတ်သော ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရတော့၏၊

ဟုမိန့်ကြားတော်မူပြီး ဤဂါထာကို ဆက်လက်ဟောပြတော်မူသည်။

"လူမိုက်တို့သည် အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် ငါးကုန်ခမ်းသောညွန်အိုင်၌ အတောင်ကျွတ်သော ကြိုးကြာအိုတို့ကဲ့သို့ အရွယ်လွန်သောအခါ ကြံမှိုင်၍သာ နေရလေတော့သည်"

လူမိုက်တို့သည် အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်းမရမိလိုက်သောကြောင့် လေးမှလွတ်ပြီးနောက် အရှိန်ကုန်သောမြှားကဲ့သို့ ရှေးဖြစ်အောင် ချမ်းသာသုခတို့ကို ညည်းတွားအောက်မေ့၍သာ နေကြရကုန်၏၊

(ကျမ်းကိုး– ဓမ္မပဒ– ဇရာဝဂ်– မဟာဓနသူဌေးသားဝတ္ထု)

## ဂေါ်တာမဗုဒ္ဓ+ရှင်မောဂ္ဂလာန်နှင့်ဝန်တိုကောသိယသူဌေးကြီး

## (ကပ်စေးနည်းဝန်တိုသူကို သဒ္ဓါတရားရှိလာအောင် ပြေရှင်းပေးမှု)

ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်ဝယ် ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးသောအရပ်ဒေသ၌ သက္ကာရအမည်ရှိသော နိဂုံးရွာတစ်ခုရှိသည်၊ ထိုရွာ၌ ကုဋေ(၈၀)ကြွယ်ဝချမ်းသာသော ကောသိယအမည်ရှိ သူဌေးတစ်ဦးရှိသည်။

ထိုကောသိယသည် သဖန်းမြက်ဖျား၌ ထင်ရှားကပ်ငြိသော ရေပေါက်ပမာ အနည်းငယ်မျှဆီကိုပင် သူတစ်ပါးတို့အား သနားပေးကမ်းခြင်းမပြု၊ မိမိလည်း မသုံးဆောင်မခံစား၊ ဆုံးရှုံးကုန်သွားမည်ကို စိုးရိမ်လှသောကြောင့် ရသမျှပစ္စည်းကို သိမ်းဆည်း သိုမှီးထားလေ့ရှိသည်၊ စည်းစိမ်ချမ်းသာများကို သားမယားလည်း မခံစားရပါ၊ ရဟန်းပုဏ္ဏားတို့အားလည်း မပေးလှူ၊ ဘီလူးတို့စောင့်ရှောက်သောရေကန်ကဲ့သို့ စောင့်ရှောက်ထားသောကြောင့် ထိုသူဌေးကို မစ္ဆရိယကောသိယသူဌေး ဟူ၍ အမည်ထင်ရှားနေလေသည်။

ထိုကောသိယသူဌေးသည် တစ်နေ့တွင် မင်းကြီးကို ခစားရန် ရာဇဂြိုဟ်မြို့သို့သွားရောက်ခဲ့ပြီး အပြန်ခရီးဇရပ်၌

မုယောမုန့်တို့ကို ပြုလုပ်ရောင်းချသောနေရာ၌ လူအများတို့ ဝယ်ယူစားသောက်နေသည်ကိုမြင်တွေ့ရ၍ ထိုမုန့်ကို စားသောက်လိုသောစိတ်တဖွားဖွား ဖြစ်ပေါ်ခံစားနေမိသည်၊ မိမိအိမ်သို့ ရောက်သော်-

"ငါသည် အိုးကင်းမုန့်ကိုစားလိုသောဆန္ဒဖြစ်လေသည် ဟုအကယ်၍ပြောဆိုငြားအံ့၊ များစွာသော အိမ်နေလူအပေါင်းတို့သည် ငါနှင့်အတူစားလိုသောစိတ် ဖြစ်ကုန်လတံ့၊ ထိုသို့စိတ်ဖြစ်၍စားသောက်မိက ငါ၏ဆန်၊ နှမ်း၊ ထောပတ်၊ တင်လဲစသည်တို့ကိုကုန်ခမ်းခြင်းရောက်လတံ့၊ ငါသည် ဤစားချင်စိတ်ကို တစ်စုံတစ်ယောက်အားမျှ မပြောကြားသည်က ကောင်းလှသည်" ဟုစဉ်းစားဆင်ခြင်၍ နေမိသည်။

သို့သော် စားလိုသောစိတ်ကမူ ပြင်းထန်စွာ ဖြစ်ပေးနေသည့်အတွက် ထိုစိတ်ကိုထိန်းသိမ်းသည်းခံလျက် လမ်းလျှောက်လှည့်ပတ်သွားနေမိသည်၊ ထိုစားသောက်လိုသောဆန္ဒဖြစ် ပြင်းပြလွန်းသောကြောင့် စိတ်ဆင်းရဲမှုဖြစ်ကာ ကိုယ်ရေနွမ်းလျော့ဖျော့တော့သောအဆင်းရှိသည်၊ ကွမ်းရွက်တမျှ အကြောပြိုင်းပြိုင်းထခြင်း ဖြစ်ပေါ်နေသည်။

ထို့နောက် သူဌေးသည် မုန့်၌ စားလိုသော တဏှာကို သည်းခံခြင်းငှာမစွမ်းနိုင်သောကြောင့် တိုက်ခန်းထဲသို့ဝင်၍ ညောင်စောင်းထက်၌ပက်လက်၊ တစောင်း၊ ဘယ်ညာပြောင်းလျက် ဦးခေါင်းခြုံခြင်းကိုပြုလုပ်ပြီး အိပ်နေလေသည်။

ဤမျှလောက်သောဆင်းရဲခြင်းသို့ ရောက်နေငြားသော်လည်း ပစ္စည်းဥစ္စာဆုတ်ယုတ်သွားမည်ကို စိုးရိမ်နေသဖြင့် တစ်စုံတစ်ယောက်သောသူအားမျှ တစ်စုံတစ်ခုသောစကားကို မပြောဆိုဘဲ တိတ်တိတ်ဆိတ်ဆိတ်သာ နေလေသည်။

ထိုအခါ သူဌေးကတော်သည် မိမိယောကျ်ားသူဌေး နေမကောင်းဖြစ်သည်ထင်၍ အနီးသို့ချဉ်းကပ်ကာ ကျောကုန်း၊ ခြေတို့ကို ဆုပ်နယ်ပေးပြီး-

"အရှင်-အသို့နည်း. . . အရှင်အား အဘယ်သို့သောစိတ်မချမ်းသာမှုများ ခံစားနေရပါသနည်း"
ဟုမေးသည်။

"ချစ်နှမ. . . ငါ့အား တစ်စုံတစ်ခုသော မချမ်းမသာရောဂါကပ်ခြင်း မရှိပါချေ"

"အရှင်-အသို့နည်း. . . အရှင်အားပြည့်ရှင်မင်းကြီးက အမျက်ထွက်နေပါသလော"

"ချစ်နှမ. . . ငါ့အားမင်းကြီးကလည်း အမျက်မထွက်ပါ"

"အရှင်. . . ထိုသို့မဟုတ်ကအသို့နည်း၊ အရှင်အား သားသမီးများကလည်းကောင်း၊ ကျွန်အမှုလုပ်တို့က လည်းကောင်း၊ တစ်စုံတစ်ခု မနှစ်သက်ဖွယ်သောအမှုကို ပြုမိကြလေသလော"

"ချစ်နှမ. . . တစ်စုံတစ်ယောက်ကမျှ မပြုလုပ်ကြပါ"

"အရှင်. . . ဒါဆို အရှင်အား-ဝတ္ထုပစ္စည်းတစ်စုံတစ်ခု၌ တပ်မက်စွဲလမ်းမှု ရှိနေပါသလော"

သူဌေးကတော် ဤသို့မေးမြန်းသော်လည်း ပစ္စည်းဥစ္စာ ဆုတ်ယုတ်မည်ကိုစိုးရိမ်ပြီး တစ်စုံတစ်ရာစကားကို ဆက်လက် မပြောဘဲ အသံတိတ်၍ အိပ်မြဲအိပ်နေလေသည်။

"အရှင်. . . အရှင်အား တစ်စုံတစ်ခုသောဝတ္ထု၌ တပ်မက်စွဲလမ်းမှုရှိနေပါက ကျွန်မအား ပြောကြားသင့်ပါ၏၊ ပြောကြားပါ"

ဟုသူဌေးကတော်ကပြောသော် ပထမ လုံးဝမပြောပေ၊ နောက် ထပ် အထပ်ထပ်ထပ်မံမေးသောအခါကျမှ မပြောချင်ပြောချင် စိတ်ဖြင့်-

"ချစ်နှမ. . . ငါသည် တစ်ခုသော ဝတ္ထုပစ္စည်း၌ တပ်မက်စွဲလမ်းနေမိပါ၏"

ဟုပြောသည်။

"အရှင်. . . တပ်မက်စွဲလမ်းသော အရာဝတ္ထုကား အဘယ်ပါနည်း"

"ချစ်နှမ. . . ငါသည် အိုးကင်းမုန့်ကို စားလိုသော စွဲလမ်းမှု ဖြစ်နေပါ၏"

"အရှင်. . . . ထိုသို့ဖြစ်နေပါလျက် အဘယ်ကြောင့် ကျွန်မအား ထိုအကြောင်းကိုမပြောကြားမဆိုဘဲနေဘိပါသနည်း၊

အရှင်ဆင်းရဲသူလော၊ ယခုအခါ ကျွန်မသည် အလုံးစုံသောမြို့နိဂုံးနေသူတို့အားလုံး စားသုံးလောက်အောင် မုန့်တို့ကို ချက်လုပ်ပေးအံ့”

“ချစ်နှမ. . . ထိုရွာသူရွာသားတို့သည် အသင်၏မုန့်တို့ကို စားသောက်ပြီး မိမိတို့၏အမှုကိစ္စတို့ကို သွားရောက်ပြုကြကုန်လတံ၊ ထိုရွာသူရွာသားတို့ကို မုန့်ကျွေးသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း”

“အရှင်. . . ဤသို့ဆိုလျှင် ခရီးလမ်းတစ်ခု၌ အတူနေသူတို့အား စားသုံးလောက်အောင် ချက်လုပ်ပါမည်”

“ချစ်နှမ. . . ငါသည် သင့်အား ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသည်အဖြစ်ကို သိပါ၏”

“အရှင်. . . ထိုသို့ဖြစ်လျှင် ဤအိမ်၌နေကုန်သောသူတို့အား စားသုံးလောက်အောင် ချက်လုပ်ပါမည်”

“ချစ်နှမ. . . သင်အလိုကြီးသည်ကို ငါသိပါ၏”

“အရှင်. . . ထိုသို့ဖြစ်လျှင် အရှင်၏သားသမီးများ စားလောက်ရုံ ချက်လုပ်ပါမည်”

“ချစ်နှမ. . . သားသမီးတို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း”

“အရှင်. . . ဒါဆိုလျှင် အရှင်နှင့်ကျွန်မ နှစ်ယောက်စားလောက်ရုံမျှ ချက်လုပ်ပါမည်”

"ချစ်နှမ. . . အသင်က အဘယ်ကြောင့် စားလိုနေပါသနည်း"

"ဒါဆို. . . အရှင်တစ်ယောက်တည်း စားရုံမျှ ချက်လုပ်ပေးပါမည်"

"ချစ်နှမ. . . ဤအရပ်၌ ဤမုန့်ကိုချက်လုပ်ပါက မြင်တွေ့ကြသောသူအပေါင်းတို့က စားလိုသောစိတ် ဖြစ်ပေါ်လာကြမည်၊ သင်နှမသည် ကောင်းမွန်သောဆန်တို့ကိုထား၍ ဆန်ကျိုးဆန်ကွဲတို့ကိုလည်းကောင်း၊ ခုံလောက်ငယ် အိုးကင်းငယ်တို့ကိုလည်းကောင်း၊ အနည်းငယ်မျှသောနို့ရည်, ထောပတ်,ပျားရည်, တင်လဲတို့ကိုလည်းကောင်း ယူဆောင်၍ ငါတို့အိမ်၏ဘုံခုနစ်ဆင့်အထက်၌တက်ပြီး ဘုံခုနစ်ဆင့်အပြင်ဘက်ဝရံတာ၌ ချက်လုပ်ပါလေ၊ ထိုအရပ်၌ ငါတစ်ယောက်တည်းသာ ထိုင်စားလိုပါသည်"

"အရှင်. . . ကောင်းပါပြီ"

သူဌေးကတော်သည် ထိုသို့ဝန်ခံပြီး ယူသင့်ယူထိုက်သော ပစ္စည်းတို့ကိုယူဆောင်ပြီးလျှင် ပြာသာဒ်ထက်သို့ တက်လေသည်၊ ပစ္စည်းစုံရောက်သော် အစေခံကျွန်မတို့ကို အောက်သို့ပြန်လွှတ်လိုက်ပြီး သူဌေးကိုပြန်ခေါ်သည်၊ ဘုံပထမအဆင့်မှစ၍ ဝင်ပေါက်တံခါးကို မင်းတုံးချက်ထိုး၍ ပိတ်ဆို့သည်၊ အထက်ဆုံးဘုံခုနစ်ဆင့်ပြာသာဒ်ဘုံ၌လည်း ဝင်ပေါက်တံခါးမကို မင်းတုံးဖြင့် ချက်ထိုးပိတ်ပြီး ထိုင်လေသည်။

သူဌေးကတော်သည် ခုံလောက်၌ မီးကိုညှိပြီးသော် အိုးကင်းကို ခုံလောက်ပေါ်တင်၍ မုန့်တို့ကိုစတင်ချက်လုပ်သည်။

* * *

ဗုဒ္ဓသည် ထိုနေ့မိုးသောက်ယံ၌ လောကဓာတ်ကို မဟာဂရုဏာတော်ဖြင့် ကြည့်သည်ရှိသော် ထိုကောသိယသူဌေး လင်မယားတို့ သောတာပတ္တိဖိုလ်၌တည်မည့် ပါရမီပြည့်စုံသည်ကို မြင်တော်မူသည်။

သို့အတွက် ဗုဒ္ဓသည် နံနက်စောစောကပင်လျှင် ရှင်မောဂ္ဂလာန်မထေရ်ကို ခေါ်တော်မူ၍-

"ချစ်သားမောဂ္ဂလာန်. . . ရာဇဂြိုဟ်မြို့နှင့်မနီးမဝေးဖြစ်သောသက္ကာရနိဂုံး၌ ဝန်တိုသော ကောသိယသူဌေးသည် အိုးကင်းမုန့်ကို စားအံ့ဟူ၍ သူတစ်ပါးတို့မြင်အံ့သော ဘေးမှရှောင်ကြောက်သောကြောင့် ဘုံခုနှစ်ဆင့်မြောက်သော ပြဿာဒ်အပြင်ဘက်၌ အိုးကင်းမုန့်တို့ကို ချက်စေ၏၊ သင်ချစ်သားသည် ထိုအရပ်သို့သွားရောက်၍ သူဌေးကို စွဲလမ်းတပ်မက်မှုကင်းအောင် ကြည့်ရှုဆုံးမပြီးသော် သင်၏အစွမ်းဖြင့် လင်မယားနှစ်ယောက်စလုံးကို လည်းကောင်း၊ မုန့်တို့ကို လည်းကောင်း၊ ယူဆောင်စေပြီး၍ ငါဘုရားသီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ခေါ်ဆောင်လာပါ။ ငါဘုရားသည် ယနေ့ငါးရာသော ရဟန်းတို့နှင့်အတူတကွကျောင်းတော်၌သာ သီတင်းသုံး၍ ထိုမုန့်တို့ကို ဘုဉ်းပေး၍ ဆွမ်းကိစ္စကို ပြီးစေအံ့"

"မြတ်စွာဘုရား. . . ကောင်းလှပါပြီဘုရား"

အရှင်မောဂ္ဂလာန်သည် ဗုဒ္ဓထံဝန်ခံပြီးနောက် ထိုခဏ၌ သာလျှင် တန်ခိုးတော်ဖြင့် သက္ကာရနွာနိဂုံးသို့ ကြွတော်မူသည်၊ ထို့နောက် သူဌေးပြသာဒ်၏ခြင်သေ့ရုပ်တံခါး၌ သက်န်းကိုကောင်းစွာ ဝတ်ရုံတော်မူလျက် ကောင်းကင်အပြင်၌ ပတ္တမြားအပြင်၌ ပတ္တမြားဆင်းတုပမာလို မတ်တက်ရပ်၍ သီတင်းသုံး၍ နေလေသည်။

သူဌေးသည် ကောင်းကင်ထက်၌ ရှင်မောဂ္ဂလာန်ကိုမြင်တွေ့သောအခါ နှလုံးတုန်လှုပ်ခြင်း ခံစားရလေသည်၊

"ငါသည် ဤသို့သဘောရှိသော သူတစ်ပါးအားပေးအံ့ ရသောဘေးမှ တွေးတောကြောက်ရွံ့၍ ဤအရပ်သို့ လာခဲ့သည်၊ ဤရဟန်းသည် ကောင်းကင်ခရီးဖြင့်ကြွလာ၍ လေသာပြတင်းတံခါး၌ ရပ်လာ၏"

ဟုကြံစည်စိုးရိမ်လျက် ပတ်ဝန်းကျင်ကိုဘာမှမမြင်ဘဲ မီးထဲ၌ထည့်အပ်သောဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက်သော အမျက်ဒေါသဖြင့်

"အသင်[illegible]ာန်း. . . အသင်သည် ကောင်းကင်ထက်၌ မတ်ရပ်တည်နေသော်လည်း အဘယ်ကိုရလတံနည်း၊ ရပ်တန့်ရုံမျှမက ခြေရာမထင် ကောင်းကင်ပြင်ထက်၌ ခြေရာကိုပြလျက် စင်္ကြံကြွ၍နေစေကာမူ တစ်စုံတစ်ခုကိုမျှ မရလတံ"

ဟုပြောဆိုလေသည်။

အရှင်မောဂ္ဂလာန်သည် ထိုလေသာပြတင်း၌ပင် ဟိုမှသည်မှ စင်္ကြံတုန်ခေါက်လျှောက်၍ နေလေသည်။

"အရှင်ရဟန်း. . . အသင်သည် စင်္ကြံလျှောက်နေသော်လည်းအဘယ်ကို ရလတံနည်း၊ စင်္ကြံလျှောက်ရုံမျှမက ကောင်းကင်ပြင်ထက်၌ ပလ္လင်ဖွဲ့ခွေ နေထိုင်နေသော်လည်း တစ်စုံတစ်ခုကိုမျှ မရလတံသည်သာတည်း"

အရှင်မောဂ္ဂလာန်သည်လည်း ကောင်းကင်ပြင်ထက်၌ ပလ္လင်ဖွဲ့ခွေ နေထိုင်နေတော်မူသည်။

"အရှင်ရဟန်း. . . သင်သည် ကောင်းကင်ပြင်ထက်၌ ပလ္လင်ဖွဲ့ခွေနေသော်လည်း အဘယ်ကိုရလတံနည်း၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေရုံမက ဤသို့ကြွလာ၍ လေသာပြတင်းတံခါးခုံ၌ ရပ်တည်လေငြားသော်လည်း တစ်စုံတစ်ရာကိုမျှ မရလတံ"

ထိုအခါ အရှင်မောဂ္ဂလာန်သည် လေသာပြတင်းတံခါး၌ ရပ်တန့်နေတော်မူသည်။

"အရှင်ရဟန်း. . . အသင်သည် တံခါးခုံ၌ ရပ်တည်လေငြား၊ အဘယ်ကိုရလတံနည်း၊ တံခါးခုံ၌ ရပ်တန့်ရုံမျှမက အခိုးအငွေ့ လွှတ်လေငြားသော်လည်း တစ်စုံတစ်ခုမျှ မရလေလတံ"

အရှင်မောဂ္ဂလာန်သည် အခိုးအငွေ့ လွှတ်တော်မူသည် အခန်းတစ်ခုလုံးသည် အခိုးအငွေ့တို့ဖြင့်ပြည့်နေသည်၊ သူဌေး၏

မျက်စိအား အပ်ဖြင့်ထိုးဆွသကဲ့သို့ အလွန်နာကျင်ခြင်း ဖြစ်ပေါ်ခံစားရသည်။

အိမ်ကိုမီးလောင်အံ့သောဘေးမှ ကြောက်ရွံ့လာသောကြောင့် အိမ်ကို မီးလျှံတောက်အောင်ပြုပြားသော်လည်း တစ်စုံတစ်ခုမရလတံ ဟုနူတ်က မဆိုဝံ့တော့ဘဲ-

"ဤရဟန်းသည် ငါတို့အား ကပ်ငြိနေ၏၊ တစ်စုံတစ်ခုကိုမရသည်ရှိသော် မသွားဘဲနေလတံ၊ ထိုရဟန်းအား တစ်ခုသောမုန့်ကို ပေးအံ့"

ဟုကြံစည်ပြီးလျှင် မယားကို-

"နှမ--. . . သေးငယ်စွာသော မုန့်တစ်ခုကိုချက်၍ရဟန်းအားပေးပြီး ပြန်လွှတ်လိုက်ပါ"

ဟုပြောဆိုလိက်လေသည်။

သူဌေးကတော်သည် အနည်းငယ်သော မုန့်ညက်ကိုအိုးကင်းခွက်၌ထည့်၍ ချက်သည်၊ အနည်းငယ်သော မုန့်ညက်သည် ကြီးစွာသောမုန့်ကြီးဖြစ်၍ အိုးကင်းခွက်တစ်စုလုံးကိုပြည့်နေသည်၊ ဖူးဖူးသော တောက်ထက်ကြသည်ဖြစ်၍ ထည့်သည်။

သူဌေးသည် ထိုအခြင်းအရာကိုမြင်လျှင်-

"နှမ. . . သင်သည်မုန့်ညက်ကို များစွာတည့်သောကြောင့် ဤသို့ဖြစ်ရသည် ဟုပြောဆိုပြီးလျှင် မိမိကိုယ်တိုင်

ယောက်မကို ဖျားအနားစွန်းဖြင့် အလွန်တရာ နည်းလှသော မုန့်ညက်ကိုယူ၍တည့်သည်၊ မုန့်သည် ရှေ့ကထက် တိုးတက် တိုးတက်၍သာ ကြီးခြင်းဖြစ်လေသည်"

ဤသို့သောနည်းဖြင့် မုန့်ညက်အနည်းငယ် ထည့်သည့် အခါတိုင်း မုန့်သည် တစ်ခုထက်တစ်ခု ပို၍ပို၍ကြီးလာသည်ကို မြင်ရသောသူဌေးကြီးသည် စိတ်ပျက်လက်ပျက်ဖြစ်ပြီးလျှင်-

"နှမ. . . ဤရဟန်းအား မုန့်တစ်ခုကိုသာ ပေးလိုက်ပါ" ဟုပြောလိုက်သည်။

သူဌေးကတော်သည် မုန့်ထည့်သောခွက်မှ မုန့်တစ်ခုကို ယူသည်ရှိသော် အလုံးစုံသောမုန့်တို့သည် တစ်စပ်တည်းကဲ့သို့ ကပ်ငြိပါကုန်သည်၊ အသီးအခြားမုန့်တစ်ခုတည်းကို ယူ၍မရပေ"

"အရှင်. . . မုန့်တစ်ခုတည်းကိုယူ၍ မရပါ၊ အကုန်တွဲ၍ နေပါသည်"

"နှမ. . . ရှိပါစေ၊ ငါကိုယ်တိုင်ခွာပေးမည်"

ဟုပြောဆိုကာ နှစ်ယောက်သားလင်မယားတို့သည် အစွန်း၌ ကိုင်၍ ဆွဲငင်ဖဲ့ခွာကြသော်လည်း ခွာယူ၍မရပေ၊ သူဌေးအား မုန့်တို့ကိုခွာရန် လုံ့လပြုအားထုတ်စဉ်ပင်လျှင် ကိုယ်မှချွေးတို့ သည် အပြိုင်ပြိုင်စီးထွက်ကြကုန်သည်၊ ဆာလောင်မွတ်သိပ်ခြင်း သည်လည်း ကင်းပြတ်လေသည်"

"နှမ. . . ငါ့အား ဤမုန့်တို့ဖြင့် အလိုမရှိပြီ၊ ခြင်းတောင်းနှင့်တကွသာလျှင် ဤရဟန်းအား ပေးလိုက်ပါ"
ဟုပြောသည်၊ သူဌေးကတော်သည် မုန့်ထည့်ထားသောခြင်းတောင်းကိုယူ၍ ရှင်မောဂ္ဂလာန်မထေရ်အနီးထံပါးသို့ သွားပြီးပေးလှူသည်။

အရှင်မောဂ္ဂလာန်က သူဌေးလင်မယားကို ရတနာသုံးပါး၏ဂုဏ်ကျေးဇူးအထူးတရားကို ဟောကြားပြီး အလှူ၏အကျိုးကျေးဇူးတရားတို့ကို ကောင်းကင်ပြင်အလယ် တင့်တယ်ထွန်းပသော လပြည့်ဝန်းကဲ့သို့ ထင်ရှားစွာ ဟောပြာပြတော်မူသည်။

ထိုသို့သော တရားစကားကို ကြားနာရသည်ရှိသော် သူဌေးသည် ကြည်ညိုညွတ်ကိုင်းသော စိတ်ရှိလာကာ-

"အရှင်ဘုရား. . . အရှင်သည် ကြွတော်မူလာပြီး ဤပလ္လင်ထက်၌ထိုင်ပြီး မုန့်ကိုဘုဉ်းပေးတော်မူပါ"
ဟုလျှောက်ထားလေသည်။

"ဒါယကာသူဌေးကြီး. . . မြတ်စွာဘုရားသည် အသင်၏မုန့်တို့ကို ဘုဉ်းပေးမည်ဟူ၍ ရဟန်းငါးရာနှင့်တကွ ကျောင်းတော်၌ သီတင်းသုံးစောင့်နေပါ၏၊ အသင်တို့လင်မယားသည် ရှင်လန်းနှစ်သက်ပါက အသင်၏မယားကို မုန့်နှင့်နို့ရည်တို့ကို ယူစေ၍ ဘုရားရှင်ထံသို့ သွားကြကုန်စို့"

"အရှင်ဘုရား. . . ယခုအခါ ဘုရားရှင်သည် အဘယ်အရပ်၌ သီတင်းသုံးနေပါသနည်း"

"ဒါယကာသူဌေးကြီး. . . ဤသက္ကာရနိဂုံးရွာမှ လေးဆယ်ငါးယူဇနာ ကွာဝေးသော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေပါသည်"

"အရှင်ဘုရား. . . ဘုဉ်းပေးနိုင်သော အချိန်အခါမှီရန် ဤမျှလောက် အဝွန်ရှည်သောခရီးကို အဘယ်သို့သွားနိုင်ပါမည်နည်း"

"ဒါယကာသူဌေးကြီး. . . အသင်တို့သာ အလိုဆန္ဒရှိပါစေ၊ ငါသည် သင်တို့အား ငါ၏တန်ခိုးအစွမ်းဖြင့် အရောက်ပို့ပေးအံ့၊ အသင်တို့၏ပြဿာဒ်စောင်းတန်းသည်အစ ဦးတည်ရာအရပ်၌သာဖြစ်ပြီး စောင်းတန်းအဆုံးသည်ကား ဇေတဝန်ကျောင်း၏ တံခါးမုခ်ဦး၀ ဖြစ်လတံ၊ အထက်ပြဿာဒ်အပြင်သို့ သက်ဆင်းကာမျှဖြင့်သာလျှင် အသင်တို့လင်မယား ဇေတဝန်ကျောင်းရောက်အောင် သယ်ဆောင်ပေးပါအံ့"

"ဤသို့ဆိုက ကောင်းလှပါပြီ၊ ပို့ဆောင်ပေးတော်မူပါဘုရား"

အရှင်မောဂ္ဂလာန်သည် သူဌေးကြီး၏အဆုံးအဖြတ်ကိုရသော် စောင်းတန်းဦးသည် ထိုအရပ်၌တည်၍ စောင်းတန်းခြေရင်းသည် ဇေတဝန်ကျောင်းတော်၏မုခ်ဦး၀၌ တည်ပါစေသတည်း ဟုအဓိဋ္ဌာန်လိုက်ရာ မထေရ်၏ အဓိဋ္ဌာန်အတိုင်း တည်လေသည်။ ထိုသို့အဓိဋ္ဌာန်အတိုင်း ဖြစ်ပေါ်လာသော အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် သူဌေးလင်မယားကို မုန့်ထောပတ်

အိုးကင်းအစုံနှင့် အထက်ပြသာဒ်မှ အောက်ပြသာဒ်သို့သက်ဆင်းကာမျှဖြင့် ဇေတဝန်ကျောင်းသို့ ရောက်စေသည်။

သူဌေးလင်မယားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရှိခိုး၍ အချိန်ကာလကို လျှောက်ထားရသည်။

မြတ်စွာဘုရားသည် သံဃာတော်များနှင့်အတူ ဆွမ်းစားဇရပ်ဆောင်သို့ကြွတော်မူ၍ ဘုရားရှင်အတွက် ခင်းထားသောနေရာ၌ ထိုင်တော်မူသည်၊ သံဃာတော်များကလည်း အသီးသီးလျှောက်ပတ်သင့်လျော်သောနေရာတို့၌ သီတင်းသုံးနေထိုင်ကြသည်၊

သူဌေးကြီးသည် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို အလှူရေစက်ချ၍ ပေးလှူသည်၊ ထို့နောက် သူဌေးကတော်ကြီးက ဘုရားရှင်၏သပိတ်ထဲသို့ မုန့်များကိုထည့်လှူရာ ဘုရားရှင်က မိမိအား မျှလောက်ရုံသာ အလှူခံတော်မူသည်၊ ဤသို့သောနည်းဖြင့် ငါးရာသောရဟန်းတို့ကို ဆက်လက်လှူဒါန်းရာ ရဟန်းတော်တို့ကလည်း မိမိတို့အား မျှတရုံသာ အလှူခံကြသည်။

သူဌေးသည် နို့ရည်, ထောပတ်, သကာ, တင်လဲ, ပျားတို့ကို ထည့်လောင်းသည်ရှိသော် မကုန်နိုင်သည်အဖြစ်သို့ရောက်ရှိလေသည်။

ဗုဒ္ဓနှင့်သံဃာတော်များ မုန့်ဆွမ်းကို ဘုဉ်းပေးပြီးသော် သူဌေးလင်မယားတို့သည်လည်း အလိုရှိတိုင်း မုန့်ကိုစားသောက်ကြလေသည်။

မုန့်ကား မကုန်သဖြင့် အလုံးစုံသော ဇေတဝန်ကျောင်း၌ သီတင်းသုံးကုန်သော ရဟန်းအားလုံးတို့အား လည်းကောင်း၊ ကျောင်းသို့လာရောက် တောင်းရမ်းစားသောက်ကြသော သူတောင်းစားတို့အား လည်းကောင်း ပေးကမ်း လှူဒါန်းပြန်သည်၊ မုန့်တို့က ကုန်ခမ်းခြင်းသည် အဖြစ်မထင်ချေ၊

သို့အတွက် သူဌေးကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ကာ-

"ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရား. . . အလုံးစုံသောသူတို့ပင် စားသောက်သုံးဆောင်ကြသော်လည်း မုန့်တို့သည် ကုန်ခမ်းခြင်းသို့မရောက်ပါ။ အဘယ်သို့ပြုရအံ့ပါနည်း ဘုရား"

"ဒါယကာသူဌေးကြီး. . . ဤသို့ဆိုက ပိုလျှံသော မုန့်တို့ကို ဇေတဝန်ကျောင်း၏တံခါးမုခ်ဝ၌ စွန့်ပစ်ကြကုန်လော့" ဟုဘုရားရှင်က မိန့်ကြားသောအခါ သူဌေးလင်မယားတို့သည် ထိုပိုလျှံသောမုန့်တို့ကိုယူ၍ ဇေတဝန်ကျောင်းအရံမုခ်ဝ၏ မနီးမဝေးဖြစ်သော ချိုင့်ဝှမ်းအရပ်ဒေသတစ်ခု၌ စွန့်ပစ်ကြကုန်သည်။

(ထိုအရပ်ကို ယနေ့တိုင် အိုးကင်းမုန့်ချိုင့်ဝှမ်းဟူ၍ ခေါ်စမှတ်ပြုကြသည်)

ထို့နောက် သူဌေးလင်မယားသည် ဘုရားရှင်ထံသို့ ပြန်လာကြပြီး ရှိသေစွာ ရှိခိုးကြသည်၊ ဘုရားရှင်က တရားကို

ဟောတော်မူရာ သူဌေးလင်မယားနှစ်ဦးသည် ဘုရားရှင်၏ တရားတော်အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထို့နောက် ဘုရားရှင်ကို ရှိသေစွာရှိခိုးပြီး မိမိတို့လာရာ ဇေတဝန်တံခါးမုခ်ဝရှိ စောင်းတန်းဘက်သို့တက်၍ မိမိတို့၏ ပြဿာဒ်ထက်သို့ ပြန်တက်လာခဲ့ကြသည်။

သူဌေးကြီးလင်မယားသည် ထိုနေ့မှစ၍ မိမိချမ်းသာ သမျှသော ကုဋေ(၈၀)သောဥစ္စာတို့ကို ဘုရားရှင်သာသနာတော်၌ စွန့်ကြဲပေးကမ်း လှူဒါန်းလေတော့သည်။

ထိုသူဌေးလင်မယားအတွက် အရှင်မောဂ္ဂလာန်က သဒ္ဓါ တရား၊ စီးပွားချမ်းသာ များစွာသောဥစ္စာတို့ကို ထိခိုက်ယိုယွင်း ပျက်စီးခြင်းမဖြစ်စေဘဲ ဝန်တိုသောသူဌေးကြီးကို တန်ခိုးတော်ဖြင့် တစ်မုဟုတ်မျှ အတွင်းပြုလုပ်ကာ ဘုရားနှင့်ရဟန်းများကိုလည်း မုန့်လှူနိုင်၊ သူဌေးလင်မယား သောတာပတ္တိဖိုလ်ရောက်စေနိုင်မှု ကို ရဟန်းတော်များက အံ့ဩဘနန်း ချီးမွမ်းပြောဆိုကြသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်က-

"ပျားပိတုန်းတို့သည် ပန်းပွင့်ကိုလည်းကောင်း၊ ပန်း အဆင်းအနံ့ကိုလည်းကောင်း၊ မပျက်စီးစေမူ၍ အရသာကိုစုပ်ယူ ကာ အလိုရှိရာပျံသန်းသွားသကဲ့သို့ ထိုအတူရွာ၌ ရဟန်းသည် သဒ္ဓါပန်းကိုလည်းကောင်း၊ အဆင်းအနံ့ကို လည်းကောင်း၊ မပျက်စီးစေဘဲ ပစ္စည်းလေးပါးအရသာကို ခံယူကျင့်သုံးအပ်ပေ ရာ၏"

ဟူ၍ရဟန်းတို့ကို ဟောကြားတော်မူလေသည်။

ပျားပိတုန်းတို့သည် ပန်းဝတ်ရည်ကိုစုပ်ယူရာ၌ အပွင့်ကိုလည်းကောင်း၊ အဆင်းကိုလည်းကောင်း၊ အနံ့ကိုလည်းကောင်း ချိုးဖဲ့ဖျက်ဆီး၍ မပျံမသွား အလုံးစုံသောပန်းပွင့်နှင့်အပင်တို့သည် ပကတိအတိုင်းသာ ကျန်ရှိသကဲ့သို့ ရွာကျောင်း၌မှီ၍ တရားရှာမှီးကြသော ကျင့်ဆဲရဟန်းများသည် ဒါယကာတို့၏ သဒ္ဓါတရားနှင့် ပစ္စည်းဥစ္စာတို့ကို မဆုတ်ယုတ်မပျက်စီးစေဘဲ မိမိတို့၏ရဟန်းတရားဖြစ်သော မဂ်၊ ဖိုလ်ရရန် အားထုတ်ရမည်သာ ဖြစ်သည်ဟု ဗုဒ္ဓက ဟောကြားခြင်းဖြစ်ပါသည်။

ဤသူဌေးလင်မယား အဖြစ်အပျက်တွင် ဗုဒ္ဓသည် လောကသဘာဝ နည်းပရိယာယ်ဖြင့် ကပ်စေးနည်းသူကို သဒ္ဓါတရားဖြစ်ပေါ်လာအောင်၊ သောတာပတ္တိဖိုလ် ဆိုက်ရောက်လာအောင် ရဟန်းများ၊ ဒါယကာ၊ ဒါယိကာမများထံမှ သဒ္ဓါ၊ ဥစ္စာ မပျက်အလှူခံတတ်သော သဘာဝနည်းနာယတို့ကို ဖြေရှင်းပြတော်မူခဲ့ပါသည်။

(ကျမ်းကိုး- ဓမ္မပဒ- ပုပ္ဖဝဂ်- မစ္ဆရိယကောသိယသူဌေးဝတ္ထု)

## ဂေါတမဗုဒ္ဓနှင့်နိဂဏ္ဌာတပသည့် ဂရဟဒိန္နသူဌေးကြီး

## (တုံ့ပြန်ဂလဲ့စားချေမှုနှင့် ဘုန်းရှိ ဘုန်းမဲ့ ပြဿနာ)

ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

သာဝတ္ထိပြည် သီရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ်တို့သည် အလွန်ခင်မင်ကြသော သူငယ်ချင်းများဖြစ်ကြသည်။

သို့သော် သူတို့နှစ်ဦးတွင် သီရိဂုတ္တသူကြွယ်က ဂေါတမဗုဒ္ဓနှင့် သံဃာတော်များကို ကိုးကွယ်ဆည်းကပ်ပြီး ဂရဟဒိန္နက နိဂဏ္ဌာတက္ကတွန်းတို့လို ကိုးကွယ်ဆည်းကပ်ကြ၍ဆရာ,မတူကြပေ။

တစ်နေ့တွင် ဂရဟဒိန္န၏ဆရာဖြစ်သော နိဂဏ္ဌာတက္ကတွန်းက ဂရဟဒိန္နသူဌေးကို-

"ဒါယကာ. . . အသင်၏သူငယ်ချင်းဖြစ်သော သီရိဂုတ္တသူကြွယ်သည် အဘယ်ကြောင့် ရဟန်းဂေါတမကို ဆည်းကပ်စေဘိသနည်း၊ ထိုရဟန်းဂေါတမကို မှီဝဲဆည်းကပ်သဖြင့် ရဟန်းဂေါတမထံမှ အဘယ်အကျိုးကို ရပါသနည်း၊ ငါတို့ကို မှီဝဲဆည်းကပ်အပ်သည်မဟုတ်ပါလော၊ ငါတို့အား ပေးကမ်းလှူဒါန်းဖွယ်ကို ပေးကမ်းလှူဒါန်းအပ်သည် မဟုတ်တုံလော၊ အသင်သည် ငါတို့အား မှီဝဲဆည်းကပ်ရန်၊ လှူဒါန်းရန်ကို သီရိဂုတ္တကိုပြောဆိုအပ်သည် မဟုတ်တုံလော၊ အဘယ်ကြောင့် မပြောမဆိုနှောင့်နှေးနေရပါသနည်း"

ဟုပြောဆို တိုက်တွန်းကြလေသည်။

ဂရဟာဒိန္နသူကြွယ်သည် မိမိ၏ဆရာစကားကို နားယူ၍ သူငယ်ချင်းသိရိဂုတ္တနှင့် တွေ့ဆုံသည့်အခါတိုင်း မိမိတို့၏ဆရာ သမားဖြစ်သော နိဂဏ္ဌာတက္ကတွန်းတို့အားလည်း လျှဒါန်းသင့် ကြောင်း ခဏ ခဏ တိုက်တွန်းစကားပြောကြားသည်။

ပထမအကြိမ်ပြောသောအခါ သိရိဂုတ္တသည် ဆိတ်ဆိတ် သာ နားထောင်နေသည်၊ စကားတုံ့ပြန်မပြောချေ၊ ဂရဟာဒိန္နကမူ အခွင့်ရတိုင်း တွေ့တိုင်း သူတို့၏ဆရာနိဂဏ္ဌာတို့အား ပေးကမ်း ရန် ခဏခဏတိုက်တွန်းသဖြင့် သိရိဂုတ္တသည် ဂရဟာဒိန္န၏တိုက် တွန်းမှု၌ ငြီးငွေ့စိတ်ပျက်မိလေသည်၊ သို့အတွက် ဂရဟာဒိန္နကို-

"အသင်၏ဆရာဖြစ်ကုန်သော နိဂဏ္ဌာတက္ကတွန်းတို့ သည် အဘယ်ကို သိကုန်ပါသနည်း"

ဟုမေးလိုက်သည်။

"အဆွေသိရိဂုတ္တ. . . ဤသို့မပြောဆိုပါလင့်၊ ငါ၏ အရှင်တို့အားမသိသောအရာမရှိပါ၊ အလုံးစုံသော အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ကာလကိုလည်းကောင်း၊ အလုံးစုံသော ကာယကံ၊ ဝစီကံ၊ မနောကံကို လည်းကောင်း၊ ဤအမှုသည် ဖြစ်လတံ၊ ဤအမှုသည် မဖြစ်လတံသည်ကို လည်းကောင်း၊ အလုံးစုံထိုက်သည်-မထိုက်သည်ကို လည်းကောင်း သိကြပါကုန် ၏"

"အဆွေဂရဟာဒိန္န. . . အသင်၏ဆရာတို့သည် အလုံးစုံကို တကယ်သိကြပါသလော"

"အဆွေ. . . သိကြပါ၏"

"အဆွေဂရဟာဒိန္န. . . အသင်ပြောဆို ဝန်ခံသည့်အတိုင်း ဖြစ်ခဲ့ပါလျှင် အသင်သည် အလွန်ဝန်လေးသော အမှုကို ပြုပေ၏၊ ဤရွေ့ဤမျှကြာမြင့်သောအခါတိုင်း အရှည်ကာလပတ်လုံး ဤအကြောင်းကို ငါ့အား အဘယ့်ကြောင့် မပြောကြားဘိသနည်း၊ ယခု အသင်ပြောကြားသည်ဖြစ်သောကြောင့် ယနေ့မှစ၍ ငါသည် အသင်ဆရာတို့၏ ဉာဏ်အစွမ်းအာနုဘော်ကို သိအပ်ပြီး၊ အဆွေဂရဟာဒိန္နသွားပါချေ၊ အသင်၏ အရှင်တို့ကို ငါ၏စကားဖြင့် လျှောက်ကြားပင့်ဖိတ်ပါလေ"

ဟုပြောဆိုရာ ဂရဟာဒိန္နသည် သိရိဂုတ္တက မိမိဆရာများကို လက်ခံသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် မိမိ၏ဆရာနိဂဏ္ဌတို့ထံသို့ချက်ချင်းသွားကာ နိဂဏ္ဌဆရာတို့ကို ရှိခိုးပြီးလျှင်-

"ကျွန်ုပ်၏အဆွေ သိရိဂုတ္တသူကြွယ်က အရှင်တို့ကို နက်ဖြန်နံနက် ဆွမ်းအလို့ငှာ ဖိတ်ကြားလိုက်ပါသည်"

ဟုလျှောက်ထားသည်။

"ဒါယကာ. . . သိရိဂုတ္တကိုယ်တိုင်ကပင် ပင့်ဖိတ်စကားဆိုပါသလော"

"အရှင်ဘုရား. . . မှန်ပါ၏"

ထိုအခါ နိဂဏ္ဌာဆရာတို့သည် ရွှင်လန်းဝမ်းမြောက်သော စိတ်ဖြစ်ကြကာ-

"ငါတို့၏အလိုဆန္ဒကိစ္စသည် ပြီးဆုံးပေပြီ၊ သိရိဂုတ္တသူကြွယ်သည် ငါတို့၏ကြည်ညိုသောအခါမှစ၍ အဘယ်မှာ အလိုဆန္ဒကိစ္စများ ပြည့်စုံစွာ မဖြစ်ဘဲ ရှိပါတော့အံ့နည်း"

ဟုဝမ်းသာအားရ ဆွေးနွေးပြောဆိုပြီး ဂရဟာဒိန္နသူကြွယ်ကိုလည်း ချီးမွမ်းစကား ပြောကြားကြလေသည်။

သိရိဂုတ္တ၏အိမ်နေရာသည် အလွန် ကျယ်ဝန်းကြီးမားသည်၊ သူကြွယ်သည် မိမိနေရာဖြစ်သော အိမ်နှစ်လုံးတို့၏ အကြား၌ နှစ်ဘက်အလျားရှည်စွာသောတွင်းကို တူးစေ၍ မစင်ပုပ်ညွန်ဖြင့် ပြည့်စေသည်။

တွင်း၏အဝ နှစ်ဘက်သောအစွန်းတို့၌ သစ်ငုတ်တို့ကို ရိုက်နှက်စိုက်စေ၍ ထိုသစ်ငုတ်တို့၌ကြိုးတို့ကို ဖွဲ့ချည်စေပြီး နေရာကိုခင်းသောအခါ ရှေ့ခြေကိုတွင်း၏ အရှေ့အဖို့နံပါး၌ တည်စေလျက် နောက်ခြေကိုကြိုးတို့၌တည်စေပြီးလျှင် အကြင်သို့သောအခြင်းအရာအားဖြင့် ထိုင်နေလိုက်သည်ရှိသော် အောက်သို့ဦးခေါင်း ဇောက်ထိုးကျရာ၏။

ထိုသို့သော အခြင်းအရာ အစီအမံဖြင့် ခင်းထားပြီးမှ အောက်၌ရှိသောတွင်းကို မသိမမြင်ရလေအောင် အပေါ်၌ ပုဆိုးတို့ဖြင့် ဖုံးလွှမ်း၍ ခင်းထားစေသည်။

အိုးစရည်အကြီးတို့ကို ဆေးကြောစေကာ ငှက်ပျောရွက်တို့ဖြင့် လည်းကောင်း၊ ဖြူသောပုဆိုးပိုင်းတို့ဖြင့် လည်းကောင်း မျက်နှာဝတို့ကို ပိတ်စည်းထားစေသည်၊ အိုးတို့၏အတွင်း၌ကား တစ်စုံတစ်ခုမျှ ထည့်မထားချေ၊ အိမ်နောက်ဖေးတွင် မူယာဂု၊ ထမင်းလုံး၊ ထောပတ်ဆီ၊ ပျား၊ တင်လဲမုန့်မှုန့်တို့ဖြင့် အလိမ်းလိမ်း ကပ်ငြိသည်ကို ပြုထားသည်။

ဂရဟာဒိန္နသူကြွယ်သည် အရှက်တက်စောစောပင် သိရိဂုတ္တအိမ်သို့သွား၍-

"အရှင်တို့အား ကျွေးမွေးပေးကမ်းဖွယ်တို့ကို စီရင်အပ်ပါပြီးလော"

ဟုမေးလေသည်။

"အဆွေ. . . စီရင်အပ်ပါပြီ"

ဟုသိရိဂုတ္တကပြောပြီး မိမိစီမံထားသည်တို့ကို ပြသသည်။

"အဆွေ. . . ပေးကမ်းဖွယ်တို့ကား အဘယ်မှာနည်း"

ဟုဆက်မေးသဖြင့် မိမိသည်စီရင်၍ ထားအပ်သောများစွာသော အိုးစရည်တို့ကိုပြကာ-

"ဤမျှသောအိုးစရည်ကြီးတို့၌ ယာဂုကို စီရင်အပ်ကုန်၏၊ ဤမျှသောအိုးစရည်ကြီးတို့၌ ဆွမ်းကိုစီရင်အပ်ကုန်၏၊ ဤမျှသော အိုးစရည်ကြီးတို့၌ ထောပတ်၊ တင်လဲ၊ သကာ၊ မုန့်တို့ကို စီရင်၍ ပြည့်စေပါကုန်၏၊ ဤသို့သောနေရာ၌ ဘုဉ်းပေးရန်ခင်းထားပါ၏"

ဟု အလုံးစုံလိုက်လံ ရှင်းလင်းပြောပြသည်။

"အဆွေ. . . ကောင်းလှပါပြီ၊ ယခုပင် ဆရာနိဂဏ္ဌာတို့ကို သွားရောက်ပင့်ခေါ်ပါမည်"
ဟုပြောပြကာ ဝမ်းမြောက်ဝမ်းသာနှင့် ဆရာနိဂဏ္ဌာတို့ထံ သွားရောက် အကြောင်းကြားစေသည်၊ နိဂဏ္ဌာတို့သည် သိရိဂုတ္တ၏ အိမ်သို့ ကြွလာကြကုန်သည်။

နိဂဏ္ဌာတက္ကတွန်းတို့ကြွလာသည်ကို သိရိဂုတ္တသူကြွယ် တွေ့မြင်သော် အိမ်မှထွက်၍ကြိုဆိုကာ ထိခြင်းငါးပါးဖြင့်ရှိခိုးပြီးလျှင် ထိုနိဂဏ္ဌာတို့၏ရှေ့မှ လက်အုပ်ကိုမြောက်ချီ ရပ်တည်နေပြီး ဆင်ခြင်သည်မှာ-

"အသင်တို့သည် အတိတ်၊ အနာဂါတ်အစရှိသော အလုံးစုံကိုပင် သိမြင်နိုင်သည်ဟု အသင်တို့၏ အလုပ်အကျွေး ဖြစ်သော ငါ၏အဆွေသည် ပြောဆိုပါ၏၊ ထိုသူပြောဆိုသည့် အတိုင်း အသင်တို့သည် အလုံးစုံကို အကယ်၍ သိကုန်သည် ဖြစ်အံ့၊ ငါ၏အိမ်အတွင်းသို့ကြွမလာသင့်၊ ငါ၏အိမ်၌ အသင်တို့ အား ပေးကမ်းကျွေးမွေးဖွယ်ဖြစ်သော ယာဂုထမင်းတို့သည် တစ်စုံတစ်ရာမျှမရှိပါချေ၊ အသင်တို့သည် မသိသောကြောင့်သာ ကြွလာကြကုန်သည် ဖြစ်ငြားအံ့၊ မစင်ဘုတ်တွင်းထဲသို့ကျစေပြီးမှ ဆုံးဖြတ်ခြင်းကို ဖြစ်စေအံ့"
ဟုကြံစည်ဆင်ခြင်ထားသည်။

ထို့နောက် မိမိ၏အိမ်စေ အမှုလုပ်တို့ကို-

"အသင်တို့သည် ထိုနိဂဏ္ဌာတက္ကတွန်းတို့ထိုင်နေသော အခါ နောက်နားကနေပြီး အပေါ်က လွှမ်းမိုးခင်းထားသော ပုဆိုးတို့ကို မစင်ပုပ်များ မပေစေလင့်"
ဟုပြောဆိုမှာထားသည်။

"အရှင်ဘုရားတို့သည် ဤအရပ်ဖြင့် ကြွဝင်တော်မူပါကုန်လော"
ဟု သိရိဂုတ္တကလျှောက်ထားပြီး နိဂဏ္ဌာတက္ကတွန်းတို့ကို အထဲဝင်ရောက်စေသည်၊ ခင်းထားသောနေရာသို့ရောက်သောအခါ ထိုင်ရန်ပြင်နေသော နိဂဏ္ဌာတက္ကတွန်းတို့ကို အစောင့်တို့က ခေတ္တစောင့်စေပြီး-

"အရှင်တို့. . . ခေတ္တငံ့လင့်ကြပါဦး၊ တစ်ယောက်စီဝင်၍ ရှေးဦးစွာ မထိုင်ကြပါနှင့်"
ဟုတားမြစ်ကြသည်။

"ဒါယကာ. . . အဘယ်အကြောင်းကြောင့်နည်း"

"ကျွန်ုပ်တို့အိမ်သို့ ဝင်ရောက်ကုန်သော အရှင်တို့အား ထိုင်နေအပ်သောဝတ္တရားကိုသိ၍ ထိုင်အပ်ပါသည်"

"ဒါယကာတို့ အဘယ်သို့ပြုရပါမည်နည်း"

"အရှင်ဘုရားတို့ မိမိရောက်သောထိုင်မည့်နေရာ၌ တုံ့ရပ်တန့်နေပြီးမှ အလုံးစုံသောအရှင်တို့သည် တပြိုင်တည်း ဝင်ရောက်ထိုင်စေလိုပါသည်"

"ဤသို့တစ်ပြိုင်နက်တည်းထိုင်စေခြင်းငှာ ရှေးဦးစွာဝင်ထိုင်သော နိဂဏ္ဌတက္ကတွန်းအောက်သို့ကျသွားပါက နောက်ပုဂ္ဂိုလ်များသိပြီး ပြန်ဆုတ်ပေးကုန်မည်စိုးသောကြောင့် ဤသို့တစ်ပြိုင်တည်း ထိုင်ခိုင်းခြင်းဖြစ်ပါသည်။

နိဂဏ္ဌတက္ကတွန်းတို့သည် ကောင်းလှပေပြီ-ဟု ဆိုကာထိုဒါယကာတို့ပြောဆိုသည့်အတိုင်းပင် ငါတို့ပြုစုခြင်းငှာသင့်၏-ဟုဆွေးနွေးသဘောတူပြီး မိမိတို့ထိုင်မည့် နေရာအသီးသီးရှေ့၌သွားရောက်ရပ်တည်နေကြလေသည်။

"အရှင်ဘုရား. . . တပြိုင်တည်းထိုင်ရန် အချိန်သင့်ပါပြီ၊ ထိုင်တော်မူကြပါကုန်"

ဟုအမှုလုပ်တို့က လျှောက်ထားသောအခါ နိဂဏ္ဌတို့သည် ထိုင်ရန် ခြေလှမ်းစတင်လှမ်းလိုက်သည်နှင့် တပြိုင်တည်းနက်ထဲအလုပ်သမားတို့က အပေါ်မှပုဆိုးတို့ကို ဆွဲယူယုတ်လိုက်ရာ နိဂဏ္ဌတို့သည် ကြိုးပေါ်၌ကျကြကာ တစ်ပါတည်း ကြိုးဖြင့်တုတ်ချည်သလိုဖြစ်ပြီး ခင်းထားသောကြိုးများ အောက်သို့ပြုတ်ကျကာ နိဂဏ္ဌတို့သည် ဦးခေါင်း ဇောက်ထိုးနိဂဏ္ဌတို့သည် ဦးခေါင်းဇောက်ထိုး တွင်းထဲသို့ကျကုန်ကြသည်။

နိဂဏ္ဌသည် တက္ကတွန်းမှာ မစင်တွင်းထဲသို့ ကျကုန်သော် သိရိဂုတ္တသူကြွယ်သည် တံခါးပိတ်ထားစေပြီး တွင်းထဲမှ တက်၍တက်၍ လာကုန်သော နိဂဏ္ဌတက္ကတွန်းတို့ကို-

"အသင်တို့သည် အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ကို သိကုန်ဟုပြောဆို၍ ဝန်ခံထားလျှက် အဘယ်ကြောင့် ယခုလိုဖြစ်လာမည်ကို မသိကြပါသနည်း"
ဟုကြိမ်းမောင်းမောင်း၍ တုတ်တိုဖြင့် ရိုက်နှက်ပုတ်ခတ်ကြသည် အားရလောက်အောင်ရိုက်နှက်ပြီးမှ တံခါးကို ဖွင့်ပေးလိုက်ကြသည်။

နိဂဏ္ဌာတို့သည် ပွင့်ရာတံခါးမှ ထွက်ပြေးရန် အားထုတ်ရာ ထိုထွက်ပြေးသောလမ်းခရီး၌ ပြစ်ချွဲသောချော်ရည်တို့ သုတ်လိမ်းထားသဖြင့် လျင်မြန်စွာထွက်ပြေးလာသော နိဂဏ္ဌာတို့သည် ထိုပြစ်ချွဲသောအရည်ပေါ်တွင် လျင်စွာမသွားနိုင်ဘဲ လဲကျကြသည်။

ထိုအချိန်တွင် အမှုလုပ်တို့က တစ်ဖန်ပုတ်ခတ် ရိုက်နှက်ကြပြန်သည်။

"အသင်ဒါယကာသည် ငါတို့အား ဖျက်ဆီးလေဘိသည် ဟု နိဂဏ္ဌာတက္ကတွန်းတို့သည် ငိုကြွေးမြည်တမ်းပြီး လွှတ်ပေးသောအပေါက်မှ ထွက်ပြေးကြပြီး မိမိတို့၏ဒါယကာ ဂရဟဒိန္နအိမ်သို့ သွားရောက်တိုင်ကြားလေသည်။

ဂရဟဒိန္နသူကြွယ်သည် မိမိ၏ဆရာသမားတို့ ဒဏ်ရာဒဏ်ချက်များဖြင့် ဝရုန်းသုန်းကားပြန်လာသည်ကို မြင်တွေ့ရ၍ အလွန်စိတ်ဆိုးဒေါသထွက်ကာ လက်သီးလက်မောင်းတန်းပြီးလျှင်-

"သိရိဂုတ္တသည် ရှိခိုးကြည်ညို ရိုသေကုန်သော သူတို့အား နတ်နှင့်တကွသော လူ့ပြည်၌ အလိုရှိသည့်အားလျော်စွာ ပေးခြင်းငှာ စွမ်းနိုင်သောကောင်းမှုကိုပြုခြင်း၌ လယ်ယာမြေကောင်းသဖွယ်ဖြစ်ကုန်သော ငါ၏အရှင်တို့ကို ရိုက်ပုတ်ခတ်၍ ဖျက်ဆီးအပ်သည်ကိုပြု၍ ပျက်စီးခြင်းသို့ ရောက်စေဘိသည် တကား"

ဟုမြည်တမ်းကာ အော်ဟစ်ကြွေးကြော်လျက် မင်းနန်းတော်သို့ သွားရောက်ပြီးလျှင် သိရိဂုတ္တ၏ပြုမူချက်ကို တိုင်တန်းသည်၊ အသပြာတစ်ထောင် ဒဏ်ရိုက်ရန်ကိုလည်း တောင်းဆိုသည်။

မင်းကြီးသည် မင်းချင်းတို့ကိုစေလွှတ်၍ သိရိဂုတ္တသူကြွယ်ကိုဆင့်ခေါ်သည်၊ သိရိဂုတ္တသူကြွယ် နန်းတော်သို့ရောက်လာပြီး မင်းကြီးကိုရှိခိုးကာ-

"အရှင်မင်းမြတ်. . . စူးစမ်းဆင်ခြင်သုံးသပ်ပြီးမှ ဒဏ်ကိုပေးတော်မူပါလော့၊ မစူးစမ်းမဆင်ခြင်ဘဲ ဒဏ်ကိုမပြုပါလင့်"

ဟုလျှောက်ထားလေသည်။

"အသင်သူကြွယ်. . . ငါသည် စူးစမ်းဆင်ခြင်၍သာ ဒဏ်ကိုပြုအံ့"

"အရှင်မင်းကြီး. . . သင့်မြတ်ကောင်းမွန်လှပါသည်"

"ထိုသို့ဖြစ်လျှင် သူကြွယ်အကြောင်းစုံကို လျှောက်ထားပြပါလော့"

ထိုအခါ သိရိဂုတ္တသူကြွယ်သည် မိမိနှင့် ဂရဟာဒိန္နတို့ အဆွေခင်ပွန်းဖြစ်ပုံ တွေ့ဆုံစကားပြောတိုင်း ရဟန်းဂေါတမတို့ကို ကိုးကွယ်၍ အကျိုးမရှိပုံပြောပုံ၊ သူ၏ဆရာများက အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်အပါအဝင် အလုံးစုံသိပုံ၊ ဝန်ခံပုံ ထိုသို့ဝန်ခံသဖြင့် ဤကဲ့သို့ စီမံဆောင်ရွက်ပုံအလုံးစုံကို အသေးစိတ်လျှောက်ထားတင်ပြပြီး-

"အရှင်မင်းကြီး. . . ကျွန်ုပ်သည် သူ့ကို ဝန်ခံသောစကားအတိုင်းပြုပါသည်၊ ဤသို့ပြုရာ၌ အကျွန်ုပ်အား ဒဏ်ထားခြင်းငှာ ထိုက်ခဲ့လျှင် ကျွန်ုပ်ဒဏ် ထမ်းဆောင်ပါမည်"

ဟုဝန်ခံကတိပေးလေသည်။

ထိုအခါ မင်းကြီးက ဂရဟာဒိန္နသူကြွယ်ကိုကြည့်၍-

"အချင်းဂရဟာဒိန္န. . . အသင်သည် ဤသို့ပြောဆိုလျှောက်ထားသည့်အတိုင်း ဟုတ်မှန်လေသလော"

ဟုမေးတော်မူသည်။

"အရှင်မင်းမြတ်. . . ဟုတ်မှန်ပါသည်"

"အသင်သည် ဤမျှလောက် မသိမလိမ္မာ ဉာဏ်ပညာကင်းသောသူတို့ကို ဆရာဟူ၍ ကိုးကွယ်ဆည်းကပ်မပြတ်လှည့်လည်လျက် ငါ၏ဆရာတို့သည် အလုံးစုံအကုန်ပင် သိမြင်နိုင်၏-ဟုအဘယ်အကြောင်းကြောင့် ဗုဒ္ဓ၏တပည့်သားအား ပြောကြားဘိပါသနည်း၊ သင်ပြောဆိုလျှောက်ထားသော မင်းဒဏ်သည်သင့်အားသာလျှင် ဖြစ်စေသတည်း"

ဟုမင်းကြီးက အမိန့်ချသဖြင့် ဂရဟာဒိန္နသည်ပင်ဒဏ်ကို ပေးဆောင်ရလေသည်။

* * *

"ဤသူသည် ငါ၏အိမ်သို့အချိန်မပြတ် ချဉ်းကပ်ရောက်လာပြီး ငါ၏ဆရာတို့ကို ပြင်းစွာ ပုတ်ခတ်နှင်ထုတ်သူ" ဟုဂရဟာဒိန္နသူကြွယ်သည် သီရိဂုတ္တသူကြွယ်ကို အမျက်ဒေါသပြင်းစွာထွက်ပြီး မခေါ်မပြောမသွားမလာ လဝက်လောက်နေသည်။

ငါသည် ဤသို့နေသဖြင့်လည်း မသင့်လျော်ပါချေ။ ရှေးအခါကကဲ့သို့ပင် ကျွမ်းဝင်ရောနှော စကားပြောဆိုခြင်းကိုပြုပြီး သူ၏အိမ်သို့ ဆွမ်းခံချဉ်းကပ်သော သူ၏ဆရာတို့ကို တစ်ဖန်တဲ့လှည့်ပြု၍ ပြင်းထန်စွာဖျက်ဆီး၍ ပျက်စီးအောင်ပြုလုပ်ရန်သင့်ပေ၏"

ဟုဂရဟာဒိန္နသည် စဉ်းစားကြံကာ သီရိဂုတ္တအိမ်သို့သွားပြီး-

"အဆွေသီရိဂုတ္တ. . . အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်းမည်သည် ဆွေမျိုးသားချင်းနီးရင်းသောသူများပင်သော်လည်း ဖြစ်တတ်ကြသော ဓမ္မတာသဘောရှိပါ၏၊ အသင်သည် ငါ့အား အဘယ်သို့သောအကြောင်းကြောင့် တစ်စုံတစ်ခုသောစကားကို မပြောဆိုဘိသနည်း၊ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း" ဟုမေးသည်။

"အဆွေဂရဟာဒိန္န. . . အသင်သည်ကား မပြောမဆို သောကြောင့် ငါသည် စကားမပြောမဆိုဘဲ နေပါသည်၊ အသင် သည် ငါ့အားစကားပြောဆိုသည်ဖြစ်အံ့၊ အသင့်အား ငါကလည်း ပြန်၍စကားပြောဆိုရန် ဝန်မလေးပါ၊ အဆွေခင်ပွန်းကို ဖျက်ဆီး ခြင်းကို ငါသည် အလိုမရှိပါ"
ဟုပြန်ပြောသည်။

ထိုအချိန်မှစ၍ သီရိဂုတ္တနှင့်ဂရဟာဒိန္နတို့သည် အတူ တကွ နေထိုင်စားသောက်ခြင်း နှီးနှောစကားပြောဆိုခြင်း ပြုကြ သည်။

တစ်နေ့သောအချိန်တွင် သီရိဂုတ္တကဂရဟာဒိန္နကို-

"အဆွေဂရဟာဒိန္န. . . အသင်အား ထိုနိဂဏ္ဌတက္ကတွန်း တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သူတို့ကို မှီဝဲဆည်းကပ်နေသဖြင့် အဘယ်ကိုရလတံ့နည်း၊ ငါ၏ဆရာဖြစ်သော ဂေါတမဗုဒ္ဓကို မှီဝဲ ဆည်းကပ်ခြင်းငှာ မအပ်လေသလော၊ ငါ၏အရှင်တို့အား အလှူ ဒါနကို ပေးလှူပူဇော်ခြင်းငှာ မအပ်လေသလော"
ဟုပြောဆိုလေသည်။

ဂရဟာဒိန္နသည် သီရိဂုတ္တထံမှ ဤသို့သောစကားကို ကြားလိုသည်မှာ ကြာလှပေပြီ၊ သီရိဂုတ္တက ဤသို့ပြောဆိုလာ သဖြင့် ဂရဟာဒိန္နအား ယားနာကိုလက်သည်းဖြင့် ပယ်ဖျောက် ကုတ်ခြစ်ပေးဘိသကဲ့သို့ဖြစ်၍ သီရိဂုတ္တသူကြွယ်ကို ဂရဟာဒိန္နက-

"အဆွေ. . . သင်၏ဆရာဖြစ်တော်မူသော ဂေါတမဗုဒ္ဓ သည် အဘယ်ကိုသိသနည်း"
ဟုမေးလေသည်။

"အဆွေ. . . ဂရဟာဒိန္န ဤသို့မဆိုပါလင့်၊ ငါတို့ဆရာ မြတ်စွာဘုရား၌ မသိအပ်သောအရာမည်သည် မရှိ၊ အတိတ်အစ ရှိသော အလုံးစုံသောတရားကိုသိ၏၊ တစ်ဆယ်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သတ္တဝါတို့၏စိတ်ကို ပိုင်းခြား၍ သိတော်မူ၏"

"အဆွေ. . . ဤသို့သောအကြောင်းကို ငါမသိပါ၊ အသင်သည် ငါ့အားမပြောကြားဘဲ ဤမျှလောက် ကာလကြာမြင့် အောင်နေဘိသနည်း၊ အဆွေသီရိဂုတ္တ ထိုသို့ဖြစ်လျှင် အသင် သည်သွားပါချေ၊ အသင်၏ဆရာဖြစ်သော မြတ်စွာဘုရားကို ပင့်ဖိတ်၍ ပေးပါလေ၊ ငါသည်မွန်မြတ်သော ခဲဘွယ်ဘောဇဉ် တို့ဖြင့် လုပ်ကျွေးမွေးမြူ လှူဒါန်းလိုပါ၏၊ ရဟန်းငါးရာနှင့်တကွ ငါ၏ဆွမ်းအလှူကို ခံယူတော်မူပါစေလော့"

"အဆွေဂရဟာဒိန္န. . . ကောင်းပါပြီ၊ ပင့်ပေးပါမည်"

သီရိဂုတ္တသူကြွယ်သည် အတွင်းစိတ်ကောက်ကို မသိဘဲ စေတနာဖြင့် သက်ဝင်ယုံကြည်ပြီး ဆွမ်းစားပင့်သည် ထင်ပြီး ဗုဒ္ဓ ထံသို့ သွားရောက်ကာ-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော် ၏အဆွေဖြစ်သော ဂရဟာဒိန္နသူကြွယ်သည် ရဟန်းငါးရာနှင့်တကွ

သူ၏ဆွမ်းကိုအလှူခံရန် အကြောင်းကို တပည့်တော်ကိုလျှောက်ထားပင့်ဖိတ်ခိုင်းပါသည်ဘုရား၊ နက်ဖြန် ရဟန်းငါးရာနှင့်အတူ ဆွမ်းကို ခံယူတော်မူပါဘုရား”

မြတ်စွာဘုရား. . . ရှေးက တပည့်တော်သည် ထိုဂရဟာဒိန္န ကိုးကွယ်ဆည်းကပ်သော နိဂဏ္ဍတက္ကတွန်းများကို ဤသို့သောအမှုကို ပြုလုပ်စီရင်အပ်ခဲ့ပါသည်၊ ထိုသို့ပြုလုပ်သော အမှုကို ဂလှဲ့စားချေတုံ့ပြန်သောအားဖြင့် ပြုလုပ်သည်မည်သည်ကိုတော့ တပည့်တော်မသိပါဘုရား၊ အရှင်ဘုရားတို့အား စင်ကြယ်ကောင်းမွန်သော စိတ်ထားစေတနာဖြင့် လှူသည် ဟူ၍လည်း အတိအကျ မသိရပါဘုရား၊ အရှင်ဘုရားတို့သည် ဆင်ခြင်ထောက်လျှော်၍ အကယ်၍ သင့်တော်ကလည်း သည်းခံတော်မူ၍ ဆွမ်းကိုအလှူခံပါ။ အကယ်၍ မသင့်လျော်သည်ဖြစ်အံ့၊ အလှူမခံပါနှင့်ဘုရား”

ဟုလျှောက်ထားသည်။

မြတ်စွာဘုရားရှင်သည် သီရိဂုတ္တလျှောက်ထားသည့် အပေါ်၌ အကြောင်းအကျိုး ဆင်ခြင်သုံးသပ်တော်မူရာ ဂရဟာဒိန္နမကောင်းကြံစည်ပုံ၊ ဂလှဲ့စားချေမည့်ပုံကို သိတော်မူသည်၊ နောက်ဆုံးဝယ် ဂရဟာဒိန္နရောသီရိဂုတ္တပါ သောတာပတ္တိဖိုလ်တည်ပြီးလျှင် တရားနာသူပရိသတ်တို့ သစ္စာလေးပါးသိမြင်မည့် အကျိုးကို စဉ်းစားဆင်ခြင်မြင်တော်မူ၍သည်းခံတော်မူလေသည်။

သီရိဂုတ္တသူကြွယ်သည် ဗုဒ္ဓကဂရဟာဒိန္န၏ဆွမ်း လက်ခံသည်ကိုသိပြီး ပြန်လာကာ ဂရဟာဒိန္နအား-

"အဆွေ. . . လူသုံးပါးတို့၏ အကြီးအမှူးဖြစ်သော မြတ်စွာဘုရားသည် သင်၏ဆွမ်းကို သည်းခံပါ၏၊ ပူဇော်သက္ကာရကိုပြုလုပ်စီရင်ပါလော့"

ဟုအသိပေး အကြောင်းကြားသည်။

ထိုအခါ ဂရဟာဒိန္နသူကြွယ်သည်-

"ငါသည် သီရိဂုတ္တပြုအပ်သော အမှုကို တုံ့ပြန်ပြုလုပ်ခွင့်ရပေပြီ၊ သီရိဂုတ္တသိစေအံ့"

ဟုကြံစည်ပြီးလျှင် အိမ်(၂)လုံးအကြား၌ နွားချေးဖြင့် လိမ်းကျံပြီးသော ကြီးစွာသောတွင်းကို တူးစေပြီး လှည်းအစီး(၈၀)တိုက်မျှသော ရှားမီးထင်းတို့ဖြင့်ပြည့်စေသည်၊ ထိုထင်းတို့ကို မီးရှို့ရှိုက်၍ အလျှံရဲရဲငြိုးသော ရှားမီးခဲတစ်ခုပြုလုပ်ထားပြီး အထက်၌ ပျောက်ကျား၊ ကျဲတဲသောသစ်သားကို ခင်းစေခင်းထားပြီးသော် အပေါ်၌ ဖျာတို့ဖြင့်ဖုံးလွှမ်း၍ နွားချေးတို့ဖြင့် လိမ်းကြံစေပြီးသော် တစ်ဘက်သောနံပါးဖြင့် အားနည်းသောတုတ်တံတို့ကို ထောက်ဖြန့်ခင်း၍ သွားသောလမ်းကို ပြုလုပ်ထားသည်။

ဤနေရာအဆင့်ထက်သို့ တက်နင်းမိသော် တုတ်တံတို့သည် ကျိုးပြတ်ပြုတ်ထွက်၍ ပြန်လန်ပြီး မီးကျီးတွင်းထဲသို့ ကျရောက်စေရန် စီမံပြုလုပ်ထားခြင်းဖြစ်သည်။

အိမ်၏နောက်၌လည်း ႏသီရိဂုတ္တသူကြွယ် ပြုလုပ်သကဲ့သို့အိုးစရည်ကြီးတို့ကို ပြုလုပ်စီမံထားလေသည်၊ အထဲတွင်ကားမည်သည့်အရာဝတ္ထုကိုမှ မရှိပါချေ။

သီရိဂုတ္တသူကြွယ်သည် နံနက်စောစော ဂရဟဒိန္နအိမ်သို့သွား၍-

"အဆွေ. . . ပူဇော်သက္ကာရဝတ္ထုတို့ကို ပြုအပ်ပြီးပြီလော"

ဟုမေးသည်။

"အဆွေ. . . ပြုလုပ်အပ်ပြီးပါပြီ"

ဟုပြောပြီး အိုးစရည်တို့ကို ထိုးပြလေသည်၊ သီရိဂုတ္တသည် သံသယမဝင်ဘဲ 'ကောင်းပါပြီ အဆွေ'ဟုဆိုကာပြန်လာခဲ့သည်။

ထိုအချိန်ဝယ် များစွာသောလူအပေါင်းတို့သည် စုဝေးမိကြသည်၊ အယူမှားရှိသူတို့က ရဟန်းဂေါတမပျက်ဆီးမှုကိုမြင်ရလိမ့်မည်ဟု မှတ်ထင်၍ စုဝေးကြသည်၊ အယူမှန်ရှိသူတို့ကမူ ယနေ့ငါတို့၏ဆရာသခင် ဘုရားရှင်သည် ကြီးကျယ်မြင့်မြတ်သောတရားကိုဟောကြား၍ တရားကိုနာရအံ့ ဟု စဉ်းစားမိကြကာ စုဝေးခြင်းကြခြင်းဖြစ်သည်။

အရုဏ်အလင်းရောက် မိုးသောက်သောအချိန်ဝယ် ဗုဒ္ဓသည် ရဟန်းငါးရာနှင့်အတူ ဂရဟဒိန္နသူကြွယ် အိမ်တံခါးဝသို့ကြွတော်မူသည်၊ ဂရဟဒိန္နသည် အိမ်ဝမှထွက်ကြို၍ ရိုသေစွာရှိခိုးကာ ရှေ့မှရပ်တည်နေပြီး စဉ်းစားသည်။

"အရှင်ဘုရား. . . အရှင်တို့သည် အတိတ်စသည် အလုံးစုံကိုသိ၏၊ သတ္တဝါတို့အား တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကိုပိုင်းခြား သိနိုင်ကုန်၏"

ဟုသင်တို့၏ အလုပ်အကျွေးဖြစ်သော သီရိဂုတ္တသူကြွယ်သည် ဆိုအပ်ပါ၏၊ အလုံးစုံကို အကယ်၍ အကုန်သိသည် ဖြစ်ငြားအံ့၊ ငါ၏အိမ်သို့ မဝင်ကြကုန်လင့်၊ အိမ်ထဲသို့ဝင်သော အသင်တို့အား ပေးကမ်းကျွေးမွေးဖွယ်ရာ ယာဂုဆွမ်းစသည်လည်း တစ်စေ့တစ်နှမ်းမျှ မရှိပါ၊ အလုံးစုံသောသင်တို့ကို မီးကျီးတွင်း၌ ကျစေပြီးသော် ဖမ်းယူလေလတံ့"

ဟုကြံစည်အောက်မေ့ပြီး ဘုရားရှင်၏သပိတ်တော်ကိုယူ၍-

"ဤအရပ်မှ ကြွတော်မူပါ"

ဟုလျှောက်ထားပြီးလျှင် ဆက်လက်၍-

"အရှင်ဘုရားတို့. . . ကျွန်ုပ်အိမ်သို့ လာရောက်ကုန်သောသူတို့အား ဝတ်ကိုသိ၍လာရောက်ခြင်းငှာ အပ်ပါသည်"

ဟုလျှောက်ထားသည်။

"ဒါယကာ. . . အဘယ်သို့သောဝတ်ပြုခြင်းငှာ အပ်ပါသနည်း

"အရှင်တို့. . . တစ်ယောက် တစ်ယောက်သောသူသည် ရှေးဦးစွာ ဝင်ရောက်သွားလာထိုင်နေပြီးသောအခါ၌ နောက်မှ နောက်မှတစ်ပါး တစ်ပါးသောသူတို့သည် ထိုင်ခြင်းငှာမရအပ်ပါ"

မီးကျီးတွင်အနီးသို့ရောက်သော် ဂရဟာဒိန္နသူကြွယ်သည် နောက်သို့ဆုတ်ဖယ်၍ ကျန်သောအဟုန်ဖြင့် ပြန်သွားပြီးမှ ရပ်တည်လျက်-

"အရှင်ဘုရားတို့. . . ရှေ့မှကြွတော်မူကြပါကုန်" ဟုလျှောက်ထားသည်။

မြတ်စွာဘုရားသည် မီးကျီးတွင်းအထက်၌ ခြေတော်ကို ဆန့်လှမ်းတော်မူသောခဏ၌ မီးကျီးတွင်းအထက်မှ ခင်းထားသောဖျာသည် ကွယ်ပျောက်သွားလေသည်။

မီးကျီးစုကိုဖေါက်ခွဲ၍ လှည်းဘီးစက်ဝန်းတမျှ ပမာဏရှိသော ပဒုမ္မာကြာတို့သည် ထ၍ပေါက်ကုန်သည်၊ ဗုဒ္ဓသည် ထိုပဒုမ္မာကြာချပ်ပေါ် နင်းကြွ၍ ခင်းထားသောနေရာ၌သာ ထိုင်တော်မူသည်၊ ရဟန်းငါးရာတို့သည်လည်း ထိုနည်းအတူကြွ၍ သီတင်းသုံးနေထိုင်ကြသည်။

ထိုအခါ ဂရဟာဒိန္န၏ကိုယ်သည် မီးဖြင့်လောင်မြိုက်ခံရသကဲ့သို့ တစ်ကိုယ်လုံး ပြင်းစွာ ပူလောင်ခံစားရတော့သည်၊ သူသည် လျင်မြန်သောအဟုန်ဖြင့် သီရိဂုတ္တသူကြွယ်ထံသို့သွား၍-

"အဆွေ. . . သီရိဂုတ္တငါ၏ ကိုးကွယ်ရာဖြစ်ပါလော" ဟုတောင်းပန်ပြောဆိုလေသည်။

"ဤအမှုကားအဘယ်နည်း"

"အဆွေ. . . ဗုဒ္ဓနှင့်ရဟန်းငါးရာတို့အား ကျွေးမွေးရန် ငါ၏အိမ်၌ ယာဂုခဲဘွယ်၊ ဆွမ်းစသည် တစ်စုံတစ်ရာတို့ မရှိပါ၊ မစီရင်ထားပါ၊ ယခုအဖို့ အသို့ပြုရပါအံ့နည်း"

"အသင်. . . မည်သို့စီမံပြုလုပ်ထားသနည်း"

ဟုသီရိဂုတ္တက ဆက်မေးသော် ဂရဟဒိန္နသည် မကွယ်ဝှက်တော့ဘဲ-

"အဆွေ. . . ငါသည် အိမ်နှစ်လုံးကြား၌ ကြီးစွာသော တွင်းကိုတူးပြီး ရှားမီးခဲဖြင့်ပြည့်စေကာ ထိုတွင်း၌ကျစေပြီး နှိမ်နင်းဖမ်းချုပ်အံ့ ဟုကြံစည်ခဲ့ပါသည်၊ ယခုအခါ၌ကား အလျှံတပြောင်ပြောင်တောက်ပနေသော ထိုမီးကျီးခဲတို့ကို ဖေါက်ခွဲပြီး ပဒုမ္မာကြာတို့သည် ထ,ပေါက်ကာဘုရားရှင်နှင့်သံဃာများသည် ထိုပဒုမ္မာကြာကိုနင်း၍ ကြွလာကြကာ ခင်းထားသောနေရာ၌ သီတင်းသုံးနေထိုင်ကြပါပြီ၊ ချစ်ကျွမ်းဝင်သောအဆွေ ယခု အဘယ်သို့ပြုရပါအံ့နည်း၊ ကူညီပါဦးလော"

"အဆွေ. . . ဂရဟဒိန္နသင်သည် ကျွေးမွေးလှူဒါန်းရန် ဤရွေ့ဤမျှစီရင်ထားပါပြီဟုဆိုကာ အိုးစရည်တို့ကို အိမ်နောက်ဖေး၌ ငါ့အားပြခဲ့သည် ပြောခဲ့သည် မဟုတ်ပါလော"

"အဆွေ. . . တောင်းပန်ပါ၏၊ ငါသည်လိမ်လည်လှည့်ဖျား၍သာ ပြောဆိုမိပါ၏၊ အမှန်မှာ တစ်စုံတစ်ရာမျှ အိုးအတွင်း၌ မရှိပါ"

“အဆွေ-ဂရဟာဒိန္န. . . သင်ပြောတိုင်း ရှိပါစေ၊ သင်သွားပြီး သင်၏အိုးစရည်တို့၌ ယာဂု, ဆွမ်းခဲဘွယ် ရှိ-မရှိကို သွားရောက်၍ ဖွင့်လှစ်ကြည့်ရှုပါလေ”
ဟုစေခိုင်းလိုက်သည်။

ဂရဟာဒိန္နသည် တုန်လှုပ်ကြောက်ရွံ့လျက် ထိုအိုးစရည်ရှိရာသို့ သွားရောက်ပြီး ဖွင့်လှန်ကြည့်သည်။

-မိမိကယာဂုဖြင့်ပြည့်သောအိုးဟု လိမ်လည်ပြောဆိုရာ အိုး၌ယာဂုများ ပြည့်လျှံနေသည်ကို အံ့ဩဘွယ်ရာ တွေ့မြင်ရလေသည်၊ အလားတူ မိမိခဲဘွယ်၊ ဆွမ်း ဟုလိမ်ညာပြောခဲ့သော အိုးစရည်တို့၌လည်း ခဲဘွယ်ဆွမ်းတို့ဖြင့် ပြည့်နေသည်ကို အံ့ဩဘွယ်ရာတွေ့မြင်သဖြင့် အလွန်အံ့ဩဝမ်းမြောက် နှစ်သက်ရွှင်လန်းသွားမိလေသည်။

ထို့နောက် ဂရဟာဒိန္နသည် ထိုယာဂု၊ ခဲဘွယ်ဘောဇဉ်ဆွမ်းတို့ဖြင့် ဘုရားအမှူးရှိသော သံဃာတော်များကို အားရဝမ်းမြောက်စွာ ဆက်ကပ်လှူဒါန်းလေသည်။

ဆွမ်းကိစ္စအဝဝပြီးစုံပြီးသော ဂရဟာဒိန္နသည် ဘုရားရှင်ထံမှဆွမ်းအနုမောဒနာတရားကို နာယူသည်။

ပုဒ္ဓက-

"ဤလောက၌ သတ္တဝါတို့သည် ပညာတည်းဟူသော မျက်စိမရှိသည်၏အဖြစ်ကြောင့် ဘုရားနှင့်တပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးကို မသိကြကုန်ကြသောသူတို့သည် သူကန်းတို့မည်ကုန်၏၊ ပညာရှိသောသူတို့သည် မျက်စိရှိသောသူတို့ မည်ကုန်၏"

"ခရီးလမ်းမ၌ စွန့်ပစ်အပ်သော ညစ်ပတ်စက်ဆုပ်ဖွယ်ကောင်းသောအမှိုက်ပုံ၌ မွှေးကြိုင်သင်းပျံ့သော အနံ့ရှိသောပဒုမ္မာကြာပွင့်ရာ၏ စိတ်နှလုံး၌ွင်ပြုံးစေတတ်၍ ချစ်နှစ်သက်ဖွယ်ကောင်းသော ထိုပဒုမ္မာပန်းတို့သည် မင်း,မင်းအမတ်စသူတို့၏ ဦးခေါင်းထက်၌ ပန်ထိုက်သကဲ့သို့ ထိုအတူ အမှိုက်ချေးသဖွယ်ဖြစ်ကုန်သော ပုထုဇဉ်တို့၌ မွေးဖွားသော ပညာမျက်စိမရှိသော လူအပေါင်းတို့၏အလယ်၌ဖြစ်သော်လည်း မိမိ၏ပညာအစွမ်းဖြင့် ကာမဂုဏ်တို့၌ အပြစ်တို့၌ အပြစ်တို့ကိုလည်းကောင်း၊ တောထွက်တရားကျင့်ခြင်း၏ အကျိုးကိုလည်းကောင်း မြင်၍ရဟန်းပြု၏၊

ရဟန်းပြုလျှင်ပြုချင်း သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်,ပစ္စဝေက္ခဏာဉာဏ်စသည်တို့ဖြင့် အလွန်နှစ်သက်စေ၍လည်း ဘုရား၏သားတော်ရဟန္တာစသော ရဟန်းသည် သူကန်းပုထုဇဉ်တို့ထက် အလွန်အထူးနှစ်သက်ဖွယ်ရှိ၍ တင့်တယ်ပေ၏"

ဟူ၍ ဟောတော်မူရာ ဗုဒ္ဓ၏တရားတော်အဆုံး၀ယ် ဂရဟဒိန္န

နှင့် သီရိဂုတ္တအဆွေခင်ပွန်းနှစ်ယောက်တို့ သောတာပတ္တိဖိုလ်၌တည်ကြလေသည်၊ အများပရိသတ်လည်း အကျွတ်တရားရကြသည်။

သူငယ်ချင်း(၂)ယောက်သည် ထိုအချိန်မှစ၍ မိမိတို့၏ဥစ္စာများကိုဘုရားသာသနာ၌စွန့်ကြပေးကမ်းလှူဒါန်းကြလေသည်။

(ကျမ်းကိုး- ဓမ္မပဒ- ပုပ္ဖဝဂ်- သီရိဂုတ္တနှင့်ဂရဟဒိန္နသူကြွယ်ဝတ္ထု)

## ဂေါတမဗုဒ္ဓနှင့် အပုတ္တ(သားမရှိသော)သူဌေးကြီး

## (ဥစ္စာပစ္စည်းရှိလျက် မသုံးဆောင်ရမှုပြဿနာ)

ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးစဉ်ကာလဖြစ်သည်။

သာဝတ္ထိပြည်၌ အာဂန္တုက အမည်ရှိသော သူဌေးသည် ဥစ္စာပစ္စည်းတို့ဖြင့် ကြွယ်ဝတိုးပွားသူဖြစ်သည်၊ သို့သော် ပစ္စည်း ဥစ္စာစည်းစိမ်တို့ကို မိမိလည်းမသုံးဆောင်၊ သူတစ်ပါးကိုလည်း မစွန့်ကြဲ မပေးလှူချေ။

သူ့အတွက် မွန်မြတ်သောဘောဇဉ်ကို ပြုပြင်စီမံ၍ ယူလာပါက-

"ဤသို့သဘောရှိသော ဘောဇဉ်တို့ကို လူတို့စားရကုန်သလော၊ အသို့နည်း သင်တို့သည် ဤအိမ်၌ ငါနှင့်အတူတကွ ပြက်ရယ်ပြုကြကုန်သလော"

ဟုပြစ်တင်မောင်းမဲ ပြောဆို၍ ခဲဘွယ်ဘောဇဉ် ယူလာသူတို့ကို တုတ်,နှင်တံတို့ဖြင့် ရိုက်နှက်ပုတ်ခတ်ကာ ထွက်ပြေးစေသည်။ ပအုံးရည်ဟင်းနှင့် ဆန်ကွဲထမင်းသာ ယူလာစေပြီး-

"ဤသည်သာလျှင် လူတို့စားသုံးသော ဘောဇဉ်တည်း" ဟုပြောဆိုကာ ထိုဘောဇဉ်ညံ့ကိုသာ သုံးဆောင်စားသည်။

နံ့သာမျိုးစုံ၊ အခိုးအနံ့တို့ဖြင့် ထုံအပ်သော ကာသိတိုင်းဖြစ် အဝတ်ပုဆိုးကောင်းတို့ကို ဝတ်ဆင်ရန် ယူဆောင်လာပါက

ထိုလူတို့ကိုလည်း ပြစ်တင်ပြောဆို ရိုက်နှက်ပုတ်ခတ်လွှတ်သည် ချည်ဖြင့်ရက်သော ပုဆိုးကြမ်းကိုသာဝတ်၍ သွားလာသည်။

အာဇာနည်မြင်းက,သော ပတ္တမြား၊ ရွှေတို့ဖြင့်ဆန်းကျယ်စွာ စီခြယ်ထားသော ရထားကိုသွားလာရန် စီမံပေးကလည်း ပြစ်တင်မောင်းမဲ ပြောဆိုပြီး ဟောင်းနွမ်းဆွေးမြေ့နေသောရထားကိုသာစီးလေ့ရှိသည်။

ခရီးသွားရာ၌ ရွှေဖြင့်ပြီးသော ထီးကိုဆောင်းရန်ယူလာသောအခါ၌လည်း ပြစ်တင်မောင်းမဲ ပြောဆိုပြီး သစ်ရွက်ကိုမိုးလျက်သွားလာသည်။

ထိုအာဂန္တုကသူဌေးသည် ဤကဲ့သို့နေထိုင်ခဲ့ပြီး အလှူဒါနလည်းမပြု၊ သေလွန်သောအခါ ရောရုဝငရဲ၌ ကျရောက်ခံရသည်။

သူဌေးကြီးသေလွန်သောအခါ အမွေခံ သားသမီးမရှိသဖြင့် ကောသလမင်းကြီးက ထိုသူဌေးကြီး၏ ပိုင်ဆိုင်သမျှတို့ကို မင်းဘဏ္ဍာအဖြစ် သိမ်းယူလေသည်။ ဥစ္စာပစ္စည်း များပြား၍ (၇)ရက်ကြာမှ သိမ်းယူရလေသည်။

ကောသလမင်းကြီးသည် ထိုသူဌေးကြီး၏ ပစ္စည်းများ သိမ်းယူမှုပြီးသော် ဗုဒ္ဓထံသို့ ဆက်လက်ချဉ်းကပ်သွားသည်။

"မင်းကြီး. . . ယခုအခါ အလွန်နေမြင့်နေပြီးဖြစ်သော မွန်းတည့်အချိန်အခါ၌အဘယ်အရပ်မှ လာခဲ့ပါသည်း"

ဟုဗုဒ္ဓက မေးသည်။

ထိုအခါက ကောသလမင်းကြီးက အာဂန္တုသူဌေးကြီး၌ အမွေခံသားမရှိ၍ ပစ္စည်းသိမ်းယူရပုံ၊ သူဌေးကြီး ကပ်စေးနည်းပုံ၊ အလှူမပေးပုံ အကြောင်းစုံကို လျှောက်ထားပြသည်။

ထိုအခါ ကောသလမင်းကြီးအား ထိုသူဌေးကြီး၏ ရှေးအတိတ်ဘဝဇာတ်လမ်းအစုံကို ဟောကြားပြသတော်မူသည်။

* * *

ဤသူဌေးကြီးသည် ဘဝတစ်ခု၌မိမိအိမ်သို့ကြွလာသော တဂရသီခိအမည် အမည်ရှိသော ပစ္စေကဗုဒ္ဓကို မြင်၍-

"ဤရဟန်းတို့အား ဆွမ်းကိုပေးလှူကြကုန်လော့"

ဟုပြောဆိုပြီး မိမိကမူ နေရာမှထ၍ ဖဲ့ခွါသွားသည်။

သူဌေးကြီး၏မယားကား သဒ္ဓါတရားရှိ၏၊ ကြည်ညိုခြင်းရှိ၏၊

"မိုက်မဲသော သဒ္ဓါတရားမရှိသော ဤသူဌေးကြီးသည် ကာလရှည်ကြာမြင့်စွာ သူ၏နှုတ်မှ ပေးလှူကြလော့ ဟုစကားတစ်ခွန်းမှမပြောစဘူး ယခုပေးလှူရန်ပြောသောသူ၏စကားကို ငါကြားရပေ၏၊ ယနေ့ငါ၏စိတ်နှလုံးအလိုကို ဖြည့်စေလျက် ဆွမ်းကို ပေးလှူအံ့"

ဟုကြံစည်ပြီးလျှင် ပစ္စေကဗုဒ္ဓါ၏ သပိတ်ကိုယူပြီးလျှင် မွန်မြတ်သော ဘောဇဉ်တို့ကို ပြုလုပ်စီမံ၍ သပိတ်အပြည့်ထည့်လှူလိုက်သည်။

ရှင်ပစ္စေကဗုဒ္ဓါ ပြန်အကြွတွင် သူဌေးကြီးကလည်း အိမ်ပြန်အလာနှင့်ကြုံတွေ့၍-

"ရှင်ရဟန်း. . . အသို့နည်း ဆွမ်းအား တစ်စုံတစ်ခု ရခဲ့ပါသလော"

ဟုမေးပြီး သပိတ်ကို ယူငင်၍ဖွင့်ကြည့်သည်။

သပိတ်ထဲ၌မွန်မြတ်၏ မွန်မြတ်သောခဲဘွယ်ဘောဇဉ်ကိုမြင်တွေ့သော် နှလုံးမသာမယာ ဖြစ်ပေါ်ခံစားမိသည်။

"ဤဆွမ်းသည် မွန်မြတ်၏၊ ကျေးကျွန်တို့ကို လည်းကောင်း၊ ကျွေး၍သူတို့စားရကုန်ငြားအံ့၊ သူတို့သည် ငါ၏အလုပ်ကို ကောင်းမွန်စွာ ပြုလုပ်ပေးကြလိမ့်မည်၊ ဤရဟန်းကား ဤမွန်မြတ်သောဘောဇဉ်ကိုစားပြီး မိမိနေရာ၌ သွားရောက်အိပ်လတံ၊ ဤမွန်မြတ်သောဘောဇဉ်သည် ပျက်စီးလေစွတကား" ဟုကြံစည်စိတ်ကူး ဖြစ်ပေါ်ခံစားမိသည်။

ထိုအကုသိုလ်ကံကြောင့် ယခုဘဝ၌ ကောင်းကောင်းမစား၊ ကောင်းကောင်းမဝတ်၊ ကောင်းသောရထားမစီး၊ ကောင်းသော ထီးစားလို့၊ ဝတ်လို့၊ စီးလို့ဆောင်းလိုသော ဆန္ဒဖြစ်ပေါ်မခံစားရပေ။

ထိုသူဌေးကြီး၏အစ်ကိုတစ်ယောက်ရှိသည်၊ ထိုအစ်ကို၏သားငယ်သည် ဘထွေးဖြစ်သော သူဌေးကြီး၏ လက်ကိုကိုင်၍ လှည့်လည်သော် ထိုသူငယ်က--

"ဤဥစ္စာသည်ကား ငါ့ဖခင်၏ ဥစ္စာတည်း၊
ဤယာဉ်သည်ကား ငါ့ဖခင်၏ယာဉ်တည်း
ဤနွားသည် ငါ့ဖခင်၏နွားတည်း"

ဤသို့အစရှိသည်ဖြင့် ပြောတတ်သဖြင့် ဘထွေးဖြစ်သော သူဌေးသည်-

"ယခု ငယ်စဉ်ကပင် ဤသူငယ်သည် ဤသို့ပြောဆိုတုံသေး၏၊ ဤသူငယ်အရွယ်ကြီးလာပါက ဤအိမ်ရှိ ဥစ္စာအားလုံးကို သိမ်းလိမ့်မည်"
ဟုတွေးတောမိကာ ကလေးကို သတ်ရန် ဆုံးဖြတ်ချက်ချပြီး တောချုံတစ်နေရာသို့ ခေါ်သွားပြီး ကလေးကို လည်ချိုး၍ သတ်ပစ်ခဲ့လေသည်။

ထိုအကုသိုလ်ကံကြောင့် ငရဲ၌အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်တို့ ကာလပတ်လုံး ခံခဲ့ရသည်၊ ထိုသားသတ်မှုကြောင့် သားသမီးမရသော ဆိုးကျိုးကိုခံစားရပါသည်။

ဗုဒ္ဓကသူဌေးကြီး၏ အတိတ်ဘဝက ပြုလုပ်ခဲ့သော အကုသိုလ်ကံ၏ အကျိုးပေးမှုကို ဟောပြောပြီးနောက် -

"မင်းကြီး. . . သူဌေးကြီးသည် ယခုဘဝ၌လည်း ကုသိုလ်ကောင်းမှုမပြု၊ မလှူဒါန်း၊ မပေးကမ်း၍ အမွေခံသားသမီးမရှိ၊ ပစ္စည်းဥစ္စာမှာ မင်းဘဏ္ဍာသိမ်းခံရသည်၊ ယခု သူသည် မဟာရောဝုဝငရဲ၌ ကျရောက်ခံစားလျက်ရှိနေပါ၏"
ဟုမိန့်ကြားသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . မကောင်းမှုကံ မည်သည် ဝန်လေးလှပါစွတကား၊ ဤမျှအတိုင်းအရှည်ရှိသည် မည်သော စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာ ထင်ရှားရှိပါလျက် မိမိ သည်မသုံးဆောင်နိုင်၊ အရှင်ဘုရား. . ထိုကဲ့သို့ သဘောရှိသော ဗုဒ္ဓသည် အမြဲအထူးအဦးဖြစ်သော ကျောင်း၌သီတင်းသုံးနေပါ လျက် ကုသိုလ်ကောင်းမှုကံကို စီမံပြုလုပ်ခြင်း မရှိပါချေ"

"မြတ်သောမင်းကြီး. . . မှန်ပေ၏၊ ပညာမဲ့ကုန်သော သူ တို့သည် စည်းစိမ်ဥစ္စာတို့ကို ရရှိကုန်ပြီး၍ အေးငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို မရှာမှီးကြကုန် စည်းစိမ်ဥစ္စာတို့ကို မှီ၍ဖြစ်သော တပ်မက်သော တဏှာသည်မည်ကား ထိုသတ္တဝါပုဂ္ဂိုလ်ကို မြင့် ရှည်စွာ နေ့ညဉ့်ပတ်လုံး အပါယ်ငရဲသို့ ဆွဲငင်ညှင်းဆဲသတ်ဖြတ် တော့သည်သာတည်း"

ထို့နောက်ဗုဒ္ဓက ဆက်လက်၍-

"စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏၊ နိဗ္ဗာန်တည်းဟူသော တစ်ဘက်ကမ်းကို ရှာမှီးသူတို့ကား မဖျက် ဆီးနိုင်ကုန်၊ ပညာမဲ့သူတို့သည် စည်းစိမ်ဥစ္စာကို တပ်မက်ခြင်းဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်ဆီး၏" ဟူ၍ဟောကြားတော်မူပါသည်။

အတိတ်ကပြုခဲ့သောဒါနကြောင့် ဥစ္စာပစ္စည်းပြည့်စုံကြ သော်လည်း အခြားသောသူတစ်ပါး၏ လာဘ်လာဘကို ဖျက်ဆီး

သောသူတို့သည် ချမ်းသာသော်လည်း စည်းစိမ်ကို မခံစားရပေ၊

ဤလောက၌ ဥစ္စာပစ္စည်းရှိပြီး ထိုဥစ္စာကိုမခံစားရသော လောကလူသားတို့၏ သဘာဝပြဿနာကို ဗုဒ္ဓက ဤသို့ဖြေရှင်းပြခဲ့ပါသည်။

(ကျမ်းကိုး- ဓမ္မပဒ- တဏှာဝဂ်- အပုတ္တကသူဋ္ဌေးဝတ္ထု)

## ဂေါတမဗုဒ္ဓနှင့် ဥဂ္ဂတသူဌေးကြီး

## (အံ့ဘွယ်ရစ်ပါးရှိ ကောဒဂ်ရမှု)

ဝဇ္ဇီတိုင်း ဟတ္ထိဂါမ (ဆင်ရွာ)ရှိ သူဌေးတစ်ဦး၌ ဥဂ္ဂတ အမည်ရှိသော သားတစ်ယောက်ရှိလေသည်၊ ထိုဥဂ္ဂတအရွယ် ရောက်၍ မိဘများကွယ်လွန်သော် ဘခင်၏အရိုက်အရာ သူဌေး အရာသို့ ရရှိလေသည်။

ဥဂ္ဂတသည်ကား ပဒုမုတ္တရဘုရားရှင်လက်ထက်တော် အခါ၌ ဟံသာဝတီမင်းနေပြည်တော်၌ အမျိုးကောင်းသားတစ်ဦး ဖြစ်ခဲ့သည်။

ပဒုမုတ္တရဘုရားရှင်က ဥပါသကာတစ်ယောက်ကို သံဃ ပဋ္ဌာနရပာန်းသံဃာအား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးသော အရာဝယ် အသာဆုံး၊ အမြတ်ဆုံး၊ ဧတဒဂ်အရာ ရာထူး၌ ထားတော်မူသည်ကို တွေမြင်၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္တနာမှု ပြုလေသည်။

ပဒုမုတ္တရဘုရားကလည်း ထိုဆုတောင်းပြည့်-မပြည့်ကို အနာဂတံသဉာဏ်တော်ဖြင့် ပြည့်မည့်အဖြစ်ကိုသိ၍ ဗျာဒိတ် စကား မိန့်ကြားပေးတော်မူသည်။

ထိုအမျိုးသားသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး လှူပြည့်၍ ကျင်လည်ကျက်စားခဲ့ပြီး ယခုဂေါတမ ဗုဒ္ဓသာသနာဝယ် ဝဇ္ဇီတိုင်း ဟတ္ထိဂါမရွာ၌ သူဌေးသားလာဖြစ်ရခြင်းဖြစ်သည်။

ဗုဒ္ဓဂေါတမသည် ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီ ကြွချီသည်ရှိသော် ဟတ္ထိဂါမရွာသို့ရောက်၍ နာဂဝန-မည်သော ဥယျာဉ်၌ သီတင်းသုံးနေထိုင်သည်။

ထိုအခါ ဥဂ္ဂတသူဌေးသည် ရဟန်းအပေါင်းကိုခြံရံလျက် ခုနှစ်ရက်ပတ်လုံး သေသောက်ကြူးမူးယစ်ပြီး ကချေသည်တို့ဖြင့် ခြံရံအပ်ကာ နာဂဝနဥယျာဉ်သို့ သွားရောက်၍ မြူးတူးပျော်ပါး ကစားလေသည်။

ဥဂ္ဂတသူဌေးသည် ထိုသို့မြူးတူးပျော်ပါး ကစားရင်း ဥယျာဉ်အတွင်း၌ ဘုရားရှင်ကို ဖူးတွေ့ရသော် အရှက်, အကြောက်အလွန်ဖြစ်ပေါ်ခံစားမိသွားလေသည်၊ ထို့နောက် ဗုဒ္ဓထံသို့သွားရောက်ဆည်းကပ်လေလျှင် သူဌေး၏သေရည်မူးမှု အလုံးစုံသည် ချုပ်ငြိမ်းလေတော့သည်။

ဥဂ္ဂတသူဌေးသည် ဘုရားရှင်ကို ရိုသေစွာရှိခိုး၍ အပြစ်လွတ်သောနေရာ၌ယူပြီး ထိုင်နေသည်၊ ထိုအခါ ဘုရားရှင်က ဥဂ္ဂတသူဌေးအား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ မဂ္ဂကထာတို့ကို အစဉ်အတိုင်း ဟောပြရာ ဘုရားရှင်၏တရားအဆုံးဝယ် အောက်မဂ်၊ အောက်ဖိုလ် သုံးပါး ဆိုက်ရောက်သော အနာဂါမ်အရိယာဖြစ်လေတော့သည်။

ဥဂ္ဂတသူဌေးသည် ထိုအချိန်မှစ၍ ကချေသည်မိန်းက လေးများကို "သင်တို့အလိုရှိတိုင်း ချမ်းသာစွာ နေကြကုန်လော့" ဟုပြောဆိုပြီး ပြန်လွှတ်လိုက်သည်။

နောင်တွင် သူသည် အလှူပေးခြင်း၌သာ နှစ်ခြိုက်မွေ့ လျော် ပျော်ပိုက်ပြီး သံဃာတော်များကိုသာ အလှူဒါန ပေးလှူ ၍နေလေသည်။

နတ်တို့သည် ညဉ့်အပိုင်း၏ အခြားမဲ့ကာလ၌လာရောက် ကြ၍ ဥဂ္ဂတသူဌေးအား-

"သူဌေးသား. . . ဤမည်သောရဟန်းသည် ဝိဇ္ဇာသုံးပါး နှင့်ပြည့်စုံသည်၊ တေဝိဇ္ဇာရဟန္တာဖြစ်၏၊ ဤမည်သောရဟန်း သည်အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံသော ဆဠာဘိညာရဟန္တာ ဖြစ်၏၊ ဤမည်သောရဟန်းသည် သီလရှိ၏၊ ဤမည်သောရဟန်း သီလရှိ၏၊ ဤမည်သောရဟန်းသီလမရှိ (ဒုဿီလ)ပုဂ္ဂိုလ် ပုဂ္ဂိုလ် ဖြစ်၏"

ဟူ၍လာရောက်ပြောကြားကုန်သည်။

ဥဂ္ဂတသူဌေးသည် နတ်တို့၏စကားကို ကြားရ၍လည်း ဒုဿီလပုဂ္ဂိုလ်အတွက်နှင့် သဒ္ဓါတရားပျက်စီးခြင်း မရှိဘဲ၊ သီလဝန္တရဟန်းသံဃာအရိယာအရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကို သာ အမှန်အတိုင်း သိမှတ်အာရုံပြုကြည့်လေသည်၊ ဒုဿီလ ပုဂ္ဂိုလ်တို့၏အပြစ်ကိုမူ အာရုံမပြုချေ"

လျှူဖွယ်ဝတ္ထုပစ္စည်းကိုမူ သီလဝန္တပုဂ္ဂိုလ်၊ ဒုဿီလပုဂ္ဂိုလ်၊ နှစ်မျိုးစလုံးကိုပင်၊ တူမျှသောသဒ္ဓါစိတ်ဖြင့် လှူဒါန်းလေသည်။

မြတ်စွာဘုရားအနီးအပါး၌ ထိုင်နေလည်း ဒုဿီလပုဂ္ဂိုလ်၏အကြောင်းစုံအပြစ်ကို မလျှောက်မထား သီလဝန္တပုဂ္ဂိုလ် ဒုဿီလပုဂ္ဂိုလ်နှစ်မျိုးစလုံးကိုပင် တူမျှသောသဒ္ဓါစိတ်ဖြင့် လှူဒါန်းလေသည်။

မြတ်စွာဘုရားအနီးအပါး၌ ထိုင်နေလျှင်လည်း ဒုဿီလပုဂ္ဂိုလ်၏အပြစ်ကို မလျှောက်ထားဘဲ သီလဝန္တပုဂ္ဂိုလ် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်းစကား လျှောက်ထားလေသည်။

ထို့ကြောင့်ပင် ဘုရားရှင်သည် နောင်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌နေတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားသည်ရှိသော် ဥဂ္ဂတသူဌေးကို-

"ရဟန်းသံဃာအား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးသော ငါဘုရား၏ တပည့်သာဝကတို့တွင် ဆင်ရှာသား ဥဂ္ဂတသူဌေးသည် အသာဆုံးအမြတ်ဆုံး ဖြစ်ပေ၏"

ဟူ၍ ဧတဒဂ်ရာထူး၌ ထားလေသည်။

အခါတစ်ပါး၌ ဘုရားရှင်သည် ထိုဆင်ရှာ၌ သီတင်းသုံးစဉ် ရဟန်းတို့ကို

"ရဟန်းတို့. . . ဆင်ရွာသား ဥဂ္ဂတသူဌေးသည် အံ့ဖွယ် တရားရှစ်ပါးနှင့်ပြည့်စုံသော သူတစ်ဦးဖြစ်သည်ကို သိကြ၏လော"

ဟု မိန့်ကြားတော်မူသည်။

ထိုအခါ ရဟန်းတစ်ပါးသည် နံနက်အခါ ဥဂ္ဂတသူဌေး အိမ်သို့ ကြွရောက်၍ ဗုဒ္ဓမိန့်ကြားခဲ့သော ဥဂ္ဂတသူဌေး၏ အံ့ဖွယ် (၈)ပါးကို မေးမြန်းလေသည်။

၁။ အရှင်ဘုရား. . . တပည့်တော်သည် မိမိပိုင်သော ကံ့ကော်တော ဥယျာဉ် (နာဂဝနဥယျာဉ်)၌ အာရုံငါးပါး လိုက်စားမူးမိုက် ပျော်ပိုက်နေစဉ် ဘုရားရှင်ကို ရှေးဦး အစ အဝေးမှပင် ဖူးမြင်လိုက်ရသည်နှင့် တပြိုင်နက်ထဲ တပည့်တော်၏စိတ်သည် ဘုရားရှင်၏အပေါ်၌ အကြွင်း မဲ့ ယုံကြည်ကြည်ညို၍ သွားပါသည်။ သေယစ်မူးမှုသည် လည်း ချုပ်ငြိမ်းသွားပါသည်။

ဤသည်ကား တပည့်တော်၏ ပထမအံ့ဖွယ်တရား ထင် ရှားရှိခြင်း ဖြစ်ပါသည်။

၂။ အရှင်ဘုရား. . . တပည့်တော်သည် သဒ္ဓါရွှင်းစို ကြည် ညိုသောစိတ်ရှိလျက် မြတ်စွာဘုရားကို ဆည်းကပ်ပါ သည်။ တပည့်တော်အား မြတ်စွာဘုရားသည် မဂ်- ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ် ဖြစ်သော ဒါနကထာ, သီလကထာ၊ သဂ္ဂကထာ၊ ကာမာ

နံအာဒီနဝကထာ၊ မဂ္ဂကထာတို့ကို အစဉ်အတိုင်း ဟော
ကြားတော်မူပါသည်။ ထိုသို့ ဟောကြားသဖြင့် တပည့်
တော်သည် အဖို့ရာ-ခံ့ကျန်သောစိတ်,နူးညံ့သောစိတ်,
ပိတ်ပင်ခြင်းနီဝရဏမှ ကင်းသောစိတ်, တက်ကြွ ဝမ်း
မြောက်သောစိတ်, ကြည်လင်သောစိတ်ရှိသည်ကို သိ
တော်မူသောအခါ ဘုရားရှင်သည် တပည့်တော်အား
ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ ဟူသော သစ္စာလေးပါး
သာမုက္ကံသိက ဓမ္မဒေသနာကို ဟောပြတော်မူသည်။
ထိုအခါ တပည့်တော်သည် အနာဂါမိဖိုလ်သို့ ဆိုက်
ရောက်ခဲ့ပါသည်၊ အနာဂါမ်အရိယာဖြစ်ပြီးလျှင် လောကု
တ္တရာသရဏဂုံကိုခံယူ၍ ပြဟ္မစရိယပဉ္စကသီလကို
ဆောက်တည်ကျင့်သုံးခဲ့ပါသည်။
ဤသည်မှာ တပည့်တော်၏ ဒုတိယအံ့ဖွယ်တရား ထင်
ရှားရှိခြင်း ဖြစ်ပါသည်။

၃။ အရှင်ဘုရား. . . တပည့်တော်မှာ ကုမာရီအရွယ် နုနယ်
ပျိုမျစ်သော မယားလေးယောက်တို့ ရှိပါသည်။ တပည့်
တော်သည် အနာဂါမ်အရိယာဖြစ် ပြီးသောအခါ အိမ်သို့
ပြန်လာပြီး မယားလေးယောက်တို့ကို ခေါ်ကာ နှမတို့
ငါသည် ပြဟ္မစရိယပဉ္စသီလကို ဆောက်တည်ကျင့်သုံး
အပ်လေပြီး အလိုရှိသောနှမသည် ဤအိမ်၌ပင် စည်းစိမ်
တို့ကို သုံးဆောင်ခံစားပါလော့၊ ကောင်းမှုကုသိုလ်တို့ကို

လည်း ပြုပါလော့၊ ဆွေမျိုးမိဘအိမ်ပြန်လိုလျှင်လည်း စားသုံးလောက်အောင် ဥစ္စာကိုယူ၍ ပြန်ပါလော့၊ (သို့မဟုတ်) ယောကျ်ားတစ်ပါး အလိုရှိကြလျှင်လည်း-- အဘယ်ယောကျ်ား နှင့်ပေးစားရမည်ကို ပြောကြားကြပါလော့--ဟု ကျယ်ကျယ်ပြန့်ပြန့်နှင့် စကားပြောကြားပါသည်။

ဤသို့ပြောကြားသော် မယားကြီးသည် အရှင်ကျွန်မအား ဤမည်သောယောကျ်ားနှင့် ပေးစားပါလော့-ဟုတောင်းဆိုပါ၏။ တပည့်တော်သည် ထိုအခါ ထိုယောကျ်ားကို ခေါ်စေပြီးလျှင် လက်ဝဲလက်ဖြင့် မယားကြီးလက်ကို ကိုင်၊ လကျ်ာလက်ဖြင့် ရေကရားကို ကိုင်ပြီးလျှင် ထိုယောကျ်ားအား ထိုမယားကြီးကို စွန့်လွှတ်လှူလိုက်ပါ၏၊ ထိုသို့လှူလိုက်သည့်အတွက် တပည့်တော်အား စိတ်တစ်မျိုးပြောင်းမသွားပါ၊

ဤသည်မှာ တပည့်တော်၏ တတိယ အံ့ဖွယ်တရားရှိခြင်းဖြစ်ပါ၏။

၄။ အရှင်ဘုရား. . . တပည့်တော်အိမ်၌ ရှိသမျှ စည်းစိမ်ဥစ္စာတို့ကို ကောင်းသောအကျင့် ရှိတော်မူကြသော သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြားအပ်ကုန် သီလဝန္တပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်ကုန်၏၊ စိတ်ထားပါ၏။

ဤသည်မှာ တပည့်တော်၏ စတုတ္ထအံ့ဖွယ်တရား ထင်ရှားရှိခြင်း ဖြစ်ပါသည်။

၅။ အရှင်ဘုရား. . . တပည့်တော်သည် ရဟန်းတော်မြတ်တစ်ပါးသို့ ဆည်းကပ်ပြုစုလျှင် ရှိသေစွာသာလျှင် ဆည်းကပ်၊ ကိုယ်တိုင်ကိုယ်ကျ ပြုစုပါသည်။ မရှိမသေ မဆည်းကပ်၊ မပြုစုပါ။ ထိုအရှင်က တပည့်တော်အား တရားဟောလျှင် ရှိသေစွာ တရားနာပါ၏၊ မရှိမသေ မနာပါ။ အကယ်၍ ထိုအရှင် တရားမဟောလျှင် တပည့်တော်က ထိုအရှင်အား တရားဟောပါ၏။

ဤကား တပည့်တော်၏ ငါးခုမြောက် အံ့ဖွယ်တရား ထင်ရှားရှိမှု ဖြစ်ပါသည်။

၆။ အရှင်ဘုရား. . . တပည့်တော်က သံဃာကို ပင့်ဖိတ်အပ်သည်ရှိသော် နတ်တို့သည် ချဉ်းကပ်၍ တပည့်တော်ကို သူဌေးဤမည်သော ရဟန်းသည် ရူပကာယ၊ နာမကာယ နှစ်ပါးစုံမှ လွတ်မြောက်သော ဥဘတောဘာဂဝိမုတ္တိပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် ပညာဖြင့်လွတ်မြောက်သော ပညာဝိမုတ္တိပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းရှိသော ကာယသက္ခိပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် အထက်မဂ် - ဖိုလ်သို့ရောက်သော ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် သဒ္ဓါဖြင့် လွတ်မြောက်သော သဒ္ဓါဝိမုတ္တိပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် ပညာတရားဖြင့် အထက်မဂ်သို့

အစဉ်လျှောက်သော ဓမ္မာနုသာရီပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် သီလရှိ၏၊ ကောင်းသော အကျင့်ရှိ၏၊ ဤမည်သော ရဟန်းသည် သီလမရှိ၊ ယုတ်ညံ့သောအကျင့်ရှိ၏-ဟု ပြောလာကုန်၏။

ဤသို့နတ်တို့ လာရောက် ပြောကြားခံရခြင်းသည် အံ့ဘွယ် မဟုတ်ပါ။

အရှင်ဘုရား. . . တပည့်တော်သည် သံဃာကိုပြုစုလုပ်ကျွေးသည်ရှိသော် ဤမည်သောပုဂ္ဂိုလ်အား ဒုဿီလဖြစ်သည့်အတွက် အနည်းငယ် ပေးလှူအံ့၊ ဤမည်သောပုဂ္ဂိုလ်ကမူ သီလဝန္တဖြစ်သည့်အတွက် များစွာပေးလှူအံ့-ဟု ဤသို့စိတ်ဖြစ်သည်ကို မသိစဖူးပါ၊ ထိုသို့သောစိတ်လည်း မဖြစ်စဖူးပါ၊ တပည့်တော်သည် သီလရှိသောပုဂ္ဂိုလ် သီလမဲ့သောပုဂ္ဂိုလ်တို့၌ ညီမျှသော စိတ်ထားရှိလျက် ပေးလှူခဲ့ပါ၏။

ဤသည်မှာ တပည့်တော်၏ ခြောက်ခုမြောက် အံ့ဘွယ်တရားရှိခြင်း ဖြစ်ပါ၏။

၇။ အရှင်ဘုရား. . . တပည့်တော်အား နတ်တို့က ချဉ်းကပ်၍ သူဌေး မြတ်စွာဘုရားသည် တပည့်တော်ကို စ,လယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပါပေ၏- ဟု ပြောလာကြပါသည် အရှင်ဘုရား။

အရှင်ဘုရား. . . ဤသို့ပြောကြားသည်ရှိသော် တပည့်တော်သည် ထိုနတ်တို့ကို သင်နတ်တို့က ဤသို့ပြောပြော- မပြောပြော စင်စစ်သော်ကား ဘုရားရှင်သည် တရားတော်ကို စ,လယ်,အဆုံး သုံးပါးကောင်းခြင်းနှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပါပေ၏ ဟု ဤသို့ ပြန်ပြောပါသည်။

ဤသို့နတ်တို့က တပည့်တော်ကို ချဉ်းကပ်၍လာပြောသည်မှာ အံ့ဖွယ်မဟုတ်ပါ။ နတ်တို့ ထိုသို့ မိမိထံသို့ ချဉ်းကပ်လာခြင်း နတ်တို့နှင့် အတူတကွ စကားပြောခြင်းဟူသောအကြောင်းကြောင့် ငါ့ထံနတ်တို့ ချဉ်းကပ်ကုန်၏ဟူ၍လည်းကောင်း၊ ငါသည် နတ်တို့နှင့် အတူစကားပြောရ၏-ဟူ၍ လည်းကောင်း စိတ်တက်ကြွဖြစ်မှုကို မဖြစ်ဖူးပါ။

ဤသည်မှာ တပည့်တော်၏ ခုနှစ်ခုမြောက်သော အံ့ဘွယ်တရား ထင်ရှားရှိခြင်း ဖြစ်ပါ၏။

၈။ အရှင်ဘုရား. . . တပည့်တော်သည် မြတ်စွာဘုရားထက် အလျင် အကယ်၍သေရပါမူ တပည့်တော်ကို မြတ်စွာဘုရားက ဆင်ရွာသားဥဂ္ဂတသူဌေးမှာ နောင်အခါ ဤကာမဘုံသို့ ပြန်ရောက်ကြောင်း သံယောဇဉ်ဟူ၍ မရှိတော့ပြီ-ဟု မိန့်ကြားတော်မူသော အကြောင်းသည် အံ့ဘွယ်မဟုတ်ပါ။

ဤကာမဘုံသို့ ပြန်မရောက်ခြင်း ဟူသည် တပည့်တော်၏ရှစ်ခုမြောက် အံ့ဘွယ်တရား ထင်ရှားရှိခြင်း ဖြစ်ပါ၏။ အရှင်ဘုရား. . . တပည့်တော်အဖို့ရာ ဤအံ့ဘွယ်တရားရှစ်ပါး ထင်ရှားရှိပါ၏၊ အဘယ်မည်သော အံ့ဘွယ်ရှစ်ပါးနှင့်ပြည့်စုံသည်-ဟုဘုရားရှင် ဟောကြားသည်ကို တပည့်တော် မသိပါ၊

ဟုပြောကြားလျှောက်ထားလေသည်။

(အင်္ဂုတ္တိုရ်- အဋ္ဌကနိပါတ- ပထမပဏ္ဏာသက- ဂဟ ပတိဝဂ်- ပထမသုတ်- ဒုတိယသုတ်)

# ဝေါတာမဗုဒ္ဓနှင့် ဥဂ္ဂဟသူဌေး

## (အိမ်ထောင်ရှင် မိန်းမတို့ကျင့်ရမည့် ကျင့်ဝတ်များ)

အခါတစ်ပါး၌ ဗုဒ္ဓသည် ဘဒ္ဒိယမြို့၊ မြတ်လေးတော၌ သီတင်းသုံးနေချိန် ဖြစ်ပါသည်။

ထိုအခါ မေဏ္ဍာကသူဌေး၏မြေး ဥဂ္ဂဟသူဌေးသည် ဗုဒ္ဓထံသို့ ရောက်လာပြီး ရှိခိုးကာ သင့်ရာနေရာ၌ ထိုင်သည်။

"မြတ်စွာဘုရား. . . နက်ဖြန်နံနက်အတွက် အရှင်ဘုရား အပါ-လေးပါး တပည့်တော်အိမ်၏ဆွမ်းကို အလှူခံပေးတော်မူပါဘုရား"

ဟုလျှောက်ထားသည်။

ဗုဒ္ဓသည် ဆိတ်ဆိတ်နေ၍သည်းခံသည်။ ဥဂ္ဂဟသူဌေးသည် ဘုရားရှင် လက်ခံမှန်းသိသောအခါ ဘုရားရှင်ကို ရှိခိုး၍ ပြန်လေသည်။

နောက်နေ့နံနက်ရောက်သော် ဘုရားရှင်သည် ဥဂ္ဂဟသူဌေးအိမ်သို့ ကြွရောက်၍ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူသည်။

ဥဂ္ဂဟသူဌေးသည် ဘုရားရှင်ကို မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ဆက်ကပ်လုပ်ကျွေးလေသည်။

ဆွမ်းကိစ္စပြီးသောအခါ ဥဂ္ဂဟသူဌေးသည် ဘုရားရှင်နားတွင် ထိုင်ကာ-

"အရှင်ဘုရား. . . တပည့်တော်၏ သမီးပျိုသည် လင်ယောကျ်ားအိမ်သို့ လိုက်သွားပါရတော့မည်၊ မြတ်စွာဘုရားရှင်သည် တပည့်တော်၏သမီးပျိုကို သွန်သင်ဆုံးမပေးတော်မူပါဘုရား၊ ထိုသို့ သွန်သင်ဆုံးမပေးသဖြင့် တပည့်တော်၏သမီးအား ကာလရှည်ကြာစွာ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်၊ ဖြစ်ရာပါ၏ဘုရား"

ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က သမီးပျိုအား ဤသို့ ဆုံးမဩဝါဒပေးလေသည်-

"သတို့သမီး. . . သင်တို့အကျိုးစီးပွားကို လိုလား၍ သနားစောင့်ရှောက်တတ်သော မိဘတို့သည် သနားစောင့်ရှောက်မှုကိုအကြောင်းပြု၍ ထိမ်းမြားပေးမည့်ဖြစ်သော လင်ယောကျ်ားနှင့်ပတ်သက်၍-

-လင်ယောကျ်ားအရင် အိပ်ရာမှထရမည်။

-လင်ယောကျ်ား နောက်မှအိပ်ရမည်။

-အဘယ်အမှုကို ပြုရပါအံ့နည်း-ဟုနာခံတတ်ရမည်။

-နှစ်ခြိုက်ဖွယ်ပြုလုပ်လေ့ရှိသူ၊ ချစ်ခင်ဖွယ်စကားကို ဆိုလေ့ရှိသူတို့ဖြစ်ရမည်။

-သတို့သမီး လင်ယောကျ်ားအပေါ်၌ ဤသို့ကျင့်ရပေမည်။

သတို့သမီး. . . တစ်ဖန် မိမိခင်ပွန်းသည်က ရိုသေလေးစားသော အမိအဖ၊ ရဟန်း၊ သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်တို့ကို အရိုအသေပြုရမည်၊ အလေးအမြတ်ပြုရမည်၊ ပူဇော်ရမည်၊ မြတ်နိုးရမည်။

မိမိထံသို့လာသောသူကိုလည်း နေရာထိုင်ခင်းပေးခြင်း ရေတည်ခြင်း၊ ပူဇော်ကြရမည်။ သင်သည် ဤသို့သာ ကျင့်ရမည်သာဖြစ်သည်။

သတို့သမီး. . . သိုးမွေး၊ ဝါဂွမ်းဟူသော လင်ယောကျ်ား၏အိမ်တွင်းမှုတို့၌ အကြောင်းဥပါယ်ဖြစ်သော စူးစမ်းမှုပညာနှင့် ပြည့်စုံသည်ပြင် ကိုယ်တိုင်ပြုလုပ်ရန် စီမံရန် စွမ်းနိုင်သူဖြစ်အောင် ကျင့်ရမည်။

သင်သည် ဤသို့သာ ကျင့်ရမည်သာ ဖြစ်သည်။

သတို့သမီး. . . အိမ်တွင်းသားဖြစ်သော လင်ယောကျ်ား၏အစေခံ၊ အလုပ်သမားဖြစ်သော အတွင်းလူအပေါင်းတို့၏ ပြုလုပ်ပြီးသည်ကိုလည်း ပြုလုပ်ပြီး-ဟု သိရမည်။ မပြုလုပ်ရသေးသည်ကိုလည်း မပြုလုပ်ရသေး-ဟု သိရမည်။ မမာမကျန်းဖြစ်နေသောသူတို့ကိုလည်း အားရှိသည်-မရှိသည် သိရမည်။ အိမ်တွင်းလူအပေါင်း၏ ခဲဘွယ်ဘောဇဉ်အသီးသီး မိမိတို့ရထိုက်သော အဖို့အစုဖြင့် ဝေဖန်ပေးတတ်ရမည်။

သင်သည် ဤသို့သာလျှင် ကျင့်ရမည်သာ ဖြစ်သည်။

သတို့သမီး. . . လင်ယောကျ်ား ဆောင်ယူလာသော ဥစ္စာ၊ စပါး၊ ရွှေ၊ ငွေတို့ကို စောင့်ရှောက်လုံခြုံစေသဖြင့် ပြီးစီး ပြည့်စုံစေရမည်၊ ထိုပစ္စည်းများ အပေါ်၌ အပျော်မကြူး၊ မခိုမဝှက် ကုန်သည်ဖြစ်၍ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်။

သင်သည် ဤသို့သာလျှင် ကျင့်ရမည်သာဖြစ်သည်။

သတို့သမီး. . . ဤကျင့်စဉ် ငါးမျိုးနှင့်ပြည့်စုံသော အမျိုး သမီးသည် သေသည်နောက်ဝယ် နှစ်သက်ဖွယ်ကိုယ်ရှိသော နတ် တို့၏ အသင်းဝင်အဖြစ်သို့ ရောက်ရ၏၊

ဟုဟောကြားတော်မူသည်။

"အကြင်ယောကျ်ားသည် အခါခပ်သိမ်း အမြဲမပြတ် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ကြောင့်ကြစိုက်လျက် မိမိ၏မယား ကိုမွေးမြူ၏၊ ကောင်းသောမိန်းမသည် အလုံးစုံ အလိုရှိရာကို ဆောင်ယူမွေးမြူသော မိမိအရှင် ထိုခင်ပွန်းကို မထိလေးစား မပြုရာ။

ကောင်းသောမိန်းမသည် ငြူစူသောအကျင့်ဖြင့် မိမိ၏ လင်ကို မချုပ်ချယ်၊ ပညာရှိမိန်းမသည် လင်၏ရိုသေလေးစား အပ်သူ ပုဂ္ဂိုလ်အားလုံးတို့ကိုလည်း မြတ်နိုးပူဇော်၏။

အကြင်မိန်းမသည် ထ,ကြွလုံ့လ ရှိ၏၊ ပျင်းရိခြင်း မရှိ၊ ချီးမြှောက်ထောက်ပံ့ထားသော အခြံအရံ ပရိသတ်လည်း ရှိ၏၊ လင်၏နှစ်လိုဖွယ်ကို ကျင့်၏၊ စုဆောင်းပေးသော ပစ္စည်းကို လည်း ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်၏။

လင်၏အလိုသို့လိုက်လျက် ဤအတိုင်းကျင့်သော ထိုမိန်းမသည် မနာပမည်သောနတ်တို့၏နေရာ (နိမ္မာနရတိဘုံ)သို့ ရောက်ရသည်။

ဗုဒ္ဓသည် ဥဂ္ဂဟသူဌေး၏ လျှောက်ထားချက်အပေါ် မူတည်၍ အိမ်ထောင်သည်အမျိုးသမီးတို့၏ လိုက်နာကျင့်သုံးရမည့် လူမှုရေး ပြဿနာအဖြေကို ဤသို့ဖော်ထုတ်ပေးခဲ့ပါသည်။

**(အင်္ဂုတ္တိုရ်- ပဌမပဏ္ဏာသက၊ သုမနဝဂ်၊ ဥဂ္ဂဟသုတ်)**

ဂေါတမဗုဒ္ဓနှင့် ဥဂ္ဂါသူဌေး

(ချွေးမစူဠသုဘဒ္ဒါ၏အဓိဋ္ဌာန် တန်ခိုးထက်မြက်မှု)

သာဝတ္ထိပြည်နေ အနာထပိဏ်သူဌေးနှင့် ဥဂ္ဂါမြို့နေ ဥဂ္ဂါသူဌေးတို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ သူငယ်ချင်းဘဝ အိမ်ထောင်အသီးသီးကျသောအခါ သားမွေး၊ သမီးမွေးပါက သူငယ်ချင်းဘဝမှ ဆွေမျိုးဘဝရောက်ရန် သားပေးသမီးယူ ပြုလုပ်ကြရန် ကတိဝတ်ထားခဲ့ကြသည်။

နောင်တစ်ချိန်တွင် အနာထပိဏ်သူဌေးက သာဝတ္ထိပြည်၌ သူဌေးကြီးဖြစ်သလို ဥဂ္ဂါကလည်း ဥဂ္ဂါမြို့၌ သူဌေးကြီး ဖြစ်လာကြပြီး သားသမီးရတနာများလည်း အသီးသီးထွန်းကားလာကြသည်။

တစ်နေ့ ဥဂ္ဂါသူဌေးသည် သာဝတ္ထိသို့ လှည်းငါးရာဖြင့် ကုန်ကူးရောက်လာပြီး အနာထပိဏ်သူဌေးထံတွင် တည်းခိုသည်၊ အနာထပိဏ်သူဌေးက သမီးလတ် စူဠသုဘဒ္ဒါကို ဥဂ္ဂါသူဌေး၏ ဝေယျာဝစ္စကို ဆောင်ရွက်လုပ်ကိုင်ပေးစေသည်။

ဥဂ္ဂါသူဌေးသည် စူဠသုဘဒ္ဒါ၏ ပြုစုငြေ့ခံကောင်းမှု၊ အကျင့်စာရိတ္တကောင်းမှုတို့ကို သဘောကျနှစ်ခြိုက်ကာ မိမိ၏ အရွယ်ရောက်နေသောသားနှင့် လက်ထပ်ထိမ်းမြားပေးရန် စဉ်းစားပြီး အနာထပိဏ်သူဌေးထံသို့ ငယ်စဉ်က ကတိကဝတ်ကို အကြောင်းပြု၍ စူဠသုဘဒ္ဒါကို သူ၏သားနှင့် ပေးစားရန် တောင်းဆိုလေသည်။

ဥဂ္ဂါသူဌေးသည် မိစ္ဆာအယူရှိသူဖြစ်၍ အနာထပိဏ်သူဌေးက မိမိ၏သမီးကို ဥဂ္ဂါသူဌေးသားနှင့်မပေးစား၊ မထိမ်းမြားလိုပေ၊ သို့သော် ငယ်ငယ်က ကတိကဝတ်ကရှိနေလေတော့ ငြင်းဆိုရန် ခက်ခဲသည်။

သို့အတွက် ဘုရားရှင်သည် အကြောင်းအကျိုးအကောင်းအဆိုးကို ကြိုတင်သိမြင်၍ မိန့်ကြားလိမ့်မည်-ဟူသောအကြံဖြင့် ဘုရားရှင်ထံသို့ သွားရောက်ကာ ထိုအကြောင်းကို လျှောက်ထားသည်။

ဗုဒ္ဓသည် အနာဂါတ်၌ ဥဂ္ဂါသူဌေး အကျွတ်တရားရမည်ကို မြင်တော်မူ၍ စူဠသုဘဒ္ဒါကို ဥဂ္ဂါသူဌေးသားနှင့် လက်ထပ်ရန်သင့်ကြောင်း မိန့်ကြားလိုက်သည်။

ထို့နောက် အနာထပိဏ်သူဌေးသည် သမီးစူဠသုဘဒ္ဒါကို ဥဂ္ဂါသူဌေးသားနှင့် ထိမ်းမြားပေးစားရန် သဘောတူပြီး လက်ထပ်မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးသလို ကြီးကျယ်ခမ်းနားသော အစီအစဉ်ဖြင့် ဥဂ္ဂါမြို့သို့ သွားရောက်စေရန် စီမံပေးသည်။

အနာထပိဏ်သူဌေးသည် ဝိသာခါကဲ့သို့ပင် မိမိ၏သမီး၌ အပြစ်တစ်စုံတစ်ရာဖြစ်သော ဖြေရှင်းပေးနိုင်ရန် သူကြွယ်ပညာရှိ (၈)ဦးကို ထည့်ပေးလိုက်သည်။

စူဠသုဘဒ္ဒါကို စေလွှတ်သောနေ့၌ ဘုရားအမှူးရှိသောသံဃာတော်များကို ကြီးစွာသောအလှူကိုပေးပြီး လွန်လေပြီး

သောရှေးဘဝ၌ မိမိ၏သမီးသည် ပြုအပ်သော ကောင်းမှုတို့၏ အကျိုးပေး တင့်တယ်ခြင်းကို လူအပေါင်းအား ထင်ရှားသည်ကို ပြု၍ပြဘိသကဲ့သို့ ကြီးစွာသော ပူဇော်သက္ကာရဖြင့် သမီးကိုစေလွှတ်သည်။

အစဉ်အတိုင်းအားဖြင့် ဥဂ္ဂါမြို့သို့ ရောက်သောအခါ စူဠသုဘဒ္ဒါ၏ယောက္ခမနှင့်တကွသော ဆွေမျိုးမိတ်ဆွေ စသော များစွာသော လူအပေါင်းတို့သည် ခရီးဦးကြိုခြင်းကို ပြုကြလေသည်။

စူဠသုဘဒ္ဒါသည် မိမိ၏အသရေစည်းစိမ်ကို ပြခြင်းငှာ အလုံးစုံသော မြို့သူမြို့သားအပေါင်းအား မိမိကိုယ်ကိုပြလျက် ရထားထက်၌တည်နေ၍ မြို့သို့ဝင်သည်၊ မြို့သူမြို့သားတို့က လက်ဆောင်ပဏ္ဏာများ ပေးပို့ကြသည်ရှိသော် စူဠသုဘဒ္ဒါက လည်း ထိုက်သည့်အားလျော်စွာ ပြန်လည်၍ လက်ဆောင်ပို့ပေးသည်။

ဤသို့ဖြင့် စူဠသုဘဒ္ဒါသည် မိမိ၏ဂုဏ်ကျေးဇူးတို့ဖြင့် အလုံးစုံသော မြို့သူမြို့သားတို့ကို တစ်စပ်တည်း ဖွဲ့ယှက်လျက် ကျော်စောသည်ကို ပြုလေသည်။

ဥဂ္ဂါသူဌေးသည် မိမိ၏မြို့၌ မင်္ဂလာပွဲကြီးကို ကြီးကျယ်စွာကျင်းပ ပြုလုပ်သည်၊ ထိုမင်္ဂလာပွဲပြုလုပ်သောနေ့၌ ဥဂ္ဂါသူဌေးသည် မိမိတို့ကိုးကွယ်သော အဝတ်မဝတ်သော အစေလတက္ကတွန်းတို့ကို ပူဇော်သက္ကာရ ပြုသောအခါအားဖြင့် ကျွေးမွေးသည်။

ဥဂ္ဂါသူဌေးသည် ချွေးမစူဠသုဘဒ္ဒါကို မိမိတို့၏ရဟန်းများကို လာရောက်ဖူးမြော်စေရန် ဖိတ်ခေါ်သည်၊ စူဠသုဘဒ္ဒါသည် အဝတ်မဝတ်သောတက္ကတွန်းတို့ကို တွေ့မြင်သော် ရှက်နိုးသောအားဖြင့် မကြည့်ဝံ့သဖြင့် ထိုပူဇော်ပွဲသွားပြီး ထိုတက္ကတွန်းရဟန်းများကိုရှိခိုးရန် အလိုမရှိသဖြင့် မိမိ၏တိုက်ခန်းသို့ ပြန်လာခဲ့သည်။

ယောက္ခမသူဌေးက အဖန်ဖန်အထပ်ထပ် အခေါ်လွှတ်သော်လည်း စူဠသုဘဒ္ဒါက မသွား၊ ငြင်းပယ်၍သာ လွှတ်လိုက်လေသည်။

ထိုအခါ ဥဂ္ဂါသူဌေးကြီးသည် အမျက်ဒေါသထွက်၍ ဤသူယုတ်မကို အိမ်မှနှင်ထုတ်ကုန်လော့- ဟုအမိန့်ပေးလေသည်။

"အကြောင်းမဲ့အားဖြင့် ကျွန်မအပေါ်၌ အပြစ်တင်ခြင်းငှာ မသင့်လျော်ပါ"

ဟုပြောပြီးလျှင် မိမိ၏အစောင့်အရှောက် သူကြွယ်ရှစ်ယောက်တို့ကိုခေါ်၍ ထိုအကြောင်းကို ပြောပြလေသည်။

အာမခံသူကြွယ်တို့က စူဠသုဘဒ္ဒါ၌ အပြစ်မရှိသည်ကို သိကြပြီးဖြစ်ကြသည်၊ ဥဂ္ဂါသူဌေးကို ခေါ်ယူကာ ပြောဆိုညှိနှိုင်းပေးကြသည်။

"ဤစူဠသုဘဒ္ဒါချွေးမသည် ငါ၏ကိုးကွယ်ရာဖြစ်သောရဟန်းတို့ကို အရှက်မရှိကုန်သောသူတို့ပေတည်း-ဟုပြောဆို၍ ရှိမခိုးဘဲ နေပါသည်"

ဟု ဉက္ကါသူဌေးက မိမိ၏မယား သူဌေးကတော်အား ပြောပြလေသည်။

"ဤချွေးမစူဠသုဘဒ္ဒါ၏ ကိုးကွယ်ရာဖြစ်သော ရဟန်းတို့သည် အဘယ်သို့သဘောရှိသည် ဖြစ်ကြကုန်လေသနည်း၊ အမှန်လျှင် ထိုရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုဘိသည့်တကား"

ဟုကြံဆပြီးလျှင် စူဠသုဘဒ္ဒါကိုခေါ်စေပြီး-

"ချစ်သမီး. . . သင်ကိုးကွယ်သော ရဟန်းမြတ်တို့သည် ကြည်ညိုစဖွယ် မစွန့်ပယ်နိုင်အောင် အဘယ်သို့သော သဘောရှိကြကုန်သနည်း၊ သင်ချစ်သမီးသည် ထိုရဟန်းတို့ကို အလွန်ပင် ချီးမွမ်းလှပါ၏၊ ချစ်သမီးကိုးကွယ်ဆည်းကပ်သော ရဟန်းတို့သည် အဘယ်သို့သော သီလရှိ၍ အဘယ်သို့သော ကောင်းသော အကျင့်ရှိကြပါသနည်း၊ မိခင်ကို အစုံအလင် ပြောပြပါလော့"

ဟုမေး၍ ပြောပြစေသည်။

"မိခင်. . . ကျွန်မရည်ရွယ်၍ ချီးမွမ်းအပ်သော ရဟန်းတို့သည်ကား ဣန္ဒြေစောင့်စည်းလျက် ငြိမ်သက်နူးညံ့ပါကုန်၏၊ ငြိမ်သက်တည်ကြည်သောစိတ် ရှိပါကုန်၏၊ ထိုရဟန်းမြတ်တို့၏ ကြွသွားခြင်း၊ ရပ်ခြင်းသည် ငြိမ်သက်အေးချမ်းပါ၏၊ မျက်လွှာချ၍ လေးတောင်ခန့်မျှသာကြည့်ပါ၏၊ အကျိုးရှိသော စကားကိုသာ နှိုင်းချိန်၍ ပြောဆိုပါ၏၊ ကျွန်မတို့ကိုးကွယ်သော ရဟန်းတို့သည် ဤသို့သောသဘော ရှိကြပါကုန်၏"

"မိခင် . . . ထိုရဟန်းမြတ်တို့၏ ကိုယ်ဖြင့်ပြုအပ်သော ကာယကံမှုသည် စင်ကြယ်၏၊ နှုတ်ဖြင့်ပြောဆိုသော ဝစီကံမှုသည် သူတစ်ပါးစိတ်ကို မနှောက်ကျုစေတတ်၊ စိတ်ဖြင့်သာ ကြံစည်မှုမနှောက်သည် စင်ကြယ်ပါ၏၊ အလွန်သန့်ရှင်းကြပါ၏"

"မိခင် . . . ကျွန်မတို့ ဆည်းကပ်မြတ်နိုးသော ရဟန်းတို့သည် အညစ်အကြေးကင်းကုန်၏၊ ပွတ်သစ်စ ခရုကဲ့သို့ဖြူသော အရောင်ရှိကုန်၏၊ အတွင်းအပြင်တို့၌ သန့်ရှင်းစင်ကြယ်ကုန်၏၊ သန့်ရှင်းစင်ကြယ်သော တရားတို့နှင့် ပြည့်စုံပါကုန်၏"

"မိခင် . . . လူအပေါင်းတို့သည် လာဘ်ရတတ်သည့် အခါ မာနတက်ကြွတတ်၏၊ လာဘ်မရသည့်အခါ စိတ်ဓာတ်ကျ တတ်၏၊ ကျွန်မတို့ကိုးကွယ်သော ရဟန်းမြတ်တို့သည် လာဘ်ရ သည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပကတိတူမျှသော သဘောရှိကြပါ ကုန်၏"

"မိခင် . . . လူအပေါင်းသည် အခြံအရံရှိခြင်းကြောင့် လည်း စိတ်ဓာတ်တက်ကြွတတ်၏၊ အခြံအရံမရှိခြင်းကြောင့် စိတ် ဓာတ်ကျတတ်၏၊ ကျွန်မတို့ကိုးကွယ်သော ရဟန်းမြတ်တို့သည် အခြံအရံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တက်ခြင်း-ကျခြင်း မရှိ၊ ပကတိသော တည်ရာသဘောရှိပါ၏"

"မိခင် . . . လူအပေါင်းသည် ချီးမွမ်းခံရခြင်းကြောင့် စိတ် ဓာတ်တက်ကြွတတ်၏၊ ကဲ့ရဲ့ခံရခြင်းကြောင့် စိတ်ဓာတ်ကျတတ် ၏၊ ကျွန်မတို့ကိုးကွယ်သော ရဟန်းမြတ်တို့သည် ချီးမွမ်းခံရခြင်း

ကဲ့ရဲ့ခံရခြင်းကြောင့် တက်ခြင်း-ကျခြင်းမရှိ ပကတိသော တရားသဘောသာရှိပါ၏"

"မိခင်. . . လူအပေါင်းသည် ချမ်းသာခြင်းကြောင့် စိတ်ဓာတ်တက်ကြွ၏၊ ဆင်းရဲခြင်းကြောင့် စိတ်ဓာတ်ကျတတ်၏၊ ကျွန်မတို့ကိုးကွယ်သော ရဟန်းမြတ်တို့သည် ချမ်းသာခြင်း၊ ဆင်းရဲခြင်းကြောင့် တက်ခြင်း-ကျခြင်းမရှိ ပကတိသော တရားသဘောသာရှိပါ၏၊ မတုန်လှုပ်ကြပါ"

စူဠသုဘဒ္ဒါက ဤသို့သောစကားတို့ဖြင့် ပြောဆိုရှင်းပြသော် သူဌေးကတော်ကြီးသည် အလွန်နှစ်သက် သဘောကျသွားလေသည်။

"ချစ်သမီး. . . ဤသို့ဆိုလျှင် သင်ကိုးကွယ်ဆည်းကပ်သော ရဟန်းမြတ်တို့ကို ငါတို့အားလည်း ဖူးတွေ့ရန် ပြခြင်းငှာ တတ်နိုင်ပါမည်လော"

"မိခင်. . . တတ်နိုင်ကောင်းပါလိမ့်မည်"

"ချစ်သမီး. . . ဤသို့တတ်နိုင်သော် သင်၏ရဟန်းမြတ်တို့ကို ငါတို့ဖူးမြော်ခွင့်ရအောင် ပြုလုပ်အားထုတ်ပေးပါလေလော့"

"မိခင်. . . ကောင်းလှပါပြီ"

စူဠသုဘဒ္ဒါသည် ယောက္ခမမိခင်ထံမှ ပြန်လာပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ကြီးကျယ်သော မွန်မြတ်သော လှူဒါန်းဖွယ်ရာတို့ကို စီမံပြုလုပ်စီမံသည်။

ထို့နောက် ပြဿာဒ်ထက်သို့တက်ပြီး ပြဿာဒ်ပြင်ဘက် ဝရံတာ၌ရပ်လျက် ဘုရားရှင်သီတင်းသုံးရာ ဇေတဝန်ကျောင်း ရှိရာသို့အာရုံပြုပြီး ငါးဖြာသောထိခြင်းဖြင့် ရှိခိုးဦးချကာ ဘုရား ရှင်၏ ဂုဏ်ကျေးဇူးများကို အထူးဆင်ခြင်သည်၊ နံ့သာဖြင့် ထုံအပ် သော ပန်းနံ့သာအခိုးတိုင်တို့ဖြင့် ပူဇော်ခြင်းကိုပြု၍-

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . တပည့်တော် မသည် နက်ဖြန်နံနက်အလို့ငှာ ဘုရားအမှူးရှိသော သံဃာတော် များကို ပင့်ဖိတ်ပါ၏၊ တပည့်တော်မ၏ ဤအမှတ်သညာဖြင့် မြတ်စွာဘုရားရှင်သည် ပင့်ဖိတ်အပ်သောအဖြစ်ကို သိတော်မူပါ လော့”

ဟုလျှောက်ထားပြီး မြတ်လေးပန်းရှစ်အုပ်တို့ကို ကောင်းကင်သို့ အမိဋ္ဌာန်၍ ပစ်တင်လွှတ်လိုက်သည်။

မြတ်လေးပန်းတို့သည် ကောင်းကင်ခရီးဖြင့် တစ်ဟုန် တည်း တက်သွား၍ ပရိတ်သတ်လေးပါး အလယ်၌ တင့်တယ် လျှောက်ပတ်သော တရားတော်များကို ဟောကြားနေသော ဘုရားရှင်၏အထက်၌ ပန်းမျက်နှာကျက်ပိမ္မာန်ဖြစ်၍ တည်နေ လေသည်။

ထို့နောက် တရားပွဲပြီးဆုံး၍ အနာထပိဏ်သူဌေးကြီး သည် ဘုရားရှင်ထံသို့ချဉ်းကပ်၍ နက်ဖြန်ဆွမ်းအလို့ငှာ ပင့်ဖိတ် လျှောက်ထားသည်။

"ဒါယကာ သူဌေးကြီး. . . ငါဘုရားသည် နက်ဖြန်ဆွမ်းအလို့ငှာကို လက်ခံပြီးလေပြီ"
ဟုမိန့်ကြားတော်မူသည်။

အနာထပိဏ်သူဌေးသည် ဘုရားရှင်၏ဆွမ်းလက်ခံပြီးပြီ ဟူသော မိန့်ကြားချက်ကို အံ့အားသင့်ကာ-

"အရှင်ဘုရား. . . တပည့်တော်ထက် ရှေးဦးစွာ လာရောက်သောသူကို မတွေ့မိပါ။ အရှင်ဘုရား. . . အဘယ်သူ၏ဆွမ်းကို သည်းခံ လက်ခံထားပါသနည်းဘုရား"
ဟုမေးလျှောက်သည်။

"ဒါယကာ-သူဌေးကြီး. . . စူဠသုဘဒ္ဒသည် ပင့်ဖိတ်ထားပါသည်"

"အရှင်ဘုရား. . . သမီးစူဠသုဘဒ္ဒါသည် ဝေးလှစွာသော ဤသာဝတ္ထိပြည်မှ ယူဇနာတစ်ရာ့နှစ်ဆယ် ကွာဝေးသော ဥဂ္ဂါမြို့၌ နေသည်မဟုတ်ပါလား ဘုရား"

"သူဌေးကြီး. . . အေ်. . ဟုတ်မှန်ပေ၏။ သူတော်ကောင်းတို့သည် ဝေးသောအရပ်၌ တည်နေကုန်သော်လည်း ဟိမဝန္တာတောင်ကြီးကဲ့သို့ ထင်ရှားစွာ မြင်ရကုန်၏၊ သူယုတ်တို့သည်သာ မြတ်စွာဘုရား၏ လက်ျာဒူးဝန်းအနီး၌ ထိုင်နေကုန်လျက် ညအခါ ပစ်လွှတ်သောမြားကဲ့သို့ မမြင်ရကုန်"
ဟုမိန့်ကြားတော်မူသည်။

* * *

နောက်နေ့ အာရုဏ်တက်ရောက်သော် သိကြားမင်းသည် ဘုရားရှင်ကို စူဠသုဘဒ္ဒါက ပင့်ဖိတ်ထားသည်ကို သိတော်မူ၍ အထွဋ်တပ်ထားသော ငါးရာသော ပြဿာဒ်ကျောင်းဆောင်တို့ကို ဖန်ဆင်း၍ ဘုရားအမှူးရှိသော သံဃာတော်များကို ဥဂ္ဂါမြို့သို့ ပင့်ဆောင်စေရန် ဝိသကြုံနတ်သားကို စေခိုင်းထားလေသည်။

မိုးသောက်ချိန်၌ ဝိသကြုံနတ်သားသည် ဖန်ဆင်းထားသော ပြဿာဒ်ဆောင်တို့ဖြင့် ဇေတဝန်ကျောင်းတော်၌ လာရောက် ရပ်တည်ပေးလေသည်။

ဘုရားရှင်သည် စင်ကြယ်ကုန်သော ရဟန္တာငါးရာတို့ကို ခေါ်ယူ၍ ပြဿာဒ်ဆောင်တို့၌ သီတင်းသုံးပြီးလျှင် ဥဂ္ဂါမြို့သို့ ကြွတော်မူသည်။

ဥဂ္ဂါသူဌေးသည် အခြံအရံနှင့်တကွ စူဠသုဘဒ္ဒါကို ပြောပြသည့်အတိုင်း ဘုရားရှင်ကြွလာမည့် လမ်းခရီးကိုမျှော်မှန်း ကြည့်ရှုလျက် တည်နေလေသည်။

မြင့်မြတ်ကြီးကျယ်စွာသော အသရေစည်းစိမ်ဖြင့် ကြွတော်မူလာသော ဘုရားရှင်ကို မြင်တွေ့ကြသည်ရှိသော် အလွန်ကြည်ညိုသောစိတ်၊ အံ့သြသောစိတ် ဖြစ်ပေါ်ကြကာ ပန်းအစရှိသည်တို့ဖြင့် ကြီးကျယ်စွာသော ပူဇော်မှုကို ပြုလျက် ကြိုဆိုကြသည်၊ ကြီးကျယ်သော အလှူကို ပေးလှူသည်။

ထို့နောက် ဘုရားရှင်သည် ဥဂ္ဂါသူဌေးအား သင့်တင့်လျှောက်ပတ်သော တရားတော်ကို ဟောကြားပေးတော်မူသည်ရှိသော် တရားနာပရိတ်သတ်များတို့ အကျွတ်တရားရကြသည်။

ဥဂ္ဂါသူဌေးသည် ဘုရားရှင်ကို (၇)ရက်ပတ်လုံး အလှူကြီးပေးလှူသည်၊ ဘုရားရှင်သည် စူဠသုဘဒ္ဒါကို ချီးမြှောက်သောအားဖြင့် အရှင်အနုရုဒ္ဓါမထေရ်ကိုထားခဲ့၍ သာဝတ္ထိသို့ ပြန်ကြွတော်မူသည်။

ထိုအခါမှစ၍ ဥဂ္ဂါမြို့သည် သဒ္ဓါတရားရှိသော ဒါယကာဒါယိကာမတို့နှင့် ပြည့်စုံသော မြို့တစ်မြို့ ဖြစ်လာလေသည်။

(ဓမ္မပဒ- ပကိဏ္ဏကဝဂ်- စူဠသုဘဒ္ဒါ ဝတ္ထု)

## ဂေါတမဗုဒ္ဓနှင့်ဥဂ္ဂသူဌေး

## (နှစ်သက်ဖွယ်အရာ လှူကနှစ်သက်ဖွယ် အကျိုးရမှု)

ဂေါတမဘုရား ပွင့်ထွန်းလာသော အချိန်ဝယ် ဝေသာလီပြည်၌ ‘ဥဂ္ဂ’ အမည်ရှိသော သူဌေးသည် အလွန်ပင် ထင်ပေါ်ကျော်ကြားသူတစ်ဦး ဖြစ်သည်။

ထိုသူဌေးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်ဝယ် ဟံသာဝတီမင်းနေပြည်တော်၌ အမျိုးကောင်းသားဖြစ်၍ နောင်တွင် ဘုရားရှင်၏တရားကို နာကြားနေစဉ် ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို နှစ်သက်ဖွယ်သော အလှူဝတ်ကို ပေးလှူသောအရာ(မနာပဒါန)ဝယ် အသာဆုံး-အမြတ်ဆုံး- ဧတဒဂ်အရာ၌ထားသည်ကို တွေ့မြင်၍ အားကျကာ အဓိကကျသော ကောင်းမှုကိုပြုပြီးလျှင် ထိုရာထူးကို ဆုတောင်းပတ္တနာ ပြုလေသည်၊ ပဒုမုတ္တရဘုရားကလည်း ထိုရာထူးပြည့်မည်ကို သိ၍ ဗျာဒိတ်စကား ပြောကြားခဲ့သည်။

* * *

ထိုဥဂ္ဂသူဌေး မွေးဖွားပြီးကာလဝယ် အမည်သီးခြားမမှတ်သား မမှည့်ခေါ်သေးချေ။

အရွယ်ရောက်လာသော နောက်အဖို့၌ ထိုဥဂ္ဂသူဌေး၏ ကိုယ်ခန္ဓာ(အတ္တဘော)သည် အလုံးအပေါက် ပြည့်ဖြိုးမြင့်မောက်လျက် တန်ဆာဆင်အပ်သော တုရိုဏ်းတိုင်ကဲ့သို့ လည်း

ကောင်း၊ မြှောက်ဆွဲထားအပ်သော ရွှေပုဆိုးကဲ့သို့ လည်းကောင်း အလွန်တင့်တယ်လှပလေသည်။

ထိုသူဌေးသား၏ ဂုဏ်ကျေးဇူးများသည်လည်း တစ်ခြားထင်ရှားကျော်လွှား၍လာသဖြင့် သူ့ကို ဥဂ္ဂသူဌေးကလေးဟု ခေါ်စမှတ်ပြုရာမှ ဥဂ္ဂသူဌေး ဟူ၍ နာမည်ကျော်ကြားလာခဲ့ပါသည်။

ဥဂ္ဂသူဌေးသည် ဂေါတမဘုရားရှင်ကို ပထမအကြိမ်ဖူးတွေ့ရသောအခါကပင် သောတာပတ္တိဖိုလ်၌ တည်၍နောင်အဖို့ ဝယ် အနာဂါမ်အရိယာ ဖြစ်လေသည်။

ထိုဥဂ္ဂသူဌေးသည် အသက်အရွယ်ကြီးရင့်သောအခါ ဆိတ်ငြိမ်ရာအရပ်၌ ထိုင်နေစဉ်-

"ငါသည် အကြင်အကြင်ဝတ္ထုကို နှစ်သက်အပ်၊ မြတ်နိုးအပ်၏၊ ထိုနှစ်သက်အပ်၊ မြတ်နိုးအပ်သောဝတ္ထုကိုသာလျှင် ဗုဒ္ဓအားလှူပေးအံ့၊ ငါသည် ဗုဒ္ဓ၏မျက်မှောက်တော်မှ နှစ်သက်မြတ်နိုးအပ်သောဝတ္ထုကို လှူဒါန်းသောသူသည် နှစ်သက်မြတ်နိုးအပ်သော အကျိုးကိုရ၏-ဟု ဘုရားရှင် ဟောကြားသည်ကိုလည်း ကြားနာဖူးပါပြီ"

ဟု ကြံစည်ဆင်ခြင်လျက်-

"အကယ်၍ ဘုရားရှင်သည် ငါ၏စိတ်အကြံကို သိတော်မူကာ အိမ်တံခါးဝသို့ ကြွတော်မူ မူကောင်းလေစွ"

ဟုတောင့်တမှုဖြစ်လာသည်။

ဗုဒ္ဓသည် ဥဂ္ဂသူဌေး၏ စိတ်အကြံကိုသိတော်မူ၍ ရဟန်းအပေါင်းခြံရံအပ်လျက် ထိုခဏ ချက်ချင်းပင် သူဌေး၏ အိမ်တံခါးဝ၌ အထင်အရှား ဖြစ်ပေါ်ကြွရောက် ရောက်ရှိလာသည်။

ဥဂ္ဂသူဌေးသည် မြတ်စွာဘုရား ကြွတော်မူလာပြီ ဟု အံ့ဩဘနန်း ကြားသိ၍ အတိုင်းထက်အလွန် ဝမ်းမြောက်ကာ ဘုရားရှင်ထံသို့ သွားရောက်၍ ထိခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် ဘုရားရှင်၏သပိတ်တော်ကို ဆီးယူကာ အိမ်အတွင်းသို့ ပင့်ဆောင်သည်၊ ခင်းကျင်းထားသော နေရာ၌ ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို သီတင်းသုံးစေပြီး အထူးထူးအပြားပြားများမြတ်သော အရသာရှိသော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။

ထို့နောက် ဥဂ္ဂသူဌေးသည် အပြစ်လွတ်ရာနေရာ၌ ထိုင်လျက် ဗုဒ္ဓအား-

"မြတ်စွာဘုရား. . . နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် အကျိုးကိုရ၏- ဟူသော ဤတရားကို တပည့်တော်သည် ဘုရားရှင်မျက်မှောက်၌ ကြားနာခဲ့ဘူးပါ၏၊

မြတ်စွာဘုရား. . . တပည့်တော်၏ အင်ကြင်းပွင့်အဆင်းရှိသော ခဲဘွယ်သည်လည်း နှစ်ခြိုက်ဖွယ် ရှိပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား သနားသောအားဖြင့် အလှူခံယူစေချင်ပါ၏"

ဟု လျှောက်ထားရာ ဘုရားရှင်က ဥဂ္ဂသူဌေးအပေါ်၌ မဟာကရုဏာရှေ့ထား၍ အလှူခံပေးလေသည်။

ထို့နောက်ဥဂ္ဂသူဌေးသည် ဆက်လက်၍-

-တပည့်တော်၏ ဆီးသီးဖြင့် စီမံထားသော ဝက်သားဟင်းသည် နှစ်ခြိုက်ဖွယ် ရှိပါ၏၊

-တပည့်တော်၏ ကန်စွန်းရွက်ဆီပြန်ကြော်သည် နှစ်ခြိုက်ဖွယ်ရှိပါ၏၊

-တပည့်တော်၏ များသော အရည်သောက်ဟင်းနှင့် စားမဲဟင်းလျာရှိပါသော သလေးဆွမ်းသည် နှစ်ခြိုက်ဖွယ် ရှိပါ၏၊

-တပည့်တော်၏ ကာသိတိုင်းဖြစ် အဝတ်တို့သည် နှစ်ခြိုက်ဖွယ် ရှိပါ၏၊

-တပည့်တော်၏ ပလ္လင်,မွေးရှည် ကော်ဇောကြီး၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ ဝံပိုင်အရေအခင်း၊ နီသောမျက်နှာကြက်နှင့် အုံးနီနှစ်ဘက်ရှိသော နေရာသည် နှစ်ခြိုက်ဖွယ် ရှိပါ၏၊

မြတ်စွာဘုရား. . . တပည့်တော်သည်-ဤအရာဝတ္ထုများကားစင်စစ်အားဖြင့် ဘုရားရှင်အား မအပ်-ဟုသိပါကုန်၏။

မြတ်စွာဘုရား. . . တပည့်တော်၏ ဤစန္ဒကူးနှစ်ထိုင်ခုံသည် အဖိုးတစ်သိန်း ထိုက်ပါ၏၊

"တပည့်တော်သည် ထိုအသုံးအဆောင် ဝတ္ထုတို့ကို မြတ်စွာဘုရားသည် သနားမှုအကြောင်းပြုရာ ခံယူတော်မူစေချင်ပါသည်ဘုရား"

ဟူ၍ တစ်မျိုးစီတစ်မျိုးစီ အသီးသီးလျှောက်ထားပြီး လှူသည်။

ဘုရားရှင်သည် ထိုဥဂ္ဂသူဌေးအပေါ်၌ မဟာဂကရုဏာတရားရှေ့ထား၍ အလှူခံတော်မူလေသည်။

ထို့နောက် ဗုဒ္ဓသည် ဥဂ္ဂသူဌေးကို တရားဂါထာတို့ဖြင့်

ဥဂ္ဂဒါယကာ. . . နှစ်ခြိုက်ဖွယ် မှလှူဝတ္ထုတို့ကို စေတနာ, သဒ္ဓါတရား ပြဋ္ဌာန်းသောသူသည် နှစ်ခြိုက်ဖွယ် အမျိုးမျိုး အလှူ၏အကျိုးကို မုချပိုင်ပိုင် ရယူနိုင်ပါ၏၊

ကိုယ်နှုတ်နှလုံး သုံးပါးဖြောင့်မတ် ရဟန္တာမြတ်တို့၌ ကုသိုလ်ဆန္ဒ ပြင်းပြသက်ဝင်သော လိုချင်သောအားဖြင့် အဝတ်ကိုလည်းကောင်း၊ အိပ်ရာကိုလည်းကောင်း၊ စားဖွယ်သောက်ဖွယ်ကိုလည်းကောင်း ထိုမှတစ်ပါး အထူးထူးအပြားပြားရှိကုန်သော ပစ္စည်းတို့ကိုလည်းကောင်း လှူဒါန်းပါ၏။

"အကြင်သူသည် လယ်ယာမြေကောင်းနှင့်တူသော ရဟန္တာအရှင်မြတ်တို့ကို ပညာသက်ဝင်သိမြင်၍ စွန့်လည်းစွန့်အပ်ပေ၏။ ငဲ့ကွက်သောစိတ်ဖြင့်မစွဲသူ စေတနာသဒ္ဓါပြဋ္ဌာန်း၍ လှူဒါန်းလေ့ရှိသော သူတော်ကောင်းသည် သာမန်စိတ်စွဲ သဒ္ဓါစွဲတို့စွန့်နိုင်ခဲသော အလှူဝတ်ကို သဒ္ဓါမတွန့်၊ စွန့်လွှတ်လှူဒါန်းသောကြောင့် နှစ်ခြိုက်ဖွယ် အမျိုးမျိုးသော အလှူ၏အကျိုးကို ရယူနိုင်ပါ၏။

ဥဂ္ဂသူဌေးသည် ထိုအလှူပွဲ၌ပင်-

“မြတ်စွာဘုရား. . . နှစ်ခြိုက်ဖွယ်ဝတ္ထုတို့ကို ပေးလှူသူသည် အကျိုးကိုရ၏ ဟူ၍ အရှင်ဘုရားသည် ဟောကြားအပ်သည်ကို သိရပါပြီ၊ တပည့်တော်၏ နှစ်ခြိုက်ဖွယ်ရာ အကြင်အကြင်ဝတ္ထုပစ္စည်းသည် ရှိပါ၏၊ ထိုဝတ္ထုပစ္စည်းကို တပည့်တော်သည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်တို့အား လှူဒါန်းအပ်ပြီးသာလျှင် ဖြစ်ပါတော့သည်”

ဟုလျှောက်ထားသည်။

ထိုအချိန်မှစ၍ မိမိပိုင်နှစ်ခြိုက်ဖွယ်ရာတို့ကို အလှူဝတ္ထုတို့ကို ဘုရားအမှူးရှိသော သံဃာတော်များအား မပြတ်လှူဒါန်းလေသည်။

ထိုသို့ လှူသဖြင့် နောင်အခါဝယ် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဥပါသကာတို့အား ဧတဒဂ်ထားရာ၌-

“ရဟန်းတို့. . . နှစ်သက်ဖွယ်သောဝတ္ထုကို လှူလေ့ရှိသော ငါဘုရား၏ ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”

ဟူ၍ ဧတဒဂ်အရာ၌ ထားလေသည်။

နောင်အခါ ထိုဥဂ္ဂသူဌေးသည် ကွယ်လွန်သောအခါ သုဒ္ဓါဝါသ ပြဟ္မာဘုံ၌ ဖြစ်ရလေသည်။

ထိုအချိန်ဝယ် ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေဆဲဖြစ်သည်၊ တစ်ညသန်းခေါင်ယံ၌ အလွန်နှစ်သက်ဖွယ်

သော အဆင်းရှိလျက် ဇေတဝန်တစ်ကျောင်းလုံးကို ထိန်လင်းတောက်ပစေကာ ဥဂ္ဂပြဟ္မာသည် ဗုဒ္ဓထံသို့ချဉ်းကပ်ပြီး ရိုသေစွာ ရှိခိုးလျက် ရပ်တည်နေသည်၊ ထိုအခါ ဗုဒ္ဓက၊

"ဥဂ္ဂ . . . အသို့နည်း၊ သင့်အဖို့ရာ အလိုရှိတိုင်း ပြည့်စုံ၏လော"

ဟုမေးတော်မူသည်။

"မြတ်စွာဘုရား. . . တပည့်တော်အား စင်စစ်အလိုရှိတိုင်း ပြည့်စုံရပါ၏"

ဟုလျှောက်ထားသည်။

ဥဂ္ဂသည် လူဖြစ်စဉ်က အရဟတ္တဖိုလ်အဆင့်ထိ ရောက်လိုသောဆန္ဒရှိသည်။ ယခုအခါ သုဒ္ဓါဝါသပြဟ္မာပြည်ရောက်သွားပြီးဖြစ်၍ ထိုအရဟတ္တဖိုလ်ကို ရမည်ဖြစ်သောကြောင့် ဗုဒ္ဓက ဤသို့အလိုရှိကာ ရပြီးပါပြီလော ဟု မေးမြန်းခြင်း ဖြစ်ပါသည်။

ထို့နောက် ဗုဒ္ဓက ဥဂ္ဂပြဟ္မာကို-

"နှစ်သက်ဖွယ်ကို ပေးလှူသူသည် နှစ်သက်ဖွယ်ကိုရ၏

-မွန်မြတ်သည်ကိုပေးလှူသူသည် မွန်မြတ်သည်ကိုရ၏၊

-တောင်းတအပ်သည်ကိုပေးလှူသူသည် တောင့်တအပ်သည်ကိုရ၏၊

-ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သောဌာနသို့ ရောက်၏"

"အကြင်သူသည် အထွတ်,အမြတ်,ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ ကောင်းတအပ်သော ဝတ္ထုပစ္စည်းကိုပေးလှူလေ့ရှိ၏၊ အကြင်သူသည် ချီးမွမ်းအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ ထိုသူသည် ဖြစ်လေရာ ဘုံဘဝ၌ အသက်ရှည်သူ၊ အခြံအရံများ သူဖြစ်ရ၏"

ဟူ၍ ဟောကြားတော်မူသည်။

တစ်နေ့သော အခါဝယ် ဗုဒ္ဓသည် ရဟန်းများကို-

"ရဟန်းတို့. . . ဝေသာလီပြည်သား ဥဂ္ဂသူဌေးသည် အံ့ဘွယ်(၈)ပါးနှင့်ပြည့်စုံသူ ဟူ၍ မှတ်ယူကြကုန်လော့"

ဟုမိန့်ကြားတော်မူသည်။

ရဟန်းတစ်ပါးသည် ဗုဒ္ဓ၏ ထိုစကားကိုမှတ်၍ ဥဂ္ဂသူဌေးအိမ်သို့ ကြွရောက်၍ အသင့်ခင်းထားသော နေရာ၌ထိုင်ပြီးနေသည်။

ဥဂ္ဂသူဌေးသည် မိမိအိမ်၌ နေ့စဉ် ရဟန်းငါးရာ ထိုင်နိုင်သောနေရာကို ပြုလုပ်စီမံထားသည်။

"သူဌေး. . . သင့်ကို ဘုရားရှင်က အံ့ဘွယ်(၈)ပါးနှင့်ပြည့်စုံသူ ဟူ၍ မိန့်ကြားပါသည်၊ သူဌေး၌ ဘုရားရှင် မိန့်ကြားသော ထိုအံ့ဘွယ်(၈)ပါးကား အဘယ်ပါနည်း"

ဟုမေးသည်။

"အရှင်ဘုရား. . . အဘယ်မည်သော အံ့ဘွယ်(၈)ပါးနှင့် တပည့်တော် ပြည့်စုံ၏-ဟု ဘုရားရှင် မိန့်ကြားတော်မူသည်ကို

တပည့်တော် မသိပါ။ တပည့်တော်၌ရှိသော အံ့ဘွယ်(၈)ပါး ဟူသည်ကား-

၁။ တပည့်တော်သည် ဘုရားရှင်ကိုအဝေးမှ မြင်လိုက်သည်နှင့်တပြိုင်နက်ထဲ ဘုရားဟုတ်သလား-မဟုတ်သလားဟု သံသယမဝင်မိပါ။ ဘုရားဟု အကြွင်းမဲ့ ယုံကြည်သွားပါသည်၊ သံသယဝင် နောက်ကျမှု မရှိခဲ့ပါ။ ဤကားပထမအံ့ဘွယ်တရားပါတည်း၊

၂။ တပည့်တော်ကို ဘုရားရှင်က ဒါနကထာ စသော တရားတို့ကို အစဉ်အတိုင်း ဟောကြားရာ တပည့်တော်၌ ခံ့ကျန်သောစိတ်၊ နူးညံ့သောစိတ်၊ ပိတ်ပင်ခြင်း နီဝရဏကင်းသောစိတ်၊ တက်ကြွဝမ်းမြောက်သောစိတ် ရှိခဲ့ပြီး ဘုရားရှင်က ဒုက္ခ၊ သမုဒယ၊ နိရောဓမဂ္ဂ သစ္စာလေးပါး ဟောပြသောအခါ အနာဂါမ်ဖိုလ် တည်ပြီးနောက် လောကုတ္တရာ သရဏဂုံခံယူ၍ ဗြဟ္မစရိယ ပဉ္စမက သီလကို ဆောက်တည်ကျင့်သုံးခဲ့ပါ၏။
(ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရအစား အဗြဟ္မစရိယသိက္ခာပုဒ် ဆောက်တည်ခြင်း ဖြစ်ပါသည်)ဤကား ဒုတိယအံ့ဘွယ်တရားပါတည်း၊

၃။ တပည့်တော်၌ မယားလေးယောက်ရှိရာ မယားတို့ကို ခေါ်ပြီး အိမ်မှာနေလိုကနေ မိဘဆွေမျိုးထံ ပြန်လိုက ဥစ္စာအပြည့်အစုံယူ၍ပြန်၊ နောက်အိမ်ထောင်ပြုလိုကပြု

ဟုခွင့်ပေးခဲ့ရာ မယားကြီးက နောက်အိမ်ထောင်ကို ဤမည်သောယောကျ်ားနှင့် ပြုလိုသည်ဆို၍ ထိုယောကျ်ားကိုခေါ်ယူပြီး ကိုယ်တိုင်ရေစက်ချ ပေးလှူခဲ့ပါသည်၊ ဤကား တတိယအံ့ဘွယ်တရားပါတည်း၊

၄။ တပည့်တော်ရှိသမျှသော ဥစ္စာပစ္စည်းအားလုံးတို့ကို သီလရှိသော ပုဂ္ဂိုလ်များနှင့် တသားတည်းထားပါသည်၊ ခွဲခြားမထားပါ၊ ဤရွေ့ဤမျှ ငါလှူမည်၊ ဤရွေ့ဤမျှ ငါမလှူ၊ ဤဝတ္ထုကို ငါလှူမည်၊ ဤဝတ္ထုကို ငါမလှူ ဟူ၍ စိတ်မဖြစ်ခဲ့ပါ၊ စည်းစိမ်ဥစ္စာရှိသမျှတို့သည် သံဃိကဥစ္စာ ဂဏိကဥစ္စာတို့ကဲ့သို့ သီလဝန္တပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်၏-ဟုစိတ်ထားပါသည်။ ဤကား စတုတ္ထအံ့ဘွယ်တရားပါတည်း။

၅။ တပည့်တော်သည် သံဃာတစ်ပါးပါးကို ဆည်းကပ်ပြုစုလျှင် ရိုသေစွာပင် ဆည်းကပ်ပြီး ကိုယ်တိုင်ကိုယ်ကျပြုစုပါသည်။ မရိုမသေ မဆည်းကပ် မပြုစုပါ။ ဤကား ပဉ္စမအံ့ဘွယ်တရား ဖြစ်ပါသည်။

၆။ တပည့်တော်သည် သံဃာတစ်ပါးပါး တရားဟောက ရိုသေစွာ တရားနာပါ၏၊ မရိုမသေ တရားမနာပါ၊ ထိုသံဃာက တရားမဟောလျှင် တပည့်တော်က ဟောကြားပါသည်။ ဤကား ဆဋ္ဌမမြောက် အံ့ဘွယ်တရားပါတည်း။

၇။ တပည့်တော်ကို နတ်တို့က ဘုရားရှင်သည် အစ, အလယ်, အဆုံး အကောင်းဆုံးသောတရားကို ဟောကြားတော်မူ အပ်ပေ၏ ဟု ပြောလာကြပါသည်၊ ဤသို့ပြောလာပါက သင်တို့ပြောပြော-မပြောပြော ဘုရားရှင်က စ,လယ်,ဆုံး ကောင်းသောဂုဏ်နှင့် ပြည့်စုံသောတရားကို ဟောပါ၏- ဟုပြန်ပြောပါ၏၊ ဤနတ်တို့ တပည့်တော်ထံ ချဉ်းကပ် လာပြောသည်က အံ့ဖွယ်မဟုတ်ပါ၊ နတ်တို့မိမိထံ ချဉ်း ကပ်လာခြင်း၊ နတ်တို့နှင့် စကားပြောရခြင်းနှင့်ပတ်သက် ၍ တပည့်တော်သည် ဤသို့ နတ်လာသည့်နတ်နှင့် စကားပြောရသည် ဟုစိတ်တက်ကြွခြင်း မဖြစ်ခဲ့ပါ။ ဤ ကား သတ္တမအံ့ဘွယ်တရားပါတည်း၊

၈။ တပည့်တော်သည် ဘုရားရှင်ဟောအပ်သော အောက် ကာမဘုံသို့ ဆွဲဆောင်တတ်သော သံယောဇဉ် (ဩရမ္ဘာ ဂိဘိယ သံယောဇန) ငါးမျိုးတို့တွင် မိမိ၌ မပယ်ရသေး သော တစ်စုံတစ်ရာ သံယောဇဉ်ကို မတွေ့ရပါ။ (ဤ စကားဖြင့် မိမိအနာဂါမ်ဖြစ်ကြောင်း ဖော်ပြသည်) ဤ ကား အဋ္ဌမအံ့ဘွယ် တရားပါတည်း။

"အရှင်ဘုရား. . . တပည့်တော်အား ဤအံ့ဘွယ်(၈)ပါး ထင်ရှားရှိပါ၏၊ ဘုရားရှင်ဆိုလိုသော အခြားအံ့ဘွယ် ရှိ-မရှိ တပည့်တော်မသိပါ"

ဟုလျှောက်ထားသည်။

ထိုရဟန်းသည် ဥဂ္ဂသူဌေးအိမ်မှ ဆွမ်းခံပြီးပြန်လာကာ ဘုရားရှင်ထံသို့ရောက်ပြီး ထိုမိမိစုံစမ်းခဲ့သော အကြောင်းစုံကို လျှောက်ထားပြသည်။

"ရဟန်း. . . ကောင်းလေစွ. . . ကောင်းစွာ ဖြေကြား ပြောဆိုသောသူသည် ယခု ဥဂ္ဂသူဌေး ပြောကြားသည့်အတိုင်း ပြောကြားဖြေဆိုရာ၏၊

ရဟန်း. . . ဥဂ္ဂသူဌေးကို ငါဘုရားက အံ့ဘွယ်(၈)ပါး နှင့်ပြည့်စုံသူ ဟူ၍ မိန့်ကြားခဲ့ပါ၏၊ ယခု ဖြေကြားသည့် အံ့ဘွယ် (၈)ပါးပင် ဖြစ်ပါ၏"

ဟုမိန့်ကြားတော်မူသည်။

ဂေါတမဗုဒ္ဓသည် ဥဂ္ဂသူဌေးနှင့်ပတ်သက်၍ နှစ်သက် တာလျှက နှစ်သက်ရာကိုရပုံ၊ ဥဂ္ဂသူဌေး၏ အံ့ဘွယ်(၈)ပါး ပြည့်စုံ ပုံကို ရှင်းပြတော်မူခဲ့ပါသည်။

(မာဂုံတွဲ၊ ဂိရိ- မနာပဒါယီသုတ်၊အဋ္ဌကနိပါတ ပထမပဏ္ဏာသက၊

ဂဟပတိဝဂ် ပထမ- ဒုတိယသုတ်)

## ဂေါတမဗုဒ္ဓနှင့်သုရမ္ဗဋ္ဌသူဌေး

## (ဘယ်သူ့ဖျက်ဖျက်-ကြည်ညိုမပျက်မှု)

သာဝတ္ထိပြည်ရှိ သူဌေးမျိုးတစ်ဦး၌ 'သုရမ္ဗဋ္ဌ' အမည်ရှိသော သတို့သားတစ်ယောက် ရှိသည်။

ထိုသုရမ္ဗဋ္ဌ သူဌေးသား၏ အတိတ်ဘဝသည်ကား ပဒုမုတ္တရဘုရားရှင် လက်ထက်ဝယ် သူသည် ဟံသာဝတီနေပြည်၌ အမျိုးကောင်းသားတစ်ဦး ဖြစ်ခဲ့သည်၊ မြတ်စွာဘုရားရှင်၏ တရားတော်ကို ကြားနာရပြီးနောက် ဘုရားရှင်က ဥပါသကာတစ်ဦးကို အဝေစ္စပသာဒ သာသနာတော်၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာဝယ် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ထားတော်မူသည်ကိုတွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး ဌာနန္တရကို ဆုတောင်းမှုပြုလေသည်။

ဘုရားရှင်ကလည်း သူ၏ဆုတောင်း ပြည့်-မပြည့်ကို အနာဂတံသဉာဏ်တော်ဖြင့် ပြည့်မည်ကိုသိ၍ ဗျာဒိတ်စကားမိန့်ကြားပေးတော်မူခဲ့သည်။

သူသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး လူ့ရွာ၊ နတ်ပြည်၌ ကျင်လည်ကျက်စားခဲ့ပြီးဖြစ်သည်၊ ယခု ဂေါတမဘုရားရှင်လက်ထက်ဝယ် သုရမ္ဗဋ္ဌသတို့သား လာဖြစ်ရလေသည်။

သုရမ္ဗဋ္ဌသတို့သား အရွယ်ရောက်လတ်သော် အိမ်ရာထူထောင်၍ ဗုဒ္ဓသာသနာပြင်ပ တိတ္ထိများကိုသာ အလုပ်အကျွေးပြုစု၍ နေခဲ့သည်။

တစ်နေ့တွင် ဗုဒ္ဓသည် နံနက်မိုးသောက်ကာလ သတ္တလောကကို ကြည့်ရှုသည်ရှိသော် သုရမ္ဗဋ္ဌသူဌေး၏ သောတာပတ္တိမဂ်ကိုရကြောင်း ရှေးကောင်းမှုကံကို မြင်တော်မူသည်။

သို့အတွက် ဆွမ်းခံဝင်၍ သုရမ္ဗဋ္ဌသူဌေးအိမ်တံခါးဝသို့ ရပ်တော်မူသည်၊ သူဌေးသည် ဗုဒ္ဓကိုမြင်တွေ့သော်-

"ရဟန်းဂေါတမသည် မြတ်သောမင်းမျိုး၌ ဖြစ်နေသူမှန်၏၊ လောက၌လည်း အထင်အရှားကျော်ကြားသူ ဖြစ်သည်၊ သို့ဖြစ်၍ ရဟန်းဂေါတမထံ သွားရောက်သင့်၏"

ဟု ကြံစည်အောက်မေ့ပြီး ဘုရားရှင်ထံသို့ သွားရောက်ကာ ခြေတော်တို့ကိုရှိခိုးပြီးသော် သပိတ်တော်ကို ယူဆောင်ကာ အိမ်အတွင်းသို့ ပင့်ဆောင်ကာ သူတို့၌ ထိုက်တန်သော ပလ္လင်၌နေရာပေးထိုင်စေသည်၊ ထို့နောက် ဆွမ်းကို ဆက်ကပ်လှူဒါန်းသည်။

ဆွမ်းကိစ္စပြီးသော် သုရမ္ဗဋ္ဌ သူဌေးသည် အပြစ်ကင်းရာသင့်လျော်ရာအရပ်၌ ထိုင်သည်၊ ထိုအခါဘုရားရှင်က သူဌေးအား စရိုက်နှင့်လျော်သော တရားစကားကို ဟောကြားတော်မူလေသည်။

ဂေါတမဗုဒ္ဓ၏ တရားဒေသနာတော်အဆုံး၀ယ် သုရမ္ဗဋ္ဌ သူဌေးသည် သောတာပန်အရိယာဘ၀၌ တည်လေသည်။ ထို့နောက် ဂေါတမဗုဒ္ဓသည် ကျောင်းတော်သို့ပြန်ကြွသွားလေသည်။

ထိုအခါ မာရ်နတ်သည်-

"ဤသုရမ္ဗဋ္ဌ သူဌေးကား တိတ္ထိတို့၏ တပည့်ဖြစ်၍ ငါတို့၏ လူသာဖြစ်ချေသည်၊ သို့သော် ယနေ့မြတ်စွာဘုရားသည် သူ့အိမ်သို့ ကြွတော်မူလေသည်၊ အသို့နည်း သုရမ္ဗဋ္ဌသည် ဘုရားရှင်၏တရားကို နာရ၍ အရိယာမဂ်တရား ထင်ရှားဖြစ်အောင် ပြုနိုင်လေသလော၊ သူ၏အဖို့ရာ ငါပိုင်နက်ဖြစ်သော အာရုံငါးသွယ်ကာမနယ်ပယ်မှလွတ်မြောက်ပြီး မလွတ်မြောက်ခြင်းကို ထင်လင်းစွာသိအောင် ငါစုံစမ်းအံ့"

ဟု ကြံစည်ပြီးလျှင် မိမိကိုယ်တိုင် ဘုရားရှင်နှင့်တူသောရုပ်ကို ဖန်ဆင်းပြီးလျှင် သုရမ္ဗဋ္ဌသူဌေးသည် အိမ်တံခါး၀၌ ရပ်တည်လာလေသည်။

သူဌေးသည် မြတ်စွာဘုရား တစ်ဖန် ကြွလာသည် ဟူသောသတင်းကို ကြားရ၍-

"ဘုရားရှင်တို့မည်သည် အကြောင်းမဲ့ကြွလာခြင်းမည်သည်မရှိချေ၊ အဘယ်အကြောင်းကြောင့် တစ်ဖန်ကြွလာပါလိမ့်"

ဟုစဉ်းစားပြီး လျင်မြန်စွာ ဘုရားဟူသောအမှတ်ဖြင့် လာပြီးရှိခိုးသည်။

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် ယခုပင်လျှင် ဤအိမ်၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြုတော်မူ၍ ကြွသွားတော်မူစ ဖြစ်ပါသည်၊ အဘယ်ကိစ္စကြောင့် တစ်ဖန်ကြွလာရပါသနည်း ဘုရား"

ဟု ရိုသေစွာ လျှောက်ထားသည်။

"ဒါယကာ သုရမ္ဗဋ္ဌ. . . ငါဘုရားသည် တရားဟောစဉ် က တစ်ခုသောစကားကို မစဉ်းစား မဆင်ခြင်ဘဲ ဟောကြားအပ် လေပြီး၊ ငါဘုရားသည် ခန္ဓာငါးပါးတို့ကို အားလုံးကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောရှိကြသည် မဟုတ်ကုန်၊ ထိုခန္ဓာငါးပါးတို့တွင် မြဲမှု၊ ခိုင်မှု၊ အခါခပ်သိမ်း တည်ကြသော အချို့သော ခန္ဓာလည်း ရှိကြပါပေ၏"

ဟု အကဲစမ်းစကား ပြောကြားလေသည်။

"ယခု ဤစကားကား အလွန်ဝန်လေး အရေးကြီးသော စကားဖြစ်ချေသည်၊ မြတ်စွာဘုရားရှင်တို့အဖို့ရာ မစဉ်းစားမဆင် ခြင်ဘဲ ဟောကြားပြောဆိုခြင်းမည်သည် တစ်စိုးတစ်စိမျှ မရှိနိုင်' ပါချေ၊ ဤလောက၌ မာရ်နတ်ဆိုသော ပုဂ္ဂိုလ်သည် ဘုရားရှင်၏ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း ကြားဖူးသည်၊ ဤသူသည် အမှန်ပင် မာရ်နတ်ဖြစ်ပေလိမ့်မည်"

ဟု သုရမ္ဗဋ္ဌသူဌေးသည် အမှန်တိုင်း ဆင်ခြင်မိလေသည်။

"သင်သည် မာရ်နတ် မဟုတ်လော"

ဟုသူဌေးက တိုက်ရိုက်မေးလိုက်သည်၊ အရိယာသာဝက တစ်ဦးကမေးလိုက်သော မေးခွန်းသည် အမေးခံရသူအဖို့ ပုဆိန်ဖြင့် ပေါက်လိုက်သကဲ့သို့ ခံစားရတတ်၍ မာရ်နတ်သည် ပင်ကိုယ်သဘောအားဖြင့် မရပ်တည်နိုင်ဘဲ-

"ဟုတ်ပါသည် သုရမ္ဗဋ္ဌ၊ ငါသည် မာရ်နတ်ဖြစ်ပါသည်" ဟုဝန်ခံပြောဆိုရလေသည်။

"ဟယ်-မာရ်နတ်. . . သင်ကဲ့သို့သော မာရ်နတ်အပေါင်းအရာအထောင်ပင်သော်လည်း လာရောက်၍ ငါ၏သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှာ မတတ်နိုင်ချေ၊ ဂေါတမနွယ်ဖွား ရှင်ဘုရားသည် ငါ့အား တရားဟောတော်မူရာ၌ ခပ်သိမ်းဥဿုံ အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် မမြဲကြကုန် ဟူ၍ သောတာပတ္တိမဂ်ဉာဏ်တိုင် အသိပေး၍ ဟောကြားတော်မူခဲ့လေပြီ၊ သင်သည် ငါ၏ အိမ်တံခါးဝ၌ မရပ်တည်ပါလင့်"

ဟုပြောကာ လက်ဖျစ်တီး၍ နှင်ထုတ်သည်၊ မာရ်နတ်သည် သုရမ္ဗဋ္ဌစကားကိုကြားရလျှင် တစ်ဖန်စကားပြန် မပြောနိုင်ဘဲ ထိုနေရာ၌ ကွယ်ပျောက်သွားရလေသည်။

သုရမ္ဗဋ္ဌသူဌေးသည် ညချမ်းအချိန် ဘုရားရှင်ထံသို့ သွားရောက်၍ မာရ်နတ် လာရောက်ပြောဆိုပုံ အကြောင်းစုံကို လျှောက်ထားပြီး-

“ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤသို့လျှင် မာရ်နတ်သည် တပည့်တော်၏ သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှာ အားထုတ်ခဲ့ရပါ၏ဘုရား”

ဟုလျှောက်ထားလေသည်။

မြတ်စွာဘုရားသည် ဤအကြောင်းနှင့်ပတ်သက်၍ ဥပါသကာတို့အား အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားရာတွင် သုရမ္ဗဋ္ဌသူဌေးကို-

“ရဟန်းတို့. . . သာသနာ၌ သက်ဝင်၍ မတုန်လှုပ်ကြည်ညိုကြကုန်သော ငါဘုရား၏တပည့်သာဝကတို့တွင် သုရမ္ဗဋ္ဌသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”

ဟူ၍ မိန့်ဆိုကာ ဧတဒဂ်အရာ၌ ထားတော်မူသည်။

ဤသို့လျှင် ဗုဒ္ဓသည် အတိတ်ဘဝဆုတောင်းရှိကြသော ပုဂ္ဂိုလ်များ၏ ဆုပန်မှုပြဿနာဝယ် ပါရမီဖြည့်ကြသော ပုဂ္ဂိုလ်တို့၏ပါရမီကို ဖြည့်ဆည်း ဖြေရှင်းပေးခဲ့ပါသည်။

(အင်္ဂုတ္တိုရ်- အဋ္ဌကထာ- သုတ်)

ဂေါတမဗုဒ္ဓနှင့်မိဂါရသူဌေး

(ချွေးမ ဝိသာခါကြောင့် အရိယာဇာတ်ရောက်ရမှု)

ဗိမ္ဗိသာရမင်းကြီး အာဏာစက်ပျံ့နှံ့ရာ ရာဇဂြိုလ်ပြည်နယ်အတွင်း၌ ပါဝင်သော ဘဒ္ဒိယမြို့တွင် အမိတဘောဂ သူဌေးကြီး (သုံးမကုန် စွဲမကုန် စည်းစိမ်ကုန်လုံးကြွယ်ဝသော သူဌေးကြီး) (၅)ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော မေဏ္ဍကသူဌေးကြီးသည် ဘဒ္ဒိယမြို့၌ နေသည်။

သူ၏သားမှာ ဓနဉ္စယ အမည်ရှိပြီး ဓနဉ္စယ၏ သမီးမှာ နာမည်ကျော် ပုပ္ဖါရုံကျောင်းအမ ဖြစ်လာမည့် ဆု(၈)တန်ရ ဝိသာခါ ဖြစ်သည်။

မြတ်စွာဘုရားရှင် ဘဒ္ဒိယမြို့သို့ကြွလာသည်ဟု သတင်းကြား၍ မေဏ္ဍကသူဌေးကြီးသည် ( ၇ )နှစ်သမီးအရွယ် မြေး ဝိသာခါကို သူမ၏အဖော်ငါးရာနှင့်အတူ ရထားအစီးငါးရာဖြင့် သွားရောက် ကြိုဆိုစေရာ ဝိသာခါသည် အဖိုး၏စေခိုင်းချက်အရ ဘုရားရှင်ကို သွားရောက်ကြိုဆိုပြီး ဘုရားရှင်ကို သင့်ရာအရပ်မှ နေ၍ ရှိခိုးသည်။

ဘုရားရှင်သည် ဝိသာခါနှင့် စရိုက်အားလျော်သော တရားကို ဟောပြတော်မူရာ ဝိသာခါသည် ရဲရွေပေါင်း ငါးရာတို့နှင့်အတူ သောတာပတ္တိဖိုလ်၌တည်ပြီး သောတာပန်အရိယာ ဖြစ်လေသည်။

ထို့နောက် မေဏ္ဍကသူဌေးကြီးသည်လည်း ဘုရားရှင်ထံ တရားနာယူရာ သောတာပန်ဖြစ်လေသည်။ မေဏ္ဍကသူဌေးကြီးသည် (၁၅)ရက်ပတ်လုံး ကြီးစွာသောအလှူကို ပေးလှူခဲ့လေသည်။

* * *

သာဝတ္ထိပြည်ဝယ် ပသေနဒီ ကောသလမင်းကြီးသည် မိမိတို့၏ အမိတဘောဂသူဌေးတစ်ဦးမျှ မရှိသဖြင့် ယောက်ဖတော် ဗိမ္ဗိသာရမင်းထံ အမိတဘောဂ သူဌေးတစ်ဦး သူ့ပိုင်နိုင်ငံသို့စေလွှတ်ပေးရန် တောင်းဆို၍ ဘုရင်ဗိမ္ဗိသာရက မေဏ္ဍကသူဌေး၏သား ဓနဉ္စယသူဌေးကို မေတ္တာရပ်ခံ၍ ကောသလတိုင်းသို့ သွားရောက်နေစေသည်။

ဓနဉ္စယသူဌေးသည် သာဝတ္ထိမြို့နှင့် ခုနစ်ယူဇနာဝေးသောအရပ်၌ ကောသလမင်းထံ ခွင့်ပြုချက်ယူပြီး ကိုယ်တိုင်မြို့သစ်တည်သည်၊ ဓနဉ္စယ ကိုယ်တိုင်တည်သော မြို့ဖြစ်၍ သာကေတမြို့ ဟူ၍ အမည်ထင်ရှားခဲ့သည်။

သာဝတ္ထိပြည်၌ မိဂါရသူဌေးကြီးတစ်ဦးရှိသည်၊ သူသည်ကား အမိတဘောဂ သူဌေးမျိုး၌ မပါဝင်ချေ၊ ထိုမိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဍန အရွယ်ရောက်လာသောအခါ သူ၏သားကို အိမ်ထောင်ချပေးရန် မိမိနှင့်တစ်ဦးကို ရှာဖွေရာမှ ရှာဖွေသူတို့သည် သာကေတမြို့မှ ဓနဉ္စယသူဌေး၏ သမီး-ဝိသာခါကို ကြွန်အင်

လက္ခဏာနှင့်ပြည့်စုံသည်ကို မြင်ကြပြီး မိဂါရသူဌေးထံ အကြောင်းကြားကြသည်။

မိဂါရသူဌေးသည် ဓနဉ္စယသူဌေးထံသို့ သားပေး သမီးယူ ပြုလုပ်ရန် ညှိနှိုင်းကြပြီး မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဍနနှင့် ဓနဉ္စယသူဌေး၏သမီး ဝိသာခါတို့၏ လက်ထပ်ပွဲသို့ ကောသလ မင်းကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးလေသည်။

မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ကြပြီး ဝိသာခါသတို့သမီးကို သာဝတ္ထိပြည်သို့ ကြီးကျယ်သော အခမ်းအနားဖြင့် ခေါ်ဆောင်သည်၊ ဓနဉ္စယသူဌေးသည် သမီးလင်ရှာ လိုက်မည့်အချိန်တွင် သမီးကိုအိမ်ရှင်မတို့ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်(၁၀)ချက်ကို သင်ကြားဩဝါဒပေးပြီး အကယ်၍ သမီး တစ်စုံတစ်ရာသောအပြစ် ပြုလုပ်မိပါက သုတ်သင်ဖြေရှင်းပေးရန် ပညာရှင် သူကြွယ်(၈)ဦးကိုပါ ထည့်ပေးလိုက်သည်၊ ထို့ပြင်ကုဋေတန်သော မဟာလတာတန်ဆာကိုပါ ပြုလုပ်စီမံပေးလိုက်သည်၊ ဥစ္စာကား လှည်း(၁၅)စီးတိုက် ပေးလိုက်လေသည်။

* * *

သာဝတ္ထိမြို့၌ မိဂါရသူဌေးသည် ခုနှစ်ရက်ပတ်လုံး သားအတွက် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျင်းပပေးလေသည်။

ခုနှစ်ရက်ပြည့်မြောက်သောနေ့တွင် မိဂါရသူဌေးသည် မိမိတို့ သာဝတ္ထိမြို့ဦး၌ ဇေတဝန်ကျောင်းရှိပြီး ထိုကျောင်း၌

ဂေါတမဘုရားရှင်ရှိသည်ကို အာရုံမထား၊ မိမိ၏မိတ္တာအယူ ခံယူထားသည့်အတိုင်း မိမိကိုးကွယ်ဆည်းကပ်သော အဝတ်မဝတ်သောတက္ကတွန်း ရဟန်းတို့ကို အိမ်လုံးပြည့်ဖိတ်ခေါ်ပြီး ကျွေးမွေးရန် စီမံသည်၊ တက္ကတွန်းတို့အိမ်သို့ရောက်၍ နေရာယူပြီးသော အခါ မိဂါရသူဌေးက-

"ငါ၏သမီးလာလော့. . . ရဟန္တာ ဟူသောစကားကို ကြားရလျှင် အရိယာသာဝိကာမဖြစ်၍ အားရဝမ်းသာဖြစ်ကာ ထိုအဝတ်မဆီး၊ အချည်းနှီးသော တက္ကတွန်းတို့ ထိုင်နေရာသို့ သွားလေသည်။

ထိုတက္ကတွန်းတို့ကို မြင်ရလေလျှင်-

"ဤသို့သဘောရှိသော ပုဏ္ဏားတို့မည်သည် အဘယ်နည်းနှင့်မျှ ရဟန္တာမဟုတ်ကြကုန်၊ အရှက်၊ အကြောက်၊ (ဟိရိ၊ ဩတ္တပ္ပ)လုံးဝကင်းသော တက္ကတွန်းများထံသို့ ယောက္ခမကြီးသည် ငါ့ကို အဘယ်ကြောင့်ခေါ်ဘိသနည်း"

ဟု စိတ်အပျက်ကြီး ပျက်သွားကာ-ထွီ-ထွီ-ဟု ကဲ့ရဲ့စကားဆို၍ မိမိနေရာတိုက်ခန်းသို့ ပြန်လာခဲ့လေသည်။

တက္ကတွန်းတို့သည် ဝိသာခါ၏ ထိုအပြုမအမူကို မြင်ကြ၍ အားလုံး အုံကြွ ထ,လာကြကာ မိဂါရသူဌေးကို-

"သူဌေး. . . သင်သည် အခြားတစ်ပါးသော ချွေးမ သတို့သမီးကို ရနိုင်သည်သာ ရဟန်းဂေါတမ၏တပည့်မ ကျက်

သရေယုတ်ယုတ်မကို အဘယ်ကြောင့် သင်၏ဤအိမ်သို့ သွင်းလာရဘိသနည်း။ လျင်မြန်စွာပင် ထိုကျက်သရေမဲ့သော အယုတ်တမာမကို ဤအိမ်မှ နှင်ထုတ်ပါလော့"
ဟုစိတ်ဆိုးမာန်ဆိုးနှင့် ဝိုင်းဝန်းပြောဆိုကြလေသည်။

"ငါကား ဤတက္ကတွန်းတို့၏ စကားကြောင့် ဤဝိသာခါချွေးမကို အိမ်မှမနှင်ထုတ်နိုင်၊ ဤဝိသာခါ ချွေးမကား အမျိုးကြီး၏သမီး ဖြစ်လေသည်"
ဟုကြုံဆ ဆင်ခြင်ပြီး ဆရာတက္ကတွန်း ရဟန်းတို့ကို-

"ဆရာတို့. . . ငယ်ရွယ်သူတို့မည်သည် သိ၍ ဖြစ်စေ၊ မသိ၍ ဖြစ်စေ၊ စိတ်လိုက်မာန်ပါ ပြုတတ်၊ ပြောတတ်၊ ကုန်ရာပါသည်၊ ဆရာတို့သည် ဆိတ်ဆိတ်သာနေ၍ သည်းခံကြပါကုန်လော"
ဟု နှစ်သိမ့်စကားပြောကြားပြီး ကောင်းစွာကျွေးမွေး၍ ပြန်လွှတ်လိုက်လေသည်။

* * *

ထို့နောက် ဝိသာခါသည် ချွေးမအလိမ္မာပီပီ ယောက္ခမမိဘ မိဂါရသူဌေးကို မြတ်သောပလ္လင်၌ထိုင်စေ၍ ရွှေယောက်ချိုကို ကိုယ်တိုင်ကိုင်ကာ ရွှေခွက်၌ ရေမရောသည့် ချိုမြိန်သောနို့ယနာအပြည့်ထည့်လျက် ရိုသေစွာ ပြုစုလုပ်ကျွေးလေသည်။

မိဂါရသူဌေးသည်လည်း ချွေးမအလိမ္မာကလေး ဝိသာခါ၏ပြုစုယုယမှုကို အလွန်ကျေနပ် နှစ်သက်စွာခံယူ၍ စားသောက်လေသည်။

ထိုအချိန်တွင် ဆွမ်းခံမထေရ်မြတ်တစ်ပါးသည် ဆွမ်းခံကြွရင်း မိဂါရသူဌေး၏အိမ်တံခါးဝသို့ ရောက်လာပြီး ရပ်တည်လေသည်။

ဝိသာခါသည် ထိုဆွမ်းခံရဟန်းကို မြင်၍-

"ငါကိုယ်တိုင် မိစ္ဆာဒိဋ္ဌိ ယောက္ခမကြီးကို ပြောကြားရန် မသင့်"

ဟု ဆင်ခြင်စဉ်းစားမိပြီး မထေရ်မြတ်ကို မိဂါရသူဌေးကြီး မြင်လောက်အောင် မိမိကဖယ်ရှား၍ ရပ်တည်နေပေးသည်။

မိဂါရသူဌေးကား ပညာမဲ့သူဖြစ်၍ မထေရ်ကိုမြင်လျက်လည်း မမြင်ချင်ယောင်ဆောင်ကာ မျက်နှာကိုအောက်ချ၍ နို့ယနာကိုသာ စားသုံးနေလေသည်။

"ဤယောက္ခမ လူဗာလကြီးသည် မထေရ်ကို မြင်ပါလျက် အမှတ်သညာကိုမျှ မပြုချေ"

ဟုဝိသာခါသည် သိရှိရိပ်မိကာ မထေရ်မြတ်ထံသို့ သွားရောက်ပြီး-

"ကန့်တော့ဆွမ်းပါဘုရား. . . တပည့်တော်မ၏ယောက္ခမကြီးသည် အဟောင်းအမြင်းကိုသာ စားသုံးနေပါသည်ဘုရား"

ဟု ယောက္ခမကြားအောင် ရှိခိုးလျှောက်ထားလိုက်လေသည်။

မိဂါရသူဌေးကြီးသည် တက္ကတွန်းတို့ကို ပြောဆိုတုန်းကမှ သည်းခံနိုင်သေး၏၊ အဟောင်းအမြင်းကိုသာ စားသုံးနေသည် ဟု ပြောခံလိုက်ရသောအခါ ချက်ချင်းပင် မခံမရပ်နိုင်တော့ဘဲ ရွှေခေါက်မှလက်ကို ဖယ်လိုက်ပြီးလျှင်-

"ဤနို့ယနာကို ဤနေရာမှ လွတ်ရာဖယ်ရှား ယူဆောင်သွားကြလော့၊ ဤဝိသာခါ ချွေးမကိုလည်း ဤအိမ်မှနှင်ထုတ်ကြဆွဲထုတ်ကြကုန်လော့၊ ဝိသာခါသည် ငါ့ကို ဤသို့စင်စစ်မင်္ဂလာရှိသောအိမ်၌ မင်္ဂလာရှိသော နို့ယနာကို စားသုံးနေသည်၊ အဟောင်းအမြင်းစားသည် မစင်စားသည် သဘောကဲ့သို့ ဖြစ်အောင် ပြုမူပြောဆိုဘိ၏"

ဟုပြောဆိုကာ အလုပ်အကျွေး အစေခံများကို စေခိုင်းသည်။

ထိုသို့ မိဂါရသူဌေးက ပြောသော်လည်း အလုံးစုံသော ကျွန်များ, အလုပ်သမားများသည် ဝိသာခါ၏ လူများသာဖြစ်ကုန်ကြ၍ အဘယ်သူမျှ ဝိသာခါ၏ လက်ကိုမျှမဆွဲကိုင်ဝံ့သူမရှိသလို နှုတ်ဖြင့် ပြောဆိုဝံ့သူလည်း မရှိပါချေ။

"အို-ဖခင်. . . ဤမျှသော တရားမဝင်သည့်စကား အစဉ်ဖြင့် ကျွန်တော်မတို့သည် ဤအိမ်မှ မထွက်နိုင်ကြပါ၊ ကျွန်တော်မကို အသင်ဖခင် သူဌေးတို့သည် ရေဆိပ်မှ ရေအိုးကို ရွက်သော ကျွန်မကဲ့သို့ ဆောင်ယူလာအပ်သည် မဟုတ်ပါ၊ ထင်ရှားရှိနေကြသော မိဘနှစ်ပါးတို့၏ သမီးကောင်းများ မည်

သည် ဤမျှဖြင့် အိမ်မှထွက်သွားရိုးမရှိပါကုန် ဤအကြောင်းကြောင့်ပင် ကျွန်တော်မ၏ ဖခင်သည် ဤသာဝတ္ထိသို့ လာမည့်နေ့၌ ပညာရှိသူကြွယ်လူကြီးမင်း (၈)ဦးကိုခေါ်စေ၍ ငါ၏သမီးကို အကြောင်းပြု၍ အပြစ်တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့လျှင် အမောင်တို့ ဖြေရှင်းသုတ်သင်ရမည် ဟု မှာတမ်းပြောဆိုကာ ထိုသူကြွယ်ပညာရှိကြီး ရှစ်ဦးတို့၏လက်၌ ကျွန်တော်မကို အပ်နှံထည့်လိုက်ပါသည်၊ ထိုသူကြွယ်ပညာရှိကြီး(၈)ဦးကို ခေါ်စေ၍ ကျွန်တော်မ အပြစ်ဟုတ်-မဟုတ် သုတ်သင်ရှင်းလင်းစေလိုပါသည်"

ဟု ဝိသာခါက ကြောင်းကျိုးပြည့်လျှံ ချောင်သောစကားကို ပြောကြားလေသည်။

"ဤချွေးမ ဝိသာခါက ကောင်းသောစကားကိုသာ ပြောဆိုပေ၏"

ဟု စဉ်းစားဆင်ခြင်ကာ သူကြွယ်ပညာရှိကြီး(၈)ဦးကို ခေါ်စေသည်။ အားလုံးစုံညီစွာ ရောက်လာသောအခါ မိဂါရသူဌေးက-

"အာမခံ လူကြီးမင်းတို့. . . ဤဝိသာခါ သတို့သမီးသည် ဤအိမ်ရောက်၍ ခုနှစ်ရက်မျှ မပြည့်သေးမီ မင်္ဂလာရှိသောအိမ်၌နေထိုင်သော ကျွန်ုပ်ကို မစင်စား ဟူ၍ ပြောဆိုပါသည်"

ဟုအမှုဖွင့်၍ တိုင်ကြားလေသည်။

"သမီး. . . ယခု သူဌေးကြီးပြောသလို သမီးက ပြောဆိုမိပါသလား"

"ဖခင်တို့. . . သမီးယောက္ခမသည် မစင်ကို စားလို၍ ဖြစ်ပါလိမ့်မည်၊ သမီးသည်ကား ဤသို့ ယောက္ခမကို မစင်စား မစားပြု၍ မပြောဆိုပါ၊ အမှန်မှာ ဆွမ်းခံရဟန်းတစ်ပါး ဤအိမ် တံခါးဝသို့ ရပ်တည်လာသည်ရှိသော် ယောက္ခမသူဌေးကြီးသည် ရေမရောသော နို့ဃနာကို စားသုံးနေလျက် ထိုဆွမ်းခံရဟန်းကို အာရုံမထားပါ၊ သမီးသည် ဤအကြောင်းကြောင့် ဆွမ်းခံမထေရ် ထံသို့သွားကာ ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်၏ယောက္ခ မသည် ယခုဘဝ ဤကိုယ်အဖြစ်၌ ကုသိုလ်ကောင်းမှုအသစ်ကို မပြုပါ၊ ရှေးအဟောင်းအမြင်း ကုသိုလ်ကောင်းမှု၏ အကျိုးကိုသာ စားသုံးနေပါသည် ဟု ဤမျှကို ပြောဆိုမိပါသည်။

"အရှင်သူဌေးမင်း. . . ဤကိစ္စ၌ ဤမျှပြောဆိုခြင်း၌ ကျွန်ုပ်တို့သတို့သမီးမှာ အပြစ်မရှိပါ၊ သမီးသည် အကြောင်း ဟုတ်သည်ကိုသာ ပြောဆိုပါသည်၊ သူဌေးမင်း အဘယ်ကြောင့် အမျက်ထွက်ပါသနည်း"

"အာမခံ လူကြီးမင်းတို့. . . ဤပြောဆိုချက်သည် အပြစ် မဟုတ်လျှင် ရှိစေဦး၊ ဤဝိသာခါသူငယ်မသည်ကား ဤအိမ်သို့ ရောက်သောနေ့မှာပင် ကျွန်ုပ်၏သားကို ရှိသည်ဟူ၍ပင် အမှတ် မပြုဘဲ မိမိအလိုရှိရာအရပ်သို့ သွားရောက်နေခဲ့ပါသည်"

"သမီး. . . ယခု သူဌေးကြီး တိုင်ကြားချက်အတိုင်း အလိုရှိရာ ချစ်သမီး သွားရောက်ခဲ့ပါသလော"

"ဖခင်တို့. . . သမီးသည် ယောက္ခမ တိုင်ကြားသည့်အတိုင်း အလိုရှိရာအရပ်သို့သွားသည်မဟုတ်ပါ။ အမှန်မှာ ထိုနေ့က ဤအိမ်၌ အာဇာနည်မြည်းမ သားဖွားခြင်းကိစ္စဖြစ်ခဲ့ပါသည်၊ ထိုသို့ အာဇာနည်မြည်းမ သားဖွားနေပါလျက် အသိအမှတ်ကိုမျှ မပြုဘဲ နေထိုင်ခြင်းမည်သည် ငါ့အဖို့ရာ မသင့်လျော်ပါတကားဟုစဉ်းစားမိ၍ ဆီမီးတိုင်များကို စွဲကိုင်စေကာ ကျွန်မိန်းမတို့ ခြံရံလျက် ထိုမြည်းမသားဖွားရာအရပ်သို့ သွားရောက်၍ မြည်းမအတွက် သားဖွားခြင်းကိစ္စ စောင့်ရှောက်ပြုစုမှုကို သမီးပြုစေခဲ့ပါသည်"

"အရှင်သူဌေးမင်း. . . ကျွန်ုပ်တို့၏သမီးသည် သူဌေးမင်းအိမ်၌ ကျွန်မိန်းမများပင် မပြုလုပ်နိုင်သည့် ကိစ္စကိုပြုလုပ်ဆောင်ရွက်ခဲ့ပါသည်၊ ထိုသို့ပြုလုပ်ဆောင်ရွက်ရာ၌ အရှင်သူဌေးမင်းသည် အဘယ်ကြောင့် အပြစ်ဟူ၍ရှုဘိသနည်း၊ ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းသည် ကျေးဇူးပင်မဟုတ်ပါလော"

"အာမခံလူကြီးမင်းတို့. . . ဤသို့ပြုလုပ်ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ကျေးဇူးပြုသည် ထားပါဦး၊ ကျွန်ုပ် အထူးတင်ပြလိုသည်မှာ ဤဝိသာခါသူငယ်မ၏ဖခင်က ဤအိမ်သို့လာမည့်နေ့၌ အဆုံးအမဩဝါဒကို ပေးသည်ရှိသော် အိမ်တွင်းမီးကို အပြင်သို့မထုတ်ဆောင်ရ ဟူ၍ ပြောဆိုမှာကြားသံကို ကျွန်ုပ် တစ်ဘက်ကမ်းကနေ ကြားမိပါသည်၊ ကျွန်ုပ်တို့သည် ဝဲ-ယာ

နှစ်ဘက် အိမ်နီးနားချင်းများအား မီးကိုမပေးဘဲ နေခြင်းငှာ အဘယ်မှာ စွမ်းနိုင်ပါမည်နည်း'

"ချစ်သမီး. . . သမီးဖခင်က ဤစကားပြောကြားလိုက်သည် မှန်ပါသလော"

"ဖခင်တို့. . . သမီး၏ဖခင် ဓနဉ္စယသူဌေးကြီးသည် ယခု ယောက္ခမသူဌေးကြီး တင်ပြပြောဆိုသော ပကတိမီးကို စွဲ၍ ပြောသည်မဟုတ်ပါ၊ စင်စစ်သော်ကား အိမ်အတွင်း၌ ယောက္ခမစသူတို့၏ လျှို့ဝှက်အပ်သော စကားအကြောင်းအရာတို့ကို ကျွန်မိန်းမ၊ ကျွန်ယောကျ်ားစသူတို့အား မပြောကြားသင့်ပါ၊ ဤသို့သောစကားများသည် ကျယ်ပွားလာလျှင် ခိုက်ရန်ငြင်းခုံမှုပြုရန်ဖြစ်လာတတ်သည်၊ ဤအတွင်းမီးကို ရည်စူး၍ သမီးဖခင်က ပြောဆိုမှာကြားလိုက်ခြင်း ဖြစ်ပါသည်"

"အာမခံလူကြီးမင်းတို့. . . ဤပြောဆိုချက်သည် အပြစ်မဟုတ်လျှင် ရှိစေဦးတော့၊ သူမ၏ဖခင်က အပြင်အပက အိမ်မီးကို မိမိအိမ်တွင်းသို့ မသွင်းဆောင်ရ ဟု ပြောဆိုမှာကြားသည်ကို ကျွန်ုပ်ကြားမိပါသည်၊ ကျွန်ုပ်တို့သည် အိမ်တွင်းက မီးငြိမ်းသွားလျှင် အပြင်အိမ်ကမီးကို မဆောင်ယူ၍ မရနိုင်ပါ၊ ဆောင်ယူရမည်သာ ဖြစ်ပါသည်"

"သမီး. . . ယခု သူဌေးကြီး ပြောကြားသည့်အတိုင်း မှန်ပါသလော"

"ဖခင်တို့. . . သမီး၏ဖခင် မနေ့ဥယသူဌေးကြီးက ဤ ယခု ယောက္ခမသူဌေးကြီးပြောဆိုသည့် ပကတိမီးကို ရည်ရွယ်၍ ပြောသည် မဟုတ်ပါ၊ စင်စစ်သော်ကား ကျွန်ုပ် အလုပ်သမား တို့ကပြောဆိုအပ်သောအပြစ်ကို အိမ်နေအတွင်း လူများအား မပြောကြားသင့်ပါ၊ ပြောကြား၍ စကားကျယ်ပွားလာလျှင် ခိုက် ရန်ငြင်းခုံမှု ဖြစ်နိုင်ပါသည်၊ ဤအပြင်မီးကို ရည်စူး၍ သမီး၏ ဖခင်က ပြောဆိုမှာကြားလိုက်ခြင်း ဖြစ်ပါသည်"

ဖခင်တို့ ကျွန်မ၏ဖခင်က ဆက်လက်မှာကြားသော အချက်တို့ကို ဆက်လက်ရှင်းပြလိုပါသည်။

ပြန်ပေးသောသူတို့အားသာ ပေးရမည် ဟူသော အမှာ စကားရှိပါသည်၊ ယင်းမှာ မိမိအိမ်မှ ငှားရမ်းအပ်သော အသုံး အဆောင်ကို တဖန်ပြန်ပေးသော သူအားသာလျှင် နောက်ထပ် တစ်ဖန် ငှားရမ်းပေးကမ်းရမည် ဟူသော အဓိပ္ပာယ်ကို ရည်ရွယ် ၍ ပြောဆိုမှာကြားလိုက်ပါသည်။

တစ်ဖန်ပြန်မပေးသောသူတို့အား ပြန်မပေးရ ဟူသော အမှာစကားရှိပါသည်၊ ဤအမှာစကားမှာ မိမိအိမ်မှ ငှားရမ်းအပ် သော အသုံးအဆောင်ကို တစ်ဖန်ပြန်၍မပေးသောသူတို့အား နောက်ထပ်တစ်ဖန် မငှားရမ်းရ၊ မပေးကမ်းရ ဟူသော အဓိပ္ပာယ် ကိုရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။

တစ်ဖန် ပေးသော်လည်းကောင်း၊ မပေးသော်လည်း ကောင်း ပေးရမည် ဟူသော အမှာစကား ရှိပါသည်၊ ဤအမှာ

စကားမှာ ဆင်းရဲနွမ်းပါးသော ဆွေမျိုးမိတ်သင်္ဂဟများ မိမိတို့ထံ မှောက်ရောက်လာလျှင် တစ်ဖန်ပြန်၍ ပေးခြင်းငှာ စွမ်းနိုင်သည် ဖြစ်စေ၊ မစွမ်းနိုင်ကြသည်ဖြစ်စေ၊ ပေးကမ်းမှုသင့်လျော်သည် ဟူသော အဓိပ္ပာယ်ကိုရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။

တစ်ဖန် ချမ်းသာစွာနေထိုင်ရမည်ဟူသော အမှာစကား ရှိပါသည်၊ ဤအမှာစကားမှာ ယောက္ခမယောကျ်ား၊ ယောက္ခမ မိန်းမသူတို့ကိုမြင်လျှင် ကိုယ်က မတ်တတ်ထရမည့်နေရာ၌ ထိုင်နေရန် မသင့်လျော်၊ အလျင်လက်ဦး ကိုယ်က ထ,၍ အရို အသေပေးရမည် ဟူသော အဓိပ္ပာယ်ကို ရည်ရွယ်၍ ပြောဆို မှာကြားလိုက်ပါသည်။

တစ်ဖန် ချမ်းသာစွာစားရမည် ဟူသော အမှာစကားရှိ ပါသည်၊ ဤအမှာစကားမှာ ယောက္ခမ မိဘ၊ အရှင်သခင်လင်တို့ ၏အလျင်လက်ဦး ကိုယ်က မစားမူ၍ ထိုသူတို့ကို ပြုစုကျွေးမွေး ၍ အားလုံးတို့ ခဲဘွယ်၊ ဘောဇဉ်ရ-မရတို့ကို ကိုယ်တိုင်သိမြင်ပြီး နောက်မှ မိမိက စားသုံးမှ သင့်လျော်မည် ဟူသော အဓိပ္ပာယ် ကိုရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။

တစ်ဖန် ချမ်းသာစွာ အိပ်ရမည် ဟူသော အမှာစကား ရှိပါသည်၊ ဤအမှာစကားမှာ ယောက္ခမမိဘ၊ အရှင်သခင် လင် အရင်လက်ဦး ကိုယ်က အိပ်ရာသို့တက်၍ မအိပ်ရ၊ သူတို့အတွက် ပြုရန်သင့်လျော်သော ဝတ်ကြီးဝတ်ငယ်တို့ ပြုပြီးမှ မိမိက အိပ် စက်မှ သင့်လျော်မည် ဟူသော အဓိပ္ပာယ်ကို ရည်ရွယ်၍ ပြော ဆို မှာကြားလိုက်ပါသည်။

တစ်ဖန် မီးကိုရှိသေစွာ လုပ်ကျွေးရမည် ဟူသောအမှာ စကား ရှိပါသည်၊ ဤအမှာစကားမှာ ယောက္ခမမိဘ၊ အရှင်သခင် လင်တို့ကို မီးပုံကြီးကဲ့သို့လည်းကောင်း အောက်မေ့ပြုလုပ်ကာ ရိုသေစွာ ကြည့်ရှုမှ သင့်လျော်မည် ဟူသော အဓိပ္ပာယ်ကိုရည် ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။

ဝိသာခါက ဤသို့လျှင် မိမိ၏ဖခင်ကြီး မှာကြားလိုက် သောအချက်တို့ကို ရှင်းပြလိုက်သောအခါ မိဂါရသူဌေးက-

"လူကြီးမင်းတို့. . . ယခု ဝိသာခါ ရှင်းပြသော အချက် ကြီး(၈)ချက်ကို အပြစ်မဟုတ် ဂုဏ်ကျေးဇူးတို့ပင် ဖြစ်ကြသည် ထားပါဦး၊ ဝိသာခါချွေးမ၏ ဖခင်သည် အိမ်တွင်းနတ်ကို ရှိခိုးရန် စေခိုင်းလိုက်ပါမည်၊ ဤအချက်၏ အနက်အဓိပ္ပာယ်ကား အဘယ်နည်း"

"ချစ်သမီး. . . ထိုအဓိပ္ပာယ်ကို ရှင်းပြပေးလိုက်ပါဦး"

"ဖခင်တို့. . . သမီး၏ဖခင်သူဌေးကြီးက အိမ်တွင်းနတ် များကိုရှိခိုးရန် စေခိုင်းလိုက်သည်မှာ မှန်ပါ၏၊ ဤအိမ်တွင်းနတ်ကို ရှိခိုးရမည်ဆိုသည်မှာ အသီးအခြား အိမ်ရာကို စိုးအုပ်နေသော အချိန်ကစ၍ မိမိအိမ်တံခါးဝသို့ ကြွရောက်လာသော ရဟန်း တော်တို့ကို တွေ့မြင်ရလျှင် မိမိအိမ်မှာရှိသော ခဲဘွယ်၊ ဘောဇဉ် တို့ကို တတ်နိုင်သလောက် ရဟန်းသံဃာများအား လှူဒါန်းပြီး မှသာလျှင် မိမိစားသုံးရမည် ဟူသော အဓိပ္ပာယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်"

ဟု ဆက်လက်ရှင်းပြသည်။

ထိုအခါ အာမခံလူကြီးတို့က-

"သူဌေးကြီး. . . သင်အဖို့မှာကား ရဟန်းတော်တို့ကို မြင်ရလျှင် မပေးမကမ်း မလှူဒါန်းရခြင်းကိုသာ နှစ်သက်အပ်သည် ထင်ပါရဲ့"

ဟူ၍ မှတ်ချက်ချ ရှုတ်ချစကား ပြောကြားသောအခါ မိဂါရသူဌေးကြီးသည် အခြားချေပပြောဆိုရန် စကားကိုမတွေ့မမြင်ရတော့၍ မျက်နှာအောက်ချလျက်သာ ထိုင်နေလေသည်။

"သူဌေးကြီး. . . အသို့နည်း၊ ကျွန်ုပ်တို့၏သမီး အဖို့မှာ အခြားအကြောင်းကြောင့် အပြစ်မရှိသော ကျွန်ုပ်တို့၏သမီးကို အကြောင်းမရှိဘဲ အိမ်မှ ထွက်ခွာသွားရန် မသင့်လျော်ပါချေ၊ အမှန်မှာ သမီး ဤအိမ်သို့လိုက်ပါလာသောနေ့က သမီး၏အပြစ် ရှိ-မရှိ အရေးပေါ်ခဲ့သော် သုတ်သင်ရှင်းလင်းရန် သမီးဖခင် သူဌေးကြီးက ဖခင်တို့လက်၌ထည့်အပ်၍ ပေးလိုက်ပါသည်၊ ယခုမူ သမီးအပြစ်မရှိကြောင်း သုတ်သင်ရှင်းလင်း၍ ပြီးပြီဖြစ်၍ ယခုအခါ သမီးအဖို့ရာ ဤအိမ်မှသွားဖို့ရန် ချမ်းသာပါပြီ"

ဟု ပြောဆိုကာ ဝိသာခါသည် မိမိတိုက်ခန်းသို့ ပြန်လာကာ ကျွန်မိန်းမ၊ ကျွန်ယောကျ်ားတို့ကို ယာဉ်စသည်တို့ကို စီရင် ပြင်ဆင်မှုပြုကြလော့။ ဖခင်ရှိရာ သာကေတသို့ ပြန်မည် ဟု အမိန့်ပေးလေသည်။

ထိုခဏမှာပင် မိဂါရသူဌေးကြီးသည် အာမခံသူကြွယ် (၈)ဦးကိုခေါ်ယူပြီး ချွေးမ ဝိသာခါတိုက်ခန်းသို့ လိုက်လာကြကာ-

"သမီး. . . ငါသည် မသိ မဆင်ခြင်၍ ပြောမှားအပ်ခဲ့ပါပြီ၊ ငါ့အား သီးခံပါလော့"

ဟုတောင်းပန်စကား ပြောကြားလေသည်။

ထိုအခါ ဝိသာခါသည် မိမိ အခွင့်ကောင်းကြုံရပြီ ဟုစဉ်းစားမိကာ-

"အို. . . ဖခင်တို့အပေါ်မှာ သည်းခံသင့်သောအရာကို သမီး စောစီးစွာပင် သည်းခံပါ၏၊ သမီး အထူးတင်ပြပြောဆိုလိုသည်မှာ သမီးကား ဂေါတမဘုရားရှင်၏ သာသနာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားရှိသော အမျိုးသမီးဖြစ်ပါသည်။ သမီးသည် ရဟန်းသံဃာနှင့်ကင်းကွာ၍ နေထိုင်ရန် မဖြစ်နိုင်ပါ၊ အကယ်၍ သမီးအလိုကျအတိုင်း ရဟန်းသံဃာတို့ကို ပြုစုလုပ်ကျွေးခွင့်ရပါမူ သမီး ဤအိမ်၌ဆက်နေပါမည်၊ မရလျှင် မနေနိုင်ပါ"

ဟု အရေးဆိုစကား ပြောကြားလေသည်။ ထိုအခါ မိဂါရသူဌေးကြီးသည် စိတ်အလိုဆန္ဒ နှစ်သက်စွာဖြင့်ပင်-

"သင်ချစ်သမီးသည် အလိုရှိတိုင်း သမီး၏ရဟန်းသံဃာတို့ကို ပြုစုလုပ်ကျွေးပါလော့"

ဟုကြည်ကြည်ဖြူဖြူ ခွင့်ပြုစကား ပြောကြားလေသည်။

* * *

ဝိသာခါသည် ယောက္ခထံမှ သဘောတူခွင့်ပြုချက်ရသော အခါ တစ်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်အားလုံးကို နံနက်ဆွမ်းအလှူခံရန် ပင့်ဖိတ်သည်။

နောက်တစ်နေ့၌ သူဌေးကြီး အိမ်အပြည့် ဘုရားအမှူး ရှိသော သံဃာတော်တို့ကို သီတင်းသုံး ထိုင်စေသည်။

အဝတ်မဝတ်သော တက္ကတွန်းတို့သည် မိမိတို့ဒါယကာ သူဌေး မိဂါရအိမ်သို့ ရဟန်းဂေါတမနှင့် သံဃာတော်များကြွ ရောက်သည်ဟု သတင်းကြားကြ၍ သူဌေးအိမ်သို့လာကြကာ အိမ်ကိုဝန်းရံကာ ထိုင်ကြသည်၊ မိဂါရသူဌေးသည် မိမိ၏ ဆရာသခင် ဖြစ်သော တက္ကတွန်းတို့ကို သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး နှစ် သိမ့်သည်။

ဝိသာခါသည် လှူဖွယ်ဝတ္ထုတို့ကို ရေစက်သွန်းချလှူဒါန်း ပြီးသောအခါ ယောက္ခမသူဌေးကြီးထံသို့-

"ပူဇော်ဖွယ်မှုအစုစု အားလုံးစီမံ၍ ပြီးပါပြီ၊ သမီး၏ ယောက္ခမ မိဘကြီးသည် လာရောက်၍ မြတ်စွာဘုရားကို ကိုယ် တိုင်ကိုယ်ကျ ပြုစုလုပ်ကျွေးစေချင်ပါသည်"

ဟုသတင်းစကားပို့သည်။

ဆရာတက္ကတွန်းတို့က ဂေါတမဘုရားထံသို့မသွားရောက် ရန်တားမြစ်ကြသဖြင့် တက္ကတွန်းဆရာတို့၏စကားကို လိုက်နာ၍

"ငါ့သမီးဘဲ ဘုရားကို ပြုစုလုပ်ကျွေးပါတော့"
ဟုတိမ်းရှောင်စကား ပြန်ကြားလိုက်လေသည်။

ဝိသာခါသည် ထူးထွေစုံစွာ များမြတ်သော အရသာတို့ဖြင့် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေး၍ ဆွမ်းကိစ္စပြီးဆုံးလတ်သော် တစ်ဖန်ထပ်၍ ယောက္ခမမိဂါရသူဌေးထံသို့-

ဆွမ်းကိစ္စလှူခြင်းကိစ္စ ပြီးပါပြီ၊ သမီးယောက္ခမ မိဂါရသူဌေးကြီးသည် လာရောက်၍ တရားစကားကို နာကြားစေချင်ပါသည်"
ဟုသတင်းစကား ထပ်မံပို့စေပြန်ပါသည်။

ထိုအခါ မိဂါရသူဌေးသည် ရှေးကုသိုလ်ကံက ဆောင်ဖန်ရပ်တိုက်တွန်းမှုအပ်ပြီးဖြစ်ရကား -

"ငါအဖို့ရာ ယခု မသွားရောက်ခြင်းသည်မည်သည်အလွန်လျှင် အကြောင်းမဟုတ်စွာတကား"
ဟုစဉ်းစားဆင်ခြင်မိပြီး တရားနာယူလိုသော ဆန္ဒပြင်းပြစွာ ဖြစ်လာသည်၊ မိမိ၏ဆရာ တက္ကတွန်းတို့ကို တောင်းပန်ပြီး ဘုရားထံသို့ သွားရန်စီမံသည်။

"သူဌေးကြီး. . . ရဟန်းဂေါတမ၏ တရားကိုနာကြားလျှင် တင်းတိမ် ကန့်လန့်ကာ၏ အပြင်ဘက်၌ထိုင်နေ၍ နာကြားပါလေလော့"
ဟု တက္ကတွန်းဆရာတို့က အကြံပေးစကား ပြောကြားသည်။

သူဌေးကြီးသည် မိမိ၏ဆရာတို့၏ အလိုဆန္ဒအတိုင်း မိမိ၏လူများကို ရှေးဦးစွာသွားနှင့်စေပြီး တင်းတိမ် ကန့်လန့်ကာဖြင့် ဝိုင်းရံကာစေသည်။

"သင်မိဂါရသူဌေးကား တင်းတိမ်ကန့်လန့်ကာ အပြင်ဘက်၌ နေလိုမူလည်း နေပါစေ၊ နံရံတစ်ဘက် သို့မဟုတ် တောင်တစ်ဘက် သို့မဟုတ် စကြာဝဠာတိုက်တစ်ဘက်၌ နေထိုင်လိုမူလည်း နေပါစေ၊ ငါက ဘုရားစစ်စစ်ဖြစ်ချေသည်၊ မည်မျှပင် ခရီးဝေးကွာနေစေကာမူ သင့်ကို ငါဘုရား၏ အသံတော်ကို ကြားစေခြင်းငှာ စွမ်းနိုင်ပေ၏"

ဟုဘုရားရှင်က မိန့်တော်မူသည့်ပမာ ရွှေရောင်အဆင်း မှည့်ဝင်းသောအသီးရှိသော သရက်ပင်ကြီးကို ပင်စည်မှဆွဲကိုင်၍ လှုပ်လိုက်သကဲ့သို့ မိဂါရသူဌေးအား ဒါနကထာ,သီလကထာ, မဂ္ဂကထာ,အစရှိသော မင်္ဂဖိုလ်ရကြောင်း တရားစကားကို ဟောကြားတော်မူလေသည်။

ဗုဒ္ဓ၏တရားဒေသနာတော်အဆုံး၌ မိဂါရသူဌေးကြီးသည် သောတာပတ္တိဖိုလ်၌တည်၍ တင်းတိမ် ကန့်လန့်ကာကို မ,ချီပြီးလျှင် မြတ်စွာဘုရားရှင်၏ ခြေတော်တို့ကို ထိခြင်းငါးပါးဖြင့် ရှိသေမြတ်နိုးစွာ ရှိခိုးလျက် ဘုရားရှင်၏မျက်မှောက်မှာပင်-

"ချစ်သမီး. . . သင်ချစ်သမီးသည် ယနေ့မှစ၍ ငါ၏ မိခင်ပါပေတည်း"
ဟုဝမ်းမြောက်စကား ပြောကြားကာ ချွေးမဝိသာခါကို မိမိ၏မိခင် အရာ၌ ထားလေသည်။

ထိုအချိန်မှစ၍ ဝိသာခါကို မိဂါရမာတာ မိဂါရသူဌေး၏ မယ်တော် ဟူ၍ ခေါ်ဝေါ်ကြလေသည်။

ထို့နောက် မိဂါရသူဌေးကြီးသည် ဗုဒ္ဓအနီးသို့ကပ်ရောက် သွားပြီး ခြေတော်တို့ကို လက်ဖြင့်ဆုပ်နယ်လျက် ခံတွင်းဖြင့် စုပ်လျက်-

"မြတ်စွာဘုရား. . . တပည့်တော်သည် မိဂါရ ဖြစ်ပါသည် ဘုရား"
ဟုသုံးကြိမ် မိမိ၏ အမည်ကို ထုတ်ဖော်လျှောက်ထားသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . တပည့်တော် သည် ဤလွန်ခဲ့ပြီးသော ကာလပတ်လုံး အဘယ်မည်သော အလှူခံပုဂ္ဂိုလ်၌ လှူအပ်သောအလှူသည် အကျိုးမြတ်သည်ကို မသိခဲ့ပါ၊ ယခုအခါ တပည့်တော်သည် ချွေးမငယ် ဝိသာခါကို အမှီပြု၍ သိအပ်ပါပြီ၊ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ် မြောက်ရပါပြီ၊ တပည့်တော်၏ ဤအိမ်သို့ ချွေးမဝိသာခါ လာ ရောက်သည်မှာ တပည့်တော်၏ အကျိုးစီးပွားချမ်းသာ ဖြစ်ဖို့ရန် လာရောက်ခဲ့ပါပြီ"
ဟုလျှောက်ထားလေသည်။

ဝိသာခါသည် နောက်နေ့အတွက်လည်း ဘုရားရှင်ကို ဆက်လက်ပင့်ဖိတ်ပြန်လေသည်။

နောက်နေ့ ဆွမ်းကျွေးတရားဟောကြားအပြီးတွင် ဝိသာခါ၏ယောက္ခမ မိန်းမ မိခင်သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။

ထိုအချိန်မှစ၍ မိဂါရသူဌေးကြီး၏အိမ်သည် မြတ်စွာဘုရား သာသနာအတွက် တံခါးဟင်းလင်းဖွင့်ပြီးသား ဖြစ်သွားလေသည်။

ထို့နောက် မိဂါရသူဌေးကြီးသည်--အော်-ငါ့ချွေးမကား ငါတို့မိသားစုအပေါ်ဝယ် ဥပကာရကျေးဇူး အထူးများပြားလှဘိ၏၊ ထိုချွေးမလိမ္မာအတွက် ငါသည် ကြည်ညိုသူတို့ ပြုမြဲအမှု အမူအရာကို ပြုပေတော့အံ့၊ ငါ့ချွေးမအလိမ္မာသည် ဝန်လေးလှစွာသော မဟာလတာ တန်ဆာကြီးကို အမြဲဝတ်ဆင်ထားခြင်းငှာ မတတ်နိုင် နေ့နေ့ညည ကြိယာပုတ် လေးပါးတို့၌ ဆင်ယင်နိုင်ကြမည့် အဆင်တန်ဆာကို ငါပြုပေးအံ့”

ဟုကြံစည်ဆင်ခြင်ပြီးလျှင် အဖိုးတစ်သိန်းထိုက်သော တစ်ခဲနက်ပြေပြစ်သော (ဃနမဋ္ဌက)အဆင်တန်ဆာကို ပြုလုပ်စေပြီးနောက် ထိုအဆင်တန်ဆာပြီးလတ်သော် ဘုရားအမျူးရှိသော သံဃာတော်များ ပင့်ဖိတ်ဆွမ်းကပ်ပြီး ချွေးမဝိသာခါကို နံ့သာရေအိုး(၁၆)လုံး

ဖြင့် ရေမိုးချိုးစေပြီး ဘုရားရှင်ရှေ့မှောက်၌ တန်ဆာဆင်ပေးကာ ဘုရားရှင်ကို ရှိခိုးစေသည်။

ထို့နောက် မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာပြုပြီး ပြန်ကြွလေသည်။

(ဝိသာခါ အကြောင်းစုံ-ဝိသာခါဝတ္ထု၌ လေ့လာဖတ်ပါ)

(ဓမ္မပဒ အဋ္ဌကထာ အင်္ဂုတ္တရ အဋ္ဌကထာ ဝိသာခါဝတ္ထု။)

## ဂေါတမဗုဒ္ဓနှင့် ယောသကသူဌေးကြီး

### (အကြိမ်ကြိမ် အသတ်ခံရပေမဲ့ မသေဘဲ သူဌေးကြီးဖြစ်လာရမှု)

ဗုဒ္ဓဂေါတမ မပေါ်ထွန်းသေးသော အချိန်ဝယ် ဥတေန မင်းအုပ်ချုပ်သော ကောသမ္ဗီပြည်၌ နာမည်ကျော်ကြား ထင်ရှားလှသော ယောသကသူဌေး ကုက္ကုဋသူဌေး ပါဝါရိကသူဌေး၊ ဟူ၍ သူငယ်ချင်း(၃)ဦး ရှိကြသည်။

ဘုရားမပွင့်သေးချိန်ဖြစ်၍ သူတို့(၃)ဦးသည် ရသေ့(၅၀၀)တို့ကို ပြုစုလုပ်ကျွေး လှူဒါန်းကြသည်။

ရသေ့တို့သည် မိုးလေးလကာလပတ်လုံး ထိုသူဌေး(၃)ဦးတို့ထံ၌ နေကြ၍ ဆောင်းလ၊နွေလများရောက်မှ ဟိမဝန္တာတောသို့ ပြန်ကြလေ့ရှိသည်။

ဤသို့နှစ်ပေါင်း အတော်ကြာအောင် နေလာခဲ့ကြရာ တစ်နေ့သောအချိန်တွင် ရသေ့(၅၀၀)တို့သည် ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့ အစဉ်လာကြစဉ်တွင် လမ်းခရီး၌ ရေဆာလောင်မွတ်သိပ်ကြသဖြင့် ကန္တာရ၏အဆုံး၌ ပညောင်ပင်ကြီး တစ်ပင်ကို တွေ့မြင်ကြ၍-

"ဤညောင်ပင်ကြီး၏ အခြေအနေကိုတွေ့မြင်ရသည်မှာ စေကန်ပင် ဤညောင်ပင်၌ တန်ခိုးကြီးမားသော ရုက္ခစိုးနတ် ရှိလိမ့်

မည်၊ ထိုညောင်စောင့်နတ်သည် ငါတို့အား သောက်ရေသုံးရေကို ပေးပါမူ ကောင်းလေစွ”
ဟုကြံစည်အောက်မေ့မိကြသည်။

ညောင်စောင့်နတ်မင်းသည် ရသေ့တို့၏ စိတ်အကြံကို သိရှိပြီး-

“ဤရသေ့တို့အား ချီးမြှောက်မှုပြုအံ့”
ဟုကြံစည်ပြီးလျှင် မိမိ၏အာနုဘော်ဖြင့် ညောင်ပင်ခွကြားမှထမ်းပိုး ဦးပမာဏရှိသော ရေအယာဉ်ကို ယိုစီးစေလေသည်။

ရသေ့များသည် ငွေတုံးကြီးနှင့် တူသောရေကုံးကို တွေ့မြင်ကြပြီး မိမိတို့၏ခွက်များဖြင့် ရေကိုခံယူသုံးဆောင်ကြသည်။

“ညောင်စောင့်နတ်သည် ငါတို့အားသုံးစွဲရန် ရေကိုပေးလေပြီ ဤအရပ်ကားရွာနှင့် မနီးသောတောကြီးဖြစ်၏၊ ညောင်စောင့်နတ်သည် ငါတို့အား အကယ်၍ အစာအာဟာရကို ပေးလှူပါမူ ကောင်းလေစွ”
ဟုကြံစည်ကြသည်။

ညောင်စောင့်နတ်သည် ရသေ့တို့အား ထိုက်တန်လျောက်ပတ်သော နတ်ယာဂု၊ ခဲဖွယ်စသည်တို့ကို လှူဒါန်းဆက်ကပ်လေသည်။

"ညောင်စောင့်နတ်ကား ငါတို့အား သုံးစွဲရန်ရေနှင့် ဘောဇဉ်ကို လှူအပ်လေပြီ၊ ငါတို့အား ညောင်စောင့်နတ်သည် ကိုယ်ထင်ပြမူ ကောင်းလေစွ"

ဟူ၍ ကြံစည်ကြပြန်သည်။

ညောင်စောင့်နတ်သည် ရသေ့တို့၏ အလိုဆန္ဒကိုသိ၍ ကိုယ်ဝက်(အထက်ပိုင်း) ကိုပြလေသည်။

"အို-နတ်. . . သင်၏စည်းစိမ်ကား ကြီးကျယ်လှဘိ၏၊ အဘယ်ကောင်းမှု အသင်ပြု၍ ဤစည်းစိမ်ကို ရအပ်သနည်း"

"အရှင်တို့. . . တပည့်တော်သည် မကြီးမကျယ် အနည်းငယ်သော ကောင်းမှုကိုပြု၍ ဤစည်းစိမ်ကို ရအပ်ပါသည်"

ဟု လျှောက်ထားသည်။

ညောင်စောင့်နတ်သည် လူ့ပြည်တုန်းက နေ့တဝက်မျှ ဥပုသ်စောင့်သုံးခဲ့သော ကောင်းမှုကိုပြု၍ ဤစည်းစိမ်ကို ရအပ်ပါသည်။

ဤညောင်စောင့်နတ်ကား ရှေးဘဝက အနာထပိဏ် သူဌေးအိမ်၌ အလုပ်သမားတစ်ယောက် ဖြစ်ခဲ့လေသည်၊ သူဌေးအိမ်၌ ဥပုသ်နေ့များဝယ် အသုတ်သဖြင့် ကျွန်များ၊ အလုပ်သမားများကို အစပြု၍ လူအားလုံးပင် ဥပုသ်စောင့်သုံးကြလေသည်။

ဤအလုပ်သမားများသည် တစ်နေ့သောဥပုသ်နေ့၌ တစ်ယောက်တည်းစောစောထ၍ အလုပ်,လုပ်ရာဌာနသို့ သွားရောက်လုပ်ကိုင်လေသည်။

အနာထပိဏ်သူဌေးကြီးသည် စားနပ်ရိက္ခာကို ရရှိသောသူများကို မှတ်သား စာရင်းကောက်ယူသည်ရှိသော် ထိုအလုပ်သမားတစ်ယောက်တည်းသာ တောသို့သွားကြောင်းသိရ၍ ထိုအလုပ်သမား၏ညစာအတွက် စားနပ်ရိက္ခာကို ပေးလေသည်။

ထမင်းချက်သောကျွန်မသည် တစ်ယောက်စာသာထမင်းချက်၍ ထိုအလုပ်သမား တောမှပြန်လာသောအခါ ထမင်းခူး၍ ပေးလေသည်။

အခြားနေ့များ၌ ဤထမင်းစားချိန်၌ တစ်အိမ်လုံး ဆူညံလျက်ရှိ၏၊ ယနေ့မှ အလွန်ပင် တိတ်ဆိတ်လျက်ရှိ၏၊ ဤသို့ဖြစ်ရခြင်းအကြောင်းကား အသို့နည်း-
ဟု အလုပ်သမားသည် စဉ်းစားမိပြီး ထမင်းချက် ကျွန်မကို မေးလေသည်။

"ယနေ့ဤအိမ်၌ လူအားလုံးပင် ဥပုသ်စောင့်သုံးကြသည်၊ သူဌေးကြီးသည် အမောင်တစ်ယောက်အတွက်သာ စားနပ်ရိက္ခာကိုပေးပါသည်"

"အမိ. . . ဤစကားသည် အမှန်ပါလော"

"ဟုတ်ပါသည်. . . အရှင်"

"ယခု ညနေချမ်းအချိန်၌ ဥပုသ်စောင့်တည်လိုသူအဖို့ ဥပုသ်ဆောက်တည်မှု မဖြစ်နိုင်သေးပါ အမိ"

ဟု တိုက်တွန်းစကားပြောကြားလေသည်။

ထမင်းချက် ကျွန်မက သွားရောက်မေးသောအခါ-

"တစ်ရက်လုံး ဥပုသ်စောင့်မှုတော့ မဖြစ်နိုင်၊ နေ့ဝက် ဥပုသ်စောင့်မှုမှ ဖြစ်နိုင်ပါသည်၊ နေ့ဝက်ဥပုသ်စောင့်သုံးခြင်းသည် လည်း ဥပုသ်စောင့်သည် မည်ပါ၏"

ဟု သူဌေးကြီးက အဖြေပေးလိုက်သည်။

အလုပ်သမားသည် သူဌေးကြီး၏အဖြေစကားကို ထမင်းချက် ကျွန်မထံမှ ကြားရလျှင် မိမိအတွက် ထမင်းကိုမစားတော့ဘဲ ပလုပ်ကျင်း၍ ဥပုသ်အင်္ဂါများကို ဆောက်တည်ခံယူပြီး မိမိနေရာ၌ လဲလျောင်းအိပ်လေသည်။

အလုပ်သမား၏ ကိုယ်ခန္ဓာဝယ် အစာအာဟာရ လုံးဝ မရှိသဖြင့် ညဉ့်အခါ လေနာနှိပ်စက်၍ နံနက်မိုးသောက်သော် သေလွန်၍ နေ့ဝက်ဥပုသ်စောင့်သော ကုသိုလ်ကြောင့် လမ်းမကြီး မနီး တောအုပ်ကြီးအဝဝယ် ညောင်ပင်စောင့် ရုက္ခစိုးနတ်ဖြစ်ရလေသည်။

* * *

ညောင်ပင်စောင့်နတ်မင်းသည် မိမိဘဝအကြောင်းစုံကို ပြန်ပြောပြီးသော်-

"ညောင်စောင့်နတ်မင်းသည် ငါတို့ကို ဘုရား-တရား-သံဃာ ဟူသော ရှေးက ကြားဖူးသောစကားကို ပြောကြားအပ်ကုန်ပြီ လောကသည် မြတ်စွာဘုရားဆိုသည် ပွင့်ထွန်းပေါ်နေပါပြီလော"

ဟုရသေ့တို့က မေးကြသည်။

ညောင်ပင်စောင့်နတ်က လောက၌ ဘုရားရှင်ပေါ်ထွန်းနေပြီဖြစ်ကြောင်း လျှောက်ထားပြသည်။

"ယခုအခါ ထိုဘုရားသည် အဘယ်အရပ်မှာ ရှိနေပါသနည်း"

"သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေပါသည်"

"အသင် ညောင်စောင့်နတ်မင်း. . . ငါတို့သည် မြတ်စွာဘုရားထံသို့ သွားကြပါတော့အံ့"

ဟုပြောဆိုကာ ဝမ်းမြောက်ဝမ်းသာ ထိုတောအုပ်မှထွက်၍ ကောသမ္ဘီပြည်ဘက်သို့ ခရီးစဉ်အတိုင်း ထွက်ခဲ့ကြသည်။

ကောသမ္ဘီပြည်ဘက်သို့ ရောက်လတ်သော် သူဌေးကြီးသူငယ်ချင်း(၃)ယောက်တို့သည် ရသေ့များကြွလာပြီ ဟူသတင်း

ကြားသဖြင့် ခရီးဦးကြိုဆိုကာ နောက်နေ့ဆွမ်းအတွက် ပင့်ဖိတ်ကြပြီး နောက်နေ့ဆွမ်းအလှူကို ပြုကြလေသည်။

ရသေ့တို့သည် ဆွမ်းစားပြီးကြသော်-

"ငါတို့သည် ခရီးဆက်လက်ထွက်ခွာကြပါမည်"

ဟုပန်ကြား ပြောကြားသည်။

"အရှင်တို့သည် ရှေးအခါကကြွလာလျှင် တစ်လ-နှစ်လ-သုံးလ-လေးလ နေထိုင်ပြီးမှ အခြားသို့ကြွလေ့ရှိပါသည်။ ယခုမှ ယမန်နေ့က ရောက်လာသည်၊ ယခုပင် သွားတော့မည် ဟု မိန့်ကြားတော်မူကုန်၏၊ အကြောင်းကား အဘယ်ပါနည်းဘုရား"

"သူဌေးတို့. . . ဤလောက၌ ဘုရားရှင်သည် ပွင့်ထွန်းပေါ်လာခဲ့ပေပြီ၊ အသက်အန္တရာယ်ကို မသိနိုင်ပါ၊ ငါတို့သည် ဘုရားရှင်ထံသို့ အဆောတလျင် သွားလိုကြပါသည်"

"အရှင်ဘုရားတို့ ထိုသို့ဘုရားပွင့်တော်မူသည် မှန်ပါလျှင် တပည့်တော်တို့လည်း လိုက်ပါမည်၊ တပည့်တော်တို့နှင့်အတူ တကွသာလျှင် ကြွတော်မူပါ"

"ဒကာတို့. . . သင်တို့ လူတို့မည်သည် အလုပ်ကိစ္စ အလွန်ရှုပ်ထွေးများပြားလှ၏၊ သင်တို့သည် နေရစ်ခဲ့ကြဦး၊ နောက်မှ တဖြည်းဖြည်း လိုက်ခဲ့ကြပါ၊ ငါတို့သာလျှင် အရင်သွားနှင့်ဦးပါမည်"

ဟုပြောဆိုကြပြီး တစ်နေရာ တစ်နေရာ၌နှစ်ရက်မနေကြဘဲ အဆောတလျင်သွားခြင်းဖြင့် သာဝတ္ထိပြည်သို့ရောက်ကြပြီး ဘုရားရှင်ကို ဖူးတွေ့ကြကာ ရဟန်းပြုကြပြီး မကြာခင် အရဟတ္တဖိုလ်ဆိုက်ရောက်ကြလေသည်။

* * *

သူဌေးသုံးဦးသည် ရသေ့များ သွားပြီးနောက် လှည်းအစီး(၅၀၀)စီ လှူဖွယ်ဝတ္ထုအပြည့်ထည့်ပြီး ကောသမ္ဗီမှ သာဝတ္ထိပြည်သို့ ထွက်ခဲ့ကြသည်။

သာဝတ္ထိပြည်သို့ရောက်သော် ဇေတဝန်ကျောင်းအနီး၌ လှည်းဝန်းဖွဲ့ကာ ယာယီမဏ္ဍပ်များ ဆောက်လုပ်ကြပြီး ဘုရားရှင်ထံသို့ သွားရောက်ဖူးတွေ့ကြသည်။

ဘုရားရှင်သည် ထိုသူဌေး(၃)ဦး၏ စရိုက်နှင့်လျော်ညီသော တရားဒေသနာတော်ကို ဟောကြားပေးတော်မူရာ ဒေသနာတော်၏အဆုံးဝယ် သူဌေး(၃)ဦးစလုံးပင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

သူဌေး(၃)ဦးသည် နောက်တစ်နေ့ဝယ် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ပြီးကြီးစွာသော အလှူကိုပြုကြသည်၊ ထို့နောက် (၁၅)ရက်ကြာ ယာယီမဏ္ဍပ်၌ ဆက်လက်၍ ဆွမ်းဆက်ကပ် အလှူဒါနပြုကြသည်။

ထို့နောက် ကောသမ္ဗီပြည်သို့ ဘုရားရှင် ကြွရောက်ရန် ပင့်လျှောက်ကြပြီး ဘုရားရှင်က လက်ခံသောအခါ ကောသမ္ဗီပြည်သို့ ပြန်လာကြပြီး မိမိတို့ပိုင်ဥယျာဉ်များ၌ ကျောင်းအသီးသီး ဆောက်လုပ်ကြသည်။

-ဃောသကသူဌေးကြီး ဆောက်လုပ်သော ကျောင်းသည် ဃောသိတာရုံကျောင်းတိုက် အမည်တွင်သည်။

-ကုက္ကုဋသူဌေး ဆောက်လုပ်သောကျောင်းသည် ကုက္ကုဋာရုံကျောင်းတိုက် အမည်တွင်သည်။

-ပါဝါရိကသူဌေး၏ မိမိသရက်ဥယျာဉ်၌ ဆောက်လုပ်သော ကျောင်းတိုက်အမည်ကား ပါဝါရိက ကမ္ဗဝန ကျောင်းတိုက်အမည်တွင်သည်။

သူဌေးကြီး(၃)ဦးသည် ကျောင်းတိုက်ကြီးများ ဆောက်လုပ်ပြီးသောအခါ ဘုရားရှင်အား ခရီးမြှောက်ပေးရန် လျှောက်ထား ပင့်စေသည်။

ဘုရားရှင်သည် ကောသမ္ဗီပြည်သို့ ကြွရင်း ကုရုတိုင်း၌ မာဂဏ္ဍိ ပုဏ္ဏားကြီး လင်မယား အရဟတ္တဖိုလ် ရနိုင်ကြောင်း ဥပနိဿယကို သိတော်မူ၍ ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးသို့ သွားရောက်ပြီးလျှင် မာဂဏ္ဍိပုဏ္ဏား လင်မယားတို့အား အနာဂါမ်တည် အောင် ဆောင်ရွက်ပြီးမှ အစဉ်သဖြင့် ခရီးဆက်ခဲ့ရာ ကောသမ္ဗီ

ပြည်သို့ ရောက်ရှိပြီး သူဌေးကြီး(၃)ဦး၏ ကျောင်းတိုက်ကြီး(၃)ခု ကို စတုဒ္ဒိသသံဃာအတွက် အလှူခံပြီး ကောသမ္ဗီပြည်၌ ဝါကပ်တော်မူသည်။

ဘုရားရှင်သည် သူဌေးကြီး(၃)ဦး၏ ကျောင်းတိုက်ကြီးဝယ် အလှည့်ကျသီတင်းသုံးပြီး သူဌေးကြီး(၃)ဦး၏ ဆွမ်းကိုလည်း အလှည့်ကျ အလှူခံတော်မူသည်။

"ဘုရားရှင်တို့မည်သည် အလုံးစုံသော လူအပေါင်းကို သနားစောင့်ရှောက် ချီးမြှောက်တော်မူကြရန် ပွင့်ထွန်းတော်မူခြင်း ဖြစ်သည်၊ အခြားလူများအားလည်း ကုသိုလ်ကောင်းမှုပြုလုပ်ရန် အခွင့်ပေးကြကုန်အံ့"

ဟု သူဌေးကြီး(၃)ဦး၌ အကြံအစည်ဖြစ်ပြီး ကောသမ္ဗီပြည်သူပြည်သားတို့အားလည်း ကုသိုလ်ကောင်းမှု ပြုလုပ်ကြစေရန် အခွင့်ပေးကြသည်။

ထိုအချိန်မှစ၍ မြို့သူမြို့သားတို့သည် ရပ်ကွက်အလိုက် လမ်းအလိုက် အသင်းဖွဲ့အလိုက် ဘုရားအမှူးရှိသော သံဃာတော်များကို ကြီးစွာသောအလှူကို ပေးလှူကြလေသည်။

* * *

ထိုကောသမ္ဗီ သူဌေးကြီး(၃)ဦးအနက် ဃောသကသူဌေးကြီး၏ ဘဝသည်ကား-

ကောသမ္ဗီပြည်ဝယ် ဥတေနမအင်း နန်းစံနေချိန်ကာလဖြစ်သည်။ ပြည့်တန်ဆာမတစ်ယောက်သည် သားတစ်ယောက်မွေးဖွားရာ မိခင်ပြည့်တန်ဆာမသည် မိမိမွေးဖွားသော ကလေးသားမှန်းသိ၍ မိမိလုပ်ငန်းအတွက် အနှောက်မယှက် ဖြစ်မည်ဟုစဉ်းစား၍ ထိုကလေးကို အမှိုက်ပုံ၌သွားရောက်စွန့်ပစ်သည်။

ထိုအခါ ကောသမ္ဗီသူဌေးကြီး၏ အလုပ်သမားမှူးတစ်ဦးသည် နံနက်စောစော သူဌေးအိမ်သို့ သွားလတ်သော် ကျီးများဝိုင်းအုံ အော်ဟစ်နေသော ထိုကလေးကို မြင်တွေ့၍-

"ဤကလေးက ဘုန်းရှင် ကံရှင် ဖြစ်လိမ့်မည်"

ဟုစဉ်းစား ဆင်ခြင်ကာ အခြားမိမိတို့ တပည့်အား ကလေးကိုအိမ်သို့ ပို့စေသည်။

ကောသမ္ဗီသူဌေးကြီးသည် မင်းထံခ,စားရန် အချိန်တန်၍နန်းတော်သို့သွားလေသော် လမ်းခရီးအကြား၌ မင်းပုရောဟိတ်ကိုတွေ့မြင်၍-

"ဆရာ. . . ယနေ့ နက္ခတ်အနေအသွား အဘယ်သို့ရှိပါသနည်း"

ဟုမေးသည်။

မင်းပုရောဟိတ်သည် ထိုနေရာ၌ ရပ်လျက် နက္ခတ်အသွားအလာကို စစ်ဆေးတွက်ချက်ကြည့်သည်။

"သူဌေးကြီး. . . ယနေ့ ဤမည်သော နက္ခတ်ဖြစ်သည်၊ ယနေ့ဤမည်သော နက္ခတ်နှင့်ယှဉ်လျက် မွေးဖွားလာသောသူငယ်သည် ဤကောသမ္ဗီပြည်၌ သူဌေးကြီးရာထူးကို ရလိမ့်မည်" ဟူ၍ ဟောကြားချက်ပေးသည်။

သူဌေးကြီးသည် ပုရောဟိတ်၏ ဟောကြားချက်ကို ကြားသိရသော် မိမိ၏အခြံအရံများကို-

"အမောင်တို့. . . ဤပုရောဟိတ် ဆရာကြီး၏ဟောကြားချက်သည် နှစ်မျိုးဟူ၍ ဘယ်အခါမှမရှိ။ ငါ၏အိမ်ရှင်သူဌေးကတော်သည်လည်း လေးလံသော ကိုယ်ဝန်ရှိသူဖြစ်လေသည်၊ အမောင်တို့ သွားရောက်၍ တို့အိမ်ရှင်မ သားဖွား-မဖွား သွားရောက်စုံစမ်းကြကုန်လော့"

ဟုအိမ်သို့ အမြန်စေလွှတ်လေသည်။

အခြံအရံများသည် အိမ်သို့သွား၍ စုံစမ်းကြသော် သူဌေးကတော်ကြီး မမွေးဖွားသေးကြောင်းသိရပြီး သူဌေးကြီးထံသို့ သူဌေးကတော်ကြီး မမွေးဖွားသေးကြောင်း ပြန်ပြောလေသည်။

"အမောင်တို့. . . ထိုသို့ဖြစ်လျှင် ဤမြို့၌ ယနေ့မွေးဖွားသောကလေးကို စုံစမ်းရှာဖွေကြလော့"

ဟုစေခိုင်းပြန်သည်။

သူဌေးကြီး၏ အခြံအရံတို့သည် ယနေ့မွေးဖွားသော ကလေးကို စုံစမ်းရှာဖွေကြရာ အလုပ်သမားမှူး၏ အိမ်၌ ထို သူငယ်ကိုတွေ့မြင်ကြ၍ သူဌေးကြီးအား ပြန်ကြားပြောဆို သတင်း ပို့ကြလေသည်။

ထိုအခါ သူဌေးကြီးသည် မိမိ၏အခြံအရံများကို ထိုအ လုပ်သမားမှူးကို အိမ်သို့ခေါ်လာစေရန် စေခိုင်းသည်၊ အလုပ် သမားမှူး ရောက်လာသောအခါ -

"အမောင်အိမ်၌ ယနေ့မွေးဖွားသောကလေး ရှိသည်ဆို သည်မှာ မှန်ပါသလော"

ဟုမေးသည်။

"အရှင်. . . သူဌေးမင်း မှန်ပါသည်"

ဟုဝန်ခံပြီး ကလေးရရှိပုံ အကြောင်းစုံကို သူဌေးကြီးကမေး၍ အလုပ်သမားမှူးကလည်း ကလေးရပုံ အကြောင်းစုံကို ပြောပြ သည်။

"အမောင်. . . ထိုသို့ဆိုလျှင် ဤကလေးကို ငါ့အားပေးပါ လော့"

"အရှင် သူဌေးမင်း. . . မပေးနိုင်ပါ"

"အမောင်. . . ငွေတစ်ထောင်ကိုယူ၍ ဤကလေးကို ငါ့အားသာပေးပါ"

ထိုအခါ အလုပ်သမားမှူးသည်-

"ဤကလေးသည် အသက်ရှင်ချင်လည်း ရှင်မည်၊ သေလျှင်လည်း သေမည်၊ သေမည် ရှင်မည်ကို သိရန်ခဲယဉ်း၏" ဟုကြံစည်မိပြီး ငွေတစ်ထောင်ကို လက်ခံယူပြီး ကလေးကို သူဌေးကြီးအား ပေးလိုက်လေသည်။

ကလေး၏အသံသည် စူးရှပြီး ကျယ်လောင်သောကြောင့် 'ဃောသက'ဟူ၍ အမည်ပေးထားလေသည်။

"ငါ၏သူဌေးကတော်ကြီးသည် အကယ်၍သမီးမွေးလျှင် ဤသူငယ်ကို သားပြုကာ မွေးမြူမည်၊ အကယ်၍ သားယောကျ်ားကိုမွေးဖွားလျှင် ဤသူငယ်ကို သတ်ပစ်မည်" ဟုကြံစည်ကာ မိမိအိမ်၌ ထိုသူငယ်ကို ကျွေးမွေးထားသည်။

နှစ်ရက်၊ သုံးရက်လွန်မြောက်သော် သူဌေးကတော်ကြီးသည် သားယောကျ်ားလေးကို မွေးဖွားလေသည်။

သူဌေးကတော်ကြီးမှ သားယောကျ်ား မွေးသည်ဟု သတင်းကိုကြားသိလတ်သော် သူဌေးကြီးသည် ပြည့်တန်ဆာမသားကို ကလေးကို သတ်ပစ်ရန် စီစဉ်သည်။

အထိန်းတော်မကို ကလေးကို နွားခြံဝ၌ တိတ်တဆိတ်သွားရောက်ပစ်ထားခိုင်းပြီး အခြေအနေစောင့်ကြည့်ခိုင်းသည်။

နောက်နေ့ နွားခြံဖွင့်သော် နွားလားဥဿဖသည် ခြံတံခါး ဝရှေ့ဦးစွာ ထွက်ပြီး ကလေးငယ်ကို ခွပြီးရပ်နေသည်၊ အခြားနွား များကို ဘေးမှထွက်စေသည်၊ ထိုအခြေအနေကို နွားကျောင်းသား များက တွေ့မြင်၍-

"ဤသူငယ်သည် ဘုန်းကံကြီးသူ ဖြစ်လိမ့်မည်၊ တိရစ္ဆာန် များကသော်မှ ဤသူငယ်၏ဂုဏ်ကျေးဇူးကို သိကြကုန်၏၊ သို့ဖြစ်၍ ငါတို့သည် ဤသူငယ်ကို ကျွေးမွေးပြုစုကြကုန်စို့" ဟု တိုင်ပင်ညီညွတ်ကာ မိမိတို့နေအိမ်သို့ ယူဆောင်သွားကြသည်။

သူဌေးကြီးသည် ထိုသူငယ်မသေကြောင်း နွားကျောင်း သားများ ယူသွားကြောင်းသိသောအခါ နွားကျောင်းသားများကို ငွေတစ်ထောင်ပေး၍ ကလေးကို ပြန်ယူလာစေသည်။

ထို့နောက် ကလေးကို ခွေးအ, ကျားရဲများ စားသောက် စေရန် သုသာန်သို့ သွားရောက်ပစ်ထားစေပြန်သည်။

ထိုအခါ သူဌေး၏ဆိတ်ကျောင်းသားသည် သုသာန်ကို အမှီပြု၍ ဆိတ်မတို့ကို ကျောင်းနေဆဲ ဖြစ်သည်။

ထိုအခါ နို့စားဆိတ်မ တစ်ကောင်သည် သူငယ်၏ ကောင်းမှု ကုသိုလ်ကံကြောင့် ဆိတ်အုပ်ခရီးဝေးမှ ဖယ်ခွာ၍ သူငယ်ထံသို့သွားရောက်ကာ နို့တိုက်သည်၊ ပြီးမှ အစာစားရန် ထွက်ခွာသွားသည်။

ထိုသုသာန်မှ ပြန်ထွက်သောအခါ၌လည်း သူငယ်ရှိရာသို့ သွားရောက်၍ နှိုးတိုက်ပြန်လေသည်။

ဆိတ်ကျောင်းသားသည် ဤဆိတ်မသည် နံနက်ကလည်း ဤနေရာမှလည်း ဖယ်ခွာသွား၏၊ ယခုလည်း ဖယ်ခွာသွား၏၊ ဤသို့သွားခြင်းသည် အကြောင်း အသို့ရှိသနည်း-ဟုကြံစည်စဉ်းစားကာ နောက်ကလိုက်၍ ကြည့်သည်ရှိသော် လူငယ်ကို နှိုးတိုက်နေသည်ကို တွေ့ရသည်။

"ဤသူငယ်သည် ဘုန်းတန်းခိုးကြီးသူ ဖြစ်ချေသည်၊ တိရစ္ဆာန်များကသော်မှ ထိုသူငယ်၏ ဂုဏ်ကျေးဇူးကို သိကြကုန်၏၊ ငါသည် ထိုသူငယ်ကို ပြုစုကျွေးမွေးအံ့"

ဟုကြံစည်ဆင်ခြင်ကာ ကောက်ယူမွေးစားလေသည်၊ နောက်တစ်နေ့တွင် သူဌေးကြီးက ကလေးသေ-မသေ စုံစမ်းရာ မသေမှန်းသိ၍ ကလေးကို ဆိတ်ကျောင်းသားထံမှ ငွေတစ်ထောင်ပေး ရွေးချယ် ယူလာပြီးလျှင် မိမိ၏တပည့်များကို-

"နက်ဖြန်ခါ ဤကောသမ္ဗီပြည်သို့ လှည်းကုန်သည် အုပ်စုတစ်စု ဝင်လာမည်၊ ဤသူငယ်ကို ယူဆောင်၍ လှည်းလမ်းမ၌ ချထားကြလော့၊ ဤနည်းဖြင့် လှည်းတို့ကနင်းသတ်သွားလိမ့်မည်"

ဟုစေခိုင်းကာ ချထားစေသည်။

သူဌေးကြီး၏ စေခိုင်းချက်အရ အခိုင်းအစေများက ကလေးကို လှည်းလမ်းမ၌ သွားရောက်ချထားကြသည်။

ရှေးဦးဆုံးမှလာသော လှည်းကုံနံသည်၏သား မောင်းသော လှည်းမှနွားတို့သည် ထိုကလေးကို မြင်ကြသော် တိုင်ကြီးလေးတိုင်စိုက်ထားသည့်ပမာ မတုန်မလှုပ် ရပ်တည်နေကြသည်

လှည်းကုန်သည်မှူးသည် အကြောင်းကို စုံစမ်းကြည့်သော် သူငယ်ကိုမြင်၍-

"ဤသူငယ်ကား ဘုန်းကြီးမားသူဖြစ်၏၊ ကျွေးမွေးပြုစုသင့်သည်"

ဟုစဉ်းစားမိကာ ကောက်ယူသွားလေသည်။

သူဌေးကြီးသည် လူငယ်သေ-မသေ စုံစမ်းရာ မသေဘဲ လှည်းကုန်သည်မှူး ကောက်ယူသွားကြောင်း သိသောအခါ ရှေးယခင်အတိုင်း ငွေတစ်ထောင်ပေးပြီး ပြန်ယူစေသည်။

ထိုနောက်ကလေးကို မြို့နှင့် မနီးမဝေးတွင်ရှိသော ချောက်ကမ်းပါး၌ ပစ်ချရန် သူဌေးက မိမိ၏တပည့်များကို ခိုင်းစေပြန်သည်။

သူဌေး၏အခိုင်းအစေတို့သည် သူငယ်ကို ချောက်ကမ်းပါး၌ ဦးစိုက်ဂျွန်းပြန် ကျရောက်အောင် ပစ်ချကြသည်၊ သို့သော် ကလေးသည် ကျူထရုံသည်တို့၏ အလုပ်,လုပ်ရာဌာန၌ တဲတစ်ခုပေါ်သို့ ကျရောက်လေသည်။

သူငယ်၏ ကောင်းမှုကုသိုလ် အာနုဘော်ကြောင့် ထိုတဲသည် အကြိမ်တစ်ရာ ဖန်အပ်သော ဝါဂွမ်းစိုင်ကဲ့သို့ နူးညံ့သော အတွေ့ရှိလေသည်။

ကျူထရံသည်က ဤသူငယ်ကား ဘုန်းကံကြီးမားသူဖြစ်၏၊ ကျွေးမွေးထားသင့်သည် ဟု စိတ်အကြံဖြစ်ကာ မိမိအိမ်သို့ ယူဆောင်သွားလေသည်။

သူဌေးကြီးသည် ရှေးနည်းတူ ကလေးကို သေ-မသေ စုံစမ်းပြန်ရာ မသေမှန်းသိ၍ ကျူထရံသည်ကို ငွေတစ်ထောင်ပေးကာ ပြန်ယူလာစေပြီး အိမ်မှာပင် ထားလေသည်။

ဤကဲ့သို့ ယောသကကို အကြိမ်ကြိမ်ကလေးဘဝက လုပ်ကြံခဲ့သော်လည်း ကလေး၏ကုသိုလ်ဘုန်းကံကြောင့် မသေ၊ ဤသို့ဖြင့် ယောသကသူငယ်သည်လည်းကောင်း၊ သူဌေးကြီး၏သားသည်လည်းကောင်း အရွယ်ရောက်လာကြသည်။

သူဌေးကြီးသည် ယောသကကို မိမိပစ္စည်းပေးရပြီး မိမိ၏သားလက်လွှတ်ရမည်ကို အလွန်ပင်စိုးရိမ်စိတ်များ ဝင်ကာ နောက်ထပ်တစ်ဖန်သတ်ရန် စီမံကြပြန်သည်။

တစ်နေ့တွင် မိမိ၏လူရင်းဖြစ်သော အိုးဖုတ်သမားထံသို့ သွားရောက်တွေ့ဆုံကာ-

"အမောင်. . . ငါ၏အိမ်မှာ ယုတ်မာသော ကောက်ကျစ်သော သားငယ်တစ်ယောက်ရှိနေပါသည်၊ ထိုသားငယ်ကို တစ်နည်းနည်း ပြုလုပ်ကာ လျှို့ဝှက်စွာ သတ်ပေးစေလိုပါသည်"
ဟုတိုင်ပင်စကား ပြောကြားသည်။

အိုးထိန်းသည်သည် နားနှစ်ဘက်ကို ပိတ်၍-

"အရှင်သူဌေးမင်း. . . ဤသို့သဘောရှိသော ဝန်လေးသောစကားကို အပြစ်ကြီးလေးသော စကားကို ပြောဆိုရန် မသင့်ပါ"
ဟုအလန့်တကြား ပြန်ပြောသည်။

"ဤအိုးထိန်းသည်သည်ကား အဖိုးအခမရ၍သာ ငြင်းဆိုသည်၊ အဖိုးအခရသော် ပြုလုပ်ပေးလိမ့်မည်"
ဟုကြံစည် စဉ်းစားမိပြီး-

"အမောင်. . . ထိုကလေးကို သတ်ခငွေတစ်ထောင်ပေးမည်၊ ဤငွေတစ်ထောင်ယူ၍ ကိစ္စကိုသာ ပြီးပြတ်အောင် ပြုလုပ်ပေးပါ"
ဟုပြောသောအခါ တံစိုးလက်ဆောင်မည်သည် စိတ်ဝမ်းမကွဲသူကိုပင်သော် လည်းကောင်း ကွဲအောင်ပြုလုပ်တတ်သည့် သဘောရှိရကား အိုးထိန်းသည်သည် ငွေတစ်ထောင် လက်ဆောင်တံစိုးရ၍ အလုပ်ကို လက်ခံလိုက်ပြီး-

"အရှင်သူဌေးမင်း. . . ကျွန်ုပ်သည် ဤမည်သောနေ့၌ အိုးဖိုကို မီးတိုက်ပါမည်၊ ထိုအခါ ထိုသူငယ်ကို ဤမည်သောအချိန် စေလွှတ်ပေးလိုက်ပါ"

ဟုသဘောတူ စကားပြောကြားချိန်းပေးလိုက်သည်။

သူဌေးကြီးသည် အိုးထိန်းသည် ပြောသောရက်ကို လက်ချိုးရေတွက်စောင့်ရင်း သတ်မှတ်သောရက် ရောက်သော် ဃောသကကို ခေါ်ကာ-

"ချစ်သား. . . ငါတို့ကား ဤမည်သောနေ့၌ အိုးများစွာ အလိုရှိပါသည်၊ သင်ချစ်သားသည် ငါတို့၏ အိုးထိန်းသည်ထံသို့ သွား၍ ကျွန်ုပ်၏ဖခင်က အသင်အိုးထိန်းသည်အား ပြောဆိုမှာကြားထားအပ်သော အကြောင်းကိစ္စတစ်ခုရှိပါသည်၊ ထိုကိစ္စကို ယနေ့ပင် ပြီးမြောက်အောင် လုပ်ဆောင်ပေးပါ ဟုသွားရောက် ပြောကြားပါလေ"

"ကောင်းပါပြီ. . . ဖခင်"

ဃောသကလူငယ်သည် ဘခင်သူဌေးကြီးစကားကို သွားရောက် ပြောကြားပါရန် အိမ်မှ ထွက်လာခဲ့သည်။

ထိုအချိန်တွင် သူဌေးသားအရင်း သူငယ်သည် အများသူငယ်များနှင့် ဂေါ်လီလုံးကစားနေရာ ရှုံးနေချိန်ဖြစ်သည်၊ ထိုသူဌေးသားရင်းသည် ဃောသကကို မြင်သော် ပြေးလာပြီးလျှင်-

"နောင်တော်. . . ကျွန်တော်နှင့် သူတို့ဂေါ်လီကစားကြရာ ကျွန်တော်ဂေါ်လီ ဤမျှရှုံးနေပါပြီ၊ နောင်တော်က ကျွန်တော့်ကိုယ်စား နိုင်အောင် ပြန်ကစားပေးပါ"
ဟုတောင်းပန်စကား ပြောကြားလေသည်။

"ညီငယ် ငါ့မှာ လောလောဆယ် ကစားပေးနိုင်ခွင့် မရှိသေးပါ၊ ဖခင်ကြီးက ငါ့ကို အရေးကြီးသောကိစ္စတစ်ခု အိုးထိန်းသည်ထံ သွားရောက်ပြောကြားရန် စေလွှတ်ထား၍ ထိုကိစ္စသွားပြောရပါမည်"

"နောင်တော်. . . အိုးကိစ္စအတွက် အိုးထိန်းသည်ထံ ကျွန်တော်သွားပြောပေးပါမည်၊ နောင်တော်သာ ဤကလေးများနှင့်ကစား၍ ကျွန်တော်ရှုံးထားသော ဂေါ်လီများ ပြန်ရအောင် ပြုလုပ်ပေးပါ"

"ညီငယ်. . . ဒီလိုဆိုရင် ငါ့ညီသွားလော့၊ အစ်ကိုနိုင်အောင် ကစားပေးထားမည်"
ဟုယောသကက ဝန်ခံစကား အိုးထိန်းသည်ထံ ပြောကြားရမည့် စကားအပြည့်အစုံကို ပြောပြလိုက်ပြီး သားရင်းကို အိုးထိန်းသည်ထံစေလွှတ်ကာ မိမိကမူ ကလေးများနှင့် ဂေါ်လီကစားနေခဲ့သည်။

သားအရင်းသူငယ်လည်း အိုးထိန်းသည်ထံ သွားရောက်ပြီး ဖခင်သူဌေးကြီး မှာကြားလိုက်သော စကားအပြည့်အစုံကို ပြောကြားလေသည်။

"ကောင်းပြီ အမောင်. . . ပြီးမြောက်အောင်လုပ်ဆောင်ပါမည်"

ဟု အိုးထိန်းသည်ကပြောပြီး သူငယ်ကိုအိမ်တွင်းသို့ သွင်းလျှောင်ထားပြီးလျှင် ထက်လှစွာသောပဲခွပ်ဖြင့် အပိုင်းပိုင်းခုတ်ဖြတ်သတ်၍ အိုးစရည်ထဲသို့ ထည့်ပြီးလျှင် ပိတ်ဆို့၍ အိုးစိမ်းတို့၏အကြား၌ထည့်ထားကာ အိုးဖိုကို မီးတိုက်လေတော့သည်။

ယောသကသည် ဂေါလီလုံးအများအပြားနိုင်ကာ ညီငယ်အလာကိုစောင့်မျှော်ကာ ထိုင်နေပါသော်လည်း ညီငယ်မလာနိုင်၍-

"ငါ့ညီသည် အဘယ်ကြောင့် ကြာနေရပါသနည်း"

ဟုစဉ်းစားဆင်ခြင်ကာ အိုးထိန်းသည်အိမ်အနီးသို့သွားရောက်၍ ညီငယ်ကိုရှာသည် မတွေ့၍ပတ်ဝန်းကျင်၌ ရှာကြည့်သည်၊ မတွေ့ပြန်၍ အိမ်ပြန်သွားတာ ဖြစ်လိမ့်မည်ဟု အောက်မေ့ကာ အိမ်သို့သာပြန်လာခဲ့သည်။

သူဌေးကြီးသည် ယောသကသူငယ် ပြန်လာသည်ကို အဝေးမှပင် မြင်လတ်၍-

"ဘယ်လိုအကြောင်းများဖြစ်ပါလိမ့်နည်း၊ ငါကယောသကသူငယ်ကို သတ်ဖို့ရန် အိုးထိန်းသည်ထံသို့ စေလွှတ်ခဲ့၏၊ ဤသူငယ်ကား ယခု အိမ်ပြန်လာနေ၏"

ဟုစဉ်းစားကာ ယောသက ထိုင်သည့်တိုင်အောင် မစောင့်နိုင်ဘဲ ယောသကထံသို့ပြေးသွားကာ-

"ချစ်သား. . . အသို့နည်း၊ သင်အိုးထိန်းသည်ထံ မသွားခဲ့ဘူးလော"

ဟု အငမ်းမရ ဆီး၍မေးသည်။

"ဖခင်. . . ကျွန်တော် မသွားခဲ့ပါ"

"ချစ်သား. . . အဘယ်ကြောင့် မသွားခဲ့ပါသနည်း"

ဟုမေးသော် ယောသက-က ညီငယ်နှင့် စကားပြောဆိုပုံ အကြောင်းစုံကို ပြောပြပြီး ယခု ညီငယ် အိမ်ပြန်ရောက်ပြီးထင်၍ သူပြန်လာကြောင်း အပြည့်အစုံကို ပြောပြသည်။

သူဌေးကြီးသည် ယောသက သူငယ်ပြောစကားကို ကြားသောအချိန်မှစ၍ မဟာပထဝီမြေကြီးဖြင့် အဖိအနှိပ်ခံရသူကဲ့သို့ ဖြစ်ပြီး-

"ချစ်သား. . . သင်သည်ဘယ်လိုစကားမျိုး ပြောလိုက်တာပါလဲ"

ဟုမြည်တွန်တောက်တီးကာ တလျှပ်လျှပ်တုန်လှုပ်သော ခြတ်ရှိလျက် အိုးထိန်းသည်ထံသို့ ပုဆိုးမနိုင် ပုဝါမနိုင်နှင့် အတင်းပြေးသွားလေသည်။

သူတစ်ပါးတို့ထံ၌ မပြောဆိုက်သောစကား၊ မပြောဝံ့သောစကားဖြစ်ခြင်းကြောင့်-

"ကြည့်ပါဦး အမောင်. . . ကြည့်ပါဦးအမောင်"
ဟူ၍သာ အိုးထိန်းသည်ကို လျှို့ဝှက်စကား ပြောကြားလေသည်။

"သူဌေးမင်း. . . သင်သည် ယခုမှ အဘယ်အရာကို ကြည့်စေဘိသနည်း၊ အလုပ်ကိစ္စကား ပြီးမြောက်ခဲ့လေပြီ" ဟုအိုးထိန်းသည်က စကားအပြတ် ပြောဆိုလိုက်သောအခါ သူဌေး ကြီးသည် နေရာမှာပင် စိတ်ထိခိုက်တုန်လှုပ်လျက် စကားဆက် မပြောနိုင်တော့ဘဲ အိမ်သို့ပြန်ခဲ့ရလေသည်။

ထိုအခါမှစ၍ သူဌေးကြီးအား စိတ္တဇရောဂါသည် အကြီးအကျယ် စွဲကပ်လေတော့သည်၊ သူတစ်ပါးကို မနာလို၍ ကိုယ်ပင်ဆင်းရဲ ရောက်ရတော့သည်။

သူဌေးကြီးသည် ထိုအခါမှစ၍ ယောသကသူငယ်နှင့် ထမင်းအတူ မစားတော့ဘဲ-

"တစ်စုံတစ်ခုသော နည်းလမ်းဥပါယ်ဖြင့် ငါ၏သားရန်သူ ဤယောသကသူငယ်သေဖို့ရန် အခွင့်အလမ်းကို ကြည့်ရှုသင့်သည်"
ဟု ကြံစည်နေလေသည်။

ဤသို့ဖြင့်ယောသကသည် လုလင်ပျိုအရွယ်သို့ ရောက်လာသည်၊ တစ်နေ့သောအချိန်တွင် သူဌေးကြီးသည် ယောသကကို ခေါ်ယူကာ-

"သင်သည် ဤသဝဏ်လွှာကို ယူဆောင်သွားပြီးလျှင် ဤ မည်သောရွာ၌ ငါ၏အလုပ်သမားမျိုး သူကြွယ်ရှိသည်၊ ထိုသူထံ ဤသဝဏ်လွှာပါ အကြောင်းကိစ္စများကို လျင်မြန်စွာပြုလုပ်ပေးပါ ဟုပြောဆိုရမည်၊ လမ်းခရီးကြား၌ ငါတို့၏ သူငယ်ချင်းဖြစ်သော ရွာသူဌေးငယ်တစ်ဦး ရှိသည်၊ ထိုသူဌေးအိမ်ဝင်၍ တစ်ညအိပ်၊ ထမင်းစားပြီး ခရီးဆက်သွားရမည်"

ဟုမှာကြားကာ စာကိုပေးလိုက်သည်။

ဃောသက လုလင်ပျိုသည် ဘခင်သူဌေးကြီးကို ရိုသေစွာရှိခိုး၍ သဝဏ်လွှာကိုယူဆောင်ပြီးလျှင် ခရီးထွက်ခဲ့သော် လမ်းခရီးကြား၌ ရွာသူဌေးနေရာ အရပ်သို့ရောက်သွားသည်၊ သူဌေး၏အိမ်သို့ သွားရောက်ရာ တံခါးမုခ်ပြင်ပ၌ ထိုင်၍ မုတ်ဆိတ်ကြင်စွယ်တို့ကိုပြုပြင်နေသော ရွာသူဌေးကိုတွေ့၍ ရှိခိုးကာရပ်နေသည်။

"အမောင်. . . အသင်က မည်သူနည်း၊ အဘယ်က လာခဲ့ပါသနည်း"

"ဖခင်. . . ကျွန်ုပ်က ကောသမ္ဗီပြည်က လာခဲ့ပါသည်၊ ကျွန်ုပ်သည်ကား ထိုကောသမ္ဗီပြည် သူဌေး၏သား ဃောသက အမည်ရှိပါသည်"

"အော်. . . မောင်ရင်က ငါ၏မိတ်ဆွေ ကောသမ္ဗီသူဌေး၏သားပေကိုး"

ဟုအလွန်နှစ်သက် ဝမ်းမြောက်မိလေသည်။

ထိုခဏ၌ ရွာသူဌေးသမီး၏ ကျွန်မတစ်ယောက်သည် သူဌေးသမီးအတွက် ပန်းများစွာ သွားရောက်ဝယ်ယူန် သွားအံ့ဆဲဆဲဖြစ်သည်၊ ရွာသူဌေးသည် ထိုကျွန်မကို-

"အမိ. . . သင်သည် ဤပန်းဝယ်ယူဆောင်ခြင်း အလုပ်ကို ခေတ္တရပ်နား၍ ယောသကလုလင်၏ ခြေများကို ဆေးကြောပြီးလျှင် အိပ်ရာနေရာများကို ခင်းပေးလိုက်ပါ"

ဟု ပြောကြားလေသည်။

ကျွန်မသည် ရွာသူဌေးပြောဆိုသည့်အတိုင်း လုပ်ဆောင်ပေးပြီးလျှင် ဈေးသို့သွားကာ သူဌေးသမီးအတွက် ပန်းများကိုဝယ်ဆောင်ကာ အိမ်သို့ ပြန်လာခဲ့လေသည်။

သူဌေးသမီးသည် ကျွန်မပြန်အလာ နောက်ကျသဖြင့် စိတ်ဆိုးကာ -

"အသင်သည် ယနေ့အပြင်၌ အချိန်လေးတွဲ အကျယ်ချဲ့နေ၏၊ သင်သည် ဤမျှရှည်ကြာကာလပတ်လုံး အပြင်ပ၌ အဘယ်အလုပ်တွေများ ပြုလုပ်တွေများ ပြုလုပ်နေရပါသနည်း"

ဟုကြိမ်းမောင်းရေရွတ် ပြောဆိုကြလေသည်။

"မပြောပါနှင့် အရှင်မ. . . ကျွန်တော်မသည် ဤမျှလှပသောလုလင်ကို ရှေးကမမြင်ဘူးပါ၊ အရှင်မဖခင် သူငယ်ချင်းသူဌေးကြီး၏ သားတစ်ယောက်တဲ့၊ သူ၏ရုပ်ရည် အဆင်းတင့်

တယ် လုပခြင်း၏ပြည့်စုံခြင်းကို ကုန်စင်အောင်ပြောမပြနိုင်ပါ သူဌေးမင်းက ကျွန်မကို ပန်းဝယ်ရန်အသွား ထိုလုလင်၏ ခြေများကို ဆေးကြောပြီးလျှင် အိပ်ရာနေရာကို ခင်းပေးလိုက်ပါ ဟု စေခိုင်းပြောဆိုသဖြင့် ကျွန်မသည် ထိုလုလင်ပျိုကိစ္စအတွက် ဆောင်ရွက်နေရ၍ ဤမျှအချိန် ကြာသွားရပါသည် ဟု အကြောင်းစုံ ပြောပြသည်။

ထိုရှာသူဌေးသမီးသည်ကား လွန်ခဲ့သော လေးခုမြောက် ဘဝက ယခု ယောသက လုလင်ပျို၏ ကလေးမိခင်ဖြစ်ခဲ့ဖူးသည့်အတွက် ထိုကျွန်မ၏ စကားကိုကြားရသောအခါမှစ၍ အချစ်စိတ်ဖုံးလွှမ်းကာ ထိုင်နေမရ ထမရ စိတ်ဖြစ်ကာ တွေ့မြင်လိုသော စိတ်ဆန္ဒ ဖြစ်ပေါ်နေမိသည်။

* * *

ယောသကလုလင်ပျိုနှင့် ထိုရှာသူဌေးသမီး၏ အတိတ်ဘဝ ဇာတ်လမ်းသည်ကား ဂေါတမဘုရားရှင် မပွင့်ခင်အချိန်ကာလ၌ ဖြစ်သည်။

အလ္လကပ္ပတိုင်းဝယ် ယဉ်းနာ(အဟိဝါတကာ)ဟု ခေါ်သော ရောဂါတစ်မျိုး ဖြစ်ပွားလေသည်၊ ထိုရောဂါဖြစ်သဖြင့် တစ်အိမ်တစ်အိမ်၌ တပြိုင်နက်တည်းပင် လူတစ်ကျိပ် နှစ်ကျိပ် သုံးကျိပ် သေဆုံးကြလေသည်။

တိုင်းတစ်ပါးသို့ ထွက်ပြေးသူတို့သာ အသက်ရှင်ခွင့်ရကြသည်၊ ထိုအကြောင်းကိုသိသော အမျိုးသားတစ်ယောက်သည် မိမိ၏မယားနှင့် သားငယ်ကလေးကိုယူကာ ငါတို့တိုင်းတစ်ပါးသို့ ထွက်အံ့ ဟုကြံစည်ပြီး စားနပ်ရိက္ခာများ ယူဆောင်ပြီး ထို အလကပ္ပမှ ထွက်ခဲ့ကြသည်။

လမ်းခရီးရှည်၍ အိမ်မှယူလာသောရိက္ခာသည် ခရီးခဲ မလွန်မီ ကုန်ခဲ့လေသည်၊ ထိုလင်မယားသည် ရိက္ခာပြတ်၍ အားအင် ကုန်ခမ်းကြကာ သားငယ်ကို မိခင်တစ်လှည့် ဖခင်တစ်လှည့် ချီပွေ့၍ ယူဆောင်ကာ ခရီးဆက်ခဲ့ကြသည်။

ထိုအခါ ဖခင်စိတ်သန္တာန်၌-

"ငါတို့၏ ကိုယ်အားကား လျော့ပါးခဲ့လေပြီ၊ သားကိုချီ၍ သွားရလျှင် ခရီးခဲကို လွန်မြောက်နိုင်လိမ့်မည်မဟုတ်"

ဟုကြံစည်မိပြီး မိခင်မသိစေဘဲ ရေကိစ္စရှိ၍ နောက်ချန်နေခဲ့ဟန်ပြုပြီး ကလေးကို လမ်း၌ထိုင်ခိုင်းထားပြီး တစ်ယောက်တည်း ခရီးဆက်လက်ထွက်ခဲ့သည်။

ဇနီးသည်သည် လင်ဖြစ်သူအလာကို စောင့်မျှော်ကြည့်ရှုရင်းက လင်၏လက်၌ သားငယ်ကို မမြင်ရ၍ ငိုကြွေးမြည်တမ်းလျက် လင်ထံသို့သွားပြီး-

"အရှင်. . . ကျွန်မသားငယ် အဘယ်မှာနည်း"

ဟုမေးသည်။

"ရှင်မ. . . သင်၏သားဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ ငါတို့အသက်ရှင်လျှင် သားကို ထပ်မံ ရနိုင်ပါသည်"

ဟုအဖြေပေးလေသည်။

ဤယောကျ်ားကား အလွန်ရက်စက်စွာတကား၊ သင်သွားလော့၊ ငါသည် သင်ကဲ့သို့သော ရက်စက်ကြမ်းကြုတ်သူနှင့် အတူ တကွ မသွားလိုပါ ဟု ရန်တွေ့စကားပြောပြီး သားထံသို့ ပြန်ခေါ်ရန် ထွက်ခဲ့သည်။

"ရှင်မ. . . ငါသည် မစဉ်းမစားပြုမှားခဲ့ပြီ၊ ထိုအပြစ်ကို သည်းခံပါ"

ဟုပြောပြီး ဇနီးနောက်ကလိုက်ကာ သားကိုတစ်ဖန် ပွေ့ချီယူခဲ့သည်။

ဤသို့ဖြင့် ကလေးကို လင်တစ်လှည့် မယားတစ်လှည့် ချီပိုး၍ ယူလာခဲ့ကြသော်လည်း အစာအာဟာရ ပြတ်မှုကြောင့် ကလေးသည် လမ်းတွင်ပင် သေဆုံးလေသည်။

လင်မယားနှစ်ယောက်သည် သားသေကို သင်္ဂြိုဟ်ပြီး ခရီးဆက်လက်ထွက်ခဲ့ကြရာ ခရီးခဲကိုလွန်မြောက်ကြပြီး ညနေချမ်းအချိန်၌ ရွာကျောင်းသားတဲတစ်ခုသို့ ရောက်ကြလေသည်။

ထိုနေ့ကား န္တားကျောင်းသားတဲနေသူတို့က ရေမရော သောနို့ယနာကို ချက်ထားသောနေ့ ဖြစ်သည်။

တဲနေလူတို့သည် ထိုခရီးသွား လင်မယားတို့ အစာအာ ဟာရ ငတ်ပြတ်လာသည်ကို မြင်တွေ့ကြ၍ နို့ယနာနှင့် ထောပတ် အပြည့်ရောပြီး ကျွေးမွေးကြလေသည်။

သူတို့ဇနီးမောင်နှံ နို့ယနာကိုစားရာ၌ မယားကမူ အတိုင်းအရှည်ဖြင့် မျှတရုံသာစားသည် လင်ဖြစ်သူက ငတ်ခဲ့၍ လည်းကောင်း နို့ယနာက အလွန်စားကောင်းသဖြင့်လည်းကောင်း နှိုင်းဆမရှိဘဲ အဝအပြစားသောက်သည် စားသောက်ရင်းပင် န္တား ကျောင်းသားအိမ်၌ ခွေးမတို့ချမ်းသာစွာ စားသောက်ရသည်ကို မြင်မိ၍ ငါတို့ဘဝထက် ခွေးဘဝကပို၍ပင် ချမ်းသာပါကလား ဟုစိတ်ထဲ စွဲမိသည်။

ထိုလင်သည် ညအိပ်သော် စားထားသောအစာများ အစာမကြေဖြစ်သဖြင့် ထိုအစာမကြေရောဂါဖြင့်ပင် ထိုည၌ ကွယ် လွန်ခဲ့ရလေသည်။

သူသည် သေကာနီးဝယ် န္တားကျောင်းသား၏ ခွေးကိုစွဲ၍ သေဆုံးရသဖြင့် ထိုန္တားကျောင်းသား၏ ခွေးမဝမ်း၌ ပဋိသန္ဓေယူ ရလေသည်။

ထိုသူ၏မယားကို လင်သေသွားသဖြင့် နွားကျောင်းသား မိသားစုက အလုပ်သမားအဖြစ် ဆက်လက်နေစေ၍ အတူတကွ မိသားစုအဖြစ် လုပ်ကိုင်၍ နေစေသည်။

ခွေးမသည် မကြာခင်သားကိုဖွားသည်၊ ထိုခွေးသည် ချစ်စဖွယ်အဆင်းရှိ၍ နွားကျောင်းသားသည် ထိုခွေးငယ်ကို ကောင်းမွန်စွာ ကျွေးမွေးပြုစုထားသည်၊ မိမိသွားလေရာသို့ ထိုခွေးကလေးကို ခေါ်ယူသွားလေ့ရှိသည်၊ ခွေးကလည်း မိမိ၏သခင်နွားကျောင်းသားအပေါ်၌ အလွန်ပင် သံယောဇဉ်တွယ်တာလေသည်။

တစ်နေ့သောအချိန်တွင် ပစ္စေကဗုဒ္ဓတစ်ပါးသည် ဆွမ်းအချိန်၌ နွားကျောင်းသား၏တဲဝသို့ ဆွမ်းခံလာရောက်သည်၊ နွားကျောင်းသားသည် အရှင်ပစ္စေကဗုဒ္ဓါကို တွေ့မြင်ရသော် အလွန်ကြည်ညိုလှသဖြင့် ဆွမ်းကပ်လှူဒါန်းပြီးနောက် မိမိကိုအမှီပြု၍ နေထိုင်သီတင်းသုံးပေးရန် လျှောက်ထားတောင်းပန်သည်။

အရှင်ပစ္စေကဗုဒ္ဓါသည် နွားကျောင်းသား၏ မေတ္တာရပ်ခံချက်ကို သည်းခံပြီး နွားကျောင်းသားတဲနှင့် မနီးမဝေး တောအုပ်တစ်ခု၌ သီတင်းသုံးနေထိုင်လေသည်။

နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါထံသို့သွားလျှင် ထိုခွေးငယ်ကို ခေါ်ဆောင်၍သာလျှင် သွားလေသည်၊ နွားကျောင်းသားသည် လမ်းခရီးကြား၌ ခြသေ့်, သစ်ကျား, သားရဲတို့ရှိရာအရပ်၌

ထိုသားရဲတို့ ရှောင်ရှားပြေးသွားကြစေရန် သစ်ပင်ခြုံပုတ်များကို ကျောက်တုံးများဖြင့် ပစ်ခတ်၍လည်းကောင်း ကြိမ်တုတ်ဖြင့် ရိုက်လွှတ်၍လည်းကောင်း သွားလေသည်။

ခွေးငယ်သည် မိမိ၏သခင် နွားကျောင်းသား ပြုလုပ်ပုံ အစီအရင်ကို မှတ်သားထားလေသည်။

တစ်နေ့တွင် နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အထံ၌နေ၍-

"အရှင်ဘုရား-တပည့်တော်သည် အရှင်ဘုရားထံသို့ နေ့တိုင်းလာနိုင်မည်မဟုတ်ပါ၊ ဤခွေးကား ခွေးလိမ္မာကလေးဖြစ်ပါသည်၊ ဤခွေးကလေး အရှင်မြတ်ထံတော်သို့ လာရောက်ခြင်း အမှတ်ဖြင့် တပည့်တော်၏အိမ်သို့ ဆွမ်းအလှူခံ ကြွတော်မူပါဘုရား"

ဟုလျှောက်ထားခဲ့လေသည်။

နွားကျောင်းသားသည် နောက်နေ့တွင် ခွေးလိမ္မာကလေးကို-

"ချစ်သား. . . ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို သွားရောက်ပင့်ဆောင်၍ လာခဲ့ပါလော့"

ဟုပြောဆိုကာ အပင့်လွှတ်လိုက်လေသည်။

ခွေးလိမ္မာကလေးသည် သခင်၏စကားကို ကြားလေလျှင် ဆွမ်းခံချိန်၌ သွားရောက်ပြီးလျှင် ပစ္စေကဗုဒ္ဓါ၏ ခြေရင်း၌ သွားရောက်ပြီးလျှင် ပစ္စေကဗုဒ္ဓါ၏ခြေရင်း၌ ရင်ဖြင့် ဝပ်၍နေလေသည်။

"ဤခွေးလိမ္မာကလေးသည် ငါ့ထံမှောက်သို့ အပင့်ရောက်လာသည်"

ဟုသိရှိကာ သက်န်းသပိတ် ယူဆောင်ကာ အရှင်ပစ္စေကဗုဒ္ဓါသည် ဆွမ်းခံကြွသည်။

အရှင်မြတ်သည် ခွေးလိမ္မာကလေးကို စုံစမ်းတော်မူလိုသည်ဖြစ်၍ လမ်းလွှဲ၍ကြွသွားသည်၊ ခွေးလိမ္မာကလေးက အရှင်မြတ်၏ ရှေ့မှတားဆီးရပ်တည်၍ သင်္ကန်းစကို ကိုက်ချီဆွဲကာ လမ်းမှန်ခရီးသို့ ပို့ပေးသည်။

သူ၏သခင်က ခြသေ့်,ကျားသစ်ရေများကို ဖယ်ရှားတိမ်းရှောင်စေရန် သစ်ပင်ခြုံပုတ်များကို ရိုက်နှက်ပုတ်ခတ်သောနေရာသို့ရောက်လျှင် ကြောက်မက်ဖွယ်ရာ ကျယ်လောင်သောအသံဖြင့် ဟောင်လေသည်၊ ထိုခွေး၏ဟောင်သံကြောင့် သားရဲတိရစ္ဆာန်တို့သည် ရှောင်ပြေးကြလေသည်။

ပစ္စေကဗုဒ္ဓါသည် နွားကျောင်းသားတဲဝယ် ဆွမ်းဘုဉ်းပေးသောအခါ ထိုခွေးကလေးအား ဆွမ်းလုပ်ကြီးတစ်လုပ် တစ်လုပ် ပေးကမ်းကျွေးမွေးသဖြင့် ခွေးကလေးသည် ပစ္စေကဗုဒ္ဓါ

အရှင်မြတ်အပေါ်၌ ရှေးကထက် ပို၍ ခင်မင်တွယ်တာသွားလေသည်။

ဝါကျွတ်သောအခါ နွားကျောင်းသားသည် အရှင်ပစ္စေကဗုဒ္ဓါကို တိစိဝရိတ်သုံးထည်ချုပ်လောက်သော သင်္ကန်းလျာအဝတ်ကိုဆက်ကပ်လှူဒါန်းပြီးလျှင်-

"အရှင်ဘုရား. . . အလိုတော်ရှိလျှင် ဤအရပ်၌ပင်ဆက်လက်သီတင်းသုံးတော်မူပါ။ အရပ်တစ်ပါးသို့ ကြွသွားတော်မူလိုလျှင် ကြွတော်မူပါ"

ဟု လျှောက်ထားသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် အရပ်တစ်ပါးသို့ ကြွလိုသောအမူအရာကိုပြသဖြင့် နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါကို လိုက်၍ပို့ပြီးလျှင် ပြန်လာသောအခါ ခွေးလိမ္မာကလေးသည် အရှင်ပစ္စေကဗုဒ္ဓါ အရပ်တစ်ပါးသို့အပြီး ကြွသွားတော်မူခြင်းကို သိရှိရိပ်မိ၍ အလွန်ချစ်ခင်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်းဖြစ်ကာ နှလုံးကွဲ၍သေပြီးလျှင် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသည်။

လူ့ပြည်၌ာန၌ ခွေးလိမ္မာကလေး ဖြစ်ခဲ့စဉ်ကာလက ပစ္စေကဗုဒ္ဓါနှင့် အတူသွားသောအခါ ကြောက်မက်ဖွယ် ကျယ်စွာသောအသံကိုပြု၍ အရှင်ပစ္စေကဗုဒ္ဓါကို ကျားရဲတိရစ္ဆာန်များအန္တရာယ်မပြုအောင် ဟောင်ခဲ့သောကုသိုလ်ကောင်းမှုကံကြောင့်

တာဝတိံသာနတ်ပြည်ဝယ် အခြားနတ်များနှင့် စကားနိုးနှော ပြောဆိုလတ်သော် ထိုနတ်သားအသံသည် နတ်ပြည်အားလုံး လွှမ်းဖုံး၍တည်သဖြင့် သူ့ကို ဃောသကနတ်သား ဟူ၍ အမည်တွင်ခဲ့လေသည်။

ဃောသကနတ်သားသည် တာဝတိံသာနတ်ပြည်ဝယ် နတ်စည်းစိမ် ခံစားနေစဉ်ပင် ဤလူ့ပြည်၌ ကောသမ္ဗီပြည်၌ ဥတေနမင်း နန်းစံနေခဲ့သည်။

ဤသည်ကား ဃောသကလုလင်ပျို၏ အတိတ်ဘဝက ကလေးကို အကြိမ်ကြိမ် ပစ်ထားခဲ့ဘူးသော ကုသိုလ်ကံကြောင့် ဤမှာဘက်ဘဝ၌လည်း အကြိမ်အကြိမ် စွန့်ပစ်ခံခဲ့ရသည်။

ခွေးဘဝ၌ အရှင်ပစ္စေကဗုဒ္ဓါကို ပြုစုစောင့်ရှောက်ခဲ့သော ကုသိုလ်ကောင်းမှုကံကြောင့် နတ်ဘဝခံစားရပြီး ယခု လူဘဝသို့ ရောက်သော်လည်း သေဘေးအကြိမ်ကြိမ် လွတ်ခဲ့ရသည်။

* * *

သူဌေးသမီးသည် ကျွန်မကိုခေါ်၍ ဃောသကလုလင်ပျို အိပ်စက်နားရာအခန်းသို့ လာချောင်းကြည့်သည်။ အိပ်ပျော်နေသောဃောသက လုလင်ပျိုကို မြင်၍ အနီးကပ်သွားကြည့်ရာ ပုဆိုးစွန်း၌ သဝဏ်လွှာကိုမြင်၍-

"ဤသဝဏ်လွှာကား အဘယ်သို့သော သဝဏ်လွှာပါနည်း"

ဟုစဉ်းစားကာ လုလင်ပျိုမနိုးစေဘဲ သဝဏ်လွှာကို အသာယူ၍ ဖတ်ကြည့်သည်၊ စာသည် ယောသကလုလင်ကို သတ်ရန် လမ်းညွှန်ထားသောစာဖြစ်နေပါသည်။

"ဤလုလင်ပျိုသည် မိမိ၏သေမိန့်လွှာကို ကိုယ်တိုင်ပင် ယူလာဘိတကား"

ဟုနှလုံးပိုက်၍ လုလင်အပေါ်၌ ချစ်ခြင်း၊ သနားခြင်း၊ မေတ္တာခံစားရကာ ထိုစာကိုဆွဲဆုတ်ပစ်ပြီးလျှင်-

"အမောင်အလုပ်သမားမှူး. . . ငါ၏သားကို သင့်ထံသို့ လွှတ်လိုက်ပါသည်၊ ငါ၏သူငယ်ချင်း ရွာသူဌေးမှာ အရွယ်ရောက်ပြီး ဖြစ်သော သတို့သမီး ရှိနေပါသည်၊ အမောင်သည် အလျင်အမြန် ငါတို့၏ အာဏာပျံ့နှံ့ရာ အရပ်၌ဖြစ်သော ဥစ္စာများကို စုဆောင်းယူပြီးလျှင် ပစ္စည်းတိုင်း ပစ္စည်းတိုင်း တစ်ရာစီ တစ်ရာစီဖြင့် ငါသားအတွက် ရွာသူဌေး၏သမီးကို တောင်းယူ၍ ထိမ်းမြားမင်္ဂလာမှုကို ငါ၏ကိုယ်စား ပြုလုပ်ပေးလိုက်စေလိုသည်။

ထိမ်းမြားမင်္ဂလာပြုပြီးသောအခါမှာလည်း ဤမည် ဤမည်သော အခမ်းအနားအစီအမံဖြင့် မင်္ဂလာမှု ပြုလုပ်ပြီးကြောင်း ငါ၏ထံသို့ စာရင်းနှင့်တကွ သတင်းအကျယ် ပြန်ပို့ပေးပါ။

ငါသည် ဤသားမင်္ဂလာဆောင်မှု၌ သင့်အတွက်သာ ပြုလုပ်သင့်သော ကျေးဇူးတုံ့ပြန်မှုကို သိရှိကျေးဇူးဆပ်မည်"

ကောသမ္ဗီသူဌေး

ဟူ၍ သဝဏ်လွှာကို အသစ်ရေး၍ တံဆိပ်တူရိုက်နှိပ်ပြီးလျှင် ရှေးဖွဲ့ချည်နည်းအတိုင်း လက်ရာခြေရာမပျက် ဃောသကလုလင်ပျို မနိုးခင် ပြန်ဖွဲ့ချည်ထားပေးလိုက်သည်။

ဃောသက လုလင်ပျိုသည် နောက်နေ့မိုးလင်းသော် ရွာသူဌေးကိုပန်ကြားပြီး အလုပ်သမားမှူးရွာသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ရောက်သောအခါ မိတ်ဆက်၍ စာသဝဏ်လွှာကို ပေးအပ်လေသည်။

အလုပ်သမားမှူးသည် သဝဏ်လွှာကို ဖတ်ကြည့်ပြီးလျှင် သူဌေးကြီးက မိမိကို ချီးမြှင့်မြှောက်စားသည် ဟုမှတ်ထင်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရွာသူရွာသားတို့ကို စည်းဝေးစေသည်။

"မောင်တို့ကသာ ငါ့ကို အလေးအမြတ်မထားကြသည်သာဖြစ်သည်၊ ငါ၏အရှင် ကောသမ္ဗီသူဌေးကြီးက မိမိ၏သားကြီး ဃောသကအတွက် ပစ္စည်းမျိုးစုံ တစ်ရာစီ တစ်ရာစီဖြင့် ရွာသူဌေး၏သမီးကို မင်္ဂလာဆောင်မှုပြုလုပ်ပေးရန် ငါ့ထံ စေလွှတ်လိုက်သည်၊ သို့ဖြစ်၍ အလျင်အမြန် ဤအရပ်၌ဖြစ်သော ဥစ္စာများကို စုဆောင်းပေးကြပါလော့"

ဟုပြောဆိုကာ မင်္ဂလာဆောင်ဖွယ် အသွယ်သွယ်သော ကိစ္စများကို ပြုလုပ်စီမံပြီး ရွာသူဌေးထံသို့လည်း သတင်းစကားပေးပို့သည်၊ ရွာသူဌေးထံမှ သတင်းဝန်ခံစကားရသောအခါ ပစ္စည်းမျိုးစုံ တစ်ရာစီ တစ်ရာစီဖြင့် ကြီးကျယ်ခမ်းနားစွာ မင်္ဂလာပွဲ ပြုလုပ်ပေးသည်။

ထို့နောက် ကောသမ္ဘီသူဌေးကြီးထံသို့-

"ကျွန်ုပ်သည် အရှင်သူဌေးမင်းတို့ ပေးပို့လိုက်သော သဝဏ်လွှာပါအကြောင်းအရာများကို ကြားသိရပါ၍ ဤမည် ဤမည်သောအလုပ်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီးပါပြီ"

ဟု စာရင်းနှင့်တကွ အကျယ်တဝင့် အစီရင်ခံစာ သဝဏ်လွှာကို ဖတ်ရသော် တစ်ကိုယ်လုံး မီးလောင်ခံရသကဲ့သို့ ပူလောင်မှုခံစားရကာ-

"ယခုအခါ ငါသည်ကား ပျက်စီးမက ပျက်စီးရလေပြီတကား"

ဟုတွေးတောပူပန်အားကြီးလှသဖြင့် သွေးဝမ်းလွန်ရောဂါ စွဲကပ်ခံစားရလေတော့သည်။

"ငါသည် သင်ယောသကကို တစ်နည်းနည်းဖြင့် ခေါ်ယူပြီးလျှင် ငါပိုင်ဥစ္စာများ သူမပိုင်ဆိုင်ရလေအောင် ပြုလုပ်မည်"

ဟုအဝွင်းကောက် ကြံစည်မိပြန်သည်။

မင်္ဂလာဆောင်မှု ပြီးမြောက်သောအချိန်မှစ၍ အဘယ်ခကြောင့် ငါ့သားသည် အပြင်မှာ ကြာမြင့်စွာ နေဘိသနည်း၊ အလျင်အမြန် ဖခင်ထံသို့ ပြန်လာခဲ့ပါ”
ဟုတစ်ဖန်စေလွှတ်၍ စာပို့ပေးလေသည်။

သတင်းစကားကို ကြားသိရ၍ ရိုးသားပြီး ဘာမျှမသိသော ယောသကသည် ဖခင်ထံ ပြန်ရန် အားထုတ်သည်၊ ရွာသူဌေးသမီးက-

“ဤယောသကက လူရိုး၊ လူအ၊ သူကားငါ့ကိုအမှီပြု၍ ဤအသက်၊ ဤစည်းစိမ်ကို ရပါတကား ဟုမသိရှာချေ၊ တစ်စုံတစ်ခုဥပါယ်ပြု၍ ဤယောသကကိုပြန်မသွားအောင် ကြံဆောင်မှ သင့်တော့မည်”
ဟုကြံစည်မိလေသည်။

“အမောင် . . . အလွန်လည်း အရေးမကြီးပါလင့်၊ ဆွေမျိုးရွာသို့သွားမည့်သူသည် မိမိအတွက် ပတ်ဝန်းကျင် စီမံဖွယ်အသွယ်သွယ်ကို ပြုလုပ်စီမံပြီးမှသာ သွားသင့်ပါသည်”
ဟုပြောဆို၍ အချိန်ဆွဲထားလိုက်လေသည်။

သူဌေးကြီးသည် ယောသက ကြာမြင့်စွာနေသည်ကိုသိရှိ၍ -

“အဘယ်ကြောင့် ငါ့သားသည် ကြာမြင့်စွာနေရသနည်း၊

ငါ့ဖခင်သည် သွေးဝမ်းသွန်းသောရောဂါဆိုး မျှော်လင့်ဖွယ်မရှိ အောင် ရောက်ရှိနေပေပြီ၊ ငါ့သားသည် ငါ၏အသက်ရှင်စဉ်ကပင် လာရောက်ကြည့်ရှုရန် သင့်ပေ၏"

ဟု တစ်ဖန် သတင်းစကား ပို့ပြန်သည်။

ဤအကြိမ်၌ကား သူဌေးသမီးသည် ဃောသကလုလင် ကို အတိအလင်း ဖွင့်ထုတ်၍-

"အမောင်. . . ကောသမ္ဗီသူဌေးကြီးသည် အမောင်၏ ဖခင်အရင်းမဟုတ်၊ အမောင်ကား ဖခင်အရင်း မှတ်နေသည်၊ သူဌေးကြီးသည် အမောင့်ကိုသတ်ပစ်ရန် အလုပ်သမားမှူးထံ စာလွှာပို့ခဲ့သည်၊ ကျွန်မသည် ထိုသတ်မိန့် သဝဏ်လွှာကို ဆုတ်ဖြဲ ပစ်ပြီး အခြားမင်္ဂလာဆောင်ပေးပါရန် သတင်းစကားကောင်းကို ပြောင်းလွှဲရေးသား၍ အမောင်အား ဤသူဌေးစည်းစိမ်ကိုရ အောင် ကြံဆောင်ခဲ့သည်၊ ဤသူဌေးကြီးသည် အမောင့်ကိုရိုးသား စွာ ခေါ်ငင်ခြင်းမဟုတ်၊ သားမဟုတ်ကြောင်း ထင်ရှားစွာပြလို၍ အကြံဖြင့် ပြန်ခေါ်ခြင်းဖြစ်သည်၊ သူဌေးကြီးသေသည့်တိုင်အောင် စောင့်နေပါဦး"

ဟုပြောကြားတားမြစ်လေသည်။

ထို့နောက် ကောသမ္ဗီသူဌေးကြီး အသဲအသန်ဖြစ်ပြီး သေ မလောက်ဖြစ်နေပြီ ဟုသတင်းစကားကို ကြားရသောအခါမှ ဃော

သဂါတို့ ဇနီးမောင်နှံသည် နောက်ပါအခြံအရံများနှင့်တကွ ကောသမ္ဗီပြည်သို့ သွားကြသည်။

သူဌေးသမီးသည် ဆင်ခြင်ဉာဏ်ရှိသူပီပီ ယောသကအား အိမ်အပြင်ကပင်-

"အမောင်. . . အိမ်ထဲဝင်လျှင် တစ်အိမ်လုံး အမောင်အတွက် အစောင့်အနေချထားပြီးမှ ဝင်ပါလေ"

ဟု အမှတ်သတိပေးပြီးလျှင် မိမိကိုယ်တိုင်လည်း သူဌေးသား ယောသကနှင့်အတူ အိမ်တွင်းဝင်လိုက်သည်။

အိပ်ရာထက်၌ ရောဂါသည်းစွာ ခံစားနေရသော သူဌေးကြီးကိုမြင်တွေ့သော် လက်နှစ်ဘက်တို့ကို မြှောက်ချီပြီး ငိုဟန်ပြုကာ သူဌေးကြီးထံသို့ ချဉ်းကပ်ပြီး ဦးခေါင်းဖြင့်သူဌေးကြီး၏ရင်ဝကို တအားဆောင့်လိုက်ပြီး ငိုပြလေသည်။

သူဌေးကြီးသည် ယောသကကို သင့်ကို ငါ၏ဥစ္စာ မပေးဟုပြောမည့်ဆဲဆဲတွင် သူဌေးသမီး၏ ဦးခေါင်းဆောင့်မှုဒဏ်ကြောင့်ပင် ချက်ချင်းအသက်ထွက် စုတေသွားလေသည်။

ယောသကလုလင်သည် သူဌေးကြီး၏သားအရင်းမဟုတ်ကြောင်းကို ယောသကနို့ထိန်းနှင့် အချို့ငယ်စဉ်က ယောသကကို သေစေရန် သူဌေးကြီးစေခိုင်းမှုအရ စီမံကြရသော ကျေးကျွန်များကရှိနေ၍ နို့ထိန်းက ငယ်စဉ်ကအဖြစ်မှန်ကို ပြောပြသလို ကျေး

ကျွန်တို့ကလည်း အဖြစ်မှန်ကို ပြောပြကြသည်၊ ထိုအခါကျမှ ယော သကသူဌေးသည် မိမိဘဝအဖြစ်မှန်ကို သိရှိပြီးကြီးစွာ သံဝေဂရ မိလေသည်။

ထို့နောက် သူဌေးသမီး ဇနီး၏အကူအညီဖြင့် ထိုဘဝမှန် အဖြစ်မှန် သိသူများကို ဥစ္စာဖြင့်စည်းရုံးသိမ်းသွင်း သူဌေး၏သား အရင်း ဟု ပြောကြစေရန် အတွင်းကြိတ်စကား ပြောကြားထား သည်၊ အတွင်းနေ အခြားသူများကိုလည်း စိတ်ကျေနပ်လောက် အောင် လက်ဆောင်တံစိုး ပေးထားပြီး စည်းရုံး သိမ်းသွင်းထား သည်။

ကောသမ္ဗိသူဌေးကြီး ကွယ်လွန်ပြီး (၇)ရက်မြောက်သော် ဥတေနမင်းက သူဌေးရာထူးဆက်ခံသူသားရှိ-မရှိ စုံစမ်းမေးမြန်း ရာ အားလုံးကပင် ယောသကလုလင်သည် သူဌေးကြီး၏သားအ ရင်း ဖြစ်ပါကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဥတေနမင်းက ယောသ ကလုလင်ပျိုကို သူဌေးရာထူး အဆောင်အယောင်နှင့်တကွ ပေး အပ်ခန့်ထားလေသည်။

ထိုအချိန်မှစ၍ ယောသကလုလင်သည် ယောသက သူဌေးကြီး ဟူ၍ အမည်တွင် ထင်ရှားလေသည်။

ထိုသို့ သူဌေးကြီး ဖြစ်လာသောအခါ အိမ်ရှင်မ အလိမ္မာ ကြွယ် သူဌေးကတော်လေးက-

"အရှင်သား. . . ကျွန်မတို့ နှစ်ဦးစလုံးသည် မျိုးရိုးဇာတိ ညံ့ဖျင်းကြသူများ ဖြစ်ကြသော်လည်း ရှေးကပြုဘူးသော ကုသိုလ်ကံထူးကြောင့် ဤသို့ ခမ်းနားကြီးကျယ်သော သူဌေးစည်းစိမ်ကို ရရှိကြသည်၊ ယခုအခါ မမေ့မလျော့သော ကုသိုလ်ကောင်းမှုကို ကျွန်ုပ်တို့ပြုကြစို့"

ဟုသတင်းစကား ပြောကြားသည်။

ယောသကသူဌေးကြီးသည် မိမိ၏ဘဝကို သံဝေဂ ရ၊ ထားသူပီပီ ဇနီး၏ သတိပေးချက်ကို လက်ခံကာ နေ့စဉ်နေ့တိုင်း အသပြာတစ်ထောင် စွန့်လွှတ်၍ ထာဝရလှူလေသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူလာ၍ ဘုရားရှင်နှင့် ဆက်သွယ်မိသောအခါ ကျောင်းဆောက်လှူခဲ့၍ ယောတိတာရုံကျောင်းနှင့် ကျောင်းဒကာ ဟူ၍ ထင်ပေါ်ကျော်ကြားခဲ့လေသည်။

(အင်္ဂုတ္တရ- အဋ္ဌကထာ- ဓမ္မပဒ အဋ္ဌကထာ)

ဂေါတမဗုဒ္ဓနှင့်အညတရ သူဌေးကြီးတစ်ဦး

(ကုသိုလ်ရွှေအိုးမြုပ်နှံထားသူ၏ ရနိုင်သောအရာများ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်အချိန် ဖြစ်သည်။

ထိုသာဝတ္ထိပြည်၌ အလွန် ဥစ္စာကြွယ်ဝချမ်းသာသော မထင်ရှားသော သူဌေးကြီးတစ်ဦး ရှိသည်၊ ထိုသူဌေးကြီးသည် နှမြောဝန်တိုမှုကင်း၍ သဒ္ဓါတရားလွန်အားကြီးကာ တစ်နေ့တွင် ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို ဆွမ်းကျွေးလှူဒါန်းနေသည်။

ထိုအချိန်တွင် ကောသလမင်းကြီးက စစ်ရှုံးထားသဖြင့် ငွေရေး၊ ကြေးရေးအခက်အခဲရှိလာ၍ သူဌေးကြီးများကို ခေါ်ယူစေရာ၌ ထိုသာဝတ္ထိသူဌေးကြီးကိုပါ ခေါ်ခိုင်းသည်။

မင်းချင်းသည် ထိုသူဌေးကြီးထံသို့သွား၍ မင်းက ခေါ်ယူကြောင်း အကြောင်းကြားသည်။

ထိုအခါသူဌေးကြီးက ထိုအချိန်၌ သဒ္ဓါတရား ထက်သန်သော စေတနာဖြင့် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဆက်ကပ်နေဆဲဖြစ်၍ မင်းချင်းကို-

"အမောင်. . . သွားနှင့်ပါ။ ယခု ငါသည် ရွှေပြည်အိုးမြုပ်နှံနေဆဲဖြစ်၍ နောက်မှလိုက်လာမည် မင်းကြီးလည်း လျှောက်ထားပြပါ"

ဟုပြောဆိုကာ ပြန်လွှတ်လိုက်လေသည်။

ဘုရားရှင်သည် ဆွမ်းစားပြီးသောအခါ သူဌေးကြီး၏ ရွှေအိုး မြှုပ်နေပါသည် ဟူသောစကားနှင့် ပတ်သက်၍ ရွှေအိုးမြှုပ်မှု တရားစကားကို ဤသို့ရှင်းလင်း ဟောကြားပြတော်မူသည်။

"ယောကျာ်းသည် အကျိုးစီးပွားနှင့်စပ်သော ကိစ္စဖြစ်လတ်သော် ငါ၏အကျိုးငှာ ဖြစ်လိမ့်မည် ဟု နှလုံးပြု၍ ရေသို့ရောက်လောက်အောင် နက်သောအရပ်၌ ရွှေအိုးကို မြှုပ်နှံထားရာ၏"

"ရာဇဝတ်မှုဖြင့် စွပ်စွဲခံရသော ငါ့အား မင်းဘေးမှလွတ်မြောက်ရန်ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း၊ ခိုးသူတို့နှိပ်စက်အပ်သောငါ့အား ခိုးသူဘေးမှလွတ်မြောက်ရန် ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း ကြွေးမြီတင်သောငါ့အား ကြွေးမြီမှလွတ်မြောက်ရန် ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးသောအခါ၌ မျှတဖြစ်စေရန် ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း၊ မီး,ရေ,စသောဘေးရန်တို့ ဖြစ်ပေါ်လတ်သော် ငါ့အား သုံးစွဲရန် ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း နှလုံးသွင်း၍ အကျိုးပြီးစီးခြင်းငှာ လောက၌ ရွှေအိုးမည်သည်ကို မြှုပ်နှံထားရာ၏"

"ရေသို့ရောက်လောက်အောင် နက်သောမြေ၌ ကောင်းစွာ မြှုပ်ထားသည်ဖြစ်သော်လည်း အလုံးစုံသော ဥစ္စာသည် အခါခပ်သိမ်းပင် ထိုယောကျာ်းအား မပြည့်စုံပါ။ (ဆိုအပ်ခဲ့ပြီးသောကိစ္စအမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ခြင်းငှာ မစွမ်းနိုင်ပါ)

"ရွှေအိုးသည် မြှုပ်ထားရာ အရပ်မှာမူလည်း ရွှေ့လျား တတ်၏၊ ထိုဥစ္စာရှင်၏အမှတ်သည်လည်း မေ့လျော့တတ်၏၊ နဂါး တို့သည်လည်း နေရာမှပြောင်းထားတတ်ကုန်၏၊ ဘီလူးတို့သည် လည်း ထိုရွှေအိုးကို ဆောင်ယူတတ်ကုန်၏"

"မချစ်မနှစ်သက်သော အမွေခံဖြစ်သူတို့သည်လည်း ဥစ္စာ ရှင်မမြင်ခင် တူးဖော်ထုတ်သော် တတ်ကုန်၏၊ ကုသိုလ်ကံ ကုန် သောအခါ၌ ထိုဥစ္စာအားလုံးစုသည် ပျောက်ပျက်တတ်၏"

"မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ အကြင်တစ်စုံ တစ် ယောက်သောသူသည် အလှူပေးခြင်းဖြင့် လည်းကောင်း၊ သီလ ဆောက်တည်ခြင်းဖြင့် လည်းကောင်း၊ ကိုယ်နှုတ်နှလုံးစောင့်စည်း ခြင်းဖြင့် လည်းကောင်း၊ ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့်လည်းကောင်း၊ ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာမြှုပ်နှံထားအပ် သည်"

"စေတီ၌လည်းကောင်း၊ သံဃာ၌လည်းကောင်း၊ ပုဂ္ဂိုလ်၌ လည်းကောင်း၊ ဧည့်သည်၌လည်းကောင်း၊ အမိ၌လည်းကောင်း အဖ၌လည်းကောင်း၊ ထို့ပြင် အစ်ကိုကြီး၊ အမကြီး၌လည်းကောင်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာမြှုပ်ထားအပ်၏"

"ကောင်းစွာမြှုပ်ထားအပ်သော ဤရွှေအိုးသည် ရန်သူ တို့ မအောင်နိုင်သည်ဖြစ်၍ တမလွန်ဘဝသို့ အစဉ်လိုက်၏၊ စည်း စိမ်ဥစ္စာတို့ကို ပယ်စွန့်၍ တမလွန်ဘဝသို့ ပြောင်းသွားရသည်ရှိ သော် ကုသိုလ်ရွှေအိုးတို့ကို ယူသွားရ၏"

"ကုသိုလ်ရွှေအိုးသည် သူတစ်ပါးတို့နှင့် မဆက်ဆံ၊ ခိုးသူတို့ မခိုးယူနိုင်၊ ပညာရှိသည် ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၏၊ ကုသိုလ်ရွှေအိုးသည် တမလွန်ဝသို့ အစဉ်လိုက်၏"

"ဤကုသိုလ်ရွှေအိုးသည် နတ်လူတို့၏ အလိုဟူသမျှကို ပေး၏၊ အကြင် အကြင်ချမ်းသာကို တောင့်တကုန်၏၊ ထိုတောင်းတရာရာချမ်းသာအားလုံးကိုပင် ထိုကုသိုလ်ရွှေအိုးကြောင့်ရနိုင်၏"

"အရေအဆင်းကောင်းသည့်အဖြစ် အသံကောင်းသည့် အဖြစ်၊ အသွင်သဏ္ဌာန်ကောင်းသည့် အဖြစ်၊ ရုပ်ဆင်းလှပသည့် အဖြစ်၊ အစိုးရသည့် အဖြစ်၊ အခြံအရံများသည့် အဖြစ် ဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏"

"ပဒေသရာဇ် မင်းအဖြစ်ကိုလည်းကောင်း၊ ဧကရာဇ်မင်း အဖြစ်ကိုလည်းကောင်း၊ နှစ်သက်မြတ်နိုးအပ်သော စကြာဝတေးမင်းချမ်းသာကိုလည်းကောင်း၊ နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကို လည်းကောင်း၊ ဤအကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏"

"လူ့ပြည်ရှိ စည်းစိမ်ဥစ္စာကို လည်းကောင်း၊ နတ်ပြည်၌ မွေ့လျော်ဖွယ်ကိုလည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း ထိုအကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏"

"မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ သင့်သောအကြောင်းအားဖြင့် အားထုတ်သောသူအား အရဟတ္တဖိုလ်

အရဟတ္တဖိုလ်ပညာတို့၌ လေ့လာခြင်းရှိသော သူအဖြစ်တည်းဟူသောအကျိုးအားလုံး ထိုကုသိုလ်ရှေ့အိုးကြောင့် ရနိုင်၏”

“ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ သာဝကပါရမီဉာဏ်ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တည်းဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရှေ့အိုးကြောင့် ရနိုင်ပါ၏”

“အကြင်ကုသိုလ် ပြည့်စုံခြင်းသည်ရှိ၏၊ ထိုကုသိုလ်ပြည့်စုံခြင်းသည် ဤသို့များပြားသော အကျိုးရှိ၏၊ ထို့ကြောင့် တည်ကြည်သော ပညာရှိတို့သည် ပြုသောကုသိုလ်ကောင်းမှုရှိသည်အဖြစ်ကို ချီးမွမ်းကြကုန်၏”

ဟူ၍ ဗုဒ္ဓက ဟောကြားတော်မူသည်။

အမှတ် ...
ရက်စွဲ ...

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယဘီ-အေ)



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရီ (ဓမ္မာစရိယ၊ ဘီအေ)